
www.burmeseclassic.com

ဉာဏ်ဝင်းစာပေ

# ခင်သူဇာ

ရီးမြေကျ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၄၆၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၃၇၀၃၀၇

**ထုတ်ဝေခြင်း**
၂၀၀၇၊ ဧပြီလ

**အုပ်ရေ**
၁၀၀၀ အုပ်

**တန်ဖိုး**
သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**
**e-hOst Digital Media Group**
**Ph: 525303, 537006**

**စီစဉ်သူ**
ဒေါ်ဌေးဌေးမော်

**ထုတ်ဝေသူ**
ဒေါ်ဌေးဌေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်ခင်နွဲ့ (၀၆၅၆၇)
နွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး
ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ခင်သူဇာ

# ရိုးမြေကျ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"မမ"

"ဟင်"

"ကျွန်တော့်ကို ကြည့်စမ်းပါ မမရ"

ချစ်သော မောင်ငယ် ကိုဝန်း၏ ဆန္ဒအတိုင်း လမင်း မျက်လက်စ အဖြေလွှာများကို အသာထားလိုက်ရ၏။ ပြီးမှ အသာလေး လှည့်ကြည့်မိ၏။

"ဟင် ..."

လမင်း မျက်လုံးလေးတွေ ဝိုင်းခနဲဖြစ်သွားရလေသည်။

ကိုဝန်းမှာ လိုချင်တာရသွားသော ကလေးတစ်ယောက် ၏ ဆန္ဒပြည့်ဝမှု အပျော် မျက်နှာလေးနှင့် သူမအား ပြုံးပြုံးလေး ကြည့်နေရင်းမှ ...

ညကော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"လှတယ်နော် မမ"

အသစ်စက်စက် အင်္ကျီလှလှလေးကို ငုံ့ကြည့်ရင်း ပြောလိုက်သဖြင့် လမင်း မနေသာတော့။

"ကိုဝန်း"

လမင်းအမေးကို နှုတ်ဖြင့် မဖြေ။

သူ့အင်္ကျီကို ဟိုသည်ကိုင်ကြည့်နေရင်းမှ ကိုဝန်းက မေးလေးဆတ်ကာ ထူးပါ၏။

"ဒါ ဘယ်ကရလာသလဲဟင်"

အဖြူခံ အပြာနုအကွက်များပါသော အင်္ကျီအသားလေးက ထူအိအိမို့ လမင်း မရဲတရဲလေး လက်ညှိုးနှင့် တို့မိရင်း မေးလိုက်၏။ ကိုဝန်းက လှို့ဝှက်ပြုံးလေးဖြင့် ပြုံးပြီး ဘေးဘီကို ဝေ့ဝဲကြည့်ပြန်ပြုတော့ လမင်းလည်း ပြုံးမိသွားရကာ ...

"မေမေ ပန်းခြံထဲမှာ"

"အဟင်း"

လမင်းစကားကြောင့် စိတ်ချသွားဟန် ရယ်လိုက်ပြီးမှ

"မမ"

"ဟင် ..."

"ကျွန်တော် ဟိုအိမ်ရောက်ခဲ့တယ်"

"ဟင် ..."





ရင်ထဲ ဒိန်းခနဲ တုန်ကာ မျက်နှာပင် ကွက်ခနဲ ပျက်သွားရတော့တော့၊ လမင်း တုန်လှုပ်သွားရပြီး ...

"ကိုဝန်းရယ်"

မောင်ငယ်လေးကို တိုးတိုးလေး ညည်းညူခေါ်မိ ရရင်းမှ လမင်း မျက်ဝန်း အစုံမှာ မျက်ရည်များ အိခနဲ ဝိုင်းလာရပါတော့၏။

"မမ"

လမင်း လက်မောင်းလေးကို အသာကိုင်ကာ ကိုဝန်းလေး မျက်နှာအပျက်ပျက်နှင့် ခေါ်ရှာပါ၏။

သြော် ... မောင်လေးရယ် ...

ကိုဝန်းကို လမင်း သနားလိုက်ပါဘိခြင်း။

သူ့ခမျာ အရွယ်တူ နည်းတူလေးတွေလိုပဲ ဝတ်ချင်ရှာမှာပဲလေ။ ဝတ်ချင်စားချင် ပျော်ချင်တဲ့ အရွယ်ပဲ မဟုတ်ပါလား။

အသက် ဆယ့်ခြောက်နှစ်ဆိုသော အရွယ်သည် ကိုဝန်းအတွက် အလွန်ပင် နုနယ်ပါသေး၏။ ဝမ်းနည်းဝမ်းသာ စသော ခံစားမှုများကို အချိန်ကြာကြာ မခံစားနိုင်သောအရွယ်ပါ။ အပြောင်းအလဲ မြန်တတ်သော အရွယ်မို့ ကိုဝန်း၏ အပြုအမူကို လမင်း နားလည်မိပါသည်။

"ကျွန်တော် မှားသွားပြီလားဟင် မမ"

ကိုဝန်း တိုးတိုးလေး ထပ်မေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်း မောင်လေးမျက်နှာကို ငေးငေးလေး ကြည့်နေမိသော်လည်း သဲကွဲစွာ မမြင်ရ။

"ကျွန်တော်လေ ..."

ပြောရင်း ကိုဝန်းအသံ တိမ်ဝင်သွားတော့ လမင်း ဆတ်ခနဲဖြစ်သွားရ၏။ ကိုဝန်းက တံတွေး မျိုချလိုက်ပြီးမှ ဆက်ပြောရှာသည်။

"ကိုယ့်ဖေဖေဆီ ကိုယ်သွားတာပဲဆိုတဲ့ စိတ်သန့်သန့်နဲ့ပါ မမရာ၊ အဲဒါ ကျွန်တော်မှားလားဟင် မမ"

"ဟင်း ..."

လမင်း သက်ပြင်းချမိရပါပြီ။

ကိုဝန်း၏ အမေးကို မဖြေဘဲ ပြောလိုက်၏။

"ဘာလို့သွားရတာလဲကွယ်"

"ဖေဖေ့ကို သတိရလို့ပါ မမရာ"

"အို ..."

ဝေ့ဝဲနေသော လမင်း၏ မျက်ရည်များ လိမ့်ခနဲ ပြိုကျလာရပါတော့၏။

"မမ"

ကိုဝန်း အလန့်တကြားခေါ်ကာ ခေါင်းခါနေမိတော့၏။

တကယ်လည်း ကိုဝန်း ဖေဖေ့ကို အရမ်းကြီး သတိရမိတာ အမှန်ပါ။

မသွားသင့်ပေမယ့် မသွားချင်ပေမယ့် ကိုဝန်း မနေနိုင်





ခဲ့။ ဖေဖေချစ်သောသားအဖြစ် တစ်လျှောက်လုံး လိုတရဘဝနှင့် ပြည့်စုံခဲ့ရပြီးမှ ရုတ်တရက်ကြီး ပြောင်းလဲသွားရသော အခြေအနေကို ကိုဝန်းမှ လက်မခံချင်လောက်အောင်ပင် ဖြစ်နေခဲ့၏။

လမင်း မျက်ရည်များကို ကြိုးစား သိမ်းပစ်လိုက်ပြီးမှ

"ကိုဝန်း"

"ဗျာ ... မမ"

"နောက်ကို သွားဦးမှာလားဟင်"

"မသွားသင့်ဘူးလားဟင် ... မမ"

"ဟင့်အင်း ... လုံးဝမသွားသင့်ဘူး ကိုဝန်းရယ်"

"ဘာလို့လဲဟင်၊ မမလဲ မေမေ့လိုပဲ ဖေဖေ့အပေါ် မုန်းသွားပြီလားဗျာ"

"အို ... မဟုတ်ဘူး ကိုဝန်း၊ မမတို့ရဲ့ဖေဖေဟာ ဘယ်ဘဝပဲရောက်ရောက် ဘာပဲဖြစ်ဖြစ် ဖေဖေဟာ ဖေဖေပါပဲ မောင်လေးရယ်၊ ဒါပေမယ့် ..."

လမင်း စကားမဆက်ဖြစ်တော့။

ဆက်ပြောရမှာ ဝန်လေးရပါတော့ခြင်း။

"ဒါပေမယ့် ဘာဖြစ်လဲ မမရာ၊ ကျွန်တော်တို့ ဖေဖေ့ကို မမုန်းဘူးဆိုတာ သေချာတာပဲ၊ အဲဒါကြောင့် သတိရလွန်းလို့ ကျွန်တော် ဖေဖေ့ကို သွားတွေ့ပစ်လိုက်တာပေါ့"

"ကိုဝန်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းယမ်းမိရင်းမှ လမင်း ညည်းညူလိုက်မိ၏။

ခေါင်လေးအပေါ်မှာလည်း လုံး၀ နားလည်မိပါပြီ။

သူ့ခရှာ ဖေဖေ့ကို သတိရစိတ်ဖြင့် သွားခြင်းသက်သက် ဖြစ်စေမယ့် ဖေဖေ့ကိုတွေ့တော့ ထုံးစံအတိုင်းလိုချင်နေတာ ပူဆာခဲ့ရောပေါ့။ သားသမီးများ၏ ဆန္ဒကို ဘယ်အခါမျှ ဟင့်အင်းမရှိခဲ့ဖူးပါသော ဖေဖေမို့ ယခုအချိန်မှာ ပို၍ လိုက်လျောနေပါတော့ မည်။

"ဖေဖေ မုန့်ဖိုးဆိုပြီး ငွေတစ်ထောင်ပေးလိုက်တယ် မမ"

"ဟင်"

"မမငါးရာ ကျွန်တော်ငါးရာတဲ့၊ ကျွန်တော်ဝေစုထဲက ငါးရာနဲ့ ပျော်ဒီအကျီလေး ဝယ်လိုက်တာလေ"

အားတက်သရော ပြောနေသော မောင်ငယ်ကို လမင်း မသက်မသာကြည့်မိရင်း သက်ပြင်းလေးချကာ ...

"ကိုဝန်း"

"ဗျာ"

"ဒီတစ်ခါပဲ ရှိစေတော့၊ နောက်မသွားရဘူးနော်"

"မမ မကြိုက်ဘူးလားဟင်"

"မေမေ သိရင် အရမ်းစိတ်ဆိုးပြီး စိတ်ဆင်းရဲလိမ့်မယ်"

"မေမေ မသိအောင်ပေါ့ မမရာ"





"ဟင့်အင်း ... ဆိတ်ကွယ်ရာဆိုတာ ဘယ်ခါမှ မရှိဘူး ကိုဝန်း၊ အခု ကိုဝန်းသွားတော့ကော ဖေဖေတစ်ယောက်တည်းနဲ့ တွေ့ခဲ့ရဲ့လားဟင်"

ရင်မှာ တုန်ရှိမှုအပြည့်နှင့် မေးလိုက်ခြင်းပါ။

ကိုဝန်း မဲ့မဲ့လေး မချိုပြုံး ပြုံးရင်း ...

"ဘယ်နေမလဲ မမရာ ... ဟိုဟာမလေးက ဖေဖေ့ လက်မောင်းကို တစ်ချက်မှ အဖြုတ်မခံဘဲ တောက်တဲ့ကပ်ကပ်နေတာ အမြင်ကိုကတ်ရော"

"ဟင်"

မျက်နှာမဲ့ခနဲပျက်သွားရပြီးမှ လမင်း ဆက်ပြော၏။

"အဲဒါကြောင့် နောက်ကို မသွားရဘူးလို့ ပြောတာပေါ့ ကိုဝန်းရယ်၊ ယိုသူမရှက်ပေမယ့် မြင်သူက ရှက်တတ်ရင် မျက်နှာလွှဲရမှာပဲ"

"အို ... ကျွန်တော်လဲ မျက်နှာပြောင်တိုက်ပြီး ကြည့်ပစ်ခဲ့တာပေါ့၊ သူပဲ မရှက်သေးတာ၊ ဘာအရေးလဲ"

"ကိုဝန်းရယ် ... အရှက်မဲ့တဲ့လူနဲ့ ပြိုင်တာ သေးသိမ်တဲ့ အလုပ်၊ မမကို ကတိပေးစမ်း၊ နောက်မသွားပါဘူးလို့"

"အဟင်း"

ကိုဝန်း ရယ်ကျဲကျဲလေး လုပ်နေပါ၏။

"ပြောလေ ... ကိုဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မမကလဲ"

"ကိုဝန်းနော် ... ပြောင်ချော်ချော်လုပ်မနေနဲ့၊ မမ အတည်ပြောနေတာ၊ အားလုံး ဒုက္ခများကုန်လိမ့်မယ်၊ မေမေ့ အကြောင်းလဲ သိသားနဲ့"

"မမကလဲဗျာ ... ကျွန်တော် ဖေဖေ့ကို ဘယ်လောက် ချစ်တာ သိသားနဲ့"

"ဟင်"

"ဟာ .... မေမေ"

မောင်နှမနှစ်ယောက်စလုံး ထိတ်ကနဲ လန့်သွားကြ၏။ ကြည့်စမ်း ... အခန်းဝမှာ မေမေ ဘွားခနဲ ရပ်လာမှ သိကြရသည့်အဖြစ်။ မေမေ့မျက်နှာတစ်ခုလုံး တည်တင်းမာထန် နေပါတော့သည်။ အခန်းဝမှာ မေမေ ခါးထောက်ကာ မားမား ကြီး ပေါ်လာတော့မှ လမင်းမျက်နှာလေး ငုံ့ခနဲ ကျသွားရလေ တော့သည်။ နေ့ဝန်းလည်း ခေါင်းမဖော်ရဲတော့။

"အဟွန်း ... ဟွန်း ... တယ်လဲဟုတ်နေကြတာကိုး"

မေမေ့အသံက အံကြိတ်သံကြားမှ မချိုတရိလေး ထွက်လာပြီး ကိုဝန်းဘက် ဆတ်ကနဲလှည့်ကာ ...

"ဒီမယ် ... သား"

"ဗျာ ... မေမေ"

"မင်းအဖေကို မင်းသိပ်ချစ်တာပေါ့၊ ဟုတ်လား"





ကိုဝန်း အယောင်ယောင်အမှားမှား ခေါင်းညိတ်မိ တော့သည်။

"အဟွန်း"

မေမေ မဲ့ပြုံးလေး ပြုံး၏။ နာကြည်းခါးသက်မှုများက ရင်မှာ နေရာယူကြ၏။

"ဒါဖြင့် မင်းလဲ မင်းအဖေနောက် လိုက်သွားချင်တဲ့ သဘောလား ကိုဝန်း"

"အို ... မေမေ"

မေမေ့ ပြတ်တောက်မှုကို နားလည်မိ၍ လမင်း အထိတ်တလန့်ဖြစ်သွားရ၏။ ကိုဝန်းလည်း မျက်နှာလေးပျက် ကာ ခေါင်းခါရှာပါသည်။

"အဟင်း ... ဟင်း ... ဒီလိုကျတော့လဲ မင်း ခေါင်းခါရ မှန်း နားလည်သားပဲ၊ ဘာဖြစ်သေးလဲ၊ ခုနက မင်းပြောသလိုပေါ့ မျက်နှာပြောင်တိုက်ပြီး ကြည့်ပါလား၊ မင်းလဲ မင်းအဖေ၊ ဟိုက လည်း သူ့လင် ပြိုင်ပြီး ချစ်ကြပေါ့၊ အဟင်း ... ဟင်း"

"မေမေရယ်"

လမင်း အလန့်တကြား ခေါင်းယမ်းမိရ၏။ ရင်ထဲမှာ ဝမ်းနည်းရလွန်းပါဘိခြင်း။ အေးဆေးသိမ်မွေ့စွာ ငြိမ်သက်ခဲ့ပါ သော မေမေ တစ်ယောက် ခုတော့ ကြမ်းတမ်းသော စကားများ ဖြင့် လောကကို ရင်ဆိုင်ပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မင်းအဲဒီလို နေရဲတဲ့သတ္တိ မရှိဘူးလား ကိုဝန်း၊ မင်းအဖေကလဲ သူ သိပ်ချစ်တဲ့ သားကို သူနဲ့ အတူတူနေဖို့ ခုတော့ ခေါ်ရဲတဲ့သတ္တိမရှိဘူး ဟုတ်လား၊ အဟွန်း … ဘယ်ရှိမလဲလေ၊ လုပ်ထားတဲ့ အလုပ်ကိုက လူတောထဲ ဝင်လို့မရအောင် မွန်ထားတာကိုး၊ မင်းပဲ အရှက်မရှိ သွားရဲပါ့မလေ့ ကိုဝန်းရယ်၊ ဘာလဲ … မေမေ ကျွေးတဲ့ထမင်းက မင်း ဝမ်းမဝဖြစ်နေလို့လား၊ မေမေ ဆင်ထားတဲ့ အဝတ်တွေက မင်း မလှမပဖြစ်နေလို့လား၊ ဟင် … ပြောစမ်းပါဦး"

"အို … မေမေ"

ပြောရင်း စိတ်ဆိုးစွာဖြင့် မေမေ ကိုဝန်း ပခုံးကို ဆွဲလှုပ်ကာ မေးပါတော့၏။

လမင်းမှာ မေမေ့လက်ကို ကိုင်ရင်း မျက်ရည်ဝဲနေပါပြီ။

"ဟင် … ပြောလေ၊ မင်း ငတ်နေသလား ကိုဝန်း၊ ကိုယ့်အဖေ လျစ်လျူရှုပြီး ထွက်သွားတဲ့ အဖေနောက်ကို မင်းမို့ အရှက်မရှိ လိုက်ပြီးတောင်းဦး၊ တွေ့ဦး၊ ကဲ … ကဲ …"

"ဗုန်း … ဗုန်း"

"မေမေ … မေမေရယ်"

"အဟင့် … ဟီး … ဟီး … ငါ့ကို သတ်လိုက်ပါတော့လား ကိုဝန်းရဲ့"

"မေမေ"





ကိုဝန်းကိုလည်း တဖုန်းဖုန်းရိုက်ရင်း သူ့ကိုယ်သူလည်း ထုနေပါသော မေမေ့ လက်နှစ်ဖက်ကို လမင်းတို့ မောင်နှမနှစ်ယောက်စလုံး ဖမ်းယူဆွဲကိုင်ထားရင်းမှ ဝမ်းနည်းစွာ ငိုမိကြပါတော့၏။

"ဟင် … မငိုနဲ့ … မငိုကြနဲ့၊ ငါငိုတာ ငါ့ကိုယ်ငါ ယူကျုံးမရလွန်းလို့ သားတစ်ယောက်ကို အဆင့်မြင့်မြင့် မဆင်ပေးနိုင်တဲ့ ငါ့ဘဝကို ငါ နာကြည်းလွန်းလို့ပါ"

အံကြိတ်ပြောရင်း မေမေ မျက်ရည်သုတ်တော့ လမင်းရင်ထဲ မချိတော့။ ကိုဝန်းလည်း နောင်တရနေပါပြီ။

"ကိုဝန်း"

"ဗျာ … မေမေ"

"မင်း လိုချင်တာ ပြောစမ်း၊ ဟောဒီတိုက်ကို ရောင်းပြီး ဝယ်ပေးမယ် သိလား၊ မေမေတို့ နောက်ဖေးတန်းလျားမှာ နေလဲ ဖြစ်တယ်၊ သူများဆီမှာ ဘယ်တော့မှ လက်မဖြန့်ချင်ပါနဲ့ကွယ်"

"သား မှားပါပြီ မေမေ၊ မေမေမကြိုက်တာ ဘယ်တော့မှ မလုပ်တော့ပါဘူးဗျာ"

"ဟင် … ဘာပြောတယ် ကိုဝန်း"

"သား နားလည်ပါပြီ မေမေ၊ ဖေဖေနဲ့ ကင်းအောင်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကတိလား"

"ကတိပါ မေမေ"

"ကောင်းပြီ သား၊ မေမေ့မာနကို ထိစေတဲ့ အပြုအမူမျိုး လုံးဝ ရှောင်ပါ၊ သား ပေးထားတဲ့ ကတိပျက်ရင် မေမေ အသွင့် မရှိပြီပဲ၊ မေမေ့ဘဝမှာ သမီးနဲ့သားအတွက်ပဲ အဓိက ထားစရာရှိတယ်၊ လောကကြီးမှာ သော်တာလမင်းနဲ့ သူရိန် နေဝန်းဆိုတဲ့ ရင်သွေးနှစ်ယောက်သာ မေမေ့ဘဝ၊ မေမေ့ကမ္ဘာ ပါကွယ်"

"မေမေရယ်"

သုံးယောက်သား နွေးထွေးလှိုက်ခဲစွာ ဖက်မိကြပါတော့သည်။

❀❀❀



# အခန်း (၂)

ဖတ်လက်စ ဆေးစာအုပ်ထူထူကို အသာပိတ်ကာ ဆံကို မတ်မတ်ဆန့်ထုတ်လိုက်၏။

"ဟား"

ထိုင်လျက်အတိုင်း ဘယ်ညာလှည့် ချိုးလိုက်ပြီးမှ စာကြည့်စားပွဲမှ အသာထလိုက်၏။ တစ်ဆက်တည်း အနီးရှိ ဆရိန့်တပ် စတီးခေါက်ခုတင် လေးပေါ် လှဲချကာ မျက်နှာကြက် အဖြူကို လှမ်းကြည့်လိုက်လေသည်။

အုပ်စိုး သည်ကိုရောက်တာ တစ်ပတ်ပြည့်ပါတော့မည်။ ရောက်ရောက်ချင်း အလုပ်ဝင် အလုပ်လက်ခံတာမို့ တခြား ဘယ်ကိုမှ မရောက်ဖြစ်သေး။ ကြီးမေကပင် ပြောနေပါသည်။

"တစ်ရက် နှစ်ရက်တန်သည် နားပါဦးလား သားရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းလိုက်တာ" တဲ့လေ။ အုပ်စိုး ပြုံးနေလိုက်၏။ သြော် ... အုပ်စိုးအပေါ် သားအရင်းနှင့်မခြား ချစ်ရှာပါ သော ကြီးမေပါ။

ဘကြီး ဦးဘသော်မှာ အငြိမ်းစားအရာရှိပီပီ အေးအေးငြိမ်ငြိမ်းလေးနေ၍ တရားထိုင်၊ ပုတီးစိပ်၊ လမ်းလျှောက်၊ ဘုရားသွား စသော အလုပ်များသာ ရှိ၏။

ကြီးမေဒေါ်ခင်ထားမှာ မေမေ့အစ်မအရင်းခေါက်ခေါက် ဖြစ်၍ သားထောက် သမီးခံ လုံးဝ မရှိရှာချေ။ အုပ်စိုးတို့မှာသာ ညီအစ်ကိုချည်း သုံးယောက်ရှိလေသည်။ ကိုကြီးအုပ်မိုးက မိဘလက်ငုတ် ကျောက်တွင်းလုပ်ငန်းကို ဦးဆောင်ပြီး ညီငယ် အုပ်ဖြိုးက စောစီးစွာ အိမ်ထောင်ကျကာ သူ့မိန်းမဘက်မှ ရက်ကန်းလုပ်ငန်းဖြင့် ကြီးပွားနေလေသည်။

ခုတော့ မိုးကုတ်တွင် ဖေဖေ၊ မေမေ၊ ကိုကြီးအုပ်မိုးတို့ရှိပြီး အုပ်ဖြိုးက မန္တလေးတွင် နေထိုင်ကာ မိမိမှာဖြင့် တစ်မိပေါက်တစ်ယောက်ထွန်းဆိုသလို ဆရာဝန်ဖြစ်ကာ ရန်ကုန်သို့ ရောက်နေရပါပြီ။ ကြီးမေမှာ ဝမ်းပန်းတသာ ကြိုရှာကာ ...

"အတော်ပဲကွယ်၊ ကြီးမေဖြင့် ခင်လေးဆီမှာ အစကတည်းက တောင်းထားတာလေ၊ သားသုံးယောက်ထဲက တစ်ယောက်ပေးပါလို့၊ ခုတော့ အဆင်ပြေပြီ"

အုပ်စိုး ပြုံးမိကာ ကြီးမေကို စချင်လာသဖြင့် ...

"ကြီးမေ ဘောင်းတာ ကိုကြီးမိုး မဟုတ်လား"





"ဟဲ့ ... မဟုတ်ပေါင်ကွယ်၊ မိုး၊ စိုး၊ ဖြိုး သုံးယောက်ထဲက ဘယ်သူဖြစ်ဖြစ်ပါ သားရယ်၊ ဒါပေမယ့် ကြီးမေတို့နဲ့ တိုက်တာဘယ်သူလဲ သိလား စိုး"

ကြီးမေက မိမိတို့အား နာမည်လေး အဖျားဆွတ်ကာ ချစ်စနိုးခေါ်တတ်ပါသည်။ အုပ်စိုး ပြုံးစိစိနှင့် ပြောလိုက်၏။

"အငယ်ဆုံး အသွက်ဆုံး ဖြိုးကိုပေါ့"

"အမယ်လေးလေ ... တက်တက်စင်အောင် လွဲပြီဟေ့၊ အဲဒီမျောက်လေး အသွက်လွန်လို့ အစောကြီး မိန်းမရသွား တာ မဟုတ်လား၊ တော်သေးတာပေါ့၊ ကောင်းတဲ့ မိန်းကလေးနဲ့ ရပေလို့သာပေါ့၊ သူတော့ မထိန်းနိုင်ပေါင်"

"ဒါဖြင့် အလုပ်ကြိုးစားတဲ့ ကိုကြီးမိုး"

"ဟဲ့ ... ကြီးမေက မောင်အောင်စိုးရဲ့ လက်မောင်းဆက်ကို ဆွဲဖွဲ့မယ့် အလုပ်ကြီး စိတ်ထဲ မကူးသေးပါဘူးနော်၊ သူ့ ဖအေမျက်နှာလွှဲ၊ အစစ သူချည်းကုန်းလုပ်နေတာ၊ အဲ့တဲ့သားကြီး၊ ဟိုငဲ့ ဒီငဲ့နဲ့ ခမျာ အိမ်ထောင်ရေးတောင် ပြင်းစားနိုင်တာ သနားပါတယ်"

"အဟင်း ... ဒါဆိုရင် ကျွန်တော်ပဲပေ့ါ၊ ဟုတ်လား ... ကြီးမေ"

"ဟုတ်ပါ့တော် ... ဟုတ်ပါ့"

"ဘာကြောင့်လဲ ကြီးမေ"



www.burmeseclassic.com

www.burmeseclassic.com



သိလျက်နဲ့ တမင်မေးလိုက်၏။ ကြီးမေကို စချင်၍ပါ။

"အမယ် ... သိလျက်နဲ့ ဝိနေပြန်ပြီကွယ်"

"မသိလို့ပါ ကြီးမေရာ"

"ဟဲ ... မသိရင် ပြောတာပေါ့၊ စိုးတို့ စာတော်တယ်လေ၊ တစ်နေ့ ပညာထွန်းမယ့်ကလေးလို့ တွက်ပြီးသား"

"အဟင်း"

ကြီးမေ ဗေဒင်ထဲ ကွက်တိဝင်ပါ၏။

"ပြီးတော့ စိုးက အေးဆေးပြီး လိမ္မာတယ်၊ မပူဆာ တတ်ဘူး၊ သုံးယောက်ထဲမှာလဲ အချောဆုံးပဲ"

"ကျွန်တော် ဘဝင်မြင့်ချင်လာပြီ ကြီးမေ"

"မြင့်လေ ... မြင့်ပေါ့၊ စိုးမှာ ဘဝင်မြင့်စရာတွေ အများကြီးရှယ်၊ မိတ်ဆွေမျိုးဂုဏ်၊ ပညာဂုဏ်၊ ရုပ်ရည်ဂုဏ် ရိုးသားကြိုးစားတဲ့ဂုဏ် ... ဟဲ"

ကြီးမေပြောမှ ရှက်သွားရတာ ပြုံးမိရင်း ...

"ဟာ ... ကြီးမေရာ ... တော်ပါတော့၊ ကျွန်တော် အလကား ပြောတာပါဗျာ"

"ဟဲ့ ... ဒါ အလကားပြောတာမှ မဟုတ်တာ၊ တကယ် ပြောနေတာ၊ စိုးရဲ့ စိတ်နေစရိုက်တွေအားလုံး ကြီးမေ မကြိုက် တာ တစ်ခုမှ မရှိဘူး၊ ဟိုတုန်းက ငယ်သေးသေးဆိုပြီး ကြီး မပြောတာပါ၊ ဟော ... အခု စိုးလဲ ဆရာဝန်ဖြစ်ပြီ၊ ကြီးမေတို့





အသက်ကြီးပြီ၊ အနီးအနား သားထောက် သမီးခံလိုအပ်နေပြီ လေ၊ ကြီးမေတို့နားမှာပဲ နေရမယ်၊ အိမ်ထောင်ပြုလဲ ကြီးမေဆီ မှာပဲ ပြုကြ၊ စိုးအတွက် ကြီးမေ လုံးဝတာဝန်ယူတယ် ... ဟဲ"

"အဟင်း ... ကြီးမေစိတ်ကူးက အကောင်းသား။ ကျွန်တော့်က ဘာမှမဖြစ်သေးတာ ရယ်စရာဖြစ်နေပြီ"

"ဘာလဲ၊ ဘာဖြစ်ချင်နေလဲ၊ ကြီးမေကို ပြောစမ်း"

"ဟာ ... ဘာမှ မဖြစ်ချင်သေးပါဘူး ကြီးမေရာ"

"ပြီးရော ... ပြီးရော၊ ဖြစ်ချင်တာပြော၊ ကြီးမေ တာဝန်ပဲ"

"အဟင်း"

တွေးရင်း အလိုလို ပြုံးမိရတော့၏။

သြော် ... မိမိအပေါ် မေတ္တာကြီးမားပါသော ကြီးမေ့ သင်၊ အုပ်စိုး နားလည်ပါသည်။ ညီအစ်ကို သုံးယောက်ထဲတွင် ကြီးမေ မိမိကို အချစ်ဆုံး၊ ငယ်စဉ်က ကြီးမေ မိုးကုတ်ရောက် လာလျှင် မုန့်ဖိုးပေးသည့်အခါ မိမိ ပိုရတတ်စမြဲ။ ပြီးတော့ ...

"ဟိုကောင်တွေမသိစေနဲ့ စိုး၊ စာကြိုးစားနော်၊ ဘကြီးလို အရာရှိကြီး ဖြစ်အောင်"

လက်သိပ်ထိုးစကားများဖြင့် မိမိအား အခွင့်အရေးပို ပေးခဲ့သော ကြီးမေကို အုပ်စိုး ချစ်ပါသည်။

ခုတော့ မိမိအလှည့် ရောက်ပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



သက်ကြီးဝါကြီးများအား အနီးမှနေ၍ မိမိ တတ်ထားသော ပညာဖြင့် တစ်ဖန် ပြုစုရပါတော့မည်။ လောလောဆယ် အုပ်စိုးကို ပြုစုထားသူက ကြီးမေ ဖြစ်နေ၏။

ကျယ်ဝန်းသော အခန်းကြီးတစ်ခု သီးသန့် ပေးထားပြီ၊ ဗီရို ခုတင် စားပွဲ၊ ကုလားထိုင်၊ စာအုပ်စင်၊ အဝတ်စင်တန်း၊ အရောင်ဘက်စသော ပစ္စည်းများအပြင် ကက်ဆက်၊ ပန်ကာ၊ တီဗွီစသော ကိရိယာများဖြင့် အဆင်သင့် အပန်းဖြေစေလေသည်။ အိပ်ခန်းနှင့် ကပ်လျက် ရေချိုးခန်းမှာလည်း သန့်ရှင်းတောက်ပစွာ အဆင်သင့်ပင်။

နာရီကြည့်လိုက်၏။ လေးနာရီ တိတိ။

ရေချိုးမှပါပဲ၊ ငါးနာရီမှာ ထမင်းစားချိန်မို့ ရေချိုးရန် အုပ်စိုး ထလိုက်၏။ ပြီးမှ ဘာရယ်မဟုတ်၊ အခန်းထဲ လေကောင်းလေသန့် ဝင်ရန် ရည်ရွယ်ချက်ဖြင့် တံခါးရွက်လေးတွေ ချထားသော တရုတ်ကပ်မှန်ပြတင်းကို ဖွင့်လိုက်၏။ ပွင့်သွားသောမှန်ရွက် ကလေးကြားမှ လေတွေ ဝေ့ခနဲ သုတ်လာလေသည်။

"ဟင်"

လေအေးကို ရှူမိရင်းမှ မျက်လုံးအကြည့်က တစ်နေရာဆီသို့ ဖျတ်ခနဲ အကြည့်ရောက်၏။ ပန်းခင်းကြားမှ မိန်းကလေးတစ်ယောက်။ အဝေးကြည့် အနေအထားမှာပင် မိန်းကလေး





ဟန်ပန်က ရှင်းကြေ့နေရလေတော့၏။ နက်မှောင်တောက်ပနေသော ဆံပင်ရှည်ရှည် ဖြောင့်စင်းစင်းများကို အရင်းမှ ကလစ်ဝါဝါနှင့် ညှပ်ထားပုံက ရိုးရှင်းလှ၏။

ဘေးတိုက်အနေအထားမို့ နဖူး၊ နှာတံ၊ နှုတ်ခမ်းများက လတ်ရာမြောက် ပန်းချီကောက်ကြောင်းပုမာပင်။ ဖြူဝင်းဥနှစ်နေသော အသားဝါဝါလေးက နက်ပြာ ရောင် ဖြောင်လုံချည်၊ အဝါနုရောင် ရှပ်အင်္ကျီဖားဖားတို့ဖြင့် အချိုးတကျ လှပနေလေတော့၏။

"ဟင်း"

သူ ဘယ်သူပါလိမ့်၊ သက်ပြင်းဖော့ဖော့ ချမိရပါပြီ။

အရင်နေ့တွေလည်း သည်လိုပဲ ရှိနေတာများလား၊ လုံးဝသတိမထားမိအောင် အလုပ်ထဲနစ်နေသော ကိုယ့်ကိုယ်ကို အားမလိုအားမရ ဖြစ်နေမိ၏။

ရေပိုက်အနီလေးကိုင်ကာ ပန်းပင်များကို အေးဆေးစွာ ရေလောင်းနေသော လမင်း၏ ပုံစံလေးက အုပ်စိုး မျက်ဝန်းမှ တစ်ဆင့် နှလုံးသားထဲအထိ တဒင်္ဂအတွင်းမှာ စွဲမြဲစွာ နေရာ နိုင်နိုင်ယူလိုက်ပါပြီတည်း။

"ဟော ..."

အုပ်စိုး လှုပ်ရှားသွားရ၏။ လမင်း ရုတ်တရက် သည်ဘက်လှည့်လာပြီ မဟုတ်ပါလား။ အထက်အောက်အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားမို့ လမင်း လှုပ်ရှားမှုအားလုံး မြင်နေရပါပြီ။ ပန်းရွက် အကြွေအညိုးများကို ဖယ်ရှားရင်း ရေလောင်း နေပုံလေးက မြတ်နိုးစရာ။ လမင်း မျက်နှာလေးက အေးဆေးသိမ်မွေ့မှု အငွေ့ပေါင်းနှင့် ပြည့်လှပါဘိခြင်း။

အုပ်စိုးရင်ထဲ အတွေးတစ်ခု ရုတ်ခြည်း ဝင်လာရ၏။ များပြားလှန်းသော ပန်းခင်းများကို မင်းလေး တစ်ယောက်တည်း ရေငဲလောင်းနေရသလားကွာ၊ မင်းကို သနားမိတယ်။ ပန်းခင်းတွေက စီပွားဖြစ် စိုက်ထားပုံမျိုး၊ အကန့်များများ အတန်းစိပ်စိပ်တွေကြားမှာ မင်းလေး ဘယ်အချိန်ထိများ ရေလောင်းနေရမှာလဲကွာ။

"ဟော ... သြော်"

ခုမှ သက်ပြင်းချမိရပါပြီ၊ တော်ပါသေးရဲ့။ လှမ်းလှမ်း မှလာနေသော အမျိုးသမီးကြီးနဲ့ ကောင်လေးတစ်ယောက်။ ကောင်လေးက ရေပိုက်ကို လှမ်းယူကာ ရေဆက်ဖျန်း၏။

"သား ...စိုး"

"ဟင် ... ကြီးမေ"

"ဘာကြည့်နေတာလဲကွယ်"

"ဟို ... ဟို"

ရုတ်တရက် သူ ဘာပြောရမှန်း မသိ။

ရှက်ဝဲဝဲလေးနှင့် ပြတင်းပေါက်ကို မသိမသာ ကျောခိုင်း





ကြည့်လိုက်မိ၏။ ကြီးမေ ရောက်လာတာကို မသိလိုက်အောင် သူ အငေးလွန်နေမိသည့်အတွက် မျက်နှာ ဘယ်လိုထားရမှန်း မသိတော့။ ကြီးမေပြုံး၍ သူ့နံဘေးလာရပ်ကာ သူကြည့်ရာဆီ လှမ်း ကြည့်လိုက်၏။

"သြော် ... မယဉ်မွန်တို့ သားအမိတွေကို ကြည့်တာလား"

"ဘာရယ်မဟုတ်ပါဘူး ကြီးမေရာ၊ ပန်းခင်းလေး မျက်စိအေးလို့ပါ"

"အင်း ... ပန်းခင်းလေး အေးပေ့၊ ပန်းပင်ကြားက ဟာလေးမလေးကလဲ အေးပေ့ ...နော"

"အာ ... ကြီးမေကလဲ ... အဟင်း"

"လူကြီးရှက်တော့ ရယ်တယ်တဲ့၊ ဘာလဲ၊ ကြီးမေ ပြောတာ မမှန်လို့လား၊ လမင်းလေးက နာမည်နဲ့လိုက်အောင် အေးတာပဲ"

"လမင်း"

နာမည်လေးတစ်ခု ... သံယောဇဉ် လိုက်ရွတ်မိ၏။

"ဟုတ်တယ်၊ သော်တာလမင်းနဲ့ သူရိန်နေဝန်းဆိုတဲ့ သမီးနဲ့သားကို မယဉ်မွန်ခမျာ အဲဒီပန်းခင်းလေးနဲ့ အသက် မွေးနေရှာတာလေ၊ သနားစရာပါကွယ်၊ ဒါပေမယ့် မယဉ်မွန်မှာ ဘာနအပြည့်ရှိတယ် စိုးရဲ့"

"ဟို ... ဟို ... အဲဒီ ဒေါ် ယဉ်မွန့်ခင်ပွန်းကော ကြီးမေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတယ်လေ၊ နောက်မယားနဲ့ ကောင်းမလေးက ကိုဝန်းနဲ့မှ ရွယ်တူလောက်ပဲရှိမှာ"

"ဟင် ..."

ရင်ထဲ နင့်ခနဲ သနားသွားမိပါပြီ။

လမင်းလေးရယ် ... ဖြစ်ရလေးကွာ။

"မောင်အောင်လွင်က အဆောက်အအုံ ကန်ထရိုက်လေ၊ လုပ်ငန်းစန်းထပုံများ စီးပွားရေး ဟုန်းခနဲ တောက်နေတဲ့ အချိန်မှာ နှမ္မီဆိုတဲ့ ကောင်မလေးကြောင့် အေးချမ်းတဲ့ မိသားစု ဘဝလေး ဆုံးရှုံးသွားရတာကွယ်၊ မယဉ်မွန်က ပြတ်လိုက်တာမှ တိခနဲ လုံးဝ အပတ်သက်မခံတော့ဘူးလေ၊ မောင်အောင်လွင်နဲ့ ပတ်သက်သမျှ ဘာတစ်ခုမှ မယူဘူးကွယ်၊ ဟောဒီတိုက်နဲ့ခြံကို တောင် ကလေးတွေကြောင့်သာ ငဲ့ပြီး ယူတာ"

"ဪ ..."

"တော်သေးတာပေါ့ကွယ်၊ လမင်းလေးက ကျောင်းပြီးသွားလို့၊ ကိုဝန်းက ဆယ်တန်း ဖြေထားတယ်၊ အတွင်းပစ္စည်းတွေအားလုံး မယဉ်မွန် မယူဘူးကွယ်၊ ဒါပေမယ့် မောင်အောင်လွင် တော်ရှာပါတယ်၊ ခမျာ မစိတ်မွန်လို့သာ မှားသွားတာ သမီးနဲ့ သားအတွက် မီးခံသေတ္တာထဲ အပြည့်ထည့်ပေးပြီး ရှေ့နေနဲ့ အပ်ထားတာလေ၊ အသက်နှစ်ဆယ်ပြည့်ကြရင် ယူပြီး





သုံးကြပေါ့"

"ဒါဖြင့် လမင်း ... ဟို ... အသက်"

"အေး ... နှစ်ဆယ်ပြည့်ပေမယ့် မယဉ်မွန်က အဲဒါကြီး ဖွင့်သုံးရင် လိုရာကြွပေတော့လို့ ပြောထားတယ်လေ"

"ဪ"

"ကလေးတွေလဲ လိမ္မာကြပါတယ်ကွယ်၊ မအေကို အလိုက်သိကြပါတယ်၊ ဘာလဲ၊ စိုးရင်ထဲမှာ လမင်းလေး သာနေပြီလား"

"အာ ... ကြီးမေကလဲဗျာ"

"အံမယ် ရှက်မနေနဲ့၊ လမင်းနဲ့ဆို ကြီးမေလဲ သဘောတူတယ်"

"အဟင်း"

ရှက်ရယ်လေးဖြင့် ရေချိုးခန်းထဲ ဝင်လာခဲ့မိပါတော့၏။

သူ့မျက်နှာတစ်ခုလုံး သကြားတောင်ကြီး ပြိုကျလာသလို ချိုမြကြည်လင်စွာဖြင့် ရေချိုးခန်း နံရံကပ်မှန်မှာ အရိပ်ထင်နေရပါပြီတည်း။

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

"ဟား"

ကန်တော်ကြီးမှ ဖြတ်တိုက်လာသော လေနုအေးလေးကို တစ်အားရှူရှိုက်လိုက်၏။ အုပ်စိုးရင်ထဲ လန်းဆန်းကြည်လင်သွားရလေတော့သည်။

အုပ်စိုးငယ်ငယ်ကတည်းက စွဲနေသော အကျင့်အတိုင်း မနက်စောစောလမ်းလျှောက်နေခြင်းပင်တည်း။

ကိုယ်ဟန်မတ်မတ်ဖြောင့်ဖြောင့်နှင့် တောင့်တောင့်ကလေး လျှောက်တတ်သော သူ့ပင်ကိုဟန်ကပင် စမတ်ကျလှပါဘိခြင်း။ ဆရာဝန်တွေထဲမှာ ဒေါက်တာအုပ်စိုးဆိုလျှင် ချိုကြည်သော မျက်နှာထား၊ တောင့်ဖြောင့်သော ကိုယ်နေဟန် လှလှတို့ကြောင့် နာမည်ကြီးနေရသည်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေပြောသလိုပင် ဘဝင်မြင့်စရာပေမယ့် သူ့စိတ်ရင်းက ဘဝင်မမြင့်တတ်တာ သူပင်အသိဆုံးပါ။ သို့သော် တည်တည်အေးအေး နေတတ်သော သူ့ကို တော်ရုံ ရင်းနှီးမှုမျိုးဖြင့် မနောက်ပြောင်ရဲကြချေ။

ဘဝတူ ဆရာဝန်မလေးများ၊ သူနာပြု ဆရာမလေးများ၏ လိုလားသောခင်မင်မှုကိုပင် ဥပေက္ခာပြုနိုင်ခဲ့သူပါ။

စိတ်ကြိုက် မတွေ့မီသေး၍ သူ့ အသည်းနှလုံးလေးတွေ အိပ်မောကျနေခဲ့သည် မဟုတ်ပါလား။

ခုတော့ တံခါးခေါက်သူပေါ်လာပါပြီ။ လမင်းဆိုသောမိန်းကလေး။ မြင်မြင်ချင်းရင်ထဲမှာ တင်းခနဲရစ်ပတ်တွယ်နှောင်မိ လိုက်ပါသော သံယောဇဉ်ကြိုးကလေး။

အချစ်ဆိုသော ငုပ်ကောင်၏ အချိန်ရာသီမရွေး ဘွားခနဲပေါ်ပေါက်လာတတ်ပုံကို သူ ရင်ခုန်မိရပါလေပြီ။ ကာလေးကလားဆန်သည်ပြောပြော မရိုးမသားဖြစ် သည်ဟုဆိုဆို သူခုတော့ လမင်းလေးကို တစ်ဖက်မှ သူ့အခန်းမှ နေ၍ အချိန်ရတိုင်း ချောင်းကြည့်မိတတ်နေလေပြီ။

ဩော် ... ကြိုက်မရှက်ဆိုသည်မှာ မှန်လေစွ။မရှက်နိုင်ပါ။ ချောင်းကြည့်တိုင်းလည်း မမြင်ရပါချေ။ ညနေ ရေလောင်းချိန်လေး ခဏသာ မြင်ခွင့်ရပါတော့ ၏။ ကျန်အချိန်တွေ လမင်းလေး ဘာလုပ်နေပါလိမ့်။





အလုပ်သွားချိန် အလုပ်သွားနေရပေမယ့် သူ့စိတ်တွေက လမင်းဆီ ရောက်ရောက်နေတတ်၏။

ကြီးမေပြောတော့ လမင်းကျောင်းပြီးပြီတဲ့လေ၊ ကိုယ်တော့ ခက်ပြီ လမင်းရေ။ မင်းလေးကို ခင်မင်ခွင့်လေးမရခင် ကတည်းက မြင်မြင်ချင်း ချစ်မိနေပြီဆိုတာ မင်းသိရင် ရယ်မလားပဲကွာ။

ကြီးမေကလည်း သဘောတူတယ်တဲ့။ ကိုယ် အရမ်းဝမ်းသာနေမိပြီ လမင်းရေ။ ကြီးမေက ဖြစ်ချင်တာ ပြောတဲ့ကွာ။

ဒါပေမယ့် သည်ကိစ္စလေးကိုတော့ ကိုယ်ပိုင်အစွမ်းလေးနဲ့ပဲ ကြိုးစားချင်တယ် လမင်းရယ်။

“ဗျို့ ... ဆရာကြီး တွေးမနေနဲ့ ငေးမနေနဲ့ ခေါင်းမော့ရင်ကော့ပြီး လျှောက်စမ်းပါဗျ၊ အလုပ်အကြောင်း ခေါင်းထဲမထည့်နဲ့ဦး၊ ဒေါ့မှာ ခဏဖယ်ထားလိုက်”

“အေးဗျာ ... ခင်ဗျား သတိပေးမှပဲ ကျုပ်က သတိလက်လွတ်နဲ့ အလုပ်ကိစ္စအကြောင်းပဲ တွေးတွေးဖြစ်တာမို့ လမ်းလျှောက်သွက်ရာက နှေးနှေးသွားတာဗျို့”

“ဩော် ... အဟင်း”

အုပ်စိုး ရယ်မိပါတော့၏။

ရင်ထဲ ဒိန်းခနဲပင် တုန်သွားရမတတ်။ လူကြီးနှစ်ယောက်၏ တရင်းတနှီး သတိပေးပြောလိုက်သံက သူ့ကို တန့်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ လန့်သွားခဲ့ရသည် မဟုတ်ပါလား။ သူလည်း ခုနက လူကြီးပြောသလို ဖြစ်နေမှာပါ။ လမင်းအကြောင်းလေး အတွေးထဲ ဝင်နေတာမို့ ခါတိုင်းလို ကြောမော့မနေမှာ အမှန်ပင် ဖြစ်ပါမည်။ သတိချပ်ကာ ခပ်ဟန်ဟန်လေး လျှောက်လိုက်၏။

ထိုအချိန်တွင် သူ့ဘေးမှ အပြေးလေ့ကျင့်လသမားတစ်ယောက် ရိပ်ကနဲ ဖြတ်ကာ သူ့ကို ကျော်တတ်သွားတာကို သတိထားလိုက်မိ၏။ မကြာပါ။

ထိုအပြေးသမား သူ့ရှေ့သုံးလေး ကိုက်ချန့် အရောက်တွင် တစ်စုံတစ်ခုကို ခလုတ်တိုက်သလို ဖြစ်ကာ ဟပ်ထိုး လဲကျသွားရလေတော့၏။

"ဟာ"

ထိတ်ကနဲ သူ ဖြစ်သွားမိရင်း အပြေးသမားအနီးသို့ အမြန်ဆုံး လျှောက်လာခဲ့တော့၏။ အပြေးသမားမှာ မထနိုင်။ ထိုင်လျက်အနေအထားအတိုင်း ခြေချင်းဝတ်ကို ဆုပ်ကာ သူ့ကို မော့ကြည့်နေလေသည်။

"ဘာဖြစ်တာလဲ ညီလေး"

သူ့ထက် အသက်ငယ်ပုံရတာမို့ မေးလိုက်၏။

တစ်ဆက်တည်းမှာပင် မြင်ဖူးသလိုလို ဟူ၍လည်း ဖြစ်မိတာမို့ လူနာပေါင်းများစွာထဲက တစ်ယောက်ယောက်လည်း ဖြစ်နိုင်တာပဲလေဟု စိတ်ထဲ တွေးဖြစ်လိုက်တော့၏။





"ခြေခေါက်လဲတာ အစ်ကို၊ ဟောဟိုက ကျောက်ခဲလုံးလေးပေါ် တက်နင်းမိပြီး ဟန်ချက်ပျက်သွားတာပါ"

ကောင်လေးက တစ်ချက် ရှုံ့မဲ့ရင်း ပြောလိုက်တော့ သူက ...

"လမ်းလျှောက်နိုင်မလား"

"မသိဘူး အစ်ကိုရာ၊ ထဖို့ တောက်လို့တောင် မခံနိုင်ဘူး"

"ထကြည့်ရအောင်ကွာ"

"ဟုတ်ကဲ့"

သူ့လက်ကို အားပြုကာ ကောင်လေး ဖြည်းဖြည်းထ၏။

"ရသလား"

"ရတယ်၊ နာတယ် အစ်ကို"

"လျှောက်လို့ ဖြစ်မလားကွ"

"အစ်ကို"

"ဟေ"

"ကားတစ်စီးလောက် တားပေးပါလား"

"အိမ်ပြန်ဖို့လား"

"ဟင့်အင်း ... ဆေးခန်းသွားမလို့ပါ၊ အိမ်က မဝေးလှပါဘူး၊ ဆေးခန်းပြပြီးမှ ပြန်မယ်လေ"

"မင်း ... ကိုယ့်ကိုမှီပြီး လမ်းလျှောက်နိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ဖို့လဲ အစ်ကို"

"မင်းခြေထောက်ကို ကိုယ် ဆေးလိမ်းပြီး ပတ်တီးစည်းပေးမယ်လေ"

"ဟင် ... အစ်ကိုက ..."

"အေး ... ဆရာဝန်ပေါ့ကွာ"

"ဟာ ... ကျေးဇူးပဲ အစ်ကိုရာ ... ဒါဖြင့်ကား"

"ဟင့်အင်း ... ကိုယ့်အိမ်က ဟောဟိုနားမှာပဲကွာ၊ မင်းလျှောက်နိုင်မလား၊ နီးသားပဲ"

"( ---- ) လမ်းလား အစ်ကို"

"အင်း ... ဟုတ်တယ်"

"ကျွန်တော်လည်း အဲဒီလမ်းကပဲ အစ်ကိုရဲ့"

"ဩော် ... ဟုတ်လား၊ ကောင်းတာပေါ့ကွာ၊ ဒါဖြင့်လာ...သွားကြစို့"

သူ့ပခုံးပေါ် ကောင်လေးလက်ကို သိုင်းဖက်စေကာ တဖြည်းဖြည်း လျှောက်လာခဲ့၏။ လမ်းထဲဝင်လာပြီး သူ့အိမ်နှင့်နီးလာသောအခါ ...

"အစ်ကိုက ဒီလမ်းမှာနေတာ ကြာပြီလားဟင်"

"ဟင့်အင်းကွ ... ဆယ်ရက်လောက်ပဲ ရှိသေးတာ"

"ဩော် ... ဒါကြောင့် ကျွန်တော် မသိတာကိုး"

"ကဲ ... ဒီခြံပဲကွ"





"ဟာ ... ကျွန်တော်တို့ခြံနဲ့ ကပ်လျက်ကြီးပဲ အစ်ကိုရာ"

"ဟင်"

ခုမှ ကောင်လေးမျက်နှာကို သေချာစွာ ထပ်ကြည့်ဖြစ်တော့၏။ ဩော် ... လမင်းရဲ့ မောင်လေး သူရိန်နေဝန်းဆိုတဲ့ကောင်လေးမါလား။

သို့သော် မှင်သေသေဖြင့် သူဟန်ဆောင်ကာ သိပ်စိတ်ဝင်စားဟန်မပြ။ မြင်ဖူးသလိုဖြစ်မိသော သူ့စိတ်ကိုပင် ရယ်ချင်ချင်။ ဧည့်ခန်းထဲ ရောက်တော့ ...

"ကဲ ... ထိုင်ကွာ၊ ကိုယ်ဆေးနဲ့ပတ်တီး သွားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ ... အစ်ကို"

"ဟဲ့ ... ကိုဝန်းပါလား၊ ဘာဖြစ်လို့လဲကွယ်"

ကြီးမေ ဒေါ်ခင်ထား မြင်တော့ မေးလေ၏။

"ခြေခေါက်လဲလို့ပါ ကြီးကြီးမေ"

"ဩော် ... စိုးနဲ့ တွေ့လာခဲ့တာလား၊ ဟုတ်လား"

"ခင်ဗျာ ... စိုး"

"အေးလေကွယ်၊ ခုနက ကိုဝန်းခေါ်လာတာ ကြီးကြီးမေရဲ့ တူအရင်းခေါက်ခေါက် ဒေါက်တာအုပ်စိုးတဲ့"

"ဒေါက်တာအုပ်စိုး"

ကိုဝန်း နှစ်သက်စွာပင် ခေါ်မိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အားကျစိတ်လည်း ရုတ်ခြည်း ဖြစ်ထွန်းမိလေသည်။ အစ်ကိုက ဆရာဝန်ပေမယ့် သွေးမကြီးတတ်တာ သူ နားလည်မိပါပြီ။ တော်ရုံ စေတနာရှင်ဆိုပါလျှင် သူ့ကို ခုလို တကူးတက ကူညီမည်မဟုတ်။ မကြာမီ အုပ်စိုး ထွက်လာပြီး ...

"ကြီးမေ ... ရေနွေးရှိလား မသိဘူး"

"ရှိတယ် စိုး၊ မိသန်းကို ယူခိုင်းလိုက်မယ်၊ ခဏလေး"

ကြီးမေ အထဲသို့ ဖျတ်လတ်စွာ ဝင်သွားလေ၏။

ချက်ချင်းပင် မိသန်း ရေနွေးဇလုံနှင့် ထွက်လာသည်။

အုပ်စိုးက ကိုဝန်းခြေကို ရေနွေးနှင့် သန့်စင်စေပြီးမှ လင်နမင်လိမ်းကာ ပတ်တီးစီးပေးလိုက်၏။

"မင်းနာမည်"

"သူရိန်နေဝန်းပါ၊ ကိုဝန်းပဲ ခေါ်ပါအစ်ကို"

"အင်း ... ကိုဝန်းနေတာ ဟိုဘက်ခြံလား"

"ဟုတ်ကဲ့အစ်ကို"

"ကျောင်းနေလား"

"ဆယ်တန်း ဖြေထားပါတယ်"

"အောင်ရင် ဘာလုပ်ချင်သလဲ"

"အစ်ကို့လို ဆရာဝန်ဖြစ်ချင်တယ်"

"ဟာ ... သိပ်ကောင်းတဲ့ ရည်ရွယ်ချက်လေးပဲကွာ၊ ဖြစ်အောင် ကြိုးစားပေါ့ ဟုတ်လား"





"ဟုတ်ကဲ့ ... အစ်ကို"

"အေးကွာ ... အားရင် လာလည်ပေါ့၊ အစ်ကိုက ဆေးရုံ ဒီတ်ရက်တွေမှာ ရှိပါတယ်။ အကူအညီလိုလည်း ပြော၊ ဟုတ်လား"

"ဟုတ်ကဲ့ အစ်ကို"

အုပ်စိုး ပြုံးမိရပါပြီ။ အတော်လည်တဲ့ ကိုဝန်းလေး။

အုပ်စိုးက အလည်ခေါ်တာတောင် သူ့အိမ်ကို မခေါ်။ သိတာပေါ့။ အစ်မလှလှလေးရှိလို့ မင်းမခေါ်တာ ဟုတ်လား။

ကိုဝန်း ... မင်း လူလည်လေးပဲ။

ဒါပေမယ့် ဘယ်ရမလဲကွာ၊ အုပ်စိုးတဲ့။

"ကဲ ... ပြန်မလား ကိုဝန်း"

"ဟုတ်ကဲ့ အစ်ကို"

"ထ"

အလာတုန်းကတိုင်း တွဲပို့ရန်ပြင်တော့ ကိုဝန်းက ...

"ဟို ... အားနာတယ် အစ်ကိုရာ၊ ကျွန်တော့်ဟာ ကျွန်တော်ပဲ ဖြည်းဖြည်း သွားယူတော့မယ်နော်"

"ဟာ ... ဘယ်ဖြစ်မလဲကွ၊ မတော်ထပ်လဲမှ ဟုတ်နေဦးမယ်၊ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပဲ ပို့ပေးပါ့မယ်ကွာ"

"ဟဲ့ ... သွားတော့မလို့လား၊ အေး ...အေး ... ပို့လိုက်ပါ သားရယ်၊ ခြေမျာ နာနေရှာတာ၊ ကောင်းတယ် ... ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေကလည်း ဝင်ထောက်တာမို့ ကိုဝန်း ဘာမှမပြော သာတော့ချေ။ အုပ်စိုးကိုမှီ၍ လျှောက်လာရလေ၏။ ခြံထဲမဝင်ခင်

"အစ်ကို"

"ဟင် … ဘာလဲ ကိုဝန်း"

"အစ်ကို့ကို ကြိုပြီး တောင်းပန်ထားချင်လို့ပါ"

"ဘာများလဲကွာ"

"အိမ်ထဲရောက်ရင် ကျွန်တော့်မေမေက ဆက်ဆံရေး နည်းနည်းကျဲတတ်လို့ … ဟို"

ကိုဝန်း စကားမဆက်ဘဲ ရပ်ထားသဖြင့် သူ အလိုက် သိစွာ …

"သြော် … ရပါတယ်ကွာ"

ကိစ္စမရှိပါဘူး ကိုဝန်းရာ သမီးချောချောရဲ့ မိခင်ပီပီ သူစိမ်းယောကျ်ားလေးအပေါ် ဆက်ဆံရေးကျဲတာ သဘာဝကျ တဲ့ ကိစ္စပါပဲကွာ၊ ကိုယ် နားလည်ရမှာပေါ့။

"ဟင် … ကိုဝန်း … ဘာ … ဖြစ်"

ကြည်လင်ချိုသာသော အသံလေးကြောင့် အုပ်စိုး ဆတ်ကနဲ လှည့်ကြည့်မိသည်။

အို … သူ့ သက်ပိုင်မှူးလေး လမင်းရယ်ပါ။

အနီးကပ်မြင်ရမှ လမင်း၏ အေးမြဖွေးကြွနေသော အလှများက ဝင်းစက်နေရလေတော့သည်။ အဖြူအစိမ်းကျောင်း





တ်စုံလေးဖြင့် လမင်းအလှက ကျနွေရစွာ လှပနေလေ၏။

သူ့ကိုမြင်လိုက်သဖြင့် လမင်း အမေးလေး တုန့်ခနဲ ရပ် သွားရကာ သူ့မောင်ကို တစ်လှည့် ခြေထောက်ကိုတစ်လှည့် မိမ်ပြာန်မျက်လုံးလေး ဝိုင်းနေရှာတော့၏။ ကိုဝန်းက …

"ခြေခေါက်လဲလို့ပါ မမ၊ ဟောဒီက အစ်ကိုနဲ့တွေ့လို့ အစ်ကိုက ဟိုဘက်ခြံက ဒေါက်တာအုပ်စိုး၊ အစ်ကို ဒါ ကျွန်တော့် မပါ။ သော်တာလမင်းလို့ ခေါ်ပါတယ်၊ မမ ဖယ်ရီစောင့်နေ လား"

"အင်း … ဧကျး … ကျေးဇူးတင်ပါတယ်နော်"

ပြီး၍ သူ ခေါင်းညိတ်ကာ လမင်း မျက်နှာလေးကို းကနဲ ကြည့်မိရာ လမင်း မျက်လွှာလေး အသာချလိုက်ပုံက ှင်ထဲ လှိုက်ခနဲ ဖိုသွားရပါတော့၏။ ထိုစဉ် …

"ဟင် … ကိုဝန်း … ဘာဖြစ်တာလဲ၊ သမီး … သွား … း ဟိုမှာ ဖယ်ရီလာနေပြီလေ"

အသံနှင့်အတူ ဝင်လာသော ဒေါ်ယဉ်မွန်က သူ့ကို မ်းဟန် ဝေ့ခနဲကြည့်ပြီး ဘာမှ မပြော။

လမင်း သူ့ရှေ့မှ လှစ်ကနဲ ထွက်သွား၏။ ကိုဝန်းက…

"ခြေခေါက်လို့ ဟောဒီက ဒေါက်တာ လာပို့ပေးတာပါ မေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် … ကျေးဇူးပါပဲ ဒေါက်တာ၊ လာ … ကိုဝန်း မေမေ့ကိုတွဲ၊ အဲဒါကြောင့် ပြောနေရတာ အလကား သွားသွား ပြေးဦး"

တောင်းပန်ဟန်လေးဖြင့် ကိုဝန်းအကြည့်ကို သူ နှာ လည်စွာ ခေါင်းညိတ်ပြမိရင်း အသာလေး ထွက်လာခဲ့သည်။

❀❀❀



# အခန်း (၄)

"လမင်းက ဆရာမလေးပဲ ကြီးမေ"

"ဟုတ် … ဟုတ်လား၊ ကြီးမေ အဲဒါ မသိလိုက်ပါဘူးကွယ်၊ ကျောင်းပြီးတာပဲ သိတယ်"

"ဟိုနေ့က ကိုဝန်းကို သွားပို့တုန်းက အဖြူအစိမ်းဝတ်စုံလေးနဲ့ ဖယ်ရီစောင့်နေတာ ခြံမှာတင်တွေ့ရတာ"

"ဩော် … ဟုတ်လား၊ အင်း … အင်း … လမင်းလေးလဲ အွဲ့လေးတစ်ခုနဲ့ အလုပ်လုပ်နေတာကိုး၊ စကားပြောဖြစ်ကြသေးလားကွယ်"

"ကိုဝန်း မိတ်ဆက်ပေးပါတယ်၊ ကျေးဇူးတင်ပါတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လမင်းက သိပ်လိမ္မာပြီး ဖြူစင်ကျခြေ့ရတဲ့ ကလေးမ"

"သူ့မေမေက တည်တံ့ယ်နော် ကြီးမေ"

"မယဉ်မွန်က စိတ်ရင်းကောင်းရှာပါတယ်ကွယ်"

"ကျွန်တော့်ကို ခပ်တည်တည်ပဲ၊ အိမ်ထဲတောင် မခေါ်ဘူး ... အဟင်း"

ပြောရင်း ရှက်ရယ်လေးဖြင့် ရယ်လိုက်မိ၏။

သြော် ... ရှက်စရာပါပဲလေ။

ကြီးမေက တစ္ချစ်ကိုသဘောကျစွာ ပြုံးကြည့်ကာ ...

"မခေါ်တာ အကြောင်းရှိမှာပေါ့ကွာ"

"ဗျာ"

"သူ့သမီးချောလေးကို မင်းနောက်ပိုးဆွဲမှာစိုးလို့ ဖြစ်မှာပေါ့စိုးရယ်၊ အဟင်း ... ဟင်း"

"ဟာဗျာ"

ရှက်စိတ်ဖြင့် သူ့မျက်နှာ ရဲခနဲ နီသွားရ၏။

လမင်းရယ် ...

ကိုယ့်အမူအယာတွေဟာ မဖုံးနိုင် မဖိနိုင် ဖြစ်နေပြီလားကွာ။ လမင်းရဲ့ မေမေ့အကြည့်တွေက အေးစက်တည်ငြိမ်နေလိုက်တာ။

မင်း ငါ့သမီးကို ဘယ်လိုကြည့်တယ်ဆိုတာ ငါသိတယ်





ဟော့လို့ ပြောနေသလိုပဲကွာ။ ရင်ထဲမှာ ပိုပြီး စွဲသွားမိပြီ လမင်းရယ်။ အနီးကပ်မြင်ရမှ လမင်းရဲ့ ကျက်သရေရှိရှိ လှပလွန်းတဲ့ အလှကို ကြည့်မဝနိုင်အောင် ဖြစ်သွားရတဲ့ ကိုယ့်ကို အဆိုးမဆိုချင်ပါနဲ့ကွာ။

လမင်း သိပ်လှတယ်။ မြတ်နိုးစရာကောင်းအောင် သိမ်မွေ့ အေးချမ်းနေတယ်၊ နှစ်ပတ်လျှို့ဆံထုံးတွဲတွဲလေးနဲ့ ကျောင်းဝတ်စုံလေးဟာ လမင်းရဲ့ ယဉ်ကျေးစွာ ကျက်သရေရှိတဲ့ အလှပါပဲ။ ကိုယ့်လမင်းရဲ့ ယဉ်ကျေးစွာ ကျက်သရေရှိတဲ့ အလှပါပဲ။ ကိုယ့်လမင်းလေးဟာ ဆရာမလေးမို့ ပိုပြီးတောင် မြတ်နိုး လေးစားသွားရပြီကွာ။

ချစ်မိပြီ လမင်းရာ ...

တစ်သက်မှာတစ်ခါ ဖြစ်ပေါ်တဲ့ စွဲမြဲနှစ်ကာတဲ့ မေတ္တာမျိုးနဲ့ ရိုးမြေကျ အချစ်ပါ လမင်းလေး။

"စိုး"

"ဗျာ"

"ဘာတွေ တွေးနေတုံး"

"ဘာရယ်မဟုတ်ပါဘူး ကြီးမေရာ"

"အေး ... လိမ်ပေး ... လိမ်ပေးကွယ့်"

"အာ ... ကြီးမေကလဲ"

"စိုးရယ် ... ကြီးမေဖဲ ငယ်ရာက ကြီးလာတာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း"

"လမင်းလေးကို တကယ်မြတ်နိုးရဲ့လား"

"ဟင်"

"ကြီးမေ သေချာချင်လို့ပါ"

"ကြီးမေ ပြောတဲ့ အတိုင်းပါပဲ"

"ဟဲ့ ... သေချာအောင်ပြော"

"ရင်ထဲမှာ နှစ်နှစ်ကာကာကို မြတ်နိုးနေမိပါပြီ ကြီးမေ"

ကဲ ... မှတ်ကရော။

ဒါလောက်ရှိလှတာ၊ ကြားချင်လှတာ၊ ကြားစေတော့။

စိတ်ရှိလက်ရှိ လှိုက်လှဲစွာ ပြောမိပြီးမှ နားတွေ နီလာရသည်။

ဩော် ... ရှက်မိတာလည်း ခဏခဏပါလား လမင်းရာ

ကြီးမေမျက်နှာကြီး ပြုံးကျသွားရပြီးမှ ...

"စိုးဘက်က သေချာရင် ကြီးမေဘက်ကပဲ လိုပြီလေ"

"အာ ... နေ ... နေပါဦး ကြီးမေရာ"

"ဟဲ့ ... ဘာဖြစ်လို့လဲ"

"ကျွန်တော့်ကိစ္စ ကျွန်တော်ပဲ ကြိုးစားပါရစေ ကြီးမေနော်"

"မင်း ကြိုးစားမှာက ကြာဦးမှာလား စိုးရဲ့"

"ဒါတော့ အချိန်ယူရမှာပေါ့ ကြီးမေရာ၊ ခုမြင်ခုကြိုက် ဖြစ်ရဖို့လဲ လမင်းဘက်က တွေးရသေးတယ်လေ"





စာနာစွာ တွေးမိခြင်းပါ။

ကိုယ်ကသာ မြင်မြင်ချင်း ချစ်ချင်တယ် ဆိုသော်လည်း မိန်းကလေးရှင်ဘက်က အညှာလွယ်မည့်ပုံ မပေါ်။

လမင်းမေမေ ဒေါ်ယဉ်မွန်နဲ့ မျက်နှာရိပ်ကို မြင်ရုံမျှနှင့် ဖင် ဟောနိုင်ပါသည်။

ထင်သလောက် လွယ်မည်မဟုတ်ဟူ၍။

ဆို့နေ့ကပင် ခြေနာသော ကိုဝန်းအား အိမ်အရောက် ပို့ပေးခဲ့သော မိမိကို ဒေါ်ယဉ်မွန် တစ်ယောက် ဝတ္တရားကျေပင် အိမ်ထဲ မခေါ်သည် ဆိုကတည်းက အကဲ ခတ်နိုင်လောက်ပြီ မဟုတ်ပါလား။ အာရုံထဲမှာ စွဲထင်နေမိတာက ချစ်သော လမင်း၏ ပုံရိပ်များပင်တည်း။

ကိုဝန်းလေးကို ရုတ်တရက် စိုးရိမ်သွားဟန် မျက်လုံး ဝိုင်းဝိုင်းလေးက စင်ကြယ်သိမ်မွေ့ပါဘိခြင်း။

မိမိအား မြင်လိုက်တော့လည်း သူစိမ်းမို့ ရှက်ရွံ့ဟန် ယို့ယို့ လေးက မြတ်နိုးစရာပင်။

လမင်းရယ် ... သိပ်ကို မြတ်နိုးရပါပြီကွာ။

ဆရာဝန်မတွေနဲ့ သူနာပြုဆရာမတွေကြားမှာ ဘယ်သူ့ ကိုမှ စိတ်မဝင်စားမိခဲ့တဲ့ ကိုယ်လေ။ ခုတော့ ...

လမင်းကို မြင်မြင်ချင်း စိတ်ဝင်စားမိတယ်ဆိုတာ လမင်းယုံကြည်ပေးပါတော့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



လမင်း မေမေရဲ့ အကင်းပါးလွန်းတဲ့ အကြည့်နဲ့ လမင်းကို ဖယ်ရီဆီအတင်းနှင်လွှတ်တဲ့အချိန်မှာ လမင်း မျက်နှာလေး ရှက်ရွံ့အားနာဟန်က အထင်းသား ကိုဝန်းလည်း အဲသည်အတိုင်းပဲလေ။ အုပ်စိုး ကျေနပ်စွာ ပြုံးမိရင်း ...

ဒေါ်ယဉ်မွန်ရေ ... ကျွန်တော်ကတော့ လမင်းကို တကယ့်မေတ္တာနဲ့ အမှန်ချစ်မြတ်နိုးနေမိမှတော့ နောက်မဆုတ်တော့ပါဘူးဗျာ။ ဖြစ်တဲ့ နည်းနဲ့ကို ကြိုးစားပါတော့မယ်။ ကျွန်တော်သဘောပေါက်မိပါပြီဗျာ။ ဒေါ်ယဉ်မွန်အနေနဲ့ သစ္စာ ယွင်းသွားတဲ့ လမင်းဖေဖေအပေါ်မှာ နာကြည်းစိတ်တစ်ခု တည်းနဲ့ပဲ လမင်းအတွက် အစိုးရိမ်ကြီးစွာနဲ့ ခံမှန်ဖူးတဲ့ စာသူငယ်လို ဘယ်ယောကျ်ားသားကိုမှ အယုံအကြည် မရှိတော့ ဘူးဆိုတဲ့ မျက်ဝန်းစိမ်းတွေနဲ့ ကြည့်တတ်နေပြီဆိုတာ နားလည် မိပါပြီဗျာ။

"ဟင်း"

"စိုး"

"ဟင် ... ဗျာ ... ကြီးမေ"

ကြီးမေ ခေါ်သံကြောင့် သူ ဆတ်ခနဲ ဖြစ်သွား၏။ ကြီးမေက သူ့ကို ပြုံးပြုံးလေး ကြည့်ရင်း ...

"သက်ပြင်းလေးတောင်ချလိုက်တယ်၊ ဘာလဲ ... မယဉ်မွန် အကြောင်း တွေးမိလို့လား"





"အဟင်း"

မချိုရယ်လေးနှင့် ဝန်ခံစွာ ငြိမ်နေလိုက်ရ၏။

သြော် ... လူကြီး ဆိုတော့လည်း လူငယ်အတွေးများကို အရိပ်ဖမ်းနိုင်စွမ်း ရှိတတ်သည် မဟုတ်ပါလား။

"မယဉ်မွန်ဟာ အစကတည်းက အေးဆေးသိမ်မွေ့ပြီး အရမ်းကို အိမ်ရှင်မပီသတဲ့ မိန်းမကွယ့်"

"သြော်"

နားလည်စွာ ခေါင်းညိတ်မိပါ၏။

ဖြစ်နိုင်ပါတယ်လေ။ ယခု လမင်းကိုပဲ ကြည့်ဦးတော့။ သိမ်မွေ့ညှို့သက်စွာ လှုပ်ရှားတတ်မှုများက မိခင်၏ အပြုအမူစရိုက်များ၏ အငွေ့အသက်များပင် မဟုတ်ပါလား။

မိခင်ကောင်းတစ်ဦး၏ အုပ်ထိန်းမှုအောက်မှ လမင်း လေးပုံစံဝင်ကာ ကြွေရုပ်ရလေး တည်ငြိမ် နူးညံ့နေတာကပင် သက်သေပြနေပါပြီ။

"အင်း ... ကံတရားများ တယ်လဲ သံဝေဂရစရာ ကောင်းတာကလား"

"ဟင်"

"မောင်အေ့ာင်လွင်ကလဲ အလုပ်မှာ အောင်မြင်၊ မယဉ်မွန်ကလဲ အိမ်ထောင်ထိန်းသိမ်းမှုမှာ စနစ်ကျ လုံခြုံဆို တော့ မိသားစုလေး သိပ်ပြီး သာယာခဲ့ကြတာကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက စကားကို ခဏနားလိုက်ပြီးမှ ...

"ယောက်ျားများဟာ အရွယ်ရှိတုန်းမှာ စီးပွားရေး ဟုန်းဟုန်းတောက်ပြီဆိုတာနဲ့ ဝင်ငွေတွေက ဩချအောင် ကောင်းလာပြီလေ။ အဲဒီအချိန်မှာ အရေးအကြီးဆုံးက သတိ တမံ ဉာဏ်မြေကတုတ်ပဲကွယ့်။

မောင်အောင်လွင် သတိလစ်သွားရှာပုံ ရတယ်ကွယ်၊ ဩော် ... ငွေ ... ငွေ ... ငွေဆိုတာ မရှိမပူ ရှိအပူပဲ၊ ရှိလွန်းတော့ လဲ အဖျက်အဆီးတွေက ကြံဖန်ပြီး ဝင်လာတတ်တာမျိုး။

အရက်၊ ဖဲ၊ မိန်းမဆိုတဲ့ အဖျက်သုံးခုဟာ ငွေရဲ့ စေတမန် နတ်ဆိုးတွေပဲကွယ့်။ ငွေကြေးပြည့်စုံတဲ့ သာမာန် ယောက်ျားတစ်ယောက် အဖို့ ရှောင်နိုင်ခဲတဲ့ အမှုတွေလေ။

ကြီးမေ ပြောတာ သာမာန်ယောက်ျားနော် ... စိုး။

ကိုယ့်ကျင့်သိက္ခာကို အသက်ထက် တန်ဖိုးထားတဲ့လူ တွေ မပါဘူး။ မောင်အောင်လွင်ဟာ လူတော်တစ်ယောက်ပါပဲ။

အသက်လေးဆယ်ကျော်ရုံလေးဆိုတော့လဲ အရွယ် ကောင်းပေါ့ကွယ်။ သူ့ခမျာ ဇနီး၊ သမီး၊ သားတွေနဲ့ ချမ်းချမ်း မြေ့မြေ့လေး နေလာခဲ့တဲ့ တစ်လျှောက်လုံးမှာ ပျော်စရာ မိသားစုလေး အဖြစ်နဲ့ ကြီးမေတို့အမြင်ပဲလေ၊ စီးပွားရေး အကွက်မြင်တဲ့ ခေါင်းဉာဏ်ကောင်းတယ်၊ ကူညီတတ်တယ်၊ အားနာတတ် တယ်။ သဘောကောင်းတယ်၊ သနားတတ်တယ်။





အဲဒါတွေကြောင့် သူ့ဘဝလေး တဆစ်ချိုးသွားခဲ့ရတာ လေ။ သနားစရာကောင်းပါတယ်၊ ကြီးမေ သူတို့အားလုံးကို သနားမိတာပဲ။ လုံးဝ မမျှော်လင့်တဲ့ အဖြစ်ကိုး။ နန္ဒီ့အမေ မမာလာဆိုတာ အတော့်ကို လည်ပတ်တဲ့ မိန်းမလို့ ကြားရ တယ်လေ။ မောင်အောင်လွင်ရဲ့ ပျော့ကွက်တွေကိုနင်းပြီး မမာလာ အပိုင်ချည်လိုက်တဲ့သဘောပဲ။

မာရ်နတ်တွေရဲ့ လုပ်ဆောင်ချက်တွေ အောင်မြင်ပါ တယ်။ အဆိုးဆုံးက မယဉ်မွန်တို့ သားအမိလေးသုံးယောက် ဘဝပျက်မတတ် ခံစားလိုက်ရတာပါပဲ။

မောင်အောင်လွင်က မယားကြီး၊ သားကြီးတွေကို ဟန် မပျက် အရင်အတိုင်း နေချင်တဲ့ဆန္ဒရှိတယ်လေ၊ ဒီနေရာမှာ မယဉ်မွန်ရဲ့ သတ္တိတွေဟာ အံ့ဩ ချီးကျူးစရာ ကောင်းလောက် အောင် ပြတ်သားလိုက်တာကွယ်၊ မီးဖိုချောင်နဲ့ အိမ်ဝန်းကျင် သာ သူ့ကမ္ဘာလေးလို့ ထင်ထားရှာတဲ့ မယဉ်မွန်ဟာ မိန်းမမာန ကို လှစ်ပြလိုက်တာကွယ့်။ ပြတ်တာမှ သေခန်းပြတ်ကို နာကြည်းတာ။ မောင်အောင်လွင့်လက်ထက်ပွားမှန်သမျှ ဘာတစ်ခုမှ သူ မယူဘူးလေ၊ ရွံ့လွန်းလို့တဲ့။

သူ ကိုးကွယ်ထားတဲ့ ဘုရားဟာ ခုမှ ဖွတ်ထွက်တဲ့ တောင်ပို့ ဖြစ်နေလို့ သူ နောင်တရမဆုံးပါဘူးတဲ့။ မောင်အောင် လွင့် စီးပွားမှန်သမျှ သူ ဝတ်ဆင်သုံးစွဲ စားသောက်နေမိရင်



www.burmeseclassic.com

www.burmeseclassic.com



အဆိပ်ခဲ မီးခဲမျိုးရသလို သူ့ရင်တွေ အမြဲတမ်း ပူလောင်နေရှာတဲ့။ မယားပြိုင်စနစ်လဲ မလိုလားနိုင်သလို၊ မယားကြီးအဖြစ်လဲ သူ မနေနိုင်တော့ပါဘူးတဲ့၊ အတွင်းပစ္စည်းအားလုံးတစ်ခုမှ မတို့ဘူးကွယ်၊ အိမ်ကြီးတောင် ဖူကြီးတွေက ကလေးတွေ အတွက် ငှဲပါဦးဆိုလို့သာ။ သူ့သဘောအရသာဆို သမီးနဲ့သား လက်ဆွဲပြီး ဝေးရာ ထွက်သွားတာ ကြာလှပေါ့ကွယ်။

မောင်အောင်လွင်ဆို မျက်ရည်ဖြိုင်ဖြိုင်ကျလို့။

မယဉ်မွန်လေ၊ မာလိုက်တာ မျက်ရည်တစ်စက် မကျဘူး။ ကလေးနှစ်ယောက်ခမျာ သိမ်ငယ်စိတ်လေးတွေနဲ့ ကျိတ်ငိုရှာတာကွယ့်။ နောက်ဆုံး မောင်အောင်လွင့်ဆန္ဒ၊ ကလေးတွေနောင်ရေးအတွက်ဆိုပြီး ရှေ့နေနဲ့ ပစ္စည်းတွေ၊ ငွေတွေ ဘဏ်မှာထားပေးရှာပါတယ်၊ ကလေးတွေနောင်ရေးမို့ မယဉ်မွန်မတားသာဘူးလေ။ မယဉ်မွန်ဟာ တစ်ချိန်က သူ့ အပျင်းပြေစိုက်ခဲ့တဲ့ ပန်းခင်းကလေး အားကိုးပြီး လောကခံကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ရှာ တာကွယ်။

အင်း ... ခုဆို တစ်နှစ်ပြည့်တော့မယ်လေ။

ကလေးတွေခမျာ ဖအေရှိတုန်းကလို ကားလှလှလေးစီးပြီး အစားကောင်းလေးတွေ မစားနိုင်ပေမယ့် မယဉ်မွန်ပန်းခင်းလေးကလဲ ဝင်ငွေ ကောင်းနေပါပြီ။ လမင်းလေးလဲဆရာမလေး လုပ်နေပြီဆိုတော့ ကျွန်မရလေး ရပ်တည်နိုင်တာ





ပေါ့ကွယ်။ နောက်ဆုံး လုံးဝ ပြောင်းလဲသွားတာ မယဉ်မွန်ပဲကွယ့်၊ ပတ်ဝန်းကျင်နဲ့ တတ်နိုင်သမျှ ကင်းအောင်နေလိုက်တော့တာလေ။ ကြီးမေတို့ဆီတောင် လုံးဝ မလာတော့ဘူး၊ သူ့ပန်းခင်းနဲ့ပဲ အချိန်ကုန်နေတာ။

သူ့ဝေဒနာကို ကြီးမေတို့လဲ နားလည် စာနာစွာနဲ့ ခွင့်လွှတ်ပြီး အလိုက်သင့်နေပေးနေမိတယ် စိုး၊ အခု စိုးလမင်းလေးကို နှစ်သက်ပြီဆိုပါတော့ လိုအပ်ရင် ကြီးမေ ပြောပေးပါ့မယ်ကွယ်”

ကြီးမေ စကားရှည်ကြီးအဆုံးမှာ အုပ်စိုး ပင့်သက်မောတစ်ခုကို အသာလေး ချလိုက်မိတော့၏။ ပြီးမှ ....

“ကျွန်တော် အချိန်လေးယူပြီး လမင်းကို ချဉ်းကပ်ပါရစေဦး ကြီးမေ”

“အင်း ... ကောင်းပါပြီကွယ်”

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

"သိလား ...အစ်မ၊ အစ်ကိုက အရမ်းကို စိတ်ကောင်း ရှိတာ"

"ဟင်"

အရင်းမရှိ၊ အဖျားမရှိ ကိုဝန်းစကားကြောင့် လမင်းကြောင်နေမိ၏။ အော်ဒါတစ်ခုအတွက် သစ်ခွပွင့်လေးတွေ ရေဘွက်နေရာမှ ရပ်၍ မျက်မှောင်လေးကြုတ်ကာ ပြန်မေးလိုက်မိ၏။

"ဘယ်က အစ်ကိုလဲ ကိုဝန်းရဲ့"

"ဒေါက်တာ အုပ်စိုးလေ"

"ဟင် ..."

ရင်မှာ ဒိန်းကနဲ ခုန်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



အို ... လမင်း ဘာလို့ အဲလို ဖြစ်ရတာလဲနော်။

ဘာမှမဆိုင်လိုက်တာကြီး။ အဲဒီသည့်နေ့က ကိုဝန်းကို လာပို့တဲ့လူ။ ကိုဝန်းပြောမှ ဆရာဝန်မှန်း သိရတာ။ ဒေါက်တာ အုပ်စိုးတဲ့။ နာမည်လေးက စီးစီးပိုင်ပိုင် ရှိလိုက်တာ။

လမင်းကို ပြုံးပြီး ကြည့်လိုက်တဲ့ သူ့မျက်ဝန်းရွှန်းရွှန်း ချိုချိုတွေက တကကယ့်ကို တရင်းတနှီးပါလား။

ဟင့်အင်း ... လမင်း တစ်ခါမှ မမြင်ဖူးတဲ့လူပဲ။

ပထမဆုံးအကြိမ် မြင်ဖူးတဲ့ လူတစ်ယောက်ကို မြင်မြင်ချင်း လမင်းရင်ထဲ နွေးကနဲ ဖိုသွားမိတာ အမှန်ပါ။

သည်ကြားထဲ မေမေ့ လောဆော်မှုနဲ့ အတော် လှမ်းသေးတဲ့ ဖယ်ရီကို ထွက်စီးရတဲ့ လမင်းအဖြစ်ကိုလည်း ရှက်မိသလိုလို။

ကိုဝန်းပြောတဲ့အထဲမှာ ဟိုဘက်ခြံကတဲ့။

လူတစ်ရပ်ထက် မြင့်မားနေသော အုတ်နံရံတွေကြောင့် ဟိုဘက်သည်ဘက် မမြင်နိုင်ပါ။ အိမ်အပေါ်ထပ်မှ လှမ်းမြင်နိုင်သော်လည်း လမင်းတို့က တိုက်အပေါ်ထပ်မှာ မနေကြ။

အောက်ထပ်မှာပင် သားအမိစုနေကြပါ၏။

အပေါ်ထပ်သို့ တစ်နေ့တစ်ခေါက် ဖုန်ခါသည့်အခါ၊ ဆွမ်းတော်ကပ်သည့်အခါ၊ ဆီမီး၊ ရေချမ်း၊ ပန်းကပ်သည့်ကိစ္စမျှသာ လမင်း တက်ဖြစ်တာမို့ ဘေးပြတင်းတံခါးတွေ မဖွင့်ဖြစ်ခဲ့။





ပြီးတော့လည်း ဟိုဘက်ဟု ကိုဝန်း မေးလေးထိုးကာ ညွှန်သောခြံသည် ဘဘကြီး ဦးဘသော်နှင့် ကြီးကြီးမေ ခေါ်ခင်ထားတို့ခြံပါ။

သားသမီးမရှိသော ကြီးကြီးတို့မှာ ရောက်နေသော ထိုလူသည် မည်သူပါနည်း။

ကိုဝန်းက သစ်ခွပွင့်လေးများကို အလိုက်သင့် ကူညီပေးရင်း စကားဆက်ပါ၏။

"ကြီးကြီးပြောတာ တူအရင်းခေါက်ခေါက်တဲ့ မမ"

"ဪ ..."

"အစ်ကိုက ကျွန်တော့်ကို မေးတယ်လေ"

"ဘာလဲ"

"စာမေးပွဲအောင်ရင် ဘာလုပ်ချင်သလဲတဲ့"

"အင်း ..."

"ကျွန်တော် ဖြေလိုက်ပါတယ်၊ အစ်ကို့လို ဆရာဝန် ဖြစ်ချင်ပါတယ်လို့"

"ဒါပေါ့၊ ကိုဝန်းက စာတော်တာပဲ ဖြစ်ရမှာပေါ့"

"အစ်ကိုက ပြောတယ်"

"အင်း ..."

"သိပ်ကောင်းတဲ့ရည်ရွယ်ချက်တဲ့၊ ဖြစ်အောင်ကြိုးစားတဲ့"

"ကိုဝန်း ဆရာဝန်ဖြစ်ဖို့ မမတာဝန်ထား သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင် ..."

"အစ်ကိုက ပြောသေးတယ်"

"ဟင် ... မပြီးသေးဘူးလား"

"ပြီးသေးဘူး၊ အားရင်လာလည်တဲ့"

"ဟင် ... ကိုဝန်းကကော အလည်ခေါ်လိုက်ရောလား"

စိုးရိမ်စိတ်လေးဖြင့် ကမန်းကတန်း မေးလိုက်သော လမင်း အမူအရာကို ကိုဝန်းက ရယ်၍ ...

"အဟင်း ... ဘယ်ခေါ်ရဲမလဲ မမရဲ့ မေမေ့အကြောင်း သိနေတာကို"

"အင်း ... တော်သေးတာပေါ့"

"ဒါတောင် အစ်ကိုက လိုတဲ့အကူအညီပြောပါတဲ့လေ အားကိုနာရော မမရာ၊ အဟင်း ..."

"အဲဒီနေ့က ညည့်သည်ကို အိမ်ထဲခေါ် ဖြစ်သေးလား ဟင် ကိုဝန်း"

ခုမှ သတိရ၍ မေးလိုက်မိ၏။

လမင်း ကတိုက်ကရိုက်လေး ထွက်လာခဲ့ရတာမို့ ကိုဝန်းတို့ ဘယ်လိုပုံကျန်ခဲ့မှန်းပင် မသိ။

ကိုဝန်းက နှာခေါင်းလေးရှုံ့ကာ ...

"ဟာ ... မပြောချင်တော့ပါဘူး မမရာ"





"ဟင် ..."

လမင်း မျက်နှာလေး ကွက်ခနဲ ပျက်ချင်ချင်။

"မေမေလေ ကျွန်တော့်ကို အတင်းတွဲပြီး အစ်ကို့ကို အိမ်ထဲခေါ်ဖို့နေနေသာသာ 'ကျေးဇူးပဲ ဒေါက်တာ' ဆိုတဲ့ စကားလေး တစ်ခွန်းကိုတောင် မကောင်းတတ်လွန်းလို့ မျက်နှာ ခပ်လွှဲလွှဲထားပြောတာဗျ၊ အစ်ကို့မျက်နှာကိုတောင် ကျွန်တော် ကြည့်ရဲတော့ဘူး၊ အားနာလိုက်တာမှ အရမ်းပဲဗျာ"

"သြော် ... အဟင်း"

ကိုဝန်းပုံစံလေးကိုကြည့်ပြီး လမင်း ရယ်မိတော့၏။

"တကယ်ဆို မေမေ အစိုးရိမ်လွန်တာ"

"ဟင်"

"အသိသာကြီးပဲ၊ မမကို ပိုးမှာစိုးလို့လေ"

"ဟဲ့ ... ကိုဝန်းနော်"

မျက်နှာလေး ရဲခနဲ နီကာ လမင်း ရှက်ရှက်နှင့် ကိုင်ထားသော ကျောက်ခက်လေးဖြင့် မောင်ငယ်ကို လှမ်းရိုက်လိုက်မိ၏။ ကိုဝန်းက ပခုံးလွဲရှောင်ဟန်ပြုရင်း ပြုံး၍ ...

"တကယ်ပြောတာ မမ၊ အစ်ကို့လိုလူကိုရရင် မမအတွက် သိကြားမတာပဲ"

"အို ... ဒီကောင်လေး၊ ပြောလေကဲလေ၊ တော်စမ်း ကိုဝန်း"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ဒေါသလေးငွေ့ငွေ့ဖြင့် လမင်း ငေါက်တော့မှ ကိုဝန်း ရယ်ကျဲကျဲလေးနှင့် ကွန့်လိုက်သေး၏။

"အစ်ကိုက ပညာတတ်၊ ရုပ်ချော၊ သဘောကောင်း မို့ပါ"

"ကိုဝန်း"

လမင်း တည်တည်ငြိမ်ငြိမ်လေးခေါ်လိုက်တော့ ကိုဝန်း ဇက်ကလေးပု၍ ....

"ဗျာ"

"ကြမ်းကြားလေကြား ဒီစကား ဒီတင် ရပ်လိုက်စမ်း"

"ဟုတ်ကဲ့"

"ဘေးလူကြားရင် သိပ်ကို အထင်သေးစရာ ကောင်း သွားမယ်ဆိုတာ စဉ်းစားကြည့်စမ်း"

"မမနဲ့ ကျွန်တော် နှစ်ယောက်တည်းရှိတာမို့ပါ"

"ဟင့်အင်း ... မမလဲ ကိုယ့်ကိုယ်စောင့်နတ်ကို ရှက်တာ ပါပဲ၊ တစ်ဖက်က ဘာမှမဖြစ်တဲ့ကိစ္စကို ကိုဝန်း စိတ်ကူးတွေ ယဉ်နေပုံက ရူးနိုင်တယ်နော်"

"မမ"

"ဘာလဲ"

"ကျွန်တော် ပြောရင် စိတ်မတိုနဲ့"

"ဘာကိုတုံး"





"ကျွန်တော် စိတ်ကူးယဉ်တာ မဟုတ်ပါဘူး"

"ဟင်"

"အစ်ကို မမကို စိတ်ဝင်စားနေတာ သေချာတယ်"

"ဟဲ့ ... ဒီကောင်လေး၊ ဒုက္ခပါပဲနော်"

စိတ်ညစ်ဟန်နှင့် လမင်း မျက်နှာလေး ပျက်နေရလေ ပြီ။ ကိုဝန်းက သူ့မမ မျက်နှာကို အကဲခတ်ပြီးမှ ....

"နံပါတ်တစ် ကျွန်တော့်ကို ပို့လာတဲ့နေ့က အစ်ကို မမ ကို ပြုံးပြီးကြည့်တဲ့ အကြည့်ထဲမှာ တစ်ခုခု ပျော်ဝင်နေတယ်"

"ကိုဝန်း"

"နံပါတ်နှစ် ညနေ ရေလောင်းချိန်ရောက်ရင် ဟိုဘက်က တရုတ်ကပ်တံခါးလေးတွေ ဖွင့်ပြီး အစ်ကို မမကို ကြည့်တတ်တယ်၊ ကဲ ..."

"ဟင်"

လမင်းတစ်ကိုယ်လုံး ရှက်ရိပ်တွေ ဝုန်းကနဲ ဖုံးသွား ရသည်နှင့်အတူ အနီးရှိ ပလတ်စတစ်ခြင်းလေးနှင့် ပေါက်ဟန် ပြုလိုက်တော့မှ ကိုဝန်း ရယ်ဟဟလုပ်ကာ ထွက်ပြေးသွားပါ တော့၏။

အို ... လမင်း ရင်တွေ ခုန်နေပါပြီ။

ကိုဝန်း၏ စကားတွေက လမင်းပန်းစီရာမှာပင် အမှား မှားအယွင်းယွင်း ဖြစ်နေရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကာပ်တွေကြားက ကြည့်တယ်တဲ့လားနော်။

လမင်း ရှက်လိုက်တာ။

လမင်းတို့က ပန်းများများပွင့်မှ ထမင်းစားရတဲ့ ဘဝပါနော်၊ အထင်ကြီးစရာ မရှိပါဘူး။

ကြီးကြီးဒေါ်ခင်ထားး၏ တူဆိုတော့ မိုးကုတ် အဆက်အနွယ်တွေပေါ့။

လူချမ်းသာ စာရင်းဝင်တွေပေါ့။

ကိုဝန်းပြောသလိုပင် သူဟာ လူချော လူရည်သန့်ဆိုတာ လမင်း မြင်တာနဲ့ သိပါတယ်။ ကြင်နာပြည့်ဝတဲ့ သူ့မျက်ဝန်းရီရွှန်းရွှန်းကိုလည်း လမင်း ဖတ်မိခဲ့ပါရဲ့။

သူဟာ လမင်းကို စိတ်ဝင်စားသတဲ့လား။

ဖြစ်နိုင်ပါ့မလား။

ဆရာဝန် သို့မဟုတ် ငွေးသား ရုပ်ဖြောင့်တဲ့သူဘေးမှာ အဆင့်တူ အလှတူတွေ ဝိုင်းနေမှာပေါ့။

လမင်းတို့က အညတရပဲလေ။

ဟင့်အင်း ... ဖေဖေ ထားခဲ့တဲ့ အမွေတွေဆိုတာ မေမေ့ အဆုံးအဖြတ်အတိုင်းပါပဲ။

လမင်းတို့ မသုံးရဲပါဘူး။

မေမေ့ကိုလည်း တစ်ယောက်တည်း မထားရက်ပါဘူး။

မေမေ့ ရာဇသံက ပြတ်တောက်လိုက်တာမှ အမွေတွေ





ထုတ်သုံးရင် သူ့ အရိပ်က ထွက်ပါတဲ့လေ။ အဟင်း... လမင်းတို့ဘဝ ကုသိုလ်ပေါ့လေ။

"သမီး"

"ဟင် ... ရှင် ... မေမေ"

မေမေ့အသံကြားမှ လမင်း သတိဝင်လာရကာ အလုပ်ကို ဆက်လုပ်နေမိ၏။

မေမေက ကျောက်ခက်များကို အလိုက်သင့် ထပ်စီလိုက်ရင်းမှ ...

"မေမေ ပြောစရာရှိလို့"

"ဟင်"

"သမီးနဲ့ သားတို့ မေမေ့အပေါ် အမြင်တစ်မျိုး ရှိနေကြတယ် ဟုတ်လား"

"အို ...မဟုတ်ပါဘူး မေမေရယ်"

ဗလုံးဗထွေး ငြင်းလိုက်ရင်းမှ ခုန ကိုဝန်းနဲ့ လမင်း ပြောနေတာ မေမေ ကြားသွားပြီ ဟူသော အသိက လမင်း တစ်ကိုယ်လုံး ဖိန်းရှိန်းစွာ ပြန့်၏။

"မငြင်းပါနဲ့ကွယ် ... မေမေ သိပါတယ်၊ မေမေ့ကို လူမှုရေး နည်းတယ်ရယ်လို့ပေါ့၊ အဟင်း ...မှာင်း"

လမင်း ဘာမှ မပြောတော့။ ခေါင်းလေးငုံ့ကာ နားထောင်နေမိလေ၏။ မချိရယ်လေး ရယ်ပြီးမှ မေမေက...



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ... ယောက်ျားတစ်ယောက်ရဲ့ အချစ်ကို မေမေ အနှစ်နှစ်ဆယ်လုံးလုံး အကြွင်းမဲ့ ယုံကြည်ခဲ့မိတယ်၊ စေ့ဒကတကက်ကြမှာပေ့ါလေ၊ အသက်ရှူချင်း ကွဲပါသေးတယ်လို့၊ ဒါပေမယ့် ယောကျ်ားဟာ ယောက်ျားဇာတိ ပြကြတာပါပဲ၊ အစတုန်းက ချစ်လှချည်ရဲ့ မြတ်နိုးလှချည်ရဲ့ မရရင် သေရချည် ရဲ့ပေ့ါကွယ်၊ မာယာ ... မာယာတွေလေ ... အဟွန်း၊ အဲဒီ မာယာတွေရဲ့ အောက်မှာ မေမေတို့ မိန်းမသားတွေရဲ့ဘဝတွေ ကျွမ်းထိုးမှောက်ခုံ ဖြစ်ခဲ့ရတာလေ၊ သမီးကို မေမေ့လိုဖြစ်မှာ သိပ်စိုးတယ် သမီး၊

ကိုယ် ကိုးကွယ်ထားတုန်းက ဘုရားပါပဲ။

ဖွတ်ထွက်လာတော့မှ တောင်ပို့မှန်းသိရတော့တယ် ဆိုတာနဲ့ ကိုယ့်ဘဝတစ်ခုလုံး ဆုံးပြီလေ။

မေမေ့မှာ အခု ဘဝလေးနှစ်ခုတောင် အဆစ်ပါပြီး ဆုံးရသေးတာ။ သိမ်ငယ်စရာကောင်းတဲ့ အဖြစ်မျိုး မေမေ အိပ်မက်တောင် မမက်ခဲ့ပါဘူး သမီးရယ်။

ကြေကွဲ နာကြည်းရလွန်းလို့ မေမေ ငိုချင်စိတ်တောင် ခန်းကုန်တဲ့အထိ။ ငိုလဲ မငိုခဲ့ပါဘူး။

ယောက်ျားညံ့တစ်ယောက်အတွက် မေမေ့မျက်ရည် တွေ အလဟဿ အဆုံးမခံချင်လို့။

သမီးရယ် ... မေမေလဲ လူကြီးတွေ စီမံပေးစားခဲ့တာ





မဟုတ်ပါဘူး၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ 'ချစ်လို့' လက်ထပ်ခဲ့ကြ တဲ့သူတွေပါပဲ။

ဒါပေမယ့် ကံတရားက မေမေ့အတွက် သစ္စာမဲ့တဲ့ အဖော်ကို တွဲပေးတယ်လေ။

မေမေတို့ မိန်းမသားဘဝများ ဘယ်လောက် စိတ်ပျက်စရာကောင်းသလဲကွယ်၊ သားကိုသခင်၊ လင်ကိုဘုရား၊ အထွတ်ထားပြီး ကိုးကွယ်လား ကိုးကွယ်ရဲ့။

ဟော ... ဖောက်ပြန်ချင်လာတဲ့ အချိန်မှာ ဘာကိုမှ မထောက်ထားနိုင်တာ ဘယ်လောက် အံ့ဩစရာ ကောင်းသလဲ။

မေမေ့ဘဝကို သင်ခန်းစာယူပါ သမီးရယ်။

ဟိုသူငယ် သမီးကို စိတ်ဝင်စားဖို့ ကြိုးစားလိမ့်မယ်။

"ဘုရား"

ရင်ထဲမှာ အလန့်တကြား ဘုရားတမိပါပြီ။

မမထားတို့က စိတ်ရင်းမဆိုးပေမယ့် သူညီမက မိုးကုတ် သူဌေးတွေမို့ မာနမာန်တော့ ရှိမှာပဲ။

လောကမှာ ကြောက်စရာ အကောင်းဆုံးက မေမေ့ အတွက် ငွေပါပဲ သမီးရယ်။

ငွေကြောင့် မေမေတို့ဘဝလေးတွေ ယိုယွင်းခဲ့ရတာ ငွေကို မေမေ ကြောက်တယ်၊ မုန်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သမီးလဲ ဘွဲ့ရပြီးပြီပဲ၊ ခေါင်းအေးအေးထားပြီး စဉ်းစားပေါ့၊ ကိုယ့်အပေါ် 'ရိုးမြေကျ' သစ္စာရှိတဲ့လူပဲ ဖြစ်ပါစေကွယ်"

မေမေ့စကားအဆုံးမှာ လမင်းလေး မျက်ဝန်းများတွင် မျက်ရည်များ ဝေ့အိုင်နေရပါပြီတည်း။

မေမေ့ကို သနားစိတ်ဖြင့် ဝမ်းနည်းမိခြင်းပါ။

❀❀❀



## အခန်း (၆)

"မလှတင် ... နန္ဒီကော"

"အပေါ်ထပ်မှာပါ အစ်ကိုကြီး"

"သြော်"

ဦးအောင်လွင် သက်ပြင်းလေးချလိုက်၏။

စိတ်မသက်မသာ ရှိရစ္စာဖြင့် ခေါင်းလည်း ယမ်းမိလေတော့သည်။

ပြီးမှ အပေါ်ထပ်ဆီသို့ တစ်လှမ်းချင်း တက်လာခဲ့ပါ၏။ လှေကားထိပ်ရောက်တော့ အပေါ်ထပ်ဧည့်ခန်း၏ ထုံးစံအတိုင်း ဖျော့ရဲမြင်ကွင်းက သူ့အား အသင့်ကြိုဆိုနေကြလေ၏။

ပွစာကြဲနေသော သတင်းစာ မဂ္ဂဇင်းများက ဟိုတစ်စု သည်တစ်စု၊ ဆက်တီများကလည်း ရွဲ့ရွဲ့စောင်းစောင်း။



www.burmeseclassic.com

www.burmeseclassic.com



အို … ဘာတစ်ခုမှ စနစ်တကျမရှိ။

ကြမ်းပြင်ပေါ်မှာ အချဉ်ထုတ်ခွံ၊ ကွာစေ့ခွံတွေက ဖွေးဖွေးလနေတော့၏။ တကယ့်ကို ဖြစ်ကတတ်ဆန်း ညီးကမ်းမဲ့လွန်းသော အနေအထား။

စိတ်က အလိုလို နှိုင်းယှဉ်မိရပြန်ပါပြီ။

ဩော် … ကွာခြားလိုက်ပါဘိခြင်း။

တစ်ချိန်တုန်းက ဦးအောင်လွင် ကျင်လည်ခဲ့ရသော ပတ်ဝန်းကျင်မှာ ဤသို့မဟုတ်။

ဖိတ်ဖိတ်တောက် မှန်သားပြင်လို အရောင်ထွက်နေသော ကြမ်းခင်းများ။ သေသပ်စနစ်ကျသော ပရိဘောဂ အထားအသို စားပွဲပေါ်၊ အခန်းထောင့် အလှတင်ပန်းအိုးများမှာ ရင်အေးစရာ။ ပန်းစိုစိုလန်းလန်းများ

အိမ်တစ်ဆောင်လုံးလုံး လှပသပ်ရပ်နေအောင် စွမ်းဆောင်နိုင်သော မွန် …

မီးဖိုအစ ဧည့်ခန်းအလယ် ဘုရားအဆောင်အဆုံး ရှင်း သန့်လှပမှုတွေ ဖုံးနေစေတတ်သော မွန် ဇနီးကောင်းလေး မွန်။ လင်သားအပေါ် အရိပ်တကြည့်ကြည့် လိုလေသေးမရှိ အကဲသိ လွန်းပါသော ဇနီးတစ်ယောက်ပါ။ ခုတော့ မွန်နှင့် ဝေးခဲ့တာ တစ်နှစ်ကျော်ပါပြီ။ ရင်မှာ ဆွတ်ကျင်စွာ တမ်းတမိတာလည်း ခဏခဏပါ။





သို့သော် သူ့အဖြစ်က အရှင်လတ်လတ် ဘဝကူးခဲ့လေ မဟုတ်ပါလား။ ဘယ်သူမပြု မိမိမှုပါပဲ။

နန္ဒီဆိုသော ကလေးမ၏ မာယာ ကွန်ရက်အောက်မှာ မှာ မလှူးသာ မလွန့်သာ ကပ်ငြိတွယ်မိနေရပါပြီ။

တပ်မက်မှုအောက်မှာ တဏှာသည် သူ့ဘဝတစ်ခုလုံး ဆစ်ချိုးခဲ့ရလေပြီတည်း။

ပတ်ဝန်းကျင်အလယ် သိမ်ငယ်ခဲ့ရလွန်းသော သူ့အဖြစ် တွက် ခေါင်းငုံ့ရုံမှ လွဲ၍ အခြားမရှိ။ တွေးမိတိုင်း ရှက်ရွံ့ရသည် နန္ဒီသည် အသက်နှစ်ဆယ်ပင် မပြည့်သေးသော အရွယ်။

သို့သော် အသက်သာငယ်သော်လည်း နန္ဒီ့ ဆွဲဆောင် ရင့်လှပါဘိခြင်း။

ထို့ကြောင့်လည်း သူ ကျွမ်းပြန် ဇောက်ထိုးဖြစ်ခဲ့ရသည် ဟုတ်ပါလား။

သည်ဇာတ်လမ်းမှာ ဒါရိုက်တာအဖြစ် နန္ဒီ့မေမေ မာလာ၏ ညွှန်ကြားမှုဟူ၍ သူ သိလိုက်ရသော အချိန်မှာ ရာရာသည် များစွာ နောက်ကျသွားခဲ့ပါပြီတည်း။

ငွေရှိသော သဘောကောင်းသော ကူညီတတ်၊ သနား တတ်သော သူ့အား မာလာသည် နန္ဒီ့ကို တည်ကြက်အဖြစ် အသုံးပြုကာ လိုရာညွှန်ကြားနိုင်ခဲ့လေသည်။ ခုတော့ ဘာမှ တတ်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဇနီးကောင်း၊ ဇနီးလိမ္မာတစ်ယောက် လုံးဝ ဆုံး
လိုက်ရချေ၏ မိသားစု၏ အထင်သေး ဖယ်ကြဉ်မှုကို ကြေကွဲ
ခံစားလိုက်ရ၏။

ဆန္ဒအလိုနောက်သို့ တဒင်္ဂတာ အလိုက်မှားခဲ့မိသ
အရွယ်ချင်းမမျှသော ကလေးမလေးတစ်ယောက်ကို အိမ်
ဇနီးအဖြစ် သူ ပေါင်းသင်းနေရပါပြီတည်း။ ငယ်နုသော
မောပြေပြစ်သော တွတ်တီးတွတ်တာ ချစ်ဖွယ်စကား ဆိုတ
သော နန္ဒီ့ အချွဲအနွဲ့အောက်မှာ အားလုံးကို သူ မေ့နိုင်ခဲ့

နန္ဒီ့ အတာအောက်မှာ သူ့ ဘာတစ်ခုမှ ခေါင်းမခါနိုင်
တော့။ ဝက်ဖြစ်မှတော့ မစင်ကြောက်နေ၍ မထူးပြီမို့ ဖြစ်
ဘဝမှာ ပျော်အောင်သာနေသွားရန် သူ ကြိုးစားရတော့သည်

ခုနေတာက မယားငယ်လေး နန္ဒီပင်။

ဘာတစ်ခုမှ အိမ်မှုကိစ္စ မလုပ်တတ်။

လုပ်ရန်လည်း လုံးဝ စိတ်မဝင်စား။

အလှပြင်မည်၊ အိမ်လည်မည်၊ ဈေးသွားမည်၊ ကြိုက်
သည့် အစာ ဝယ်စားမည်။

ဒါလောက်ပဲ စိတ်ဝင်စားသည့် မိန်းကလေး။

တကယ့် ကလေးသာသာပင်။

အိမ်အလုပ်လေးတွေ စိတ်ဝင်စားစေချင်၍ သူ ပြော
လိုက်လျှင် ...





တီ ဆားတို့လိုက်သလို တွန့်ရှုံ့၍ ....

"ဟာ ... စိတ်မဝင်စားဘူးနော် ကိုကြီး၊ လုံးဝပဲ၊
အစကတည်းကလဲ မလုပ်တတ်ခဲ့ဘူး၊ နောက်ကိုလုပ်ဖို့ စိတ်မကူး
ဘူး သိလား"

ထိုသို့ အပြတ်ပြောသည့် နန္ဒီပါ။

"ဟွန့် ... ကိုကြီးနော်၊ နန္ဒီဘယ်လောက်အလှကြိုက်
တယ်ဆိုတာ သိသားနဲ့ အလှပျက်အောင် ခိုင်းရက်လားဟင်
ပြောစမ်းပါဦးလို့"

ကဲ ... သူ ဘာပြောနိုင်မည်နည်း။

ကြော့ကော့နေအောင် ခြယ်မှုန်းထားသော နန္ဒီ့အလှ
အား နန္ဒီပြောသလိုပင် ခိုင်းရက်စရာပင်မရှိ။

အလှထိုင်ကြည့်စရာပင် ကောင်းသေးတော့သည်
မဟုတ်ပါလား။

"ကိုကြီး"

"ဟင်"

မည်မျှ အတွေးလွန်နေသည်မသိ။

နန္ဒီ့အသံကြားမှ ဆတ်ခနဲ ဖြစ်သွားရကာ လှမ်းလှမ်းရှိ
အိပ်ခန်းဆီသို့ သူ ဝင်လာခဲ့၏။

"ဟင် ... နန္ဒီ နေမကောင်းဘူးလား"

"..... ..... ....."



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီက ခုတင်ပေါ် တစောင်းလေးလှဲကာ သူ့ကို မကြည့်။ သူမေးတာလည်း မဖြေ။

ဩော် ... သိလိုက်ပါပြီ။

သူ့ကို စိတ်ကောက်နေပြီပေါ့။

အတက်ချီကေ့စ်ကို စားပွဲပေါ်တင် အဝတ်ကမန်းကတန်းလဲကာ ထုံးစံအတိုင်း ချော့ရပါတော့၏။

"နန္ဒီ ... ဘာဖြစ်နေလဲ၊ ကိုကြီးကို ပြောစမ်းကွာ"

"..... ..... ....."

"နန္ဒီပြောမှ ကိုကြီး သိမယ်လေ၊ ဘာဖြစ်လဲ ... ပြော"

"..... ....."

"နန္ဒီလေးက လိမ္မာတယ်ကွာ ... နော်၊ ကဲ ... ပြော၊ ဘာလိုချင်လဲ"

"ဟွန်း ... သွားပါ"

နှုတ်ခမ်းလေးစူကာ နန္ဒီစကားပြောတော့ သူ ပြုံးသွားရပြီး ...

"နန္ဒီလေး အလှတွေပြင်ထားပါလား၊ ဘယ်သွားချင်လဲ၊ ရုပ်ရှင်လား"

"ဟုတ်တယ်"

"ဩော် ... သွားလေ၊ မလှတင်ကို ခေါ်သွားရောပေါ့ကွာ"





"ဟင့်အင်း ... ကိုကြီးနဲ့မှ"

"ဟင်"

သူ့မျက်နှာ မသိမသာ ပျက်သွားရ၏။

သူ့အားနည်းချက်ကို နန္ဒီ ဖိပါလေပြီ။ မတင့်တယ်သော သူ့အတွဲကို ဘယ်မျက်နှာထားနှင့်မှ သူ လူတောထဲ မတွဲဝံ့ခဲ့ပါချေ။

သိသာသိ၊ မမြင်စေနှင့် မဟုတ်ပါလား။

သူ့အကြောင်းတွေကို လူအတော်များများ သိထားသော်လည်း ဖြောင့်ကျကျ အမြင်မခံရဲပါ။

နန္ဒီကလည်း ငယ်သူပီပီ အကဲပိုပိုနှင့် မဏ္ဍပ်တိုင်တက်ပြချင်လွန်းလှသည် မဟုတ်ပါလား။

ထိုအန္တရာယ်ကြောင့် လူသုံများသော နေရာသို့ အတူတွဲသာ သွားရမည့်ကိစ္စမှန်သမျှ သူ အစွမ်းကုန် ရှောင်ရပါသည်။

"သိပါတယ်နော် ... သိပါတယ်၊ သူ နန္ဒီ့ကို တကယ်မချစ်ပါဘူးဆိုတာ ... အဟင့်"

"ဩော် ... ကွာ"

အကျပ်ရိုက်စွာ သူ ညည်းညူမိပါတော့၏။

မဆူရက် မငေါက်ရက်လေ နန္ဒီကမ်းတက်လေမို့ သူ့မှာ ငင်သက်မောကိုသာ ကျိတ်၍ ချရ၏။

"နန္ဒီက ကိုကြီးလာရင် အတူတူသွားဖို့ အားခဲပြီး ပြင်ဆင်ထားတာ သိလား၊ ကိုကြီးက နန္ဒီနဲ့ဆို တစ်ခါမှ မသွားခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူးနော်၊ အလုပ်များတယ် အကြောင်းပြပြီး ငြင်းခဲ့တာချည်းပဲ၊ အဲဒါ နန္ဒီ့ကို အလေးမထားလို့ပေါ့၊ နန္ဒီကတော့ အားကိုးပြီး ချစ်လိုက်ရတာ"

"နန္ဒီရာ"

"အဟွန့် ... စိတ်ရှုပ်သံနဲ့ ခုတော့ ကိုကြီး ညည်းပြီပေါ့၊ နန္ဒီ့ကို မသနားဘူး၊ ဟုတ်လား"

"နန္ဒီရာ ... အဲဒီလို မဟုတ်ပါဘူးကွာ၊ ကိုကြီး နန္ဒီ့ကို ဂရုစိုက်တာ သိသားနဲ့၊ နန္ဒီလိုချင်တာ မှန်သမျှ မရတာရှိခဲ့ဖူးလား ... ကဲ"

"နန္ဒီ ကိုကြီးနဲ့ အပြင်ထွက်ချင်တယ်"

"သူများတွေလှောင်ရင် နန္ဒီပဲ စိတ်ညစ်ရလိမ့်မယ်"

"မညစ်ပေါင်၊ သူများကောင်းစားတာ မနာလိုလို့ လှောင်တာ ဂရုမစိုက်ပါဘူး"

"ဩော် ... ကလေးရာ"

တကယ့် ကလေးလေးလို ပြောနေသော နန္ဒီ့ကို အသနားပိုကာ ပို၍ ကြင်နာမိရပါတော့၏။

ဩော် ... ဗီဘိ ကလေးလေးပါပဲလား။ သူ့ခမျာ အရွယ်ချင်းမမျှတာကိုပင် လုံးဝ ခေါင်းထဲ ထည့်ရှာပုံမပေါ်။ ဂုဏ်တောင်ယူလို့။

သနားစရာ နန္ဒီလေးပါပဲ။ မိမိကလွဲ၍ သူ့ခမျာ ချွဲနွဲ့ရ





ည့်သူ မရှိဘူး မဟုတ်ပါလား၊ မိမိမှာကလည်း အလုပ်အများ
း မိုးလင်းက မိုးချုပ်အထိ အလုပ်ထဲသာ နစ်မြုပ်နေရတော့
 ဒါတောင် မရွှေနန္ဒီက အလုပ်နှောက်လိုက်မည် တကဲကဲ
်နေ၍ မနည်းကြီးချော့ကာ ထားခဲ့ရခြင်းပါ။

"ကိုကြီးကို စိတ်မချလို့" ပါတဲ့လေ။ ပြောင်းပြန်ပြော
တ်တဲ့ ကောင်မလေး။

ကိုယ်ကသာ သူလေး၏ ငယ်နုလှပမှုကို စိတ်မချဖြစ်မှာ
 သူမလေးက ကိုယ့်ကို စိတ်မချဟု ဆိုလိုက်သောအခါ ရယ်ရ
ို ကြည်နူးရမလိုပင်။

"ကိုကြီး"

"ဟင်"

"နန္ဒီ အလှပြင်ထားတာ အလကားဖြစ်သွားပြီ၊
ပ်ပေး"

"ပေးမယ်ဗျာ၊ ကဲ ... ဘာပေးရမလဲ ပြော"

"အဟင်း ... ဟင်း ... ကိုကြီးက အဲဒါတွေ သိပ်ချစ်ဖို့
င်းတာ"

"အံမာ ... မိချွဲလေး"

"နေ့ခင်းကလေ အန်တီစိန် လာသွားတယ် ကိုကြီးရဲ့
ား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ထိတ်ကနဲ ဖြစ်သွားရ၏။ အန်တီစိန်ဆိုသော ဒေါ်စိန်မမက စိန်ရွှေရတနာပွဲစားဖြစ်ပါသည်။

"အဲဒါလေ ပုလဲတစ်ဆင်စာ လာပြတယ်၊ သိပ်လှတာပဲ"

"တလောကပဲ ပုလဲတဆင်စာ ဝယ်ပြီးပြီ မဟုတ်လား နန္ဒီ"

"ဟောတော့ ... နန္ဒီ မေ့နေတာ၊ ကြည့်စမ်း"

"အဟင်း ... အမေ့ကောင်းပဲ၊ နှစ်ဆင်စာဖြစ်မယ် အမေ့နော်"

"မဟုတ်ဘူး ကိုကြီးရဲ့"

"ဟင် ... ဘယ်လိုလဲ နန္ဒီ၊ ကိုကြီး မရှင်းပါလား"

"ဒီလို ... ဒီလို ကိုကြီးရေ ... မေမေပေါ့"

"ဟင်"

ရင်မှာ ဒိန်းကနဲခုန်ရပြန်၏။ တာရင်းရှုပ်ပြီဟု သိလိုက်၏။ နန္ဒီက ဘာကိုမှ အလေးအနက်မထား။ ခပ်ပေါ့ပေါ့ပင်။

"မေမေလေ မင်္ဂလာဆောင်တစ်ခုအတွက် နန္ဒီ့ဆီက လာယူသွားတယ် ကိုကြီးရဲ့"

"ဩော် ... ပြီးရင် ပြန်ယူလိုက်ပေါ့ နန္ဒီရာ"

"ဟင် ... ကိုကြီးကလဲ၊ မေမေ ရှက်သွားမှာပေါ့၊ တစ်ခါ ဆင်ပြီး နောက်တစ်ခါမဆင်ရရင် ငှားဝတ်မှန်း သူများ သိသွား မှာပေါ့လို့"





"နောက်တစ်ခါလဲ ငှားလိုက်တာပေါ့"

"အို ... မေမေနဲ့ အတူတူသွားရရင်ကော လို့၊ ကိုကြီးက လဲကွာ၊ ဒါလေးကို တိုနေပြန်ပြီ၊ ဟွန်း ... နန္ဒီ့မေမေလှရင် နန္ဒီ လှတာပဲ၊ ကိုကြီး လှတာပဲ မဟုတ်လား၊ နန္ဒီ မယူတော့ဘူးလို့ ပြောလိုက်ပြီ ကိုကြီးရဲ့"

"ဟင်"

ငါးသောင်းကျော်တန် ပုလဲဆက်လေးကို ဖျတ်ကနဲ မြင် လိုက်မိပြီး မမာလာ၏ စီးကရက်ဟန်ပါပါခဲရင်း ဖဲရိုက်နေပုံက တွဲလျက် မြင်ယောင်လိုက်မိတော့၏။ ဆုံးပြီဟူ၍သာ သဘော ပေါက်လိုက်ရလေတော့၏။

"ကိုကြီး ... နန္ဒီပြောတာ မဟုတ်ဘူးလားလို့"

"အင်း ... အင်း ... ဟုတ်ပါတယ်ဗျာ"

"ခစ် ... ခစ် ... ဒါကြောင့် ပြောနေရတာပေါ့၊ ကိုကြီး က သိပ်ချစ်ဖို့ ကောင်းတာလို့"

"အဟင်း"

"ဒါဖြင့် အန်တီစိန်ကို ကိုကြီး ငွေချေပေးနော်"

"ဟင် ယူလိုက်ပြီလား"

"အင်းလေ ... အရမ်းလှတာ၊ နန္ဒီမယူရင် သူများ ယူလိုက်မှာပေါ့ ကိုကြီးရဲ့ ကံကောင်းလွန်းလို့ နန္ဒီရတာ သိလား၊ မများပါဘူး၊ ကိုကြီးရဲ့ ခြောက်သောင်းခွဲတည်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခြောက်သောင်းခွဲကို ခြောက်ကျပ်ခွဲမှာ အလွယ်လေး ပြောလိုက်သော နန္ဒီ့စကားကြောင့် သူ အသက်အောင့်ထားလိုက်မိပါတော့၏။

❀❀❀



# အခန်း (၇)

"ဟင်"

လမင်း မျက်လုံးလေး ဝိုင်းကနဲ ဖြစ်သွားမိပါတော့၏။ ကြည့်စမ်းပါဦး။ ကျောင်းရှေ့မှာ ငြိမ့်ကနဲဆိုက်လာသော ကားဖြူလေးကို ဘာရယ်မဟုတ် လမင်း ဖျတ်ခနဲ လှမ်းကြည့်မိခြင်းပါ။ ကားမောင်းသူ တစ်ယောက်တည်းပါ။

လမင်း၏ စိတ်အစဉ်ကို ခုတလော စိုးမိုးနေပါသော ဒေါက်တာအုပ်စိုးရယ်ပါ။

သူ ... သူ ... ဘာလာလုပ်တာပါလိမ့်။

လမင်းဆီ လာတာများလား။

အို ... မဟုတ်နိုင်ပါဘူး။ သူ လာစရာ အကြောင်းလည်း တစ်ခုမှ မရှိတာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းပြီမို့ တချို့ဆရာ ဆရာမတွေ ပြန်ကုန်ပါပြီ။ ဖယ်ရီစောင့်နေသော လမင်းနှင့် ကျောင်းအုပ်ဆရာမကြီးသာလျှင် ကျန်ရစ်နေပါသည်။

အလိုလိုနေရင်း လမင်း ခြေဖျားလက်ဖျားတွေ အေးချင်ချင် ဖြစ်နေ၏။

ဒုက္ခပါပဲ။ သူ့လမင်းကို တွေ့တော့မှာ။

ဆရာမကြီး တစ်မျိုးထင်တော့မှာပဲ။

လမင်း ဘာလုပ်ရပါ့မလဲနော်။ ဖယ်ရီလည်း မလာသေး။ လုပ်မိလုပ်ရာ လမင်း ကျောင်းဖတ်စာအုပ်လေးထုတ်ကာ သင်ခန်းစာပြင်သလိုလို ဟန်မပျက် ထိုင်နေမိတော့၏။

ရင်ထဲမှာ ခုန်မိတာမှ တဒိန်းဒိန်း။

နားထင်နားရင်းတွေ ပူကာ လူတစ်ကိုယ်လုံး ထိုင်လျက်လေး တောင့်တောင့်မတ်မတ် အရုပ်လေးတစ်ခုနှယ်ပင်။ ထိုအချိန်တွင် ...

"ဟော ... ကိုစိုးပါလား၊ လာ ... လာ"

"ဟင်..."

ဆရာမကြီး၏ ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သံကြောင့် လမင်း သက်ပြင်းလေး ဟင်းကနဲ ချလိုက်မိပါတော့၏။

ဟင်း ... တော်ပါသေးရဲ့နော်။

ဆရာမကြီးရဲ့ ဧည့်သည်ကိုး။





ဘေးတိုက်အနေအထားလေးထိုင်ကာ လမင်းနားစွင့်နေမိသည်။

အုပ်စိုးက ကျောင်းပေါက်ဝမှ မအေးကို ပြုံးကြည့်လိုက်ပြီးမှ ဆေးဘူးလေး ထောင်ပြကာ ...

"ထွန်းဦး ပေးခိုင်းလိုက်တာ မမအေး၊ လမ်းကြုံလို့လေ"

"ဪ ... ဟုတ်လား၊ ကျေးဇူးပဲ ကိုစိုးရယ်"

ဝမ်းသာအားရ ပြောရင်း မမအေး လှမ်းယူကာ ...

"ဆေးက ကုန်နေတာ၊ သွားသား ချောင်းဆိုးနေတာလေ ကိုစိုးရဲ့၊ မောင်က သူမျှားသာကုတာ၊ အိမ်က သးမယား အတွက်ကျ ခပ်မေ့မေ့၊ အခုလဲ မမအေး ပူညံပူညံလုပ်လွန်းလို့ ဆေးအဆက်မပြတ်ပဲနေအောင် ကိုစိုးကို လမ်းကြုံဝင်ပို့ခိုင်းတာ သိလား၊ လာလေ ... ဝင်ထိုင်ပါဦးလား"

"နေပါစေတော့ မမအေးရာ၊ မမအေးလဲ ပြန်မှာပဲ မဟုတ်လား၊ ကျောင်းဆင်းသွားပြီနော်၊ ဖယ်ရီစောင့်နေတာလား"

ပြောရင်း ကျောင်းခန်းတွေကို ဘာရယ်မဟုတ် ဝေ့ကနဲ ကြည့်မိ၏။

"ဟင်"

အံ့ဩဝမ်းသာရိပ်ကလေး သူ့မျက်နှာပေါ် ဖြတ်ပြေးသွားရပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... လမင်းပါလား။ စာအုပ်ငှဲဖတ်နေပုံက တာဆယ့်ကို အေးအေးဆေးဆေး မိမိကို သတိပြုမိပုံမပေါ်။

ကားစောင့်ရင်း ထိုင်နေပုံရလေသည်။ သူ့အမူအရာကို မမအေးကလည်း ချက်ချင်း ဒက်ခနဲ ဖမ်းနိုင်တာမို့ ...

"လမင်းလေးနဲ့ သိနေကြလား ကိုစိုး"

မမအေးစကားကို သူ ရောယောင်ပြုံး ခေါင်းညိတ်မိကာ ...

"သြော် ... ဟုတ် ... ဟို... အိမ်နီးချင်းပါ မမအေး"

"ဟင် ... ဟုတ်လား"

"ဟုတ်ကဲ့၊ ဒါပေမယ့် သူ ဒီကျောင်းမှာမှန်း ကျွန်တော် လုံးဝ မသိပါဘူး မမအေးရာ"

"ဟုတ်လား၊ အတော်ရင်းနှီးတဲ့ အိမ်နီးချင်းပါလားနော်၊ ကဲ ... နှုတ်ဆက်မလား မမအေး ခေါ်ပေးမယ်လေ"

"အာ ... နေပါစေ"

အားနာစွာ လက်ကာပြကာ ရှက်ပြုံးလေး လှစ်ကနဲ ပြုံး၍

"မမအေး"

"ဟင် ... ဘာလဲ ကိုစိုး"

"ကျွန်တော် သူ့ကိုသွားပြီး နှုတ်ဆက်ချင်တယ်"

"သြော် ... သွားလေ၊ မမအေး လိုက်ပေးမယ်၊ ကိုစိုး ကြောင်မနေအောင်လို့"





"ဟုတ်ကဲ့"

ပြောပြီး ခပ်လှမ်းလှမ်းရှိ လမင်းဆီ လာခဲ့ကြ၏။ လာရင်း မမအေးက ကျိတ်၍ စလိုက်သေး၏။

"တို့ ကိုစိုးလဲ မခေတော့ဘူးနော်၊ လမင်းလေးက သိပ် အေးပြီး အရမ်းချစ်စရာကောင်းတာ၊ မမအေး ဝမ်းသာလိုက် တာကွယ်"

"ဟာ ... မမအေးကလဲ အဟင်း"

ရှက်ရယ်လေးနှင့် သူ ကြည်နူးနေပါတော့၏။

ထွန်းဦးကို ထိုင်ရှိခိုးချင်လောက်အောင်ပင် ကျေးဇူး တင်လိုက်ပါပြီ။

ထွန်းဦးကြောင့် လမင်းကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး သူ တွေ့ခဲ့ရသည် မဟုတ်ပါလား။ ထွန်းဦးသိလျှင် အသံပြဲကြီး နှင့် အော်ရယ်ကာ သူ့ကို နောက်ပေတော့မည်။

"ဟေ့ကောင် စိုး၊ ငါမပြောလားကွ။ မင်းအိမ်နဲ့ ဆေးရုံ ချည်း ကျင်လည်နေတာ ပျင်းစရာကြီးကွာ၊ ငါ့မိန်းမကျောင်းမှာ အပျိုချောလေးတွေ ပေါမှပေါ။ တစ်ခေါက်တော့ ငါခေါ်သွား ဦးမယ် မင်းကို သိလား"

"နေပါစေ အစ်ကိုရာ၊ အေးအေးပဲ နေပါရစေ"

"အံမယ် ... သူများ စိုပြည်နေတာကို ကျိတ်အားကျ နေတာ မသိတာမှတ်လို့ကွာ၊ ဒါလောက် ရုပ်ဖြောင့်တဲ့မင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတုန်းကလဲမရှိ၊ အခုလဲ မရှိတဲ့ အတွဲလေး တစ်ယောက်တော့ ငါက စရိတ်အကုန်ခံပြီးကို ရှာပေးချင်နေတာကွ"

"အစ်ကို ရှာပေးမှတော့ ခပ်အယ်အယ်ကြီး ဖြစ်မှာပေါ့၊ အားနာပါတယ်ဗျာ၊ နေပါစေ ... အဟင်း"

"ဟာ ... ခပ်အယ်အယ်လို့ မင်းမို့ ရက်ရက်စက်စက်ပြောရက်တာကွာ၊ ခပ်ထည်ထည်နဲ့ ခန့်ချောပါ မောင်ရာ၊ မင်းအဲဒါတွေ ခက်နေတာပေါ့ ကိုစိုးရာ၊ ကြေး (ဂျီး) ကလည်း များပါ့"

ထိုသို့သော ပြောမနာဆိုမနာ လုပ်ဖော်ကိုင်ဖက်မို့ ထွန်းဦးအိမ် နှစ်ခေါက်သုံးခေါက်လောက် သူ ရောက်ဖြစ်ပြီးနောက် မမအေးနှင့်လည်း ခင်မင်ရင်းနှီးနေမိတော့၏။ သည်နေ့မှ ထွန်းဦးက ...

"ဟေ့ကောင် ...ကိုစိုး၊ ရော့ကွာ ... ဟောဒီဆေးလေး မင်း အပြန် အေးကို ကျောင်းမှာ ဝင်ပေးပေးစမ်းပါ၊ အိမ်ကသားသား ချောင်းဆိုးနေလို့ ဆေးကုန်နေတယ်ဆိုပြီး ပွမ်နေတာကွ၊ သူပြန်မှာနဲ့ နေ့လည်အတွက် ဆေးဆက်မပြတ်ဘဲ ဖြစ်အောင်လို့၊ ငါက ညနေမှ အိမ်ရောက်မှာ ... နော်ကွာ"

"ဟာ ... မသွားချင်ဘူးဗျာ"

သူ ခေါင်းခါလည်ခါငြင်း◉တော့ ထွန်းဦးက ပြုံး၍ ...

"ဟ ... ဘာပြုလို့တုံး"





"ခင်ဗျားပဲ ပြောဖူးတယ်လေ"

"ဘာကိုလဲ"

"မမအေးတို့ ကျောင်းမှာ အပျိုချောချောတွေ ပေါမှပေါဆို"

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ"

"ကျွန်တော့်ကို နောက်ပိုးဆွဲချင်လို့ အကွက်လာဖန်တယ် ထင်သွားကြမှာပေါ့ဗျာ"

"အံမာလေး ... ရွှေဉာဏ်တော်ရယ်၊ မထင်ပါဘူးတဲ့ဗျာနော်၊ မင်းသွားတဲ့အချိန်ဆိုလဲ ကျောင်းဆင်းချိန်ဆိုတော့ ပြန်ကုန်ကြပါပြီကွာ၊ ရှိခိုးပါရဲ့ သွားပေးစမ်းပါ ကိုယ်တော်ရယ်၊ တော်ကြာ အေးက ဆေးပတ်လည်အောင် မတိုက်ရဘူးဆိုပြီး ဂျီကျမှာကွ"

"ကြောက်တယ်လား"

"အဟဲ ... နားပူလို့ပါကွာ"

"အင်းလေ ... ကူညီရမှာပေါ့"

"ကူညီရတဲ့ အကျိုးကြောင့် အင်း"

"ဟေ့လူ ... ပေါက်ကရတွေ မရွှတ်နဲ့ဗျာ"

"အကောင်းရွတ်မှာပါကွာ၊ ကိုစိုးတစ်ယောက် ပြေးရင်းလွှားရင်း အပုံကြီးကြီး၊ လတ်လတ်ဆတ်ဆတ်နဲ့ ဟပ်မိပါစေကွာ၊ အဟဲ ... ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေသျှာ ... ဒီလူ"

ထွန်းဦးကို ရယ်ရယ်မောမော သူ ဖွဖွလေး ဖိထိုးပစ်ခဲ့သေး၏။ ခုတော့ အဟင်း ... သူ့မှာ ပြေးရင်းလွှားရင်း ...

"လမင်းရေ ... ညီမလေးနဲ့ တွေ့ချင်လို့တဲ့"

"ဟင်"

လမင်း ရင်တွေ တဒိန်းဒိန်း ခုန်သွားရတော့၏။

ဆရာမကြီးနှင့်အတူ ပါလာသော သူ့မျက်နှာက သကာအိုးတွေ့သူပမာ ချိုကြည်နေရလေတော့၏။

"ကိုစိုးက မမအေးတို့နဲ့ မောင်နှမလို ခင်တာလေ၊ လမင်းကို ဒီမှာ တွေ့လိုက်တော့ သူ အံ့သြနေတာ၊ အိမ်နီးချင်းတွေဆို ကဲ ... ကဲ ... စကားပြောကြဦး၊ မမအေး ကားစောင့်ရင်း အလုပ်လေး လက်စသတ်လိုက်ဦးမယ်"

ဆရာမကြီးက သူ့ပင်ကိုအတိုင်း ပွင့်လင်းဖော်ရွေစွာ ပြောဆိုပြီး ထွက်သွားပါလေပြီ။

လမင်းမှာသာ ဘာပြောရမှန်း မသိ။ လောလောဆယ် လမင်းက အိမ်ရှင်မဟုတ်လား။

လမင်းရှေ့ မတ်မတ်လေးရပ်နေသော သူ့ကို လမင်း မော့မကြည့်ရဲ။ ရင်တွေ ခုန်ပြီး ရှက်စိတ်ကြောင့် ထုံဟုန်နေလေသည်။

"လမင်း"





"ဟင် ... ရှင်"

တိုးတိုးလေး သူ့ခေါ်သံကိုပင် လမင်း ထိတ်ကနဲ လန့်သွားရ၏။

"ကိုယ် ထိုင်မယ်နော်"

"အို ... ထိုင် .. ထိုင်ပါ ဒေါက်တာ"

လမင်း ခုမှ သတိရမိ၏။

ဟုတ်သားပဲ၊ ဧည့်သည်ကို လမင်း သည်အတိုင်းထားတာလေ၊ ရှက်လိုက်တာ။

သူ့ပြောမှ လမင်း ရှေ့က ကုလားထိုင်ကို အယောင်ယောင် အမှားမှားညွှန်ကာ နေရာပေးရတော့၏။ အုပ်စိုး ဝင်ထိုင်ရင်း လမင်းမျက်နှာလေးကို ကြည့်၏။ ရှက်ရိပ်ပြေးကာ နီရွေးရွေး မျက်နှာလေးက မြတ်နိုးစရာ ကောင်းလှပါဘိခြင်း။

လမင်းလေးရယ် ... မင်း ဘာလို့များ သိပ်ကို ချစ်စရာကောင်းနေရတာလဲကွာ။

"ကိုယ်လာတာ လမင်း အနှောင့်အယှက် ဖြစ်သွားလားဟင်"

"အို ... မဟုတ်ပါဘူး"

ကမန်းကတန်းဖြေလိုက်မိသော မိမိပါးစပ်ကိုပင် လမင်း အံ့သြမဆုံးတော့။

"လမင်း ဒီမှာရှိမှန်း လုံးဝ မထင်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြမိ၏။ ဟုတ်မှာပေါ့။ စကားမှ မစပ်ဖူးတာ၊ ပြီးတော့ မရင်းနှီးသေးတာလည်း ပါတာပေါ့လေ။

"မမအေးဆီ လာတာပါ"

"ဟုတ်ကဲ့"

"လမင်းကို မြင်တော့ နှုတ်ဆက်ချင်လို့လေ"

ဘာလို့ နှုတ်ဆက်ချင်ရတာလဲ ဒေါက်တာရယ်။

လမင်းရင်ထဲမှာ ရွတ်ဆိုလိုက်မိ၏။

"လမင်းကို ကိုယ် ခင်မင်နေမိတယ်လေ၊ ဟို ... မြင်မြင်ချင်းပေါ့"

လမင်း ခေါင်းလေးငုံ့သွားရသွား၏။

"လမင်းဆီ ကိုယ်လာလည်လို့ ရမလားဟင်"

"အို ... မလာပါနဲ့"

အလျင်စလို တားမိ၏။

မဖြစ်ပါဘူးနော်။ မေမေကြိုက်မှာ မဟုတ်ပါဘူး ဒေါက်တာရယ်။

မျက်နှာလေးပျက်ကာ လမင်း ခေါင်းခါပြောတော့ သူ နားလည်စွာ ပြုံး၍ ...

"အိမ်ကို မဟုတ်ဘူးလေ၊ ကျောင်းကိုပေါ့ မမအေးဆီ လာရင်းပေါ့ ... နော် လမင်း"

"အို ... မဖြစ်ပါဘူး ဒေါက်တာရယ်"





"ဘာလို့လဲဟင်"

"လမင်းက ဆရာမတစ်ယောက်ပါ"

"အဲဒီတော့ ..."

"အနေအထိုင် သိမ်မွေ့တည်ငြိမ်ရပါမယ် ဒေါက်တာ၊ ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုတွေကို လမင်း မခံရဲပါဘူးရှင်"

"ဩော် ... လမင်းရယ်"

ဂရုစိုက်လွန်းသော လမင်းအပြောလေးကို လေးစားရမလို အားမလို အားမရ ဖြစ်ရမလိုပင်။

"ဒါဖြင့် လမင်းကို ကိုယ် မခင်မင်ရတော့ဘူးလားဟင်"

ကလေးဆန်သည့်ပြောပြော အလောတကြီးလေး သူမေးမိတော့ လမင်း သူ့ကို ငေ့ခနဲ ကြည့်ပြီးမှ ပြုံးရိပ်ရိပ်လေးဖြင့် ပြောလိုက်၏။

"ဒါတော့ လမင်း ဘယ်သိပါ့မလဲ ဒေါက်တာ"

"လမင်းကို သိစေချင်တယ်ကွာ"

"အို"

ဘာလိုလို သူ့စကားကြောင့် လမင်း မျက်နှာလေး ရဲခနဲ နီသွားရပါတော့၏။

ထိုစဉ် ဖယ်ရီရောက်လာသဖြင့် လမင်း ထွက်ပေါက်ရသလို ဖြစ်သွားရကာ ဆတ်ကနဲ ထ၍ ဆွဲခြင်းကို ကိုင်ရင်း ...

"လမင်း သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောၡ် လှစ်ခနဲ ထွက်လာခဲ့တော့၏။

သူ့မှာသာ မရေမရာ ဇဝေဇဝါအပြုံးလေးဖြင့် ကျန်ခဲ့ရာမှ မမအေးက လှမ်း၍ ပြုံးစိစိနှင့် ...

"ဘယ်လိုလဲ ကိုစိုးရဲ့၊ လမင်းလေးက အရမ်းရှက်တတ်တယ်နော်"

"ဟုတ်တယ် မမအေးရာ၊ လာလည်မယ်ဆိုတာ မလာပါနဲ့တဲ့ အဖျာင်း ..."

"ဟောတော့ ... အံ့ရော ကိုစိုးရယ်၊ လာမယ်ဆိုရင်လဲ မလာနဲ့လို့ပဲ ပြောမှာပေါ့၊ ဘယ်မိန်းကလေးက ဟုတ်ကဲ့ လာသာလာပါလို့ ပြောမလဲလို့၊ ကိုစိုးတော့ စံပါပဲ၊ အဟင်း ... ဟင်း"

"ကျွန်တော်လည်း မပြောတတ်ဘူး မမအေးရာ၊ စိတ်ထဲရှိတာ ပြောတာပဲဗျာ"

"ပြော ... ပြော ... လူပျိုကြီး ဖြစ်သွားလိမ့်မယ်၊ သိလား"

"ဟာဗျာ"

❀❀❀



# အခန်း (၈)

ဗိုလ်ချုပ်ဈေး။

မောင်နှမနှစ်ယောက် တိုလီမိုလီလေးတွေ ဝယ်ရင်း ဈေးထဲ ပတ်နေကြ၏။

သွားတိုက်ဆေး၊ ဆပ်ပြာမွှေး၊ ဆပ်ပြာမှုန့်များက အိမ်သုံးရန်။

မေမေ့အတွက် လက်ဖက်အကြော်စုံ။

လမင်းအတွက် ပရိုမီနာလေးတစ်ဘူး။

"ကိုဝန်း"

အဝတ်ဆိုင်တွေဘက် ငေးနေသော မောင်လေးကို လမင်း ခေါ်လိုက်၏။

"ဟင် ... မမ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝန်း ဘာယူမလဲဟင် ... အဟင်း"

မေးပြီးပြီးချင်း လမင်း မလုံမလဲလေး ရယ်မိရ၏။

ဩော် ... ဟန်ထည်ပန်ထည် မေးလို့လေ။

ဆိုင်များမှာ သားနားစွာ ချိတ်ဆွဲပြထားသော ဖောရင်းရုပ်တွေက ကိုဝန်းကို မျက်စပစ်ပြနေသည် မဟုတ်ပါလား။ လမင်း၏ အရယ်လေးကို ကိုဝန်းလည်း သိပါ၏။

ရောယောင်ရယ်မိရင်း မမ စိတ်သက်သာသွားအောင် ခပ်သောသောလေး ပြောပစ်လိုက်၏။

"ခု မယူသေးဘူး မမရာ၊ မော်ဒယ်လ် အောက်နေသလိုပဲ အဟဲ"

"ဩော် ... ကိုဝန်းရယ်"

လမင်း မချိပြုံးလေးပြုံးရင်း ရင်ထဲ နင့်ခနဲ ဖြစ်သွားရတော့သည်။

လမင်း သိပ်နားလည်တာပေါ့။ ကိုဝန်းက အဝတ်အစားလှလှလေးတွေဆို ခုံခုံမင်မင်ရှိတတ်ပါဘိခြင်း။

အင်း ... ဟိုတုန်းကသာဆိုလျှင်ဖြင့် ဖေဖေပေးသောမုန့်ဖိုးဖြင့် ကိုဝန်းရော သူပါ လိုချင်တာ မှန်သမျှ ဆန္ဒတွေ မျိုသိပ်နေစရာမလိုအောင် ပြည့်စုံခဲ့သည်ပဲလေ။

ပြည့်ဝခဲ့စဉ်တုန်းက လမင်းတို့ဘဝမှာ အဝတ်အစားဆိုထိပ်ဆုံးက အမြဲဝတ်ဆင်နေကျပဲ။





အစားအသောက်ဆိုလည်း အလျှံပယ် မဟုတ်တောင် မေမေ့ စည်းစနစ်ကျမှုအောက်မှာ အသားဟင်းဆီပြန်၊ အကြော်အပေါင်းများဖြင့် စိုပြည်ခဲ့ရမြဲ။

အသွားအလာမှာလည်း ဘာထူးသေးလဲ။

နောက်ဆုံးပေါ် ကားလှလှလေးပေါ်မှာ လမင်းတို့မိသားစုလေး ချမ်းမြေ့ခဲ့ရသည့် ကာလများ။

အို ... တွေးမိရင် ဝမ်းနည်းအားငယ်စိတ်က အလိပ်လိပ် ဆို့နင့်ချင်လာရလေသည်။

ခုများတော့ အစစ ခြားနားနေပါပြီ။

မေမေ့ မာနအောက်မှာ ဖေဖေ့ အဆောင်အယောင်တွေ အားလုံး ဆိတ်သုန်းခဲ့ရလေ၏။

"ပါးစပ်အကျင့်၊ ဝမ်းအချင့်တဲ့ ဖြစ်တဲ့ဘဝမှာ တင်းတိမ်ကျေနပ်နိုင်အောင် ကြိုးစားရမယ်၊ ရွှေထီးဆောင်းခဲ့ရတဲ့ အိပ်မက်တွေကို စိတ်ကူးယဉ်နေလို့ မရဘူးကွယ့်၊ လက်တွေ့ကျကျပဲ ဘဝကို ရင်ဆိုင်တဲ့နေရာမှာ ဝမ်းဝ၊ ခါးလှတယ်ဆိုရင် ရပြီပေါ့၊ ပကာသနတွေ မလိုပါဘူး၊ ပကာသနကြောင့် မင်းတို့ဖေဖေ ဘဝမှောက်ခဲ့တာ နားလည်ကြ"

ဩော် ... အမြဲတမ်း တင်းမာခဲ့သော မေမေ့အတွေးအခေါ်များနောက်သို့ လမင်းတို့ မောင်နှမ တောက်ကောက်ပါမျှမီအောင် လိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဟင်"

"ပုန်းရည်ကြီးထုပ်တွေဝယ်ဖို့ မေ့နေမယ်နော်"

"ဩော် ... အင်း ... အင်း"

ကိုဝန်းစကားကို ခေါင်းညိတ်ရင်း လမင်းရင်ထဲ မကောင်း။ အသားဟင်းကြိုက်သော ကိုဝန်းလည်း ခုတော့ ကြက်သွန်နိုင်းချင်းဖြင့် သုပ်ပေးသော ပုန်းရည်ကြီးတစ်ခွက်တည်းနှင့်ပင် တင်းတိမ်နေတတ်ပါပြီ။

လိမ္မာသော အလိုက်သိသော မောင်လေးအတွက် ဝမ်းသာကြည်နူးရတာလည်း အကြိမ်ကြိမ်ပါ။

"အကျီ င်္လေးတွေ ကြည့်သွားပါဦး ညီလေးရာ"

"ဟော ... ညီမလေးရေ့ နောက်ဆုံးပေါ်တွေ ရောက်နေတယ်နော်"

အရင်ဝယ်နေကျ ဆိုင်ရှင်များက မှတ်မိနေစွာ ခေါ်ကြပါ၏။ ကိုဝန်းက ပြုံး၍ ....

"မဝယ်သေးဘူး အစ်ကိုရေ ... ကျွန်တော့်အစ်ကို နိုင်ငံခြားက ပို့ပေးထားတာတွေ ဒါဇင်လိုက်ပဲ ... အဟင်း"

"အို"

ခပ်တည်တည် လိမ့်လိုက်သော ကိုဝန်းလက်ကို တင်းတင်းဆုပ်ဆွဲရင်း လမင်းမျက်နှာ ဘယ်ထားရမှန်းမသိ။





"အလကား ... ညာနေတယ် ကိုဝန်းရယ်"

ကျိတ်၍ ပြောတာကိုပင် ကိုယ်တော်ချောက ရယ်လိုက်သေး၍ ....

"ဟန်ကိုယ့်ဖို့တဲ့၊ မမကလည်း ... ဘာဖြစ်လဲ"

"ရှက်စရာကြီး"

"သူတို့ မသိပါဘူး"

"မမ သိနေတယ်လေ"

"သိမှာပေါ့၊ မမစိတ်ထဲမှာ ကျွန်တော့်အတွက် ဝယ်ပေးနေတာမှ အထပ်လိုက် ... အထပ်လိုက်ပဲ"

"ဟယ် ... ကိုဝန်းရယ်၊ အဟင်း ... ဖာင်း"

သူ့စိတ်ကူးကို သိလွန်းလှစွာ ပြောလိုက်သော ကိုဝန်းစကားလေးကို သဘောကျစွာဖြင့် ရယ်နေမိတော့၏။

"မဟုတ်ဘူးလား မမရ ... ကဲ"

"ဟုတ်ပါတယ်ရှင်၊ ဟုတ်ပါတယ်"

"သိတာပေါ့၊ ကိုယ့်မမအကြောင်း"

"ကိုဝန်း လိုချင်နေလားဟင်၊ တစ်ခုခုပေါ့"

ရုပ်တစ်ထည်လောက်တော့ ဖူးစ်ညှစ်ဝယ်ပေးလိုက်ချင်သော စေတနာတွေက ရင်မှာ လှိုက်လှဲရှစွာ ဖြစ်ပေါ်မိတာမို့ ကိုဝန်းလိုချင်တာ ဝယ်ပေးမည်ဟူသောစိတ်ဖြင့် မေးလိုက်၏။ ပိုက်ဆံရှိလွန်းလှ၍ မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လမင်း၏ လစာ၊ မေမေ့ပန်းခင်းဝင်ငွေလေးဖြင့် မိသားစု အေးအေးချမ်းချမ်း စားနိုင်လောက်ရုံပင် မဟုတ်ပါလား။

ကိုဝန်းသာ လိုချင်မည်ဆိုပါလျှင် လမင်း မုန့်ဖိုးထဲမှ လိုအပ်သော အရေးကြီးချိန်မှာ သုံးစွဲရန် စုထားတာလေး ရှိနေ၍ပါ။ လမင်း၏ အမေးကို ကိုဝန်း ပြုံးတုံ့တုံ့လေး ခေါင်းခါပြီးမှ

"နောက်မှ ယူမယ် မမ"

"ဘယ်တော့လဲ"

"အစ်ကိုလာမှ"

"ဘာ"

တိုးတိုးလေး ပြောလိုက်တာမို့ လမင်းနားထဲ မသဲကွဲ၊ ဘာဟု ထပ်မေးတော့မှ ကိုဝန်းရယ်ပြီး ...

"အစ်ကိုလာမှလို့"

"ဟင် ... ဘယ်က အစ်ကိုလဲ"

"အစ်ကိုပေါ့"

"ဟွန်း ... ကိုဝန်းနော်"

လမင်း မျက်နှာတည်ပြတော့ ရယ်ကျဲကျဲလေး လုပ်နေ၏။ လမင်းမှသာ ရင်ထဲ ဖိန်းခနဲ ရှိန်းသွားရပြီး ခပ်တည်တည်လေး ရှေ့ရောက်အောင် လျှောက်နေလိုက်တော့၏။ ကိုဝန်းကိုလည်း သနားသွားရလေသည်။





သြော် ... မောင်လေးခမျာ လိုချင်နေတာ တန်ဖိုးကြီး ဖြစ်နေ၍ အရယ်အရွှန်းများဖြင့် စိတ်ဖြေရာတွေ လျှောက်ပြောနေခြင်းပါလားဟူ၍လည်း နားလည်မိတော့၏။

ထို့ကြောင့် တစ်ခုခုကို ဆုံးဖြတ်မိတာနှင့်အတူ လမင်း စတိုးဆိုင်တစ်ခုဆီ ချိုးဝင်လိုက်၏။ နောက်လှည့်ကြည့်လိုက်တော့ ကိုဝန်း သူ့သူငယ်ချင်း တစ်ယောက်နှင့် တွေ့နေ၍ စကားပြောရင်း မိမိအား လက်မြှောက်ပြနေ၏။

ခဏလေးဟူသည့်သဘော။ လမင်းပြုံး၍ ကိုဝန်းအတွက် သင့်နိုး အဝတ်လှလှရှိုတ်ဆွဲထားရာဆီ လျှောက်လာခဲ့၏။ ထိုစဉ်တွင် လမင်းထက် စတိုးထဲ အရင်ရောက်နှင့်နေသော အတွဲလေးတစ်တွဲဆီမှ ...

"နန္ဒီ ဝယ်ပေးတာတွေ များနေပြီကွာ၊ အားနာတယ်"

"ဟိုး ... ဟိန်းနော်၊ အားနာရမယ့်လူမို့လို့လား၊ အသေးအဖွဲတွေပါ၊ နန္ဒီ့စေတနာ နားလည်သားနဲ့"

"နားလည်ပါတယ်၊ နန္ဒီက ငွေတွင်းကြီး ခုထိုင်ထားတဲ့သူမို့"

"ဟင်"

လမင်းရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားရလေပြီ။ နန္ဒီတဲ့၊ ဒါဆို ဖေဖေ ... ဖေဖေ့ရဲ့ ... အို ... ဆက်မတွေးရဲ၊ နန္ဒီ့ဘေး လမင်း မမြင်ဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုတွေ့နေရသော မိန်းကလေးက ခေတ်လွန်ပြင်ဆင်မှုများဖြင့် ထည်ဝါသားနားနေရ၏။ ဟိန်းဆိုသော လူကို ပခုံးကိုင်၊ လက်ကိုင်၊ ပြောနေပုံက လမင်းပင် မျက်နှာလွှဲမိရတော့၏။

အဝတ်ရွေးသလိုလုပ်ရင်း လမင်း ထိုအတွဲကို စိတ်ဝင်စားနေမိပါပြီ။

"နန္ဒီ"

"ဟင်"

"ပိုက်ဆံပိုသေးလား"

"ရတယ်လေ၊ ဟိန်း ဘယ်လောက်လိုနေလဲ"

"သုံးထောင်လောက်"

"ဟင် အဲဒီလောက်တော့ အခုမရှိဘူး၊ ဟိန်းရယ် ... အိမ်လိုက်ယူလေ၊ နန္ဒီပေးလိုက်မယ်နော်"

"ဖြစ်ပါ့မလား"

"နန္ဒီ့အမျိုးသား"

"ဟင်"

သေချာပါပြီကော။

လမင်းရင်ထဲ ကျဉ်ကနဲ နာသွားရတော့၏။

"ခေါက်ထားစမ်းပါ ဟိန်းရာ၊ နန္ဒီ့အကြောင်း သိသားနဲ့ ဟိန်းသာ သစ္စာရှိရမယ်နော်"

"အို ..."





ဘာတွေလဲ။ ဘာစကားတွေလဲနော်၊ လမင်း အသက်ပင် မရှူရဲတော့။

"ဟိန်းအတွက် စိတ်ချပါ နန္ဒီရာ"

"နန္ဒီအတွက်လဲ စိတ်ချ၊ ဟိန်းအတွက် နန္ဒီ အနစ်နာခံနေတယ်လို့ ဟိန်း နားလည်ရင် ပြီးရော"

"နားလည်တာပေါ့ နန္ဒီရာ၊ ကဲ ... သွားစို့"

"အင်း"

"ဟင်း"

နန္ဒီတို့ ထွက်သွားမှ လမင်း အသက်ဝဝရှူမိတော့၏။

"မမ ...မမ"

"ဟင် ... ကိုဝန်း"

"တွေ့လား၊ တွေ့လား၊ အဲဒါဖေဖေ့ ..."

"အို ... ကိုဝန်း"

မောင်လေးမျက်နှာကို ခေါင်းခါလည်ခါ ကြည့်မိရင်း မပြောပါနဲ့တော့ဟူသော အဓိပ္ပါယ်ဖြင့် လမင်း မျက်ရည်တွေဝဲနေရလေပြီ။ ဖေဖေရယ် ... ဖြစ်မှဖြစ်ရလေ။

ကြေကွဲစိတ်ဖြင့် လမင်း ကိုဝန်းလက်မောင်းကို တုန်ယင် အားထားစွာ ဆုပ်ကိုင်ထားမိ၏။ ကိုဝန်းက သက်ပြင်းချ၍

"လာ ... ပြန်ကြပါစို့နော် မမ"

"နေ ... နေဦး၊ ကိုဝန်း အတွက် ..."



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မလိုချင်ပါဘူး မမရာ၊ အပိုကုန်ပါတယ်၊ ကျွန်တော့်မှာရှိသားပဲဟာ၊ လာ ... လာ ... သွားစို့"

ကိုဝန်း ဆွဲခေါ်ရာနောက်သို့ လမင်းပါလာခဲ့ရပါတော့သည်။

"တောက် ... ဖေဖေတော့ ဒုက္ခပဲ"

"ဟင်"

တောက်တစ်ချက် ကျိတ်ခေါက်ရင်း ကိုဝန်း ပြောတော့ လမင်း ဆတ်ခနဲ ဖြစ်သွားရ၏။ ကိုဝန်းက ဆက်၍ မဲ့မဲ့လေး ရယ်ရင်း ...

"အဟွန်း ... ဖေဖေက ငွေကိုကုန်းရှာ သူ့မိန်းမက နောက်တွဲလေးနဲ့ ဖြုန်းတာလေ ဒီကောင်မ ပိုင်းလုံးမ"

"တော်ပါတော့ကိုဝန်းရယ် ... နော်၊ မပြောပါနဲ့တော့"

ရင်မှာ ထိရှရှလွန်းသဖြင့် လမင်း ပြောလိုက်တော့ ကိုဝန်းက ...

"အသည်းနာလွန်းလို့ပါ မမရာ"

ငိုသံပါလေးနှင့် ပြောလိုက်သော ကိုဝန်းစကားအဆုံးမှာ လမင်း မျက်ရည်လေးနှစ်စက် ပေါက်ကနဲ လိမ့်ကျထွက်လာခဲ့တော့၏။

❀❀❀



# အခန်း (၉)

အညိုနုရောင် ဆွယ်တာလေးတစ်ထည်ကို ပြီးအောင် အရိုက်ထိုးနေရင်းမှ ဒေါ်ယဉ်မွန် ဇက်ကြောလေးတွေ ညောင်းလာရ၏။

ကိုဝန်းအတွက် ဆွယ်တာပါ။

သည်နှစ်မှ ရုတ်တရက် ကြီးထွားလာသော သားလေးမှာ အနွေးထည်တွေ ငယ်ကျဉ်းကုန်ရပြီ မဟုတ်ပါလား။

မကြာခင် ဆောင်းဝင်လာပါတော့မည်။ ဆောင်းအမီ သားလေးဝတ်နိုင်အောင် သူ ကြိုးစားကာ အချိန်လေး အားသည်နှင့် သွက်သွက်လေး ကိုင်နေရ၏။ တကယ်တော့လည်း သူမမှာ အားချိန်ရယ်လို့ ညဉ့်အိပ်ရာဝင်ချိန် တစ်ချက်ရယ်ပါ။

ထိုသို့ ဖြစ်အောင်လည်း သူမကိုယ်သူမ ပုံစံဝင်နေအောင် လေ့ကျင့်ခဲ့သည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



မနက်စောစော အိပ်ရာမှ နိုးကတည်းက ညဥ့်အိပ်ရာဝ
ချိန်အထိ အလုပ်များက ဇယ်ဆက်သလို သူ့အကန့်လိုက်၊ သ
အချိန်လိုက် ကွက်တိမဟုတ်ပါလား။ ပန်းပင်ပြုစုခြင်း၊ ရှုးဖြ
ခြင်းစသော အလုပ်ကပင် ယခုဆို အတော်လေး ခရီးတွင်နေ
ပြီ။ ချက်ပြုတ်၊ လျှော်ဖွပ်၊ ဆေးကြော၊ သန့်ရှင်းရေးအတွ
အကူတစ်ယောက် ခေါ်ထားပါ၏။

အကူခေါ်ထားသော မတိုးမှာ သဘောမနေ
ကောင်းသူမို့ အလုပ်မှန်သမျှ မခိုမကပ် စေတနာပါပါလေ
လုပ်ပေးတတ်ရှာပါသည်။

သမီး လမင်းခမျာလည်း သူမ ကျောင်းအားချိန်လေ
မှာ တတ်စွမ်းသမျှ နိုင်ရာနိုင်ရာ ဝင်လုပ်ပေးလေသည်။ သားလေ
ကိုဝန်းလေးလည်း ထိုအတိုင်းပဲလေ။ မိခင် မပင်ပန်းအော
ကူလုပ်တတ်ပါဘိခြင်း။

သြော် ... လိမ္မာလိုက်ကြပါသော သမီးနှင့်သားပါ။ ခမျာ
လေးများ အရွယ်ဆိုသည်က သူများတွေလို ဝတ်စားလည်ပတ
ချင်ရှာတဲ့အရွယ်ပါ။

သို့သော် ဖခင်၏ သိမ်နုပ်သော လုပ်ရပ်အတွက် မိခ
အပါအဝင် ကလေးများပါ သိမ်ငယ်ကြရသည့်အဖြစ်။ တွေးမိ
လေ နာကြည်းရလေပင်။

သည်လို ရက်စက်လွန်းသည့်အဖြစ်မျိုးအတွက် မိမိသာ





ကြံ့ကြံ့ခိုင်ခိုင်စိတ် မရှိခဲ့ပါလျှင် အစောဆုံး ပျက်စီးလေလွင့်သွားမှာ က သားလေးကိုဝန်းရယ်ပါ။

သို့သော် သားလေးက မလေလွင့်ခဲ့။ အသိဉာဏ်ရှိစွာ သူ့ကိုယ်သူ ထိန်းနိုင်ခဲ့တာကိုပင် ချီးကျူးစရာပါ။

မိခင်ကိုယ်စား ကလေးတွေလည်း ဖခင်အပေါ် အံ့သြ ဒမ်းနည်းစိတ်ဖြင့် ကြေကွဲနေကြရှာသည် မဟုတ်ပါလား။

သြော် ... အတိတ်ကံ၏ ဝဋ်ကြွေးပါသည်ပဲ မှတ်ရမှာ ပေါ့လေ။ ကလေးတွေအနေဖြင့် မိမိကဲ့သို့ သစ္စာမဲ့သူအပေါ် နာကြည်းကြတာကို အပြစ်ရယ်လို့လည်း မမြင်ပါ။ သူတို့လေး တွေရဲ့ ဖခင်ကိုး။

တစ်လျှောက်လုံး သားသမီးတို့၏ လိုအင်ဆန္ဒမှန်သမျှ ဖြည့်ဝစေခဲ့သော ဖခင်မို့ ကလေးများ လွမ်းလည်း လွမ်းလောက် ပေမည်။

သို့သော် မိမိအဖို့မှာကား ခရီးဆုံးပြီတည်း။

ရေစက်ကုန်ပြီတည်း။ နာကြည်းခါးသီးရလွန်း၍ သူ့ အငွေ့အသက်နှင့် ကင်းနိုင်သမျှ နေမိသည်။

တစ်ကိုယ်ကောင်းဆန်သည် ပြောပြော။ သမီးနဲ့သား အတွက် ထားပေးသော အတွင်းပစ္စည်းများကပင် မနည်းလှပါ။

သို့သော် မိမိရှေ့မှာ ထိုအမွေအနှစ်များကို လုံးဝမထိ၊ မသုံးစွဲရဟူ၍ တင်းပြတ်စွာ ကြေညာခဲ့၏။ အသက်နှစ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်၍ သူ့လမ်းသူသွားကြရန် အတောင်အလက်စုံလျှင်ဖြင့် ကလေးတွေ ဆန္ဒအတိုင်းပါ။ ထိုအခါ တစ်ယောက်တည်း ကျန်နေမည့် မိမိအတွက် အေးငြိမ်းရာ တရားရိပ်သာတစ်ခုခုမှာ ဘဝကို မြှုပ်နှံအဆုံးသတ်ရန် ရည်ရွယ်ပြီးပါပြီ။

ဒါတွေက မိမိစိတ်ထဲ ကျိတ်၍ ကြံရွယ်ထားခြင်းပါ။ ခုတော့ ဖခင်စွန့်သွားသော ကလေးနှစ်ယောက်အား ရင်အုပ်မကွာ နွေးထွေးစေရမည့် ဝတ္တရား ရှိနေသေးသည် မဟုတ်ပါလား။

ဒေါ်ယဉ်မွန် ခေါင်းလေးဘယ်ညာ ချိုးကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

သမီးလမင်းက ကျောင်းလေ့ကျင့်ခန်းများကို ဖျက်နေလေသည်။

သားကိုဝန်းကလည်း သူ့မမအနားမှာ မဂ္ဂဇင်းတစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်နေလေ၏။

ရင်ထဲမှာ ရေငတ်သလိုလို ရှိနေတာမို့ ရေသောက်ရန် ထိုးလက်စ သိုးမွေးထည်ကို ကြိမ်ဆက်တီလေးပေါ်မှာပင် အသာချကာ ထလိုက်လေသည်။

ခြေထောက်နှစ်ချောင်း ကြမ်းပြင်ပေါ် မတ်မတ်လေး မရပ်တည်နိုင်ခင်မှာပင် ဒေါ်ယဉ်မွန် ခေါင်းထဲ ရိပ်ခနဲ ဖြစ်၏။

"အို"

ရုတ်တရက်မို့ ဆက်တီနောက်မှီကို အားပြုလိုက်ရတာ





အမြင်အာရုံများ ဝေဝါးချင်လာသလို ခံစားရတာမို့ မျက်စိကို စုံမှိတ်လိုက်မိပါတော့၏။

"ဟင် ... မေမေ"

သတိပြုမိလိုက်သူက လမင်းပါ။

မေမေ ရုတ်တရက်ထလိုက်တာကို မြင်လိုက်ရသဖြင့် လမင်းငဲ့၍ ကြည့်မိနေစဉ် မေမေ ခပ်ယိုင်ယိုင်လေး လက်ထောက်ရပ်နေတာ၊ မျက်လုံးလေးတွေမှိတ်လိုက်တာ မြင်လိုက်သည်နှင့် ဖျတ်ခနဲ ထလာကာ စိုးရိမ်တကြီးလေး ဘေးမှာဝင်ရပ်ရင်း မေမေ့လက်မောင်းကို ထိန်းကိုင်ထားမိ၏။

"မေမေ ... မေမေ ဘာဖြစ်သလဲဟင်၊ နေမကောင်းဘူးလား မေမေ"

"မမ ... မေမေ ဘာဖြစ်လဲဟင်"

ကိုဝန်းလည်း အပြေးလေး လှမ်းခနဲ ရောက်လာကာ မေးလိုက်လေ၏။ လမင်းရော ကိုဝန်းပါ စိုးရိမ်စိတ်များဖြင့် မျက်နှာလေးတွေ ပျက်နေကြရှာ၏။

"အင်း"

"ကိုဝန်း ... ရှုဆေးယူပေး"

"ဟုတ်"

မေမေ အင်းခနဲ ညည်းရင်း အသာလေး ထိုင်ချကာ နောက်မှီကို မှီရင်း ခေါင်းခါ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာမှ မဖြစ်ပါဘူးကွယ်၊ ရုတ်တရက် ဘလိုက်တော့ ဝေခနဲ ဖြစ်သွားတာပါ"

"လမင်းဖြင့် လန့်သွားတာပဲ မေမေရယ်"

ထိုစဉ် ကိုဝန်း အပြေးလေးရောက်လာတာ ...

"ရော့ ... မေမေ ရှူဆေး"

"အေး ... အေး"

"မေမေ နေမကောင်းဘူးလားဟင်"

"ကောင်းပါတယ်ကွယ်"

"ခေါင်းထဲ မူးနေလားဟင် မေမေ"

"သက်သာသွားပါပြီကွယ်"

"မေမေ"

"ဘာလဲ ... သမီး"

"တကယ် နေကောင်းပါတယ်နော်"

"သြော် ... ဟော် ... အဟင်း"

ဒေါ်ယဉ်မွှန် ခပ်ဟက်ဟက်ကလေး ရယ်လိုက်မိ၏။

နားလည်နေပါသည်။

မိခင်အပေါ် စိုးရိမ်စိတ်ဖြင့် သမီးနှင့် သား နှစ်ယောက်စလုံး မျက်လုံးလေး ဝိုင်းကာ မျာယာခတ်နေကြသည် မဟုတ်ပါလား။ ခုနတုန်းကဖြင့် မိမိကိုယ်တိုင်လည်း ဘုရားတမိလောက်အောင်ပင် မူးသွားတာ အမှန်ပင်။





ခုလို ထိုင်လိုက်တော့လည်း ရှူဆေးလေး ရှူလိုက်၍ သွားမသိ။ အကောင်းပကတိ ဖြစ်သွားပါလေပြီ။

"ဆေးခန်းပြရင် ကောင်းမယ် ထင်တယ် မေမေ"

ကိုဝန်းကလည်း သူ့ စိတ်ကူးမိရာ အဆိုပြုရှာပါသည်။ ...င်အနားမှာ တစ်ဖက်တစ်ချက် ထိုင်ကြရင်း ပခုံးနှိပ်လိုက်၊ ခြေဆုပ်လိုက်နှင့် အလွန်ဂရုစိုက်လွန်းကြသော သမီးနှဲ့သားကို ဒေါ်ယဉ်မွှန် ကြည်ကြည်နူးနူး ပြုံးကြည့်မိရင်း ...

"ကောင်းသွားပါပြီ သားရယ်၊ မေမေ ရေသောက်ဖို့ ဆလိုက်ရင်း မူးခနဲ ဖြစ်ချင်သွားတာပါ၊ အသက်လေးဆယ်ကျော် ပြီဆိုတော့လဲ မျက်မှန်လေး ဘာလေး လိုနေသလားမှ မသိတာ အဟင်း"

ခပ်ပေါ့ပေါ့လေးပင် ပြောလိုက်ရ၏။

ခေါင်းထဲမှာ အမူးပြေစေမယ့် နောက်တောက်တောက် တော့ ဖြစ်နေပါသေး၏။

စိတ်ပူတတ်သော ကလေးများကို စိတ်မပင်ပန်းစေချင် ရှာပါ။

"မေမေ ... ရေသောက်မလားဟင်"

"အင်း ... ရေတစ်ခွက်လောက် သားရယ်"

ကိုဝန်း လှစ်ခနဲ ထွက်သွားပြီး ချက်ချင်းရေတစ်ခွက် ခပ်ယူလာခဲ့၏။ လမင်းက မေမေ့မျက်နှာကို ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟင်"

"ဒါဖြင့် မျက်မှန်စမ်းကြည့်ပါလား မေမေ .... နော်"

လမင်းစကားကြောင့် မေမေ ပြုံး၍ ...

"အလကား ပြောတာပါကွယ်၊ မေမေ မျက်စိ ဘာ
မဖြစ်သေးဘူး၊ မျက်မှန်တပ်တယ်ဆိုတာ သိပ်ကို ကရိကထ
တဲ့ အလုပ်ကွယ့်၊ မေမေ ကျန်းမာတာမှ ဒေါင်ဒေါင်ကို မြည်
သမီးရဲ့"

"ရေတစ်ခွက်လုံးကုန်အောင် သောက်လိုက်ရသ
ရင်ထဲမှာ အေးကာ အနည်းငယ် နေသာထိုင်သာ ရှိသွားပြီး

"ရေတော်မှာပေါ့၊ မေမေ ညနေစာ ငါးပိကောင်ကြော်
နဲ့ ထမင်းမြိန်ထားတာလေ၊ အဟင်း ... ကဲ ... ကဲ ... သမီး
လုပ်စရာရှိတာ သွားလုပ်တော့ မေမေ ဆွယ်တာလေး ဆက်ထိုး
ဦးမယ်"

"ဟာ ... အနားယူပါ မေမေရာ၊ ဒီဆွယ်တာ
ဖြည်းဖြည်း ထိုးလဲ ရပါတယ်ဗျာ"

ကိုဝန်းက မခင်လက်ထဲမှ သိုးမွှေးလုံးကို အသာဆွဲယူ
လိုက်ပြီး ပလတ်စတစ်ခြင်းလေးထဲ သိမ်းထည့်နေ
ဒေါ်ယဉ်မွန် ဘာမှမပြောတော့။

အလိုက်သင့်ကြည့်ကာ ပြုံးနေလိုက်၏။





"မေမေ ... လမင်း ဇက်ကြောဆွဲပေးမယ်နော်"

"ရပါပြီ သမီးရယ်၊ သမီး ကျောင်းအလုပ်တွေ ပျက်နေ
ပြီ"

"ပြီးပါပြီ မေမေရဲ့"

လမင်းက ပြောရင်း မေမေ့နောက်မှနေ၍ ဇက်ကြော
လေး အသာအယာ ဆွဲပေးနေလေသည်။

မေမေ သဘောကျစွာ ခံရင်း ...

"အင်း ... သာစ ... သာစပါကွယ်၊ သမီးနဲ့ သားတို့
လိမ္မာလိုက်တာ"

မေမေ့စကားကို ကိုဝန်းက မေမေ့ခြေသလုံးလေးတွေ
ကို တစ်ပျဉ်ခွေအကျအနထိုင်ကာ နှိပ်ပေးနေရင်းမှ ပြုံး၍ ...

"မေမေ့အတွက် သားတို့ အမြဲတမ်းလိမ္မာနေပါ့မယ်
မေမေရာနော်"

"စကားကို ကုန်အောင် မပြောနဲ့ သားရဲ့"

"တကယ်ပါ မေမေရ၊ ကြည့်နေပေါ့"

"ဝမ်းသာပါတယ် သားရယ်၊ မေမေ့မှာ ဟောဒီ သမီးနဲ့
သားတို့ လိမ္မာသိတတ်လွန်းလို့သာပဲလေ"

ပြောရင်း ဒေါ်ယဉ်မွန် ခေါင်းတညိတ်ညိတ် ရှိနေမိ၏။

သြော် ... တင်းတိမ်တတ်ရှာကြတဲ့ ကလေးတွေပါ။

မအေက ဒါဆိုဒါပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတစ်ခုမှ စော့ဒကမတတ်စဖူး။

စေ့စေ့တွေးမှ ရင်မှာ တစိမ့်စိမ့် သနားနေမိရ၏။ ဘွဲ့မြင့်လျှမ်းတောက်နေခဲ့ရစဉ်တုန်းက လိုတရဘာဝလေးများပါ။

ခုတော့လည်း ဝမ်းဝ ခါးလှရုံလောက်လေးကို မိမိဉာဏ်စွမ်းဖြင့် အလျှင်မီနေခဲ့ရသည် မဟုတ်ပါလား။ ယုတ်စွအဆုံး မနက်စာမှာပင် အိုဗာတင်း၊ မိုင်လိုအစား ကော်ဖီရိုးရိုးကိုပင် အနိုင်နိုင်။

ထမင်းဝိုင်းမှာ အသားတစ်နပ်၊ အခြောက်အခြမ်းလေးနှင့် အသီးအရွက်တစ်နပ်ဖြင့် ပြီးစေခဲ့ရတာပါ။ မတတ်နိုင်တာထက် ရည်ရွယ်ချက်ရှိ၍ပါ။

သားလေး ကိုဝန်းကို ရဟန်းပြုပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရေရှည်စီမံကိန်းဆွဲ၏ ချွေတာရေးစနစ် ဖယ်ယားချနေမိခြင်းပင်။

ဩော် ... ဖခင်က တာဝန်မဲ့ လျစ်လျူပြုသွားပေမယ့် မိခင်ဆိုသည်မှာ ရင်အုပ်မကွာ ရှိအပ်သည် မဟုတ်ပါလား။

"မေမေ"

"... ... ..."

"မေမေ"

ဒုတိယအကြိမ် ကိုဝန်းက ဒူးကိုလှုပ်ကာ ခေါ်တော့မှ ဒေါ်ယဉ်မွန် ဆတ်ကနဲ ဖြစ်သွားရကာ ...





"ဟင် ... ဘာလဲ သား"

"မေမေ့ကို ပြောစရာရှိလို့ပါ"

"ဘာလဲ သား၊ ပြော ... ပြောစမ်း"

"ကျွန်တော် အောင်ရင် အလုပ်တစ်ခုခု လုပ်ရမလား လို့ပါ"

"ဟဲ့ ... မဟုတ်တာ သားရယ်၊ မလုပ်ရပါဘူး၊ ကျောင်းပဲ ဆက်တက်ရမှာပေါ့ကွယ်"

"မေမေနဲ့ မမကိုသနားလို့ အဟင်း ... ပြီးတော့ အားနာတယ်"

"ကိုဝန်း ... သား"

"ဗျာ"

"ဘာမှ မပူနဲ့ သား၊ မေမေ့မှာ အားတွေရှိပါသေးတယ် ကွယ်၊ သားလေးပညာတတ်ဖြစ်ဖို့ မေမေ့မှာ လုံးဝ တာဝန်ရှိတယ်"

"လမင်းလဲ ပြောပြီးပါပြီ မေမေရယ်၊ ကိုဝန်းက ဘာမှန်းလဲ မသိဘူး၊ အောင်မှာ သေချာတာထက် အမှတ်အရမ်းကောင်းမှာ၊ လိုင်းကောင်းလဲရမှာ သေချာပေါက်ပဲ"

"အင်းလေ ... ဖြစ်ချင်တာ ဖြစ်အောင် လုပ်ရမှာပေါ့၊ ဒီမယ် သား"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့ကို အားကိုးစမ်းပါကွယ်၊ မေမေဟာ သမီးနဲ့ သားအတွက်ဆိုရင်လေ အားလုံးကို ရင်ဆိုင်ကျော်ဖြတ်ပြီးကို အောင်ပွဲယူပေးမယ့် အာဇာနည်မိခင်လို့ သဘောထားလိုက်ကြစမ်းကွယ်"

"မေမေရယ်"

အားမာန်အပြည့်ပါသော မေမေ့စကားအဆုံးမှာ လမင်းနှင့် ကိုဝန်းတို့ မေမေ့ကို ချစ်အားကိုးရစွာ ဖက်မိကြပါတော့၏။

❀❀❀



# အခန်း (၁၀)

"နန္ဒီ"

"အင်"

"ကိုကြီး ထမင်းစားမယ်"

"စားလေ၊ မလှတင်ရေ ... ကိုကြီး ထမင်းစားမယ်တဲ့"

နန္ဒီ အသံကုန် အော်လိုက်ပုံကြောင့် ဦးအောင်လွင် အတော်လေး စိတ်ပျက်သွားရ၏။

နန္ဒီက ဘာကိုမှ အမှုမထားသည့်ပုံ။

ခြေကလိမ်လေးချိတ်ကာ သီချင်းတအေးအေးနှင့် လက်သည်းအဆိုးပင် မပျက်။

လောလောဆယ် နန္ဒီ့အဖို့ လက်သည်း အလှဆိုးခြင်း အလုပ်လောက် ဘာတစ်ခုမှ အရေးမကြီး၊ စိတ်ဝင်စားဟန်မရှိ လက်သည်းဆိုးလိုက်၊ လက်ချောင်းလေးတွေ ထောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သို့ကဲ့ နှုတ်ခမ်းလေးချွန်ကာ ‌လေလေးမှုတ်လိုက်၊ သက်ပြင်းလေးချ၍ ဦးအောင်လွင် ခုတင်စွန်းပေါ် အသာထိုင်ချလိုက်ရင်း

"နန္ဒီ စားပြီးပြီလား"

"ပြီးပြီလေ၊ ကိုကြီးပဲ ဆာရင် စားလိုက်ဆို"

"အင်း"

သူ့ရှုံးသူပြန်ပတ်နေရပါပြီ။

အလုပ်ချိန် အမှန်မရှိသဖြင့် ထမင်းစားစောင့်နေတတ်သော နန္ဒီ့ကို သူ လက်သင်ပေးထားခဲ့တာပဲလေ။

ဆာလို့ စားသည်ဟူသော နန္ဒီတစ်ယောက် သူ့အတွက် စားဦးစားဖျားဟူ၍ ဘယ်တော့မှ မချန်ထားတတ်တာလည်း သူသိပါသည်။

ဩော် ... ဇနီးကောင်းတစ်ယောက်၏ တန်ဖိုးကို ကောင်းစွာ သူ နားလည်မိချိန်မှာ အချိန်နှောင်းသွားပါပြီ။

ထမင်းစားခန်းထဲ ဝင်လာတော့ မလှတင် ပြင်ထားပေးသော ထမင်းပွဲက ခြောက်ကပ်ကပ်နိုင်လှစွာ သူ့ကို ဆီးကြိုနေပါတော့၏။

ထမင်းကို စိတ်မပါစွာ စားနေလိုက်မိ၏။ စားနေရင်းမှ စိတ်က တစ်ချိန်ဆီသို့ တမ်းတလွမ်းစွာ ရောက်သွားရပါတော့သည်။

"ဒီနေ့ ကိုလွင် ထမင်းမြိန်မှာပါ"





"ဟုတ်လား၊ ဘာဟင်းလဲ မွန်"

"ငါးခူစဉ်းကောဆီပြန်၊ ရဲယိုရွက်လေးနဲ့ ပုဇွန်ထုပ်မီးဖုတ်ပြီး သုတ်ထားတယ်"

"အဟင်း ... ဗိုက်ဆာလာပြီကွာ"

"အဆင့်သင့်ပဲလေ၊ သမီးနဲ့ သားတော်င် ထမင်းဝိုင်းထဲရောက်နေပြီ၊ လာ ... ကိုလွင် စားကြစို့"

မိသားစု လက်ဆုံထမင်းပွဲလေးက ဘယ်တော့မှမရိုး။

"ကိုလွင် ... တည့်င်းသီးသိပ်မစားနဲ့လေ၊ အကြောတက်နေဦးမယ်"

"အင်း ...အင်း"

မွန့် ဂရုစိုက်မှုကား ပြောဖွယ်ရာမရှိ။

တစ်ရက် တစ်လေမဟုတ် နေ့စဉ် အမြဲပြုနေကျ၊ အရိုးပါသော ငါးဆိုလျှင်လည်း ကိုယ်တိုင်အရိုးနွှင်ပေးရသည်နှင့်၊ တစ်ခါတစ်လေ သား ကိုဝန်းက နောက်တောက်တောက်နှင့်

"မေမေ သားကိုလည်း အရိုးနွှင်ပေးလေ"

"အင်းပါ သားရယ်"

မွန် တကာယ်နွှင်ပေးမယ်လုပ်တော့ ရယ်၍...

"အဟင်း ... အလကားပြောတာပါ၊ ဖေဖေက အသက်ကြီးလာတော့မှ မျက်စိမှုန်လာပြီ၊ အရိုးမမြင်တော့ဘူး၊ မေမေကူမှဖြစ်မှာ၊ ဖေဖေ့ပဲ နွှင်ပေးပါတော့ မေမေရာ"



www.burmeseclassic.com

www.burmeseclassic.com



"အံမာ ... ဟော့သား၊ မေမေ နှင်ပေးတာ ဖေဖေ့ကို ချစ်လို့ကွ၊ သိလား"

"အို ... ကိုလွင်နော်၊ ကလေးကလား"

"ဟုတ်လား မေမေ၊ ဖေဖေပြောတာ တကယ်လား"

"ကိုဝန်းနော် ... လူကြီးကို"

"ပြောလိုက်လေမွန်၊ ဟုတ် ... ဟုတ်တာပေါ့၊ ဘာဖြစ်လဲ"

"ကဲ ... ဟုတ်တယ် ... ဟုတ်တယ်"

"အဟင်း ...ဟင်း ... ဟင်း"

ရယ်သံတွေ ညံသွားရတော့၏၊ လမင်းက ...

"အဲဒါနဲ့ပဲ မေမေ့မှာ ထမင်းကို ဖြောင့်အောင်မစားရတော့ပါဘူးနော်"

"ဟော... သမီးကလဲ၊ သူ့မေမေဘက်က အူတိုနေပြီကွာ"

"ဖေဖေက အယုအယ ကြိုက်တာကိုးလို့"

"ကဲ...မွန်ရေ...ကြားလား၊ သြဘာပေးကုန်ကြပြီ"

"သမီးတို့ နားမလည်ပါဘူး ကိုလွင်ရယ်...တစ်နေ့ သူ အိမ်ရှင်မဖြစ်လာမှ သိမယ်လေ"

"မမ"

"ဟင်"





"မမ အိမ်ရှင်မဖြစ်ရင်လေ အိမ်ရှင်ထီးကို ဝက်သားနဲ့ ဘဲချည်း ချက်ကျွေးသိလား"

"ဘာပြုလို့"

"အရိုးမနှင်ရတော့ဘူးလေ"

"ဟင်... ဟုတ်တယ်နော်၊ အဟင်း .. ဟင်း"

"ဟုတ်ရမှာပေါ့၊ မေမေကိုကြည့်၊ ဖေဖေ့ကို လုပ်ပေးနေတာနဲ့ပဲ မေမေ့ကျ အရိုးအရင်းလေးလောက်ပဲ ဟဲရတာ၊ မမ အလှည့်ကျရင် အပြတ်သာအုပ်ပစ် သိလား"

"အေး... မင်း မမ မအုပ်ဘဲ၊ မင်းရတဲ့ မိန်းမကာ အရင် အုပ်ပစ်ထားမှ မင်းပဲ ငတ်ပေါက်နင်းမယ့်အဖြစ် ကိုဝန်းရေ့"

"ဟွန်း ... အိမ်ဦးနတ်ကိုအရင်မတင်ဘဲ စားဦးခိုးစားတတ်ရင် နားရင်းအတီးခံရမှာပေါ့"

"တော်ရုံပဲကြွားပါ ကိုယ်တော်ရယ်...နော်၊ သူ့ကျတော့ အိမ်ဦးနတ်တဲ့၊ သူများကျ အိမ်ရှင်ထီးတဲ့၊ တတ်လဲတတ်နိုင်တဲ့ ကိုဝန်း"

ရယ်သံများ လွှမ်းသွားရပြန်၏။ ဩော် ... သတိရစရာ အတိတ်များရယ်ပါ။ မွန်က အချက်အပြုတ် အစပ်အဟပ်မှာ သည်း ကျွမ်းလှသဖြင့် ထမင်းပွဲမှာ ဘယ်တုန်းကမှ သွေ့ခြောက်နေ၊ မွန့်နည်းတူ သမီး လမင်းလည်း မီးခင့်လက်ထပ်သင် ပေးထားသည့် အတိုင်းရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ကျောင်းအားရက်မှာ သမီး လက်ရာဟူ၍ ခေါက်ဆွဲရှယ်ပွဲလေးပင် ရှိတတ်ပါ၏။ သမီးက ...

"ဖေဖေ ... စားပြီးရင် ဘက်မလိုက်တမ်း အမှတ်ပေးရမယ်နော်"

"ကောင်းပါပြီဗျာ"

သမီးလက်ရာတွေလည်း ကောင်းလှပါ၏။

"ဘယ့်နှယ်နေလဲ ဖေဖေ ... ကောင်းရဲ့လား"

"အင်း ... ကောင်းပါတယ်သမီး၊ မေမေ့လက်ရာအတိုင်းပဲ၊ မွှန်သမီးပဲကွာ၊ ဒါလောက်တော့ ရှိမှာပေါ့ ... အဟင်း"

"ဟော ...ကြည့်၊ ဖေဖေလိပ်ကြီး"

"ဟောဗျာ ... ဘာကြောင့်တုန်း"

"ကောင်းပါတယ် သမီးရယ်လဲ ပြီးရောပေါ့၊ မေမေ့သမီးပဲ ဒါလောက်တော့ ရှိရမှာပေါ့ဆိုတာ သက်သက် မေမေပါအောင်ဆွဲထည့်တာ မဟုတ်လားလို့"

"ဩော် ... အဲဒီသဘောရောက်သွားသလား၊ မသိပါဘူးကွာ၊ ဖေဖေလဲ စိတ်ထဲရှိတာ ပြောလိုက်တာပါ သမီးရာ"

"အံ့မာ ... သိပ်ချစ်စရာကောင်းတဲ့ စိတ်ကလေးပဲနော် ဖေဖေ"

"အင်းကွ"

တသောသောရယ်မောမိကြပြန်ပါတော့၏။





ရယ်သံလွှမ်းသော ထမင်းဝိုင်းလေးနှင့် ဝေးခဲ့ရသည်မှာ ကြာလှပါပြီလေ။

နန္ဒီဆိုသော မိန်းကလေးသည် အလွန်လှပသော စက္ကူပန်းလေးတစ်ပွင့်သာတည်း။ အနံ့ကင်းသောပန်းမို့ ပန်းအစစ်တို့သို့ အနှစ်မရှိပါချေ။ အနှစ်မဲ့ အနံ့မဲ့ပန်းကို နမ်းမိသူက သူပါ။

မယားဝတ္တရားဆိုတာ ချိုနဲ့လားဟူ၍ နန္ဒီမေးစရာရှိနေပါမည်။ လင်သားအပေါ် ဘာတစ်ခုမှ ဝတ္တရားပြုရသည်ဟူ၍ နန္ဒီ မရှိခဲ့စဖူး။

သူသာလျှင် နန္ဒီ့အတွက် အရိုးနှင်ပေးရသူ။

ငှက်ပျောသီး အခွံနွှာပေးရသူ မဟုတ်ပါလား။

ဟိုတုန်းက သူသည် အပြုစုခံ၊ အယုယခံ။ ခုတော့ သူ့ဘဝသည် ပြုစုသူ၊ ယုယအလိုလိုက်ရသူ။ တစ်ခါတလေ ထမင်းအတူတူစားရတာမျိုးရှိလျှင်တောင်မှ နန္ဒီ သူ့အပေါ် မယုယတတ်ချေ။ သူသာ နန္ဒီ့ပန်းကန်ထဲ တယုတယ မခွဲ့ရုံတမည် ကြွင်နာခဲ့ရပေါ၏။ နန္ဒီက အခွင့်ထူးခံကာ သူကြိုက်ရာ နှိုက်စား၏။ လင်ယောကျ်ား ဘာစားစရာကြိုက်တတ်သလဲဆိုတာ နန္ဒီ လုံးဝစိတ်မဝင်စား။

နန္ဒီကြိုက်တာ ဝမ်းဝအောင်စားရဖို့သာ အဓိက။ တစ်ခါတလေ အိမ်ထမင်း၊ ဟင်းများ ငြီးငွေ့သည်ဟုဆိုကာ နန္ဒီ ဆိုင်သွားစားတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ချက်ပြုတ်ထားသော စားစရာများ သွန်ပစ်ပေချော့ လုံးဝ မနမြော။ ငွေကို ရေလိုသုံးသော နန္ဒီအတွက် ငွေဆိုသည်မှာ မီးခံသေတ္တာထဲမှ ရသည်ဟူသော အတွေးသာသာ။

သြော် ... ငယ်သေးသဖြင့် အတွေးတိမ်နေရသော ဇနီးလေးကို ဦးအောင်လွင် အချိန်ယူကာ စည်းရုံးခဲ့ပါ၏။

မအောင်မြင်ခဲ့ပါ။ စည်းစနစ်ကျကျ သုံးစွဲဖို့ပြောတိုင်း နန္ဒီ ခြေဆောင့်နှုတ်ခမ်းစူကာ စိတ်ကောက်မဆုံးတော့။

ခက်တာကလည်း နန္ဒီစိတ်ကောက်တာကို သူ လုံးဝ မခံစားနိုင်ခြင်းပင်တည်း။

နန္ဒီ့ဘက်မှ စာနာစိတ်လေးဖြင့် တွေးမိတာက ...

"သြော် ... သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ကိုယ့်လို ဖအေအရွယ်ကြီးကို ယူထားရှာတာ၊ တော်ရုံ မေတ္တာနဲ့ မဟုတ်ပေဘူး၊ သူ စိတ်ချမ်းသာအောင်ပဲ ထားတော့မယ်လေ" ဟူသော အလျှော့ပေးစိတ်ကသာ အစဉ်လွှမ်းမိုးတော့၏။ ထိုစိတ်ဖြင့် သူ လိုက်လျောလေ နန္ဒီ ပို၍ နွဲ့ဆိုးဆိုးလေမို့ သူ့မှာ မရှုနိုင် မကယ်နိုင်။

နန္ဒီ ဝတ်စားလည်ပတ်နေတာသိသော်လည်း မတားရက်။ ခမျာ ပျင်းရှာမယ်၊ ကိုယ့်မှာလည်း အလုပ်တစ်ဖက်နဲ့မို့ နန္ဒီ့အတွက် အချိန်မပေးနိုင်တာကိုပင် စိတ်မကောင်း။

အင်း ... နောက်ဆိုရင်တော့ နန္ဒီ့ဆန္ဒအတိုင်း သူမလေး





သွားလာလည်ပတ်ချင်သမျှ နေရာတွေကို ကိုယ်လည်း လိုက်ပို့နိုင်အောင် ကြိုးစားရင်းနဲ့ပဲ နန္ဒီ့ဘဝလေးကို သာယာစေတော့မယ်လေ။

ခုများတော့ မိုးရွာတုန်း ရေခံထားရသည် မဟုတ်ပါလား။ နန္ဒီရာ ... ကိုကြီး ရှာဖွေနေတာတွေဟာ နန္ဒီ့အတွက်ပဲကွာ၊ မင်းလေး ဘာမှ နားမလည်ဘူးနော်။ ဝတ်မယ်၊ စားမယ်၊ လည်ပတ်မယ်၊ ကိုကြီးကို နွဲ့ဆိုး ဆိုးမယ်၊ ဒါပဲ မင်းတတ်တယ်။

ဒါလေးတွေနဲ့ပဲ ကိုကြီးလည်း သာယာနေမိတာပါလေ။ အရွယ်မမျှတာကို မင်း တစ်ခါမှ မစဉ်းစားဘူးနော်၊ အတူတူ သွားကြရင် တချို့တွေက လှောင်ပြုံးလေးတွေနဲ့ တိုးတိုးလေး ဝေဖန်ကြတာကို မင်းလည်းအကြားပဲ။

"နွားအို မြက်နုကြိုက်" တဲ့။

"ကျွန်တော်တို့လဲ အားနာပါဦး အဘရယ်" တဲ့။

"ဟား ... ပီယဆေးကောင်းလေး လိုချင်လိုက်တာ" တဲ့။

"ငွေဆိုတာ အကောင်းဆုံးပီယအေးထက်တောင် စွမ်းတယ်ဆိုတာ ဒါပေါ့" တဲ့လေ။

လူငယ်တွေရဲ့လေ ကိုယ့်မှာ စိတ်တိုရအခက်၊ ရှက်ရအခက်၊ ရယ်ရအခက်နဲ့၊ နန္ဒီလေးက ခေါင်းမော့ ရင်ကော့ပြီး တောင် ကိုယ့်လက်မောင်းကို ကျစ်ကျစ်ပါအောင် ပိုက်ထားတာ တွေ စဉ်းစားမိတိုင်း နန္ဒီအပေါ် ပိုလို့ ကရုဏာဖြစ်မိရလေပါ။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ကိုကြီးရဲ့ နန္ဒီလေးရယ် ...

ထမင်းစားခန်းထဲမှ ထွက်လာတော့ နန္ဒီကို ဧည့်ခန်းထဲမှာ ကြော့ကော့စွာ အပြင်ထွက်ရန် အသင့်အနေအထားဖြင့် လက်လက်ခါနေအောင် ပြင်ဆင်ထားတာတွေ့ လိုက်ရသဖြင့် —

"ဟင် ... နန္ဒီ ... ဘယ်သွားမလို့လဲ"

"မွေးနေ့ပွဲတစ်ခုသွားလို့ ကိုကြီးရဲ့"

"ကိုကြီး လိုက်ပို့ပေးရမလား နန္ဒီ"

နန္ဒီ မျက်နှာကွက်ခနဲ ပျက်သွားရပြီးမှ ကမန်းကတန်း ဟန်ဆောင်ပြုံးလေး ပြုံး၍ ...

"ရပါတယ် ကိုကြီးရဲ့၊ ကိုကြီးနားပါ၊ နန္ဒီ တစ်ယောက်တည်း သွားလိုက်ပါ့မယ်လေ"

နန္ဒီ့အတွက် သူကားဝါဝါလေးတစ်စီး ဝယ်ထားပေးပါ၏။

ကားလှလှ၊ လူလှလှဖြင့် နန္ဒီ့ဘဝလေးလှပအောင် သူအစွမ်းကုန် ဖြည့်ဆည်းထားလေသည်။

"ကိုကြီးအားပါတယ်၊ နန္ဒီ့ကို လိုက်ပို့မယ်နော်"

"အို ... ကိုကြီးကလဲ"

နန္ဒီမျက်နှာ ချက်ချင်း ရှုပုပ်သွားရပြီးမှ ...

"ကိုကြီးကို မလိုက်စေချင်လို့ ပြောနေတာကို "

"ဟင်"





အံ့အားသင့်သွားသော သူ့ကို နန္ဒီ မျက်နက်စောင်းလေး ခင်း၍ ...

"အခုပွဲက လူငယ်တွေချည်း သတ်သတ်လုပ်တဲ့ပွဲ၊ ကိုကြီးပါရင် ကိုကြီးပဲ အရမ်းကြောင်နေမှာပေါ့၊ နန္ဒီ့သူငယ်ချင်းတွေ အားလုံးဆုံကြမှာ၊ နန္ဒီ ကိုကြီးကို ယူတာ သူတို့ လုံးဝ မကြည်ကြဘူးလေ၊ ကိုကြီးလိုက်ရင် ကိုကြီးကိုဝိုင်းပြီး ပြောင်ကြမှာ သိလား"

"ဩော် ..."

သဘောပေါက်စွာ ခေါင်းညိတ်မိတော့၏။

"ကိုကြီးရယ် ... နန္ဒီလဲ မသွားချင်ပါဘူး၊ မလွှဲသာလို့ပါနော်၊ ဟွန်း ... ဒီပွဲမှာ နန္ဒီကို ကျော်နိုင်တဲ့လူ မရှိအောင် နန္ဒီကြွားပြချင်လို့လေ၊ သူတို့ထက် နန္ဒီသာနေပြီဆိုတာ သိစေရမယ် ဟွန်း"

သူ့ပခုံးလေးကို ဖွဖွမွှေးကိုင်ကာ သူ့ပါးကို ခြေဖျားလေးထောက် မော့်နမ်းလိုက်သော နန္ဒီ့အချွဲကြောင့် သူ့မျက်နှာ ပြုံးသွားရပါပြီ။

"ကိုကြီးက စိတ်မချလို့ပါကွာ"

"အဲမာ .. အားလုံးသိပါတယ်နော်၊ နန္ဒီဆိုတာ ကိုကြီးရဲ့ နန္ဒီပါပဲ"

"အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



နှလုံးအိမ်ကို ကြည်မွေ့စေပါသော အခရာလေးက အရာအားလုံးကို ဖုံးနိုင်ပါ၏။

"ကဲ ... နန္ဒီသွားမယ်နော် ကိုကြီး ... တာ့တာ"

"ကောင်းပါပြီဗျာ"

မော့်မော့်ကြွားကြွားလေး ကားမောင်းထွက်သွားသော နန္ဒီကို မျက်စိတစ်ဆုံးကြည့်ရင်း ပြုံးပြုံးလေး သူ ကျန်ရစ်ခဲ့ပါတော့၏။

ဩော် ... လူငယ်တွေပွဲမှာ နန္ဒီ လွတ်လွတ်လပ်လပ် ပျော်ရှာပါစေဟူ၍ သူတွေးနေချိန်မှ မလှတင်က နှာခေါင်းလေး ရှုံ့၍ မျက်နှာလေးမဲ့နေပါတော့၏။

●

❀❀❀



# အခန်း (၁၁)

"သမီး"

မေမေ့ ခေါ်သံကြောင့် လမင်း လှည့်ကြည့်လိုက်၏။

"ဟင် ... မေမေ"

ပန်းများထည့်ထားသောခြင်းကို ကိုင်ထားရင်းမှ မေမေ မသယ်နိုင်တော့။

အသံလေးချကာ မေမေ တဖြည်းဖြည်း ခွေကျသွားရ တာမို့ ...

"အမယ်လေး ... မေမေရယ်"

လမင်း မေမေ့အနားလျှင်မြန်စွာ ရောက်သွားရပြီး မေမေ့ကို ပွေ့ထားမိ၏။

"ကိုဝန်းရေ ... မောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံလေးနှင့် လမင်းခေါ်သံအဆုံးမှာ ပန်းခင်းကြားမှ ကိုဝန်း လွှားခနဲ ရောက်လာပြီး ...

"ဟင် ... မမ၊ မေမေ ဘာဖြစ် ..."

"ကိုဝန်း ... မေမေ ခေါ်လို့မရဘူး၊ ဆရာဝန် ... ဆရာဝန်"

"ဟုတ် ... ဟုတ်"

ကိုဝန်း သုတ်ခနဲ ပြေးထွက်သွား၏။

"မေမေ ... မေမေ"

မေမေ သတိလစ်နေလေပြီ။

မေမေရယ် ... ဘယ်လို ဖြစ်ရတာလဲနော်။

ခုတလော မေမေ ထမင်းစားလည်းနည်းနေတာကို လမင်းသတိပြုမိရာမှ ...

"မေမေ ... စားမကောင်းဘူးလားဟင်၊ နည်းလိုက်တာ"

"ကောင်းပါတယ် သမီးရယ် ... ဒီလောက်ပါပဲ၊ မေမေ စားနေကျလေ"

မေမေ ဘူးကွယ်ငြင်းတာသိပေမယ့် လမင်း မပြောသာ။

ည၌ ညဉ့်လည်း မေမေ အအိပ်အနေ နည်းလေသည်။ မေမေ အားနည်းလို့များလား။ မျက်နှာလေး ချောင်ကျနေသော မေမေ့ကို ကြည့်ရင်း လမင်း ဝမ်းနည်းနေမိ၏။

"မေမေ ... မေမေ"

မေမေ့ မေးစေ့လေးကို အသာလှုပ်ကာ ခေါ်လိုက်၊





အနီးရှိ သတင်းစာလေးဆွဲ၍ ယပ်ခတ်ပေးလိုက်နှင့် မျက်ရည် ဝဲစွာ လမင်း ဗျာများနေရစဉ်မှာ ကိုဝန်း ရောက်လာပါ၏။

"ဟင်"

ကိုဝန်းနှင့် အတူပါလာသူက ဒေါက်တာ အုပ်စိုး။

မျက်ရည်ဝဲဝဲနှင့် သူအား အားကိုးတကြီး ကြည့်လိုက်ပါသော လမင်းကို ရင်ထဲ အတိုင်းအဆမဲ့ရစွာ သနားသွားမိရပါတော့၏။

လမင်းကို အားပေးနှစ်သိမ့်ပြုံးလေးသော သူ့ ပြုံးပြမိရင်း ....

"အန်တီ နေမကောင်းဖြစ်နေလား လမင်း"

"ဟင့်အင်း ... ရုတ်တရက်ဖြစ်တာပါ ဒေါက်တာ"

"ကိုဝန်း ... အန်တီ့ကို အခန်းထဲ ရွှေ့ရအောင်"

ဧည့်ခန်းမှာမို့ အိပ်ခန်းအထိ ကိုဝန်းနှင့်နှစ်ယောက် ပွေ့ချီခဲ့ကြ၏။

"လမင်း ... ရေနွေး ယူပေးနော်"

"ဟုတ် ... ဟုတ်ကဲ့"

"ရေနွေး အဆင်သင့်ပဲ မမ၊ မတိုး ယူလာခဲ့မယ်နော်"

"ဩော် ... မတိုး၊ ယူခဲ့ပါ၊ ယူခဲ့ပါ"

ထူပူနေတာမို့ မတိုးကိုပင် လမင်း သတိမထားမိ။ အုပ်စိုးက လူနာကို သေချာစွာ စမ်းသပ်စစ်ဆေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးပေါင်ချိန်ခြင်းများ ပြုလုပ်အပြီးမှာ အားနည်းသည်၊ သွေးပေါင် ကျသည်ဟူသော ကောက်ချက်ကို ချနိုင်လေ၏။

"စိတ်မပူနဲ့နော်၊ နေကောင်းသွားမှာပါ၊ မကြာခင် အန်တီ သတိရလာလိမ့်မယ်"

ဆေးထိုးပေးရင်း အားပေးစကားပြောနေမိ၏။ လမင်းနှင့် ကိုဝန်းခများ မျက်နှာလေးညှိုးကာ မိခင်၏ ခြေထောက်ကို ဖွဖွလေး ဆုပ်နယ်နေကြလေသည်။

"ဟင်း"

"ဟော"

ဒေါ်ယဉ်မွန် လှုပ်ခနဲ သတိရပါလေပြီ။

လမင်းမျက်နှာလေး ဝင်းကနဲ ကြည်လင်သွားရကာ –

"မေမေ ... မေမေ"

"မေမေ"

မော်င်နှမနှစ်ယောက် မိခင်၏ လက်ဖျားများကို ဆုပ်ကိုင်ကာ အလျင်စလို ခေါ်လိုက်မိကြတော့၏။ ဒေါ်ယဉ်မွန် မျက်လုံး ဖျတ်ကနဲ ပွင့်လာရကာ ...

"ဟင် ... သမီး ... လာ၊ မေမေ ... ဘာဖြစ် ..."

မေးရင်းမှ ဒေါ်ယဉ်မွန် အုပ်စိုးကို ဖျတ်ကနဲ သတိထားလိုက်မိတာမို့ ဇဝေဇဝါဖြစ်နေစဉ် ကိုဝန်းက ...

"မေမေ သတိလစ်သွားတာလေ"





"ဟင်"

"ဟောဒီက အစ်ကိုကို သွားခေါ်ရတယ် မေမေ၊ ဒေါက်တာအုပ်စိုးလေ၊ အစ်ကိုက ဟိုဘက်ခြံက"

ကိုဝန်း၏ စကားအဆုံးမှာ မေမေ့မျက်လုံးတွေ မှတ်မိကြောင်း အရိပ်အယောင်နှင့် ခေါင်းညိတ်ပြပြီး ...

"ဩော် ... ကျေးဇူးတင်ပါတယ် ဒေါက်တာရယ်"

"ရပါတယ် အန်တီ၊ အိမ်နီးချင်းတွေပဲ၊ ကူညီရမှာပေါ့ဗျာ"

"အင်း ... မေမေ ဘာမှ မသိဘူးကွယ်၊ ခေါင်းထဲ ရိပ်ခနဲ မူးလိုက်တာဆိုတဲ့ စိတ်နဲ့ပဲ ခွေကျသွားတာ"

"အန်တီ အားလဲနည်းနေတာ၊ အစားအသောက် ပျက်နေသလား"

"ဒီလိုပါပဲကွယ်"

မရေမရာ ဖြေလိုက်သော ဒေါ်ယဉ်မွန်ကို သူ နားလည်ပါသည်။ အစားအသောက် ပျက်ရှာပေမည်။ ခံစားနေရသော စိတ်ဒုက္ခကို ကြိတ်မှိတ်အံတင်းထားရသူ မဟုတ်ပါလား။

အအိပ်လည်း ပျက်မှာပါပဲ။ လင်သား၏ စွန့်ပစ်မှုကို ခံရသော မိန်းမသားတစ်ယောက်အဖို့ အန်တီ အအိပ်ပျက်၊ အစားပျက်ဖြစ်ကာ သည်အချိန်အထိ ဟန်ကောင်းကောင်းနှင့် ဆင်းခံနိုင်တာကပင် အန်တီ့မာန်ကို ခန့်မှန်းနိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဆေးထိုး ဆေးသောက်မှန်မှန် လုပ်လိုက်ရင် ကောင်းသွားမှာပါ အန်တီ၊ ကျွန်တော် လာကြည့်ပေးပါ့မယ်"

"ဒေါက်တာ့ကို အားနာစရာ ကောင်းနေပြီ"

တကယ် အားနာလို့ ပြောတာလား၊ မလာစေချင်၍ ကာပြောပြောတာလားဆိုတာ ကာယကံရှင်မှသာ သိပါတော့မည်။

သို့သော် အုပ်စိုးကလည်း မခေပါ။ ကြည်လင်စွာပြုံး၍

"ကျွန်တော် ကြီးမေရဲ့ တူအရင်းခေါက်ခေါက်ပါ အန်တီ၊ ကြီးမေနဲ့အန်တီတို့ ညီအစ်မလို နေကြတာလို့ ကြီးမေ ပြောပါတယ်၊ အခုလဲ ကြီးမေ ဘုရားဝတ်ပြုနေလို့ပါ၊ ကျွန်တော့် အပေါ်မှာ အားနာစိတ် မထားစေချင်ပါဘူး၊ အန်တီ လိုအပ်တဲ့ အကူအညီတွေ အချိန်မရွေး တောင်းပါ၊ ကျွန်တော် ကူညီပါရစေ"

အဟင်း"

ဒေါ်ယဉ်မွန် ယဲ့ယဲ့လေး ပြုံးပါသည်။

လမင်းက ခေါင်းလေးငုံ့နေရှာပါသည်။ ဒေါ်ယဉ်မွန် စိတ်ထဲမှာ ပြောနေမိသည်က ...

"သိပါတယ် မောင်ရင်ရယ် ... မင်း ဘာကို ရည်ရွယ်တယ်ဆိုတာ အန်တီ နားလည်ပါတယ်၊ ဒါပေမယ့် မင်းတို့ ယောကျ်ားတွေရဲ့စိတ်ကို အန်တီ အယုံအကြည် မရှိတော့တာ





မင်း ဘာမှ မတတ်နိုင်ပါဘူးကွယ်၊ မမထားနဲ့ ရင်းနှီးတာက လူမှုရေးသက်သက်ပါပဲ"

"အမွန်ရေ"

"ဟော"

အသံနှင့်အတူ အခန်းထဲ ဝင်လာသူက ကြီးမေ ဒေါ်ခင်ထားပါ။

"နေမကောင်းလို့ဆို၊ ဘာဖြစ်တာလဲကွယ်၊ မမထားလဲ ဘုရားရှိခိုးနေလို့ မသိလိုက်ဘူးလေ၊ အောက်ဆင်းလာတော့မှ မိသန်းက ပြောတယ်၊ စိုးကို ကိုဝန်းလေး လာခေါ်သွားတာတဲ့၊ အမွန် နေမကောင်းလို့တဲ့၊ မမထားလဲ သိသိချင်း လာတာ"

"မူးပြီး သတိလစ်သွားတာပါ ကြီးမေ"

အုပ်စိုးက ပြောလိုက်တော့ ကြီးမေ ရင်ဘတ်လေးဖိ၍ ဒေါ်ယဉ်မွန်နံဘေး ဝင်ထိုင်ရင်း ...

"အို ... ဟုတ်လား၊ ဖြစ်ရလေကွယ်၊ အခုကော ဘယ့်နှယ်နေသေးလဲ အမွန်ရယ်"

"ကောင်းသွားပါပြီ မမထား"

"နေလို့လဲ ကောင်းသားပဲ မဟုတ်လား၊ အမွန့်ကို ပန်းခြံထဲ အမြဲတွေ့တွေ့နေရလို့လေ၊ မမထားဖြင့် မထင်ဘူး"

ဒေါ်ယဉ်မွန့်လက်ကလေးကို ကြင်နာစွာကိုင်၍ ဒေါ်ခင်ထား ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... အမွန်ရယ် ... သနားမိပါရဲ့။

ခမျှာ ပန်းပင်ကြားမှာ တကုတ်ကုတ်နဲ့ စိတ်ဝေဒနာကို ကျိတ်ပြီး ကုစားနေရှာတာ။ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ် ဖြတ်ပြီးနေတဲ့ အမွန့်ကို မိမိတို့လည်း နားလည်စိတ်ဖြင့် အလိုက် သင့်နေပေးမိတာဟာ မှားနေပြီလား။ ပစ်ပယ်ထားသလိုများ ဖြစ်နေပြီလား။ မိမိစကားကို ဒေါ်ယဉ်မွန် မချိပြုံးလေးပြုံး၍

"မမထားရယ် ... အားနည်းလို့ မူးသွားတာပါ။ ခန္ဓာ ကိုယ်ရဲ့ ဖောက်ပြန်တတ်တဲ့ တရားသဘောတွေပေါ့... အဟင်း"

"ဩော်ကွယ်"

ဒေါ်ခင်ထား ဘယ်လို နှစ်သိမ့်ရမှန်း မသိတော့။

အမွန့်စကားတွေက ခံစားချက်ရှိစွာ နက်နဲနေရသည် မဟုတ်ပါလား။ ဆိုလိုချက်က ရိုးမြေကျဟု သစ္စာနှံထားသော ခင်ပွန်း သည်ဇင် ဖောက်လွဲဖောက်ပြန် ပြုမူသွားသေးသည်ပင်။ သက်ရှိ သွေးသားများဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်၏ ဖောက်ပြန် မှုကား အကြောင်းမဟုတ်ပါဟူ၍ပင် မဟုတ်ပါလား။

"အားမငယ်ပါနဲ့ အမွန်ရယ် ... မမထားတို့ ရှိပါတယ်နော်"

သူ့စကားကြောင့် ဒေါ်ယဉ်မွန် ခေါင်းဆတ်ခနဲခါရင်း...

"အို ... အမွန် အားမငယ်ပါဘူး မမထား၊ ဘယ်တော့မှ အားမငယ်ခဲ့ပါဘူး၊ မမထားက အမွန့်ကို အားငယ်နေတယ်လို့ ထင်နေတာကိုး. အဟင်း ...ဟင်း"





အံကြိတ်ကာ မချိတရိအပြုံးဖြင့် မေမေ ရယ်လိုက်တော့ ...မင်းရော ကိုဝန်းပါ မျက်နှာညှိုးနေကြ၏။ ဒေါ်ခင်ထားက ...က်ပြင်းလေးချ၍ ....

"မမထား ပြောတာက နေထိုင်မကောင်းရင် ဘယ်သူ ...ို စိတ်အားငယ်တတ်တာကို ပြောတာပါ အမွန်ရယ်"

"ကျေးဇူးတင်ပါတယ်နော် ... မမထား"

"ကိစ္စမရှိပါဘူး အမွန်၊ ဟောဒီက စိုးဆိုတာလဲ မမထား ...မ ခင်လေးရဲ့သားပဲ၊ ဆရာဝန်ဆိုတော့ ကျန်းမာရေးအတွက် ...ချိန်မရွေးခေါ်ပါ အမွန်ရယ်၊ ဟိုကတည်းက ညီအစ်မတွေလို ...လာကြတာပဲကွယ် ရင်းရင်းနှီးနှီးပေါ့"

ဒေါ်ယဉ်မွန် ပြုံးနေပါသည်။ ဘာမှတော့ မပြော။ ပြီးမှ

"မမထား"

"ဟင် ... ဘာလဲ အမွန်"

"သမီးနဲ့သားအတွက်၊ အမွန် ရှိနေမှ ဖြစ်တဲ့အတွက် ...မွန် သေလို့မဖြစ်သေးပါဘူးနော်"

"အို ... မေမေ"

"ဟာ ... မေမေကလဲဗျာ"

"ဟဲ့ ... အမွန်ရယ် ... မတွေးကောင်းတာ၊ ဘာလို့ ...ရမှာလဲ၊ အမွန် ငယ်ငယ်လေးရှိသေးတာ"

အုပ်စိုး သက်ပြင်းလေး မှုသိမသာ ချမိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ယဉ်မွန်က သူ့စကားကြောင့် အားလုံး လှုပ်ရှားသွားကြ
သည်ကို ပြုံး၍ ...

"သဘောကို ပြောတာပါ မမထားရယ်၊ အခုအချိန်မှ
ကလေးတွေရဲ့ အားကိုးအားထားရာဟာ အမွန်ပဲ မဟုတ်လား
အမွန်မရှိလို့ ဘယ်လိုမှ မဖြစ်ဘူး၊ ရှိကိုရှိနေမှ ဖြစ်မှာ"

"အမွန်ရယ် ... ကလေးတွေ စိတ်မကောင်းအောင်
မပြောပါနဲ့ကွယ်၊ ပြီးတော့ အမွန်လဲ ကျန်းမာအောင်နေ —
ဟုတ်လား"

"ကျန်းမာတယ်ဆိုတာ ကိုယ်ရောစိတ်ပါ ကျန်းမာ
မမထားရဲ့၊ အမွန် လူကျန်းမာပေမယ့် စိတ်တွေ သေနေပြီအေ
ဒါပေမယ့် ကလေးတွေအတွက် အမွန့်စိတ်တွေကို အမွန် ကြိုး
စားပြီး တင်းထားနေပါတယ် မမထား"

"အင်း ... အမွန်ဟာ မိခင်ကောင်းတစ်ယောက် မိန်း
မြတ်တစ်ယောက်ပါကွယ်၊ ဒါတွေက အတိတ်ကံရဲ့ ဝဋ်ကြွေးရ
လို့ နှလုံးသွင်းပြီး တရားနဲ့ဖြေ၊ အာဃာတတွေ မထားဘဲ မေ
နဲ့ ကုစားပါ ညီမရယ်နော်၊ အမွန် ချမ်းသာသွားလိမ့်မေ
မမထား ပြောတာ နားထောင် ဟုတ်လား အမွန်"

"ကောင်းပါပြီ မမထားရယ်"

"လမင်း ... အန်တီ့ကို ဆေးတိုက်ရအောင်"

"ဟုတ်ကဲ့"





သူပြောတော့ လမင်း ရေချိုင့်ထဲမှ ရေကို ငှဲ့လိုက်၏။

"အန်တီ့ကို အနားယူခိုင်းလိုက်ပါနော်၊ တစ်ပတ်
သောက်ပေါ့"

"ဟုတ်ကဲ့"

"သမီး"

"ရှင် ... မေမေ"

"မမထားတို့ကို တစ်ခုခု ဧည့်ဝတ်ပြုလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါ မေမေ"

"အို ... နေပါစေ အမွန်ရယ်၊ မမထား ထမင်းချိန်နီးနေ
ပြီကွယ်၊ ဘာမှ မစားတော့ဘူးနော် သမီး"

ဒေါ်ယဉ်မွန်က ဆေးသောက်လိုက်ပြီးမှ ...

"ဒါဖြင့် ဘုရားတင်ဖို့ ပန်းလေးတွေ ပေးလိုက်ပါကွယ်"

"အေး ... အေး ... ယူမယ်၊ အမွန်တို့လဲ ကုသိုလ်ရ
အောင် ကဲ ... မမထား သွားတော့မယ်နော်"

"ဟုတ်ကဲ့ မမထား"

"ကျွန်တော် ပြန်လိုက်ပါဦးမယ် အန်တီ"

"ကောင်းပါပြီ ဒေါက်တာ"

ကြီးမေနှင့်သူ အပြင်ရောက်တော့ လမင်းက ...

"ကြီးကြီး ... ခဏလေးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သမီးရယ်၊ ညည်းအစ်ကိုကို ပေးလိုက်၊ ကြီးကြီးကို ဟိုမှာ ညည်းတို့ဘကြီး မျှော်နေပြီ၊ သွားမယ်ဟေ့"

ကတ်ကြေးယူရင်း လမင်း ခြံထဲဆင်းကာ ပန်းတွေဖြတ်တော့ အုပ်စိုးလိုက်လာရင်း ...

"လမင်း ... သိပ်စိုးရိမ်သွားလား"

"စိုးရိမ်တာပေါ့ ဒေါက်တာရယ် ... လမင်းတို့မှာ မေမေ့အားကိုးပဲရှိတာ၊ မေမေသာ တစ်ခုခုဖြစ်ရင် လမင်းတို့ ဒုက္ခပါပဲ"

"လမင်း"

"ရှင်"

"ကိုယ့်ကို အားမကိုးချင်ဘူးလားဟင်"

"အို ..."

ဖြတ်ပြီးသားပန်းများကို အုပ်စိုးလက်ထဲ အတင်းထိုးပေးရင်း လမင်း ရှက်ရိပ်ဝဲစွာ ပြေးထွက်ခဲ့ပါတော့၏။

❀❀❀



# အခန်း (၁၂)

ဒေါ်ယဉ်မွန် နေကောင်းသွားပါပြီ။

အုပ်စိုးလည်း တစ်နေ့တစ်ခေါက် ပုံမှန်ရောက်ကာ ဒေါ်ယဉ်မွန်ကို ဆေးကုပေးလေသည်။

အဆင်ပြေပါသည်။ ဒေါ်ယဉ်မွန်၏ အသိအမှတ်ပြုမှုကို ခံရပါ၏။ ကျေးဇူးရှင်မဟုတ်ပါလား။ ပို၍ ဝမ်းသာစရာ ဖြစ်ရသည်က လမင်းနှင့် နေ့စဉ် စကားပြောခွင့်ရခြင်းပင်တည်း။

ဒေါ်ယဉ်မွန် နေမကောင်းစဉ်ကာလ တစ်လျှောက်လုံး ဝန်းကိစ္စများကို လမင်းနှင့် ကိုဝန်းတို့ အဓိက လုပ်ကြရပါသည်။

ဒေါ်ယဉ်မွန်ကို လမင်းတို့က ခြံထဲ လုံးဝမဆင်းခိုင်းသေးချေ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဒေါ်ယဉ်မွန်ကို ဆေးထိုးပြီးလျှင် အုပ်စိုးမှာ လမင်း ပန်းဖြတ်သည့်နေရာသို့ ရောက်လာကာ စကားစမြည် ပြောရလေသည်။

ချစ်စရာအကောင်းဆုံးက ကိုဝန်းပင်။

အုပ်စိုးကို အလွန်လေးစားခင်မင်စိတ်ဖြင့် တပြုံးပြုံး နှင့် အလုပ်တွေကိုသာ ကုန်းလုပ်နေတော့၏။

လမင်းအနားသို့ ဘယ်တော့မှမလာပါ။ အုပ်စိုးက လည်း ရတောင့်ရခဲ အခွင့်အရေးမို့ အချိန်ရှိခိုက်မှာ လုံ့လစိုက်ရပါ တော့၏။

"လမင်းတို့ခြံက ပန်းတွေ လှလိုက်တာကွာ"

"စိုက်တဲ့လူရဲ့ ဂရုပြုမှုပေါ့ ဒေါက်တာ၊ ပန်းတွေ များ များလှမှ လမင်းတို့လဲ လှမှာလေ"

လမင်းက စကားတတ်၏။

"လမင်းက လှပြီးသားပဲ"

လမင်း ရင်ထဲ ဖိန်းကနဲ ခုန်သွားရပြီးမှ ဟန်မပျက် ရယ် လိုက်ရင်း ပြောလိုက်၏။

"အဟင်း ... ပန်းလေးတွေ ငိုနေပါ့မယ် ဒေါက်တာရယ်"

"လမင်း"

"ရှင်"

"ကိုယ် လမင်းကို ခွင့်တောင်းစရာတစ်ခုရှိတယ်"





"ဘာများပါလိမ့်"

"လမင်းကို ကိုယ် လက်ထပ်ပါရစေ"

"အို ..."

လမင်းမျက်နှာလေး ရဲခနဲနီသွားရ၏။

ပန်းပင်တွေ အယောင်အမှားမှား ဖြတ်မိနေတော့သည်။

"လမင်း သိမှာပါ။ ကိုယ် လမင်းကို စိတ်ဝင်စားနေမိ တာ ကြာပြီလေ"

လမင်း မသိပါဘူးနော်၊ ဘာလို့ သိရမှာလဲ။ လမင်း အေးအေးပဲ နေပါရစေ ဒေါက်တာရယ် ...

အဆင့်အတန်းချင်းလည်း လှမ်းလှပါတယ်။ လမင်း စိတ်ကူးမယဉ်ပါဘူးနော်။

"လမင်း"

"ဟင်"

"ကိုယ်ပြောတာ ကြားပါတယ်နော်"

လမင်း ခေါင်းလေး အသာညိတ်ပြမိရင်း တစ်ဆက် တည်း ...

"မဖြစ်နိုင်ပါဘူး ဒေါက်တာရယ်"

"ဗျာ ... လမင်း"

ကွက်ကနဲ ပျက်သွားရသော အုပ်စိုးမျက်နှာမှာ လုံးဝ မမျှော်လင့်ထားသော စကားမို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာကြောင့်လဲဟင် လမင်း"

"ဒေါက်တာရယ် ... ဒေါက်တာနဲ့ လမင်းသိကြတာ ရက်ပိုင်းပဲ ရှိပါသေးတယ်"

"ဒီမယ် ... လမင်း"

"ရှင်"

"အဲဒီရက်ပိုင်းလေးထဲမှာကို မြင်မြင်ချင်း မြတ်နိုးမိတဲ့ စိတ်က ဘာနဲ့မှ တိုင်းဆလို့ မရဘူးဆိုတာ လမင်း ယုံပါကွာ"

ယုံပါတယ်ရှင်၊ လမင်းလဲ စိတ်လှုပ်ရှားခဲ့သေးတာပဲ လေ၊ ဒါပေမယ့် ဒေါက်တာရယ်၊ လမင်းကြောက်တယ်၊ မေမေ ပြောတဲ့စကားတွေထဲမှာ သစ္စာပန္နက် ဘယ်လောက်ပဲ စိုက်ယူခဲ့ ပါစေ၊ ဖောက်ချိုးချင်လာရင် အလွယ်လေး၊ ဘာကိုမှ မထောက်ညှာတတ်တဲ့ ညာဉ်ဆိုးတွေဟာ ယောကျ်ားအများစု မှာ ရှိတတ်တယ်တဲ့လေ။ လမင်း ရင်ထဲမှာလေ ယုံလည်းယုံ ကြည်မိပါရဲ့။ အသည်းနှလုံးနဲ့ စဉ်းစားမိပြန်တော့လည်း မယုံရဲ မိသလိုလို၊ အို ... လမင်း ဝေခွဲလို့ မရတော့ပါဘူးရှင်။

"လမင်း ... မယုံဘူးလားဟင်"

"ဟင်"

အလေးအနက် မေးလာသော သူ့ကိုလည်း လမင်း မကြည့်မိအောင် မျက်နှာလေးလွှဲရင်း ...

"ဒေါက်တာရယ် ... ယုံတယ်၊ မယုံဘူးဆိုတာ အချိန်





ကာလရဲ့အပေါ်မှာ ဆုံးဖြတ်ရမယ့်ကိစ္စပဲလေ၊ လမင်းတို့ သိကြ တာ သိပ်ကို စောလွန်းပါသေးတယ်ရှင်"

စကား အလိမ္မာလေးနှင့် လမင်း လမ်းလွှဲတော့ သူ ခေါင်းခါမိရင်း ...

"လမင်းရာ ... ကိုယ် ဘယ်လိုပြောရမှန်းကို မသိတော့ ဘူးကွာ၊ ရင်ထဲမှာလေ လမင်းကို သိပ်ချစ်နေမိတယ်"

"အို"

ပွင့်လင်းရဲတင်းလွန်းတာလား။

လေးနက်သော ခံစားချက်၏ စေ့ဆော်မှုကြောင့် နှစ်နှစ်ကာကာကြီး ပြောလိုက်သော သူ့စကားအဆုံးမှာ လမင်း ခမျာ ရင်ထဲ ဖိန်းခနဲရှိန်းသွားရရင်း ကိုင်မိကိုင်ရာ နှင်းဆီစူးလေး ကို အားပါးတရလေး ယောင်ယမ်းကိုင်လိုက်မိတာမို့ ...

"အို ..."

"ဟင် ... လမင်း"

လမင်း လက်ကို ဆတ်ခနဲ ရုတ်ကာ မျက်နှာလေးရှုံ့၍ ကြည့်လိုက်ရာ လက်ညှိုးမှာ စိုက်ဝင်သွားသော စူးခက်မှ သွေး လေးစို့ကနဲ ဖြစ်လာတာမို့ ...

"လမင်း ဆူးစူးသွားပြီကွာ၊ ပြစမ်း"

ပြောပြောဆိုဆို သူ့မှာ ဘာကိုမှ သတိမထားတော့ လမင်း လက်ကို ဖျတ်ကနဲ ဆွဲယူကာ သွေးစို့နေသော နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



သွေးများ စိမ့်ထွက်လာအောင် သူ့လက်ဖြင့် အသာလေး ဖျစ်ညှစ်ပေးလိုက်တာမို့ လမင်းခမျာ ဆူးစူးသော ဝေဒနာထက် ရင်ထဲမှာ ဖြောင်းဆန်လောက်အောင် လှုပ်ရှားသွားရခြင်းနှင့် အတူ ရှက်လန့်တကြားလေး ရုန်းယူလိုက်မိကာ မျက်နှာတစ်ခုလုံး နီရွေးနေရပါတော့၏။ ထိုအခါမှ သူလည်း သတိထားမိဟန်ဖြင့် ...

"ဟို ... လမင်း စိတ်မဆိုးနဲ့နော်၊ ကိုယ် လမင်းလက်နာတာ ကောင်းစေချင်လို့ပါ၊ ဆူးဆိပ်တွေ သွေးတွေ မညှစ်ဘဲထားရင်တက်တတ်တယ်လေ၊ အဲဒါကြောင့်ပါ"

လမင်း ဘာမှမပြော။ သူ ကိုင်ညှစ်ထားသော လက်ကို တုန်ယင်စွာ ကိုင်မိကာ ရင်တွေ တလှပ်လှပ်ခုန်နေမိ၏။ သူ့လက်နွေးနွေးနှင့် အကိုင်ခံရသော လမင်းလက်များမှ စွမ်းအင်တစ်ခုခု လမင်းရင်ထဲ ရုတ်ခြည်း စီးဝင်လာသလိုပင်။

လမင်း သူ့ရှေ့မှာ မနေချင်တော့။ သို့သော် ... ထွက်လည်း မထွက်သွားချင်။ အိမ်ရှင်မို့ ရိုင်းရာကျမည် စိုးသည်ထက် သူ့မျက်မှောက်အောက်မှာ လမင်း တွယ်ငြိစွာ မရုန်းထွက်ချင်သော စိတ်ဆန္ဒများကို အလန့်တကြားလေး သတိထားလိုက်မိပါတော့၏။

အို ... ဘုရားရေ ... လမင်း သူ့ကို ချစ်မိနေပြီလားနော်။

"လမင်း"





"ဟင်"

"ခုဆို အန်တီလဲ နေကောင်းသွားပြီလေ"

လမင်း ခေါင်းညိတ်မိကာ ...

"အဲဒီအတွက် လမင်း အရမ်းကို ကျေးဇူးတင်နေတာပါ"

လမင်းစကားကို သူပြုံးမိကာ ...

"ကျေးဇူးတင်တယ်... ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို ကျေးဇူးဆပ်ရမယ်နော်"

"ဟင်"

လမင်း မျက်လုံးလေး ဝိုင်းကနဲ လန့်ဟန်ပြုတော့ သူနှစ်ခြိုက်မြတ်နိုးရလွန်းစွာ ရယ်မိရင်း သနားသွားရကာ ...

"အဟင်း ... အလကား နောက်တာပါကွာ၊ ကိုယ်ပြောချင်တာက လမင်းဆီ ကိုယ် နေ့တိုင်းလာချင်ပေမယ့် မသင့်တော်တော့ဘူးလေ"

"ဟင်"

သူပြောမှ လမင်းလည်း သတိရမိတော့၏။

သြော် ... တစ်ပတ်အတွင်း သူနှင့်လမင်းတို့၏ ခင်မင်မှုလေးမှာ မထင်မှတ်စရာ တွယ်တာနေမိပါပြီကော။

"ကိုယ် တစ်ခု စဉ်းစားမိတယ် လမင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လမင်း လက်ခံမယ်ဆိုရင် ကိုယ် မေမေတို့ကိုခေါ်ပြီး လူကြီးချင်း ..."

"အို ... အို ... နေပါဦး ဒေါက်တာရယ်"

လမင်း ကမန်းကတန်း လက်ကလေးပင်ကာမိကာ ပြောလိုက်ရတော့၏။ ခုရေတွင်းတူး၊ ခု ရေကြည်သောက်ဖြစ်နေသော သူ၏ စိတ်စောမှုကိုလည်း လမင်းမှာ ကြည်နူးရအခက်၊ ရယ်ရအခက်နှင့် ရှိနေလေတော့၏။

အုပ်စိုးက လမင်းမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ကာ

"ဘာလို့လဲဟင် ... လမင်း"

"လမင်း စဉ်းစားပါရစေဦးနော်"

"ဘာကိုစဉ်းစားမှာလဲ ဟင်"

ကြည့် ... သိပ်ကို ကဲတဲ့လူ၊ လမင်း စဉ်းစားတာကိုပင် သူ့မှာ သိချင်နေရပြန်ပြီလေ။ ရိုးတာလား၊ သည်းတာလား ကဲလွန်းသောသူ့ကို လမင်း အမှတ်မထင် မျက်စောင်းလေး ဝေ့မိရင်း ...

"အို ... ဒါတော့ လမင်းရင်ထဲရှိတာပေါ့။ ဘယ်ပြောလို့ရမလဲ"

"ကိုယ်သိချင်လို့ပါ"

"ဘာလုပ်ဖို့လဲ"





"လမင်းရဲ့ မှတ်ကျောက်မှာ ကိုယ် ဒေါင်ဒေါင်မြည် ဖြစ်မဖြစ်ပေါ့"

"ဒေါက်တာ့ အရည်အချင်းတွေဟာ ဒေါက်တာ့ဆေးရုံဝန်းကျင်မှာ ဒေါင်ဒေါင်မြည်နေတာပဲ မဟုတ်လား"

"ဟင့်အင်း"

"ဟင်"

အံ့ဩဟန်လေးဖြင့် ကြည့်လိုက်သော လမင်းမျက်ဝန်းများဆီ သူ့အကြည့် ရယ်ရွှန်းရွှန်းလေးကို မြတ်မြတ်နိုးနိုး ပို့လွှတ်ရှုးစိုက် ပြုံးကြည့်ပြီးမှ တိုးတိုးလေး ပြောလိုက်၏။

"ကိုယ့်ဆန္ဒရှိတဲ့ ပတ်ဝန်းကျင်က ဟောဒီ လမင်းလေးရဲ့ပတ်ဝန်းကျင်တစ်ခုပဲလေ"

"အို"

"နော် ... လမင်း၊ မေမေတို့ကို ကိုယ်ခေါ်လိုက်မယ်"

"အို ... မဟုတ်တာ၊ လမင်း ဘာမှ မဆုံးဖြတ်ရသေးတာကို"

"အချိန်ယူမှာလား"

"အချိန်ယူပြီး စဉ်းစားရမှာပေါ့"

"ဘယ်လောက်ကြာမှာလဲ"

"တစ်နှစ်တန်သည် နှစ်နှစ်၊ သုံးနှစ်တန်သည်ပေါ့"

"အမယ်လေးဗျာ ... နှစ်နဲ့ချီပြီးတော့ မစဉ်းစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ဗျာ၊ ဟော်ဒီရင်ထဲက ချစ်ခြင်းမေတ္တာဟာလေ လမင်းအတွက် သက်ဆုံးတိုင်ရိုးမြေကျအချစ်ပါကွာ ... နော်"

သူ့ရင်ဘတ် သူ့အသာလေးထောက်ပြကာ ရဲရဲကြီးအာမခံ နေသော အုပ်စိုးအား လမင်း မရယ်မိအောင် မျက်နှာလွှဲထားရင်းမှ ခပ်အေးအေးလေးပြောလိုက်၏။

"အရင်တုန်းက ဒီလိုပဲ စောင့်ကြည့်ရတယ်လို့ ကြားဖူးတာပဲလေ"

"ဟာ ... အဲ့ဒီ အတွေးအခေါ်တွေက ဟောင်းသွားပြီ လမင်းရာ၊ လမင်းလဲ ခေတ်ရဲ့ သမီးပျိုပဲကွာ၊ ပြီးတော့လေ ကိုယ့်ရင်ထဲက အချစ်တွေကို လမင်းပြောသလို နှစ်နဲ့ ချီပြီးတော့လဲ ကိုယ် စောင့်နိုင်မှာ မဟုတ်ဘူးကွာ"

"ဟင်"

သူ့စကားကြောင့် လမင်းမျက်နှာလေး ကွက်ခနဲပျက်သွားတော့ သူ ပြုံးရင်း ဆက်ပြောလိုက်၏။

"အသည်းနှလုံးတွေက စိတ်မရှည်ဖြစ်လာရင် ဖြစ်လိုရာဖြစ်ဆိုပြီး လမင်းကို ခိုးပြေးမိမှာဗျ သိလား"

"အို"

"ကဲ ... ကိုယ်သွားတော့မယ် နော် ... လမင်း၊ အမြန်ဆုံးစဉ်းစားပေးကွာ၊ ဝမ်းသာစရာသတင်းပဲ ဖြစ်ပါစေနော်"





နှုတ်ဆက်ပြီး သူထွက်သွားတော့ လမင်းရင်ထဲဟာပြီး ကျန်ရစ်ခဲ့သလိုလို။

သူ့စကားတွေက လမင်းအတွက် နားဝင်ပီတိဖြစ်စေတဲ့ စကားတွေရယ်လို့ သေချာလိုက်ချိန်မှာ လမင်းရင်ထဲ နွေးခနဲ လှိုက်ဖို့သွားရပါပြီတည်း။

အို ... လမင်းလည်း သူ့ကို ချစ်နေမိပြီးထင်ာနော်။

ဒေါက်တာရယ် ... လမင်း ယုံလိုက်ရမှာလားရှင်။

"သမီးရေ"

"ဟင်"

မေမေ့ခေါ်သံကြောင့် လမင်း ပန်းခင်းထဲမှ သွက်သွက်လေး အိမ်ပေါ်တက်လာခဲ့မိ၏။

မေမေ ဧည့်ခန်းမှာ ထိုင်လိုက်ရင်း ...

"ပန်းတွေ ဖြတ်ပြီးပြီလား သမီး"

"ဟုတ်ကဲ့ မေမေ"

ပြောရင်း မေမေ့ဘေးမှာ လမင်းဝင်ထိုင်တော့ ...

"လမင်းကို ဘာခိုင်းမလဲဟင် မေမေ"

"မခိုင်းပါဘူးကွယ်၊ ပြောစရာရှိလို့ပါ"

"ဟင်"

လမင်း ထိတ်ခနဲဖြစ်သွားရ၏။ မေမေ လမင်းကို ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ချင်း မေတ္တာမျှနေကြပြီလားကွယ်"

မေမေ့အမေးက လမင်းရင်ထဲ ဒိုင်းခနဲ ဆောင့်ကာ ထူပူသွားရတာမို့ ကမန်းကတန်း ခေါင်းလေးခါမိကာ ...

"အို ... မဟုတ်ပါဘူး မေမေရယ်၊ ဒေါက်တာကသာ လမင်းကို ဟို ... ဟို"

စကားထစ်နေသော လမင်းကို မေမေ ယဲ့ယဲ့လေး ပြုံးတာ ...

"အင်း ... ချစ်ခွင့်ပန်ပြီပေါ့ ဟုတ်လား သမီး"

"ဟုတ်ကဲ့"

"သမီးကကော"

"လမင်း စဉ်းစားပါရစေဦးလို့ ပြောလိုက်တာပါ"

"အင်း ... အင်း၊ စဉ်းစားပါ သမီးရယ်၊ ရုပ်ချော သဘောကောင်း ဥစ္စာပေါ ပညာတတ်တဲ့ မောင်အုပ်စိုးရဲ့ ဝန်းကျင်မှာ အဆင့်တူ၊ အလွှာတူတွေမှ အများကြီးပဲ၊ အဲဒီက ခွဲထွက်ပြီး ကိုယ့်ကို နှစ်သက်တယ်ဆိုတော့လဲ အများကြီး စဉ်းစားရမှာပေါ့ကွယ်"

❀❀❀



# အခန်း(၁၃)

"ဘာပြောတယ် သမီး၊ မပျော်ဘူး ဟုတ်လား"

"ဟုတ်တယ် မာမီ၊ နန္ဒီ မပျော်တော့ဘူး"

ဒေါ်မာလာ မျက်လုံးပြူးသွား၏။

နန္ဒီကို နားမလည်နိုင်စွာ ကြည့်မိသော အကြည့်များ ... ဒေါသများလည်း ပါနေ၏။ နန္ဒီက မာမီ့မျက်နှာကို လုံးဝ ... ကြည့်။

ရဲတွတ်နေအောင် ဆေးဆိုးထားသော နှုတ်ခမ်းကို ... လိုမကျဟန် စူထော်ထားကာ အဝေးသို့ ငေးနေလိုက်၏။ ... မျက်ဝန်းများမှာ ဆန္ဒမပြည့်မှုများဖြင့် ရီဝေမှုန်မှိုင်းနေလေ ... ည်။ ဒေါ်မာလာ မသိမသာ ခေါင်းခါမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းလေး ဖွဖွချရင်း လက်ရှိ ထွက်မလိုလိုရှိ
သော ဒေါသကိုလည်း အချိန်မီ ထိန်းချုပ်လိုက်လေသည်။

ဩော် ... သမီးအပေါ် စိတ်တိုစိတ်ဆိုးနေ၍ မဖြစ်
ဘူးလေ၊ သူ့ခမျာ ဖြစ်လည်းဖြစ်သင့်ရှာပဲကိုး။ အသက်ကြီး
သော လူတစ်ယောက်ကို ယူထားရသော သမီးလေးဘ
ချက်ချင်းသတိရလိုက်မိ၏။

ခမျာ စိတ်ညစ်နေရှာမှာပဲ။ ကိုယ်မွေးထုတ်ထားတဲ့
မို့ ကိုယ့်သမီးအကြောင်း ဒေါ်မာလာ အသိဆုံး။ အလှကြီး
အကောင်းကြိုက်၊ အပျော်အပါးကြိုက်၊ ဘာအပူ အပင်မှမ
နဂိုလှပြီးသော ပင်ကိုရုပ်ရည်ကို ပို၍ပို၍လှအောင်
ပြင်ဆင်တတ်၏။

ယမင်းရုပ်ဝမာ လှပလွန်းသော သည်သမီး လေ
ဒေါ်မာလာ စိတ်ကူး ဖဲအမျိုးမျိုး ရိုက်ခဲ့မိလေ၏။ ခက်တာ
သမီးမှာ အဆင်းသာရှိ၍ အချင်း လုံးဝ မရှိ။ ဘာမှ မလုပ်တ
မကိုင်တတ်။

အလှပြင်၍ အလည်အပတ် သွားလာချင်သော အ
မှ လွဲ၍ နန္ဒီ ဘာတစ်ခုကိုမှ စိတ်မဝင်စားတတ်ချေ။ ထမင်း
ချက်ပြုတ်တတ်ဖို့ဆိုတာ ဝေလာဝေး။

အပွန်း ... မီးဖိုချောင် အလုပ်ကစတဲ့ အိမ်ရှင်မ တာ
တွေနဲ့ သက်ဆိုင်တဲ့ အလုပ်မှန်သမျှ သမီးမတတ်တာ အ





မဟုတ်ပါ။ မိမိကိုယ်တိုင်ပင်လျှင် မတတ်တာ မဟုတ်ပါလား။
အိမ်ဖော်တွေရဲ့အလုပ်ဟူ၍ မိမိခေါင်းထဲ စွဲနိုင်နေရပါသော
အဘိဓမ္မာတွေပါ။

မိဘများက အထည်ကြီးပျက်တွေမို့ ဒေါ်မာလာတို့
ဟန်ထည်ထည်နှင့်နေကာ အလုပ်ကောင်း ဝင်ငွေကောင်းသော
သမီးတို့ဒယ်ဒီ လူရိုးကြီးကို အပိုင်ဖမ်းယူနိုင်ခဲ့သည် မဟုတ်ပါလား။

ခင်ပွန်းသည်ရှိစဉ်တုန်းက ဒေါ်မာလာတို့ဘဝမှာ လက်
များငွေသီးကာ ထင်တိုင်းကြဲနိုင်ခဲ့၏။ အလုပ်ဒဏ်ပိလွန်း၍
လားမသိ။

သမီးဒယ်ဒီ ဦးနှောက်သွေးကြောပြတ်ကာ ခေါက်ခနဲ
ဆုံးသွားချိန်မှာ ဒေါ်မာလာ အတော်လေး မနေတတ် မထိုင်
တတ် ဖြစ်ခဲ့ရလေပြီ။

မိဘများကို အားကိုးရန်လည်း မရှိကြလေပြီ။ ဆွေမျိုး
မောင်နှမများကလည်း စရိုက်ခြားနားသော မိမိကို ဆေးဖော်
ကြောဖက် မလုပ်ချင်ကြ။

ဟွန့် ... နေကြပေါ့၊ ဂရုမစိုက်ပါဘူး။ ရှိစဉ်အခါမှာ
ထင်သလို သုံးဖြုန်းခဲ့ပြီမို့ မရှိတဲ့ဘဝမှာ ဒေါ်မာလာ မာနတွေမချ။

အရွယ်ရောက်စပြုနေပါသော သမီး၏ အလှကြောင့်
လေထဲ တိုက်အိမ်ဆောက်ပစ်နေမိတာမှ မဟာ ... တစ်လုံး၊ မဟာ...
တစ်လုံး။ သမီးဖြစ်သူ နန္ဒီကလည်း မအေ့သွေးလုံးလုံး။

www.burmeseclassic.com

www.burmeseclassic.com



မအေ့စရိုက်အတိုင်း ထပ်ကြပ်နင်းလိုက်တတ်သူလေးပင် ဖြစ်လာတော့၏။ သားအမိနှစ်ယောက် ဟန်မပျက်ပင် နေကြပါသည်။

ဒေါ်မာလာအလုပ်က ပွဲစားယောင်ယောင်၊ ကုန်သည်ယောင်ယောင်နှင့် အဓိက အတွေ့များသောနေရာ မှာ ဖဲဝိုင်းများပင် ဖြစ်လေသည်။

နန္ဒီကလည်း မခေပါ။ ရှစ်တန်းမှာ တဗုန်းဗုန်းကျပြီးကတည်းက ကျောင်းမှ ထွက်ကာ ယောင်ခြောက်ဆယ်ဘဝလေးဖြင့် ခပ်ပေါ့ပေါ့၊ ခပ်ပျော်ပျော်လေး နေလေတော့၏။

အလုပြင်၊ အိမ်လည်၊ ရည်းစားတစ်ယောက်ပြီးတစ်ယောက် တွဲသောအလုပ်ဖြင့်သာ နန္ဒီ အချိန်ကုန်နေလေတော့၏။

ဒါကိုသိသော မာမီက တားဖို့နေနေသာသာ သင်ခန်းစာပေးလိုက်ပုံက ...

"များများတွဲ သမီး၊ အဲဒီအထဲက အကောင်းဆုံးကို ရွေးရမယ်၊ ကိုယ့်ဘက်က မပိုင်ရင် ကိုယ့်ဘဝလေးလဲ မဆုံးစေနဲ့ကြားလား၊ အကောင်းဆိုတာ သမီး သိတယ်နော်"

ထိုအခါ နန္ဒီ မျက်လုံးလေးစင်းကာ စဉ်းစားဟန်ပြုပြီးမှ ပြုံး၍ ...

"သိပါတယ် မာမီရဲ့၊ အချမ်းသာဆုံးကို ပြောတာလေ"

"အဟင်း ... ဟင်း၊ မာမီ့သမီးက တော်လိုက်တာ"





"တော်ရှုရမှာပေါ့၊ မာမီ့သမီးပဲဟာ"

"အဟင်း ... ဟင်း ... ဟင်း"

"ခစ် ... ခစ် ... ခစ်"

ခြော် ... ထိုကဲ့သို့ လိုက်ဖက်သော သားအမိပါ။ ခက်တာက သမီးခများ အတွဲတွေသာ သက်စေ့မကာ ဖြစ်လာရ၏။

မိမိတို့ လိုချင်သော အကွက်ထဲ ဝင်မလာခဲ့။ သမီးအလှကြောင့် လူငယ်လေးတွေ ဝိုင်းဝိုင်းတော့ လည်နေပါ၏။

သို့သော် ချမ်းချမ်းသာသာလေးတွေကျတော့ တစ်မျိုး၊ အတူတူနေရအောင်ဟု မိန်းမ မာယာဖြင့် နန္ဒီပြောလိုက်လျှင် မျက်လုံးမျက်ဆန်ပြူးကာ ...

"ဟာ ... မဖြစ်သေးဘူး နန္ဒီရ၊ အိမ်က အပြတ်ကောပြီး အမွေဖြတ်လိုက်မှ ငတ်ပေါက်နင်းမယ့်အဖြစ်၊ အဟင်း ကိုယ်တို့ ဆယ်တန်းအောင်ပြီး ဘွဲ့တစ်ခုခုရပြီးမှ စဉ်းစားရမယ်တဲ့ကွာ"

ထိုသို့သော လူမျိုးတွေရှိသလို ...

"နန္ဒီကလဲကွာ ဒီအရွယ်ကတည်းက မိန်းမယူရရင်သေရောပေါ့၊ ဘဝမှာ ပျော်စရာဆိုတာ ဘယ်ရှိတော့မလဲ၊ ကိုယ်က သမီးရည်းစားဘဝရဲ့ အရသာလေးကို ပြည့်ပြည့်ဝဝခံစားချင်တဲ့ကောင်၊ မိန်းမတော့ မယူချင်သေးဘူးကွာ"

ထိုကဲ့သို့လည်း တစ်မျိုး ...



www.burmeseclassic.com

www.burmeseclassic.com



"အဟား ... ကောင်းသားပဲ နန္ဒီရ၊ နန္ဒီနဲ့ကိုယ်နဲ့ ယူပြီးရင် အိမ်မှာ အိမ်ဖော်မရှိတာနဲ့ အတော်ပဲ၊ အိမ်က ကိုကိုနဲ့ မမတွေက အားလုံး ပညာတတ်၊ အလုပ်နဲ့ချည်းပဲကွ၊ နန္ဒီ့မှာ ဘာအလုပ်မှ မရှိတာ၊ မီးဖိုချောင် ဝင်ရမယ်နော်၊ မေမေက အရမ်းကို စည်းစနစ်ကြီးတာ"

အဲသည်လို ဖျားချင်စရာကောင်းတာမျိုးလည်း မရှားပါ။ ထိုသို့ ကိုယ့်ဘက်အသာနှင့် မပါနိုင်သောလူသာ များနေတာမို့ သမီးခမျာ ရွာသာရွာ အိုးမပြည့်သော မိုးကဲ့သို့ ဖြစ်နေရှာလေ၏။

သို့သော် အလှအားကိုးနှင့် နန္ဒီ့စိတ်ဓာတ်ကားမကျ[illegible] မိမိကလည်း အားပေးပါ၏။

"အကြောင်းမဟုတ်ပါဘူးကွယ် ... မိန်းကလေးရဲ့ ဥစ္စာဆိုတာ အဆင်းပဲ သမီးရဲ့၊ တစ်နေ့ကျရင် မာမီ့သမီးကံကိုကောင်းစေရမယ်ကွယ်"

နန္ဒီကလည်း သဘောပေါက်ရှာပါ၏။ လှသည်ထက်လှအောင်သာ မိမိကိုယ်ကို ဂရုတစိုက် တသသ ပြင်ဆင်နေလေတော့၏။

ဟော ... မိမိတို့ မျှော်မှန်းထားသော ကံကောင်းမည့်အချိန်သို့ တစ်နေ့မှာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ရောက်လာပါတော့၏။ ထိုသူကား ယခု သမီး၏ ခင်ပွန်း ကိုအောင်လွင်ပင်



[illegible]ည်။ ကံကောင်းချင်တော့ ကိုအောင်လွင်တစ်ယောက် မိမိတို့[illegible]အားရှိ တိုက်တစ်လုံးကို ကန်ထရိုက်ယူကာ လာရောက်[illegible]ဆာက်ပေးခြင်းပင်ဖြစ်လေသည်။

ရှုံ့စင်သွားသော ကားကို ရေဆေးရန် ရေအကူအညီ[illegible]ောင်းရာမှ ကိုအောင်လွင်နှင့်သမီးတို့ တွေ့မိကြခြင်းပင်[illegible]၏။

အသက်လေးဆယ်ဝန်းကျင် ကိုအောင်လွင့်ရုပ်သွင်[illegible]း အရွယ်တင်လွန်းကာ ချမ်းချမ်းသာသာနေရသဖြင့် နုပျို[illegible]တ်လတ်၍ လူငယ်တစ်ယောက်နှင့် မခြားပေ။

သဘောကောင်း၍ ကူညီတတ်သော ကိုအောင်လွင်[illegible]စ်ယောက် နန္ဒီ၏ ဈေးသွားချင်၍၊ ဆံပင်ကောက်ဆိုင် သွား[illegible]င်၍၊ အကျီသွားရွေး ချင်၍ စသော စသော လမ်းကြုံစွာ အကူ[illegible]ညီတောင်းမှုများမှာ အချိန်လေးတွေ ဖဲ့ပေးရတတ်သလို ...

နန္ဒီကလည်း ကိုအောင်လွင့်အထာကို တဖြည်းဖြည်း[illegible]ဘောပေါက်လာမိတာမို့ ဆိုင်က စပယ်ရှယ်မှာထားသော[illegible]များကို အိမ်မှာလုပ်သလို ဟန်ဆောင်ကာ ...

မုန့်ဟင်းခါး။

အုန်းနို့ခေါက်ဆွဲ။

နန်းကြီးသုပ် စသော သရေစာများဖြင့် အိမ်အရောက်[illegible]ခါခါ ကျွေးရာမှ အစ ...



www.burmeseclassic.com

www.burmeseclassic.com



မိမိအနေနှင့်လည်း သမီးအတွက် ပံ့ပိုးမှုကောင်းစွာ ကိုအောင်လွင့်နောက်ကြောင်းကို တိတ်တဆိတ် စုံစမ်းလိုက်သောအခါ သည်းခြေကြိုက်ဖြစ်စေသော ဝင်ငွေကောင်းမှု တစ်ခုတည်းဖြင့်သာ ပစ်ချသွားမိလေတော့၏။

မယားကြီး သားကြီးတွေရှိတာ အကြောင်းမဟုတ်။

မိမိ ခြံထဲ ဝင်လာမှတော့ မိမိနွားပဲပေါ့။ အဓိကကျတာ ကိုအောင်လွင်ပဲ မဟုတ်ပါလား။

သားအမိနှစ်ယောက် ခေါင်းချင်းရိုက်ကာ အကြံထုတ်ရပါတော့၏။

မကြာပါချေ။ အကြံကောင်းတစ်ချက်ပါပဲ။ နန္ဒီ့ အချွဲအတာကြားမှာ သာယာယစ်မူးမိပါသော ကိုအောင်လွင်ခမျာ ဒေါ်မာလာ အပြင်သွားနေခိုက် ဗိုက်အောင့်၍ အခန်းထဲ လိမ့်ငိုနေသော နန္ဒီ့ ထောင်ချောက်တွင်းသို့ မိုက်မဲစွာ သက်ဆင်းမိခဲ့ပါတော့၏။

ဆင်ထားသောအကွက်သို့ ဝင်လာသော ကိုအောင်လွင်ခမျာ ဒေါ်မာလာအစီအစဉ်ဖြင့် နန္ဒီ့ကို အိမ်တစ်ဆောင် မီးတစ်ပြောင်ထားလိုက်ရပြီ မဟုတ်ပါလား။

ခုတော့ မရွှေနန္ဒီက မပျော်ပါတဲ့လေ။ ဒေါ်မာလာ လုံးဝ လက်မခံနိုင်ပါ။

"သမီးရယ် ... ဘာ မပျော်စရာ အကြောင်းရှိလို့လဲ





သမီးဘဝလေး အခု ဘယ်လောက် လှပပြည့်စုံနေပြီလဲ၊ အစစအရာရာ လိုလေသေးမရှိ နေနေရတဲ့ဘဝကိုပဲ မပျော်ပါဘူးဆိုတာ သမီး ရူးနေပြီလားဟင်"

"ဟုတ်တယ် မာမီ၊ နန္ဒီ ရူးနေပြီ"

"ဘာ"

"နန္ဒီ ကိုကြီးကို မချစ်ဘူး မာမီ"

"ဟင်"

"နန္ဒီ ဟိန်းကိုပဲ ချစ်တယ်"

"ဘုရား"

ဒေါ်မာလာ ဘုရားတမိပါပြီ။

ဟိန်းဆိုသော ဇော်ဟိန်းသည် နန္ဒီ့အတွဲများထဲမှ တစ်ယောက်ဖြစ်ပြီး ချို့တဲ့သလောက် ရုပ်ဖြောင့်ကာ သမီးကဲ့သို့ ရုပ်ကလေးဇန်းပြပြီး မိန်းကလေးတွေဆီမှ ချူစားတတ်သူ တစ်ယောက် ဖြစ်လေသည်။

"မိုက်လိုက်တာ သမီးရယ်၊ ဟိန်းဆိုတဲ့ ဘာကောင်လဲ သမီး သိသားနဲ့ကွယ်"

"မေတ္တာမပါတဲ့ အိမ်ထောင်ရေးကို နန္ဒီ ဘယ်လိုလုပ်ပြီး စိတ်ချမ်းသာမှာလဲ မာမီရဲ့"

"နန္ဒီ ... သမီး ဘာတွေပြောနေတာလဲကွယ်၊ မာမီ လုံးဝ နားမလည်ပါဘူး၊ အခု သမီး အခြေအနေ ဘယ်လောက်တင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်နေပြီလဲ၊ ကိုအောင်လွင်ဆို သမီးအလိုကျ ဘာတစ်ခုမှ ကန့်ကွက်တာ မဟုတ်ဘူး၊ သုံးချင်တာသုံးစမ်း၊ သမီးကိုမှီပြီး မာမီလည်း ဘယ်လောက်စိတ်ချမ်းသာနေရသလဲ၊ လိမ္မာစမ်းပါ သမီးရယ်၊ သမီးပြောတဲ့ အချစ်တွေ၊ မေတ္တာတွေဆိုတာ လက်တွေ့ကျရင် အဓိပ္ပါယ်မရှိပါဘူးကွယ်၊ လောကမှာ ငွေပဲ သမီး၊ သမီး ဒါတွေ နားလည်လျက်သားနဲ့ ငွေပုံ ရွှေပုံပေါ်မှာ ထိုင် နေပြီး သမီး ကိုယ့်ဘဝကို ကိုယ် ချောက်ကြီးထဲ ဆွဲချချင်နေတဲ့ စိတ်ရိုင်းတွေ အမြန်ဆုံး ဖျောက်ပစ်လိုက်စမ်း"

နန္ဒီ မျက်ရည်ကျပါတော့၏။ ပြီးမှ ...

"မာမီ"

"ဟင်"

"မာမီ စဉ်းစားကြည့်ပါဦး၊ နန္ဒီ့ထက် အရွယ်ကြီးကို ဘယ်မှ တွဲသွားတွဲလာလို့ ပျော်စရာ စိတ်ချမ်းသာစရာ မရှိတဲ့ ဟာကြီး"

"ဩော် ... သမီးရယ်"

ဒေါ်မာလာ သက်ပြင်းချမိပါတော့၏။ ပြီးမှ ...

"သမီးက ဘယ်လိုဖြစ်ချင်နေလို့လဲ"

"နန္ဒီ ဟိန်းကို ငွေတွေ စုခိုင်းထားပါတယ် မာမီ"

"ဟင်"

ဒေါ်မာလာ မျက်လုံးပြူးသွားရ၏။





ဟိန်းဆိုသော ကောင်က ဖဲဝိုင်း အရက်ဝိုင်းမှာသာ ကျွင်လည်တတ်သည့်လူ။ သည်လိုလူကိုများ သမီးက ငွေစုခိုင်းထား ပါသတဲ့လေ။

"ဘယ်က ငွေတွေရလို့ သူက စုနိုင်မှာတုန်း သမီးရယ်"

"နန္ဒီ ပေးတာပေါ့"

"ဘုရားရေ"

သွားပါပြီ။ ဒေါ်မာလာ့မျက်နှာ ကွက်ကနဲ ပျက်ရတော့ ၏။ နန္ဒီ့ဆီမှာ သူမကိုယ်တိုင် တတိတိ ဆွဲ ဆွဲယူနေသည်ပင် များလှပါပြီ။ ခုတော့ မိမိကဲ့သို့ပင် ဟိန်းလည်း သမီးဆီက ယူနေ တာပါလား။ မခံချင်စိတ်က ထောင်းကနဲ ထ၏။

"မိုက်လှချည်လား နန္ဒီ၊ ဒီကောင့်ကိုများ သမီးကယုံလို့ ဒါတွေ ကိုအောင်လွင်သိရင် သမီး ဒုက္ခဖြစ်လိမ့်မယ်"

"မဖြစ်ပါဘူး၊ ဟိန်းမှာ အရင်းအနှီးလေးရအောင် နန္ဒီ ပေးထားပြီးပြီပဲ၊ ကိုကြီးဆီက နန္ဒီ ထွက်ပြေးဖို့ဟာ ဟိန်း အလုပ် လေးတွေ အခြေမကျသေးလို့ပါ မာမီ"

"အမယ်လေးလေ ... မဟာ့မဟာ အကြံကြီးပါလား နန္ဒီရယ်၊ ချေးတွင်းထဲ ခုန်ချမယ့် အကြံကြီးပါလားနော်၊ မာမီ လုံးဝ သဘောမတူနိုင်ဘူး သမီး"



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒီ့ကို မတားပါနဲ့တော့ မာမီ၊ နန္ဒီ ဆုံးဖြတ်ပြီးပါပြီ၊ မာမီ ဝင်နှောက်ရင် နန္ဒီ ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်မှာ"

ဒေါ်မာလာ ရင်ဘတ်ဖိကာ မျက်လုံးပြူးနေရလေပြီ တည်း။

❀❀❀



# အခန်း (၁၄)

"ဟင်း"

အုပ်စိုး ဘယ်လိုမှ နေလို့ထိုင်လို့ အဆင်မပြေ။ စိတ်အစဉ်က လမင်းဆီ သွားချင်နေပါ၏။

ဒေါ်ယဉ်မွန် နေမကောင်းစဉ်မှာ ဆေးကုသပေးရန် ဟူသော အကြောင်းပြချက်လေးဖြင့် အသွားကောင်းခဲ့လေသည်။

ခုတော့ ဒေါ်ယဉ်မွန်လည်း လုံးဝ နေကောင်းသွားပြီမို့ သွားရန် မလိုတော့ပါ။ သို့သော် ခက်နေရတာက သူ့မှာ သွားနေကျအချိန်မှာ မသွားရတော့သဖြင့် နေထိုင်၍ မကျတော့။

လမင်းရယ် ...

ကိုယ် ဘယ်လိုလုပ်ရမလဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

သက်ပြင်းလေးတစ်ချချနှင့် လမင်းတို့ခြံဘက်ဆီ မျှော်ရင်း သူ နေမထိထိုင်မသာ ဖြစ်နေရတော့၏။ တကယ်တော့ သည်အချိန် လမင်း အိမ်မှာ မရှိပါ။ ကျောင်းသွားပြီဖြစ်၏။

လမင်းမရှိခိုက် လမင်း မေမေဆီသွားကာ လမင်းကို လက်ထပ်လိုပါကြောင်း သွားရောက် ခွင့်တောင်းလျှင် ကောင်းလေမလား။

ဟင့်အင်း ... မဖြစ်သေးပါဘူးလေ။

လမင်းလေးဆန္ဒကို မသိရသေးဘဲနှင့် မလုပ်သင့်။ လမင်း စိတ်ဆိုးသွား၊ မုန်းသွားမှာ စိုးရိမ်နေမိ၏။ လမင်း၏ စိတ်ငြိုငြင်မှုကို သူ လုံးဝ မခံချင်ပါ။

ဒါက လမင်းဘက်က အပိုင်း။ နောက်တစ်ပိုင်းက ဒေါ်ယဉ်မွန်အပိုင်း။

အကဲခတ်ရသလောက် သူ့အပေါ် သာမာန်ခင်မင်မှုထက် မပိုပါ။ ဆေးကုပေးသော ကျေးဇူးရှိနေ၍သာ အလိုက်အထိုက် ဆက်ဆံနေရသည့်သဘော။

ဩော် ... သမီးချောရှင် မိခင်တစ်ယောက်မှာ ရှိသင့်သော ထိန်းသိမ်းမှုပေပဲလေ။

"စိုး"

"ဟင်"





ကြီးမေ အသံကြားမှ အတွေးလွန်ကာ တောင့်တောင့်လေး ရပ်နေသော အုပ်စိုး ဆတ်ခနဲ ဖြစ်သွား၏။

"အလုပ်မသွားဘူးလား စိုး"

"နာရီလှမ်းကြည့်ရင်း ကြီးမေမေးတော့ သူပြုံးလိုက်ပြီး

"သွားမှာပါ ကြီးမေ၊ နည်းနည်းစောနေသေးလို့ပါ"

"ဩော် ... ဖြီးရော ... ဖြီးရော၊ ကြီးမေက စိုး ငြိမ်နေလို့ တက်လာကြည့်တာပါကွယ်၊ ခါတိုင်း ဒီအချိန်ဆို စိုး အလုပ်သွားပြီမို့လေ"

"အဟင်း"

အဖြေခက်စွာ သူ ရယ်မိတော့၏။

မှန်ပါသည်။ အလုပ်ကို စောစောလေးသွားတတ်သော သူ့မှာ ခုတော့ ဝေခွဲမရစိတ်များဖြင့် တွေဝေနေရပါပြီတည်း။

"နေလို့ကော ကောင်းတယ်မဟုတ်လား စိုး"

ကြီးမေ၏ ထပ်မေးလာသော မေးခွန်းကို သူ ပြုံးမိပြီးမှ

"ကောင်းပါတယ် ကြီးမေ၊ ကျန်းမာတော်ဘာမှ မဖြစ်ပါဘူး"

"မသိပါဘူးကွယ် ... ကြီးမေက တစ်ခုခုများ ဖြစ်နေသလားလို့"

"အဟင်း"

ကြီးမေစကားက သူ့ရင်ကို ဒေါက်ခနဲ လာမှန်တာမို့ မရှိရယ်လေးနှင့် ငြိမ်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အမွှန်တစ်ယောက် နေကောင်းသွားပြီနော်"

"ဟုတ်ကဲ့"

"ကူညီပါ စိုးရယ် ... ခမျာမျာ အားငယ်နေတဲ့အချိန်"

"အဟင်း"

"ဟဲ့ ... ဘာရယ်တာလဲ"

"ကြီးမေ စကားကိုပါ"

"ဘာကိုတုံး စိုးရဲ့"

"အားငယ်နေတဲ့ အချိန်ဆိုလို့ပါ"

"နို့ မဟုတ်လား"

"ကြီးမေကသာ အဲဒီလို ထင်နေတာ၊ ဒေါ်ယဉ်မွန့်စိတ်ထဲမှာ မာနစိတ်က ထိပ်တက်ကပ်နေတာ"

"သြော်ကွယ် ... အဲဒါကလဲ သူ့အကြောင်းနဲ့ သူကိုး စိုးရယ်၊ စိုးအပေါ် သူ မာနကြီးနေလို့လား ... ကဲ"

"ကျွန်တော့်ကို ဒေါ်ယဉ်မွန့်ရှေ့ လမင်းကပါ လိုလားမှု ရှိမရှိ ဆိုတာကိုပါ"

"ဟောတော့် ... ဖြစ်ရလေ စိုးရယ်"

ကြီးမေ ရှင်ဘတ်လေးဖိကာ မသက်မသာ ညည်းလိုက်မိရင်း တူတော်မောင်ကို သနားသွားရတော့၏။

သြော် ... ရှိုးလည်းရှိုးတဲ့ စိုးပါ။

လမင်းလေးကို ချစ်မြတ်နိုးလိုက်တာမှ သူ့ခမျာ မနေ





တတ်မထိုင်တတ်။ ပြတင်းပေါက် ခန်းဆီးစလေးကြားမှာ ချောင်းချောင်း။

မိမိဝင်ကူပြီး တွန်းပို့ပေးမည်ဆိုပြန်တော့လည်း လက်ခံ။

ဟင်း ... ခက်တာပဲ။

လူငယ်ပီပီ အတွေးခေါင်နေတာပေါ့လေ။

လမင်းဆီက မေတ္တာ တုံ့ပြန်မှုကို ရမှသာလျှင် မိမိတို့လူကြီးတွေကို 'မီးစိမ်း'လေး ပြချင်ရှာသည် ထင်ပါရဲ့လေ။

မိမိအနေဖြင့် ကိုယ့် တူတော်မောင်အပေါ် ယုံကြည်မှုပြည့်ပြည့်အဝနှင့်ပါ။

ပညာတတ် ရုပ်ချော၊ သဘောကောင်း အကျင့်သိက္ခာ နံပါတ်တစ်ဟုပင် မှမ်းနိုင်လောက်သည့် အရည်အချင်းပြည့် ယောက်ျားကောင်းတစ်ယောက် မဟုတ်ပါလား။

ဘော်ရုံတန်ရုံ မိန်းကလေးနှင့်ဆိုလျှင်လည်း မိမိအနေဖြင့် တည်းဖြတ်ရမည်ပင်။

တော်ရုံတန်ရုံဟု မိမိဆိုရသည်ကလည်း ငွေကြေးဓနနှင့် ဂုဏ်ရှိန်ကို မဆိုလိုပါ။

မျိုးရိုးဗီဇ၊ ကျန်းမာရေး အကျင့်စရိုက် စသော အချက်များကို အခြေခံကာ ပညာ၊ ရုပ်ရည်၊ အသင့်အတင့်ရှိလျှင် လုံလောက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးချမ်းသာရန် မလိုပါ။ စိုးမှာ ဆက်ခံရမည့် အမွေတွေကပင် တစ်သက်စားမကုန် မဟုတ်ပါလား။

ခုတော့ စိုး နှစ်သက်သော လမင်းဆိုတာလည်း အပြစ် ဆိုစရာ တစ်စက်ကလေးမျှ မရှိသော မိန်းကလေးပင်။

အစစ အလွန်မိန်းကလေးပီသသော အရည်အချင်း ပြည့် မိန်းမကောင်းလေး တစ်ဦးမို့ မိမိအနေဖြင့် အားပေးနေ ခြင်းပါ။

"စိုး"

"ဗျာ ... ကြီးမေ"

"စိုးက ဘာကို စိုးရိမ်နေတာလဲကွယ်"

သူဘာမှမဖြေ။ ပြုံးနေလိုက်၏။

"ဘာလဲ၊ စိုးကို ငြင်းလိုက်မှာကိုလား"

ကြီးမေ ထပ်မေးတော့မှ သူ ခေါင်းခါပြီး ...

"မဟုတ်ပါဘူး ကြီးမေ၊ လမင်းက စဉ်းစားပါရစေဦး ပဲ ပြောတာပါ"

"အင်းလေ ... ဒါ စဉ်းစားရမယ့် ကိစ္စပဲကွယ့်၊ ကိုယ့် ကြိုက်တယ်ပြောတိုင်း ချက်ချင်းကြီးတော့ ဘယ်မိန်းကလေး ကမှ ခေါင်းမညိတ်ပါဘူး စိုးရယ်"

"ကျွန်တော် စိုးရိမ်တာက အန်တီ့ကိုပါ"

"ဟင်"





"အန်တီသဘောမတူရင် လမင်း လွန်ဆန်ချင်တဲ့ဆန္ဒ ရှိမှာမဟုတ်ဘူးဆိုတာ စဉ်းစားမိလို့ပါ"

"သဘောမတူရင် ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာကိုသဘောမတူစရာရှိနေလို့လဲ စိုးရဲ့၊ စိုးမှာ မိန်းကလေးရှင်ဘက်က မကြိုက်စရာ လက်မခံစရာ အချက် အလက်ကလေး တစ်ခုခုများ ရှိနေလို့လား"

"ကျွန်တော် ထင်တာ အဲဒါမျိုးတော့ မဟုတ်ဘူးထင် တယ် ကြီးမေ"

"ဟောင်"

"အန်တီ့မှာ သူ့ခင်ပွန်းနဲ့ ပတ်သက်ပြီး ခံစားချက် ငြင်းနေပုံ ရတယ်လေ"

"ဟင်"

"ဟို ... ဘာပြောရမလဲ၊ သိစ္စာတရားပေါ့ ကြီးမေ၊ လမင်းကိုလဲ သူ့လိုဖြစ်မှာ စိုးတာနဲ့ တူတယ်"

"သြော် ... ဖြစ်ရလေကွယ်၊ လူချင်းတူပေမယ့် အသက် ချင်း ကွဲပါသေးတယ်ကွယ်၊ ဒီလိုသာ လျှောက်တွေးနေရရင် ကျက်ရချည်ရဲ့၊ ကဲ ... ဒီလိုပဲ ပူပန်မိလို့ လမင်းလေးကို တစ်သက် လုံး အိမ်ထောင်မပြုခိုင်းဘဲ နေစေမှာလား၊ သူကကော လမင်း နဲ့ တစ်သက်လုံး နေသွားနိုင်မှာမို့လားကွယ်၊ အမွန် အတွေးခေါင်



www.burmeseclassic.com

www.burmeseclassic.com



နေတာပါကွယ်၊ ဒါတွေ မဖြစ်သင့်တာပဲ၊ ဒီလိုသာ တကယ် အတွေးပေါက်နေရင်တော့ ကြီးမေတို့က သဘောပေါက်လာ အောင် ဝင်ပြီး နားချသင့်ရင် နားချရမှာပေါ့ စိုးရဲ့၊ မပဟုတ်ရင် ကလေး စိတ်ဆင်းရဲနေရှာလိမ့်မယ်"

"အချိန်တန်ရင် ကျွန်တော် ပြောပါ့မယ် ကြီးမေ"

"အေး ... အေး"

"ကဲ ... ကျွန်တော် အလုပ်သွားတော့မယ် ကြီးမေ"

"အင်း ... ကောင်းပြီ စိုး၊ သွား ... သွား"

ကြီးမေကို နှုတ်ဆက်ပြီး သူ့ကားလေးကို ကိုယ်တိုင် မောင်းကာ အုပ်စိုး ထွက်လာခဲ့၏။ ဆေးရုံရောက်တော့ လုပ် စရာ ရှိတာ လုပ်၏။

"ကိုစိုး ... မင်းအဘွားကြီး နေကောင်းသွားပြီလား"

ထွန်းဦးအမေးကို ရုတ်တရက်မို့ သူ ကြောင်သွားရပြီး ဒေါ်ယဉ်မွန်ကို ဆိုလိုမှန်း သိလိုက်သည်နှင့် ပြုံးမိရင်း ...

"သြော် ... ကောင်းသွားပါပြီ"

"ဘယ်လိုလဲကွ၊ အိုကေသွားပြီလား"

"ဘာကိုလဲ အစ်ကိုရာ"

"မင်းနဲ့ လမင်း"

"အပဟင်း"

မချိုရယ်လေးနှင့် သူရယ်တော့ ထွန်းဦး ရှုံ့ခနဲမဲ့၍ —





"ဟွန်း ... ဘာလဲကွ၊ မပြေလည်သေးဘူးပေါ့ ဟုတ် လား"

"အစ်ကိုကလဲ ဒါလောက် အမြန်ကြီး ပြေလည်တတ်လို့ လားဗျာ"

"အေး .. အေး၊ မင်း အဲဒီလို အေးနေ သူများကြားက ဖြတ်သုတ်သွားမှ ဂန့်နေရမယ် သိလား"

"ဟာ ... အစ်ကိုကလဲဗျာ"

ရုက်ရုက်နှင့်ညည်းရင်း ရင်ထဲမှာ လမင်းကို အရမ်းသတိ ရွှော တွေ့ချင်နေမိရတော့၏။

"မင်း သူနဲ့ နေ့တိုင်းတွေ့နေရမှာပေါ့"

"ဟုတ်တယ်၊ တွေ့ရုံပဲလေ၊ အိမ်ကနေကြည့်ရတာ"

"ဟား ... သေလိုက်ပါတော့ကွာ၊ သွားလည်တာ မဟုတ်ဘူးလား"

"ဟင့်အင်း ... အကြောင်းမရှိတော့လဲ မသွားချင်ဘူး အစ်ကိုရာ"

"ဒုက္ခပါပဲ ကိုစိုး၊ မင့်အတွက် အကြောင်းလေးရှိအောင် အဲဒီအိမ်က တစ်ယောက်ယောက် နေမကောင်းဖြစ်ပေးရမလို ပါလားကွာ"

"သွားရမှာ ကြောင်သလိုပဲ"

"ကိုစိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"မင်း အခု သူ့ကို သိပ်သတိရနေတယ် မဟုတ်လား"

"အဟင်း"

"ရယ်မနေနဲ့ ကိုယ်အကြံပေးမယ်၊ တစ်ခါတည်း အိုကေ စေရမယ်၊ သိလား"

"ဟင်"

အားကိုးမျှော်လင့်စွာ သူ ထွန်းဦးကို ကြည့်မိတော့ ထွန်းဦး တစွတ်စွတ်ပြောနေတာကို သူ နားထောင်လိုက်ပြီး မှ ...

"ဖြစ်ပါ့မလား အစ်ကိုရာ ... တော်ကြာ ..."

"ဟေ့ကောင် ... ကိုစိုး၊ မင်းမဖြစ်ရင် မင်း သူ့အချစ် ကို ရနိုင်ဖို့ ဝေးသွားလိမ့်မယ် သိလား"

❀❀❀



# အခန်း (၁၅)

"ဟင်"

ဝင်လာသော ကားလေးကြောင့် လမင်း ထိတ်ခနဲဖြစ် သွားရ၏။

ဒေါက်တာ့ကားပါလား။

ဘာကိစ္စပါလိမ့်။ လမင်းဆီလာတာများလား။

အို ... မဟုတ်နိုင်ပါဘူးလေ။ ကျောင်းကို မလာခဲ့ပါနဲ့လို့ လမင်း ပြောဖူးထားသားပဲ။

လမင်းဆီလာတာတော့ မဖြစ်နိုင်ပါဘူး။ ဆရာမကြီးဆီ လာတာပဲ ဖြစ်မှာပေါ့။

ဒေါက်တာရယ် ... လမင်းလေ ဘာလို့မှန်းမသိဘဲနဲ့ကို ရှမ်းသလို ဆွေးသလိုနဲ့။



www.burmeseclassic.com

www.burmeseclassic.com



လမင်းတို့အိမ် အလည်မလာဘူးနော်။ ဘာဖြစ်လို့လဲ ဟင် ... လမင်းက စဉ်းစားရဦးမယ်ဆိုလို့လား။

တကယ်တော့ လမင်း ပြောမိပြောရာ ပြောတာပါနော် ဒေါက်တာ့လို လူကို လမင်းအနေနဲ့ စဉ်းစားရဦးမယ်ဆိုတဲ့ စကားဟာ ရယ်စရာများ ဖြစ်နေမလားပဲ။

ဒါပေမယ့် လမင်းဘက်က စဉ်းစားရမှာပါ။ လမင်းတို့က ချို့တဲ့တယ် မဟုတ်လား။ ဂုဏ်ဓနအရာမှာ မယှဉ်နိုင်တဲ့ အဆင့်မို့ လမင်း အားငယ်စွာနဲ့ စဉ်းစားရတဲ့ အဖြစ်ပါ။

ဒေါက်တာ့လို အဘက်ဘက်က ဒေါင်ဒေါင်မြည်နေတဲ့ လူတစ်ယောက်ကို ...

"ဆရာမ ... ဆရာမကြီး ခေါ်နေတယ်"

"ဟင်"

သန့်ရှင်းရေးလုပ်သားလေး ရုတ်တရက်လာခေါ်တော့ လမင်း လန့်သွားရ၏။

ရင်ထဲမှာလည်း တဒိန်းဒိန်းခုန်ရလွန်းစွာ ရေးလက်စ လွှဲ့ကျင့်ခန်းလေးကို ခပ်သွက်သွက်လေး လက်စသတ်လိုက်ပြီး မှ အသာလေး ထွက်လာခဲ့လေ၏။

ဆရာမကြီးအခန်းထဲသို့ လမင်း ဝင်လိုက်သည်နှင့် ဆရာမကြီးရှေ့မှာ ထိုင်နေသော သူ့ကို တွေ့ရသဖြင့် လမင်းတွေ ခနဲ ဖြစ်သွားရကာ အလိုလို ရပ်နေမိတော့၏။ ဆရာမကြီးက—





"သြော် ... လမင်း၊ ဟောဒီက ကိုစိုးလာခေါ်တယ်ကွယ်၊ လမင်းမေမေ နေမကောင်းလို့တဲ့"

"ဟင် ... ရှင် ..."

လမင်းမျက်နှာလေး ဖွေးခနဲ ဖြစ်သွားရပြီး စိုးထိတ်ပူပန်သော မျက်ဝန်းဝိုင်းလေးများဖြင့် သူ့ကိုကြည့်မိသောအခါ သူ ခေါင်းအသာညိတ်ပြလိုက်ပြီး ...

"ဟုတ်တယ် လမင်း၊ အဲဒါ လမင်းကို ခေါ်သွားခွင့်ပြုဖို့အတွက် မမအေးဆီမှာ ခွင့်လာတောင်းတာပါ။ လမင်း လိုက်မယ် မဟုတ်လား"

"အို ...လမင်းလိုက်ချင်တယ်၊ လိုက်ပါရစေနော် ဆရာမကြီးရယ်"

"လိုက်သွားလေ လမင်း၊ ခွင့်ပြုရမှာပေါ့ကွယ်၊ ဒါ လူမှုရေးကိစ္စပဲ၊ သွား ...သွား"

ဆရာမကြီး၏ လိုလားလှိုက်လှဲသော ခွင့်ပြုချက်ကြောင့် လမင်း သောကကြားမှကျေးဇူးတင်ရလွန်းစွာဖြင့် ဆရာမကြီးကို ခါးညွတ်နှုတ်ဆက်ကာ ယူစရာရှိသော ဆွဲခြင်းလေးကို ခပ်သွက်သွက်လေးယူရင်း ဒေါက်တာ့ကားလေးပေါ်မှာ လမင်း ပါလာခဲ့ရ၏။ ကားစထွက်ကတည်းက လမင်း မျက်လုံးလေး စုံမှိတ်ကာ နှုတ်ခမ်းလေးတလှုပ်လှုပ်နဲ့ ဘုရားစာများကို ရွတ်လျက် ပါလာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြည့်မှန်မှတဆင့် လမင်းကို ကွက်ကနဲ ကွက်ကနဲ ကြည့်နေမိသော အုပ်စိုးမှာသာ သက်ပြင်းလေး မသိမသာချရင်း ကားကိုသာ ဂရုတစိုက် မောင်းနေမိလေ၏။

လမင်းကို စကားပြောချင်ပေမယ့် အလိုက်သိစွာ မပြောဘဲ နေနေမိလေသည်။ လမင်းကို စိတ်အနှောက်အယှက်ပေးရာ ရောက်မှာစိုး၍ပါ။

မိခင်အတွက် သောကကြီးစွာဖြင့် သူ့အပေါ် လုံးဝ စိတ်ချယုံကြည်စွာ လိုက်ပါလာသော လမင်းကိုကြည့်ရင်း ရင်မှာ ကြင်နာသနားစိတ်များက တသိမ့်သိမ့် ဖြစ်ထွန်း၏။

လမင်းခမျာ ဘုရားဂုဏ်တော်များကို တတွတ်တွတ် ရွတ်ဖတ်ရင်း မျက်လုံးလေးမှိတ်တာ မေမေ့အတွက် စိုးထိတ်နေရပါပြီ။

ဘုရား ... ဘုရား။ မေမေ ဘာမှမဖြစ်ပါစေနဲ့။

လမင်းတို့ မောင်နှမအတွက် အားကိုးစရာ မေမေ တစ်ယောက်သာ ရှိတာမို့ ...

မေမေများ တစ်ခုခုဖြစ်ရင် ...အို ...

လမင်း ဆက်၍ မတွေးရဲ။

ထိတ်လန့်ပူပန်မှုကြောင့် မှိတ်ထားသော မျက်ဝန်းများမှ မျက်ရည်များ ရစ်ဝဲတွဲခိုနေရပါပြီ။

မေမေရယ် ... ကံတရားရယ် ...





လမင်းတို့ဘဝကိုကံမဆိုးပါရစေနဲ့ဦးရှင်။

ဖေဖေ့အရိပ် ပျောက်ခဲ့ရတဲ့ဘဝမှာ လမင်းတို့ အားငယ်ဝမ်းနည်းမှုတွေမှ အနည်မကျသေးတဲ့အချိန်မှာ မေမေ တစ်ယောက် ခေါက်ကနဲ မဖြစ်သွားပါစေနှင့်ဘုရား။

အားကိုးရာမြတ်ဘုရားကို အာရုံပြုခြင်းနှင့်အတူ လမင်း လက်ကလေးနှစ်ဖက်ပင် ရင်ခွင်ထက် အသာတင်ယှက်ကာ ဆုတောင်းမိရပါပြီတည်း။

မေမေရယ် ... ဟိုတစ်ခါတုန်းကလိုပဲ မူးသွားတာများလား။

သိချင်မေးချင်ပေမယ့် လမင်းနှုတ်ဖျားမှ စကားလေး တစ်ခွန်းမှမထွက်လာနိုင်အောင် ရင်မှာ ဆို့နင့်ပူပန်နေမိ၏။ လမင်းကို အလိုက်သိစွာဖြင့် ထင်ပါသည်။ ဒေါက်တာလည်း စကားတစ်လုံးမှ မပြောပါ။

ကားကိုသာ မှန်မှန်လေး မောင်းနေပါတော့၏။ လမင်း သိချင်စိတ်လေးက ဖျတ်ကနဲ ဝင်လာ၏။

မေမေ ဘယ်လိုဖြစ်တာလဲ။ အခု အိမ်မှာလား။ ဆေးရုံမှာလား။ မေမေ့အနားမှာ ဘယ်သူရှိနေလဲ။ ကိုဝန်းမှ အနားမှာ ရှိပါရဲ့လား။ မေမေ့အခြေအနေ ဘယ်လိုရှိနေပါသလဲ။

အို ... အစုံပါပဲလေ။ လမင်း သိချင်တာမှ အရမ်း

သို့သော် လမင်း တစ်ခွန်းမှ မမေးသလို လာခေါ်သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း တေမိ ဝင်စားလားမသိပါ။ တစ်ခွန်းမှ အသံမထွက်လာပါ။

သြော် ... သူလည်း လမင်းအတွက် စာနာစိတ်လေးဖြင့် အလိုက်သင့်နေပေးတာများလား မသိပါလေတော့။ ဂုဏ်ဆောင် ရွတ်လိုက်၊ အတွေးလေးတွေ ဖျတ်ကနဲဝင်လာရိုက်နှင့် လမင်းစိတ်တွေ အလုပ်များနေစဉ်မှာပင် ကားလေးက ငြိမ့်ကနဲ ရပ်သွားတော့၏။

ကားရပ်တော့မှ ရောက်ပြီဟူသော အသိဖြင့် လမင်း မှိတ်ထားသော မျက်လုံးလေးတွေ ဖျတ်ကနဲ ဖွင့်လိုက်ပါတော့၏။

"ဟင်"

လမင်းမျက်လုံးလေးတွေ ဝိုင်းခနဲ ဖြစ်သွားရပါပြီတည်း။

ကြည့်စမ်းပါဦး။ လမင်း တွေးထင်သလို ဆေးရုံလည်း မဟုတ်၊ လမင်းတို့အိမ်လည်းမဟုတ်ပါ။ လေပြည်လေး တဖြူးဖြူးတိုက်ခတ်နေပါသော ကန်တော်ကြီးနံဘေး သစ်ပင်ရိပ်အောက်မှာ မဟုတ်ပါလား။

အံ့သြနားမလည်စွာဖြင့် လမင်း ဒေါက်တာ့ကို ဆတ်ခနဲ ကြည့်လိုက်တော့ သူပြုံး၍ ...

"ခွင့်လွှတ်ပါ လမင်းရာ ...ကိုယ် လမင်းနဲ့ အေးအေး





ဆေးဆေး စကားပြောချင်လွန်းလို့ ဒီလိုမှ မခေါ်ရင်လဲ လမင်း လိုက်မှာမဟုတ်လို့ပါ"

"ဟင် ... ဒါ ...ဒါဖြင့် မေမေ"

"ဘာမှမဖြစ်ပါဘူး လမင်း၊ အန်တီ နေကောင်းပါတယ်"

"အို...ဒေါက်တာ မကောင်းဘူး၊ ဆရာမကြီးကို လမင်း ဘယ်လိုပြန်ပြောရမှာလဲ၊ သိပ်ရှက်စရာကောင်းတာပဲ"

"မမအေး အိမ်ရောက်ရင် သိသွားမှာပါ လမင်းရာ"

"ရှင်"

"ထွန်းဦး ပြောပြလိမ့်မယ်လေ"

"ဟင် ... အကြံကြီးက တကယ့်အကြံပါလားနော်"

"လမင်း အောက်ခဏဆင်းပါလားဟင်"

"ဟင့်အင်း ... လမင်းအထဲမှာပဲ ထိုင်ချင်တယ်"

"အပြင်က လေအေးအေးလေးက လန်းတယ် လမင်း"

"အို ... လမင်း ရင်ထဲမှာ အခုမှ ပိုနွမ်းသွားရပါပြီ ဒေါက်တာ၊ လမင်းရှက်တယ်၊ ဆရာမကြီးတော့ လမင်းကို အရမ်းကြီးအထင်သေးသွားတော့မှာပဲ"

ပြောရင်း လမင်းမျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပါတော့၏။ အညာမိရတဲ့အဖြစ်မို့ ရှက်စိတ်က ငယ်ထိပ်တက်ကာ လမင်း ဝမ်းပန်းတနည်း ငိုချလိုက်လေ၏။

"ဟာ ... လမင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုး အခုမှ အခက်တွေ့ရပါတော့၏။

လမင်းငိုတော့ ရုတ်တရက် သူ ဘာလုပ်ရမှန်းမသိ။ ပြီးမှ ကားထဲပြန်ဝင်၊ လမင်းနံဘေး ဝင်ထိုင်ကာ ...

"*လမင်း ... မငိုနဲ့ကွာ၊ ကိုယ် တောင်းပန်ပါတယ်နော်၊* လမင်း စိတ်ဆိုးရင် လမင်းပေးတဲ့အပြစ်ကို ကိုယ်ခံပါ့မယ်ကွာ၊ ကိုယ်လေ လမင်းကို သိပ်ချစ်တယ်၊ မြတ်နိုးရလွန်းလို့ ဟန်မဆောင်နိုင်လောက်အောင်ကို ခံစားနေရတာပါကွာ၊ လမင်းဆီက ပြတ်သားတဲ့ အဖြေတစ်ခုကို မသိရမချင်း ကိုယ် ဘယ်လိုမှ နေလို့ထိုင်လို့ မကျအောင် ဖြစ်နေရလို့ပါ၊ လမင်းအိမ်ကိုလဲ မသွားရဲဘူးလေ။ အန်တီ့ကို ရှိန်နေရတယ်၊ လမင်းရာ ကိုယ့်ကို နားလည်ပါလားကွာနော်၊ ခုလို ညာပြီး ခေါ်ရတာကိုလဲ စိတ်ထဲ မကောင်းဘူး၊ တကယ်ပါ မငိုနဲ့ကွာနော်၊ လမင်းငိုရင် ကိုယ့်ရင်တွေ အရမ်းမူတာပဲ၊ စိတ်ဆိုးလို့ ရိုက်ချင်လဲရိုက်လိုက်နော် လမင်း၊ အခုကိစ္စကလဲ ဘယ်သူမှ မသိပါဘူး။

ထွန်းဦးနဲ့ မမအေးတို့ဆိုတာက ကိုယ့်မောင်နှမတွေလို ရင်းနှီးကြတာပါ၊ ကိုယ်ခံစားနေရတာကို မကြည့်ရက်လို့ ထွန်းဦးက အကြံပေးတာပါ။ မမအေးလဲ ဒါကို သဘောပေါက်မှာပါ၊ မမအေးက လမင်း ကို ကိုယ်နဲ့ဆို အရမ်းကို သဘောတူနေတာလေ"

"အို"





မျက်ရည်စိုစိုကြားမှ လမင်းပါးလေးနှစ်ဖက် ရဲခနဲနီရောင် ပြေးသွားရပါတော့၏။

အုပ်စိုးက သူ့ရှပ်အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါလေးကို ယူထုတ်လိုက်ပြီး ...

"ရော့ ... လမင်း မျက်ရည်တွေ သုတ်လိုက်နော်"

လမင်းမယူပါ။ ခေါင်းလေးငုံ့ကာ နေလိုက်သဖြင့် ...

"လမင်း ...ကိုယ်သုတ်ပေးရမလားဟင်"

"အို ...ဟင့်အင်း"

အလန့်တကြားလေးပြောရင်း လမင်းသူ့လက်ထဲမှ လက်ကိုင်ပဝါကိုယူကာ ပါးပြင်ပေါ်မှ မျက်ရည်စများကို အသာလေးတို့လိုက်သောအခါ သူပျော်သွားရပြီး ...

"လမင်း ... စိတ်ဆိုးလားဟင်"

"ညာရက်လို့ ဝမ်းနည်းတာပါ"

"ဟာကွာ ... ညာတာကလည်း ချစ်လွန်းလို့ပါ လမင်းရာ"

"တော်သေးတာပေါ့လေ"

"ဘာကိုလဲဟင် ... လမင်း"

"လမင်းက အရမ်းကို စိတ်ချယုံကြည်စွာနဲ့ မျက်စိမှိတ်ပြီး လိုက်လာတာ"

"အင်းလေ ... အဲဒါကိုမြင်ရလေ ကိုယ် သနားလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လမင်းရဲ့ ယုံကြည်မှုအပေါ် အခွင့်ကောင်းယူပြီး ဒီနေရာကို ညာခေါ်ခဲ့တာပေါ့နော်"

"လမင်းရာ"

မျက်နှာလေးပျက်သွားရပြီး သူ့ သက်ပြင်းချမိပါတော့၏။ လမင်း သူ့ကို အထင်သေးသွားပြီလား။ လမင်း အထင်သေးတာတော့ လုံးဝ မခံနိုင်ပါ။ ထို့ကြောင့် ရှေ့ခန်းပြန်ကူးကာ ကားမောင်းသူနေရာ ဝင်ထိုင်ပြီး ကားစက်ကိုနှိုးတော့ လမင်းက

"လမင်းကို ဘယ်ခေါ်သွားမလို့လဲ ဒေါက်တာ"

"အိမ်ပြန်ပို့မလို့"

"အို ... ကျောင်းဆင်းချိန်မှ မဟုတ်တာ"

"ကျောင်းပြန်ပို့ရမလား"

"လမင်း အဲလောက် မျက်နှာမပြောင်ရဲပါဘူး ဒေါက်တာရယ်"

"လမင်း"

"ရှင်"

"ဒါဖြင့် ကိုယ် ဘာလုပ်ရမလဲဟင်၊ ဒီခေါ်လာလို့ လမင်း ကိုယ့်ကို အထင်သေးနေတာ မဟုတ်လား"

"လမင်းကို ပြောစရာရှိလား"

"သိပ်ရှိတာပေါ့ လမင်းရာ၊ ချစ်တဲ့သူကို ချစ်တဲ့ အကြောင်းတွေ ပြောပြချင်လွန်းလို့လေ"





"အို ... အဲဒါ လမင်းသိနေတာပဲ"

"သိရုံနဲ့မပြီးဘူး လမင်းရာ၊ တုံ့ပြန်ဖို့ လိုနေတာ"

"လမင်း စဉ်းစားပါရစေဦးလို့ ပြောပြီးပြီပဲ"

"စဉ်းစားပြီးပြီလား"

"အို ... မသိဘူး"

ကားစက်သတ်ပြီး နောက်ခန်းဆီ ဖြုန်းခနဲ ရောက်လာတာ လမင်းမျက်နှာကို အသေအချာ ကြည့်မိရင်း ...

"လမင်း ... ကိုယ် ဝမ်းသာပါရစေနော်"

"ဒေါက်တာရယ် ...အဆင့်ချင်းက .."

"တော်ကွာ၊ အဲဒါတွေ ဘာမှ မလိုအပ်ဘူး၊ လမင်းဆီက ချစ်တယ်ဆိုတဲ့စကားကြားရတာနဲ့ ကိုယ့်ဘက်က လူကြီးတွေ အားလုံး နားလာဖောက်ဖို့ အသင့်ဖြစ်နေကြပြီ သိလား"

"အို"

မယုံရဲစွာ လမင်း သူ့ကို မော့ကြည့်မိတော့ လမင်း မျက်ဝန်းထဲမှာ အဖြေကို စေ့စေ့စပ်စပ် ဖွေရှာနေသည့် သူ့မျက်ဝန်းရွှန်းရွှန်းစက်စက်များကြောင့် ရှက်လန့်တကြားနဲ့လေး လမင်း မျက်လွှာချမိလိုက်ပါတော့၏။

"လမင်း"

"အို"

တိုးဖွဖွညင်သာသော ခေါ်သံနှင့်အတူ လမင်း၏ လက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကို အသာကိုင်ယူလိုက်မှုကြောင့် လမင်း ဆတ်ခ
ဖြစ်သွားရကာ ပြန်ရုန်းယူပေမယ့် သူမလွှတ်တော့။

မလွှတ်သည့်အပြင် သူ့ရင်နှင့် လမင်းလက်ကို ဆွဲယူ
ကပ်ထားလိုက်ပြီးမှ ...

"ကိုယ့်ရင်ခုန်သံတွေ နားထောင်ကြည့်စမ်း လမင်း
ချစ်တယ် ... ချစ်တယ်လို့ချည်း မြည်နေတာ"

"အို ... မဟုတ်တာ"

"အဟုတ်ပြောတာ၊ လမင်းကိုမှ မရရင် ဒုက္ခဖြစ်သွား
နိုင်တယ်တဲ့"

"ဒေါက်တာက အပြောလဲ တတ်တယ်နော်"

"အဲဒါချစ်လို့လေ"

"လွှတ်ပါ"

"မလွှတ်ပါရစေနဲ့"

"လမင်းရှက်တယ်"

"ရှက်ရင်ဖြေလေ"

"ဘာကိုလဲ"

"ချစ်တယ်လို့"

"လိုသေးလား"

"ဟား ... သိပ်လိုပေါ့ လမင်းရာ"

"လမင်း မပြောတတ်ပါဘူး"





"ကိုယ်သင်ပေးမယ်၊ ချစ်တယ်လို့ ... ကဲ"

"ဟင့်အင်း"

"ဟင် ... ဘာပြုလို့"

"သမင်းရင်ထဲမှာ အဲဒါထက်ပိုနေလို့"

"ဟာ ... လမင်း"

လမင်းပခုံးနှစ်ဖက်ကို ဆတ်ခနဲဆွဲကာ သူနှင့်
မျက်နှာချင်းဆိုင်လှည့်ယူပြီးမှ ဝမ်းသာအားရနှင့် ...

"တကယ်နော် လမင်း၊ တကယ်နော်"

"ညာတတ်တာက လမင်းမဟုတ်ပါဘူးနော်"

"ဟာကွာ ...လမင်းရာ"

ပြောရင်း မချင့်မရဲဖြစ်လာဟန်ဖြင့် လမင်းကို ကျစ်ကျစ်
ပါအောင် သူ့ရင်ခွင့်ထဲ ဆွဲကပ်ပွေ့ယူထားလိုက်ပါတော့၏။

ပြီးမှ ...

"ချစ်လွန်းလို့ ညာမိတာပါအချစ်ရာ၊ စိတ်ဆိုးနေတုန်း
ပဲလားဟင်"

"စိတ်ဆိုးရင် ခုလို ရင်ခွင်ထဲမှာ ငြိမ်နေမှာလားဟင်"

"ဟား ... ပျော်သွားပြီကွာ။ သိပ်ပျော်သွားပြီ"

❁❁❁



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

"ဟာ"

မီးခံသေတ္တာကို သော့ဖွင့်လိုက်သည်နှင့် ဦးအောင်လွင် ရင်ထဲ ဟာခနဲ ဖြစ်သွားရပါ၏။ မှန်ပါသည်။ လွန်ခဲ့သော နှစ်ရက်ခန့်လောက်မှ သူထားခဲ့သော ငွေတွေမရှိတော့ခြင်း ပင်တည်း။ များများစားစားတော့ မဟုတ်ပါ။ ငွေငါးသောင်း တိတိ၊ မှတ်မှတ်ရရ ဘဏ်မှထုတ်၍ ထားခြင်းပင်ဖြစ်လေသည်။

လုပ်ငန်းအတွက် လိုအပ်လျှင် သုံးစွဲနိုင်ရန် အထွေထွေ သုံးအဖြစ် ငွေငါးသောင်း ယူထုတ်ထားပြီး မီးခံသေတ္တာထဲ ထည့်ထားရာမှ အခုတော့ အတောင်ပေါက်ကာ ပျောက်နေရ ပါပြီ။ ဘယ်သူဖြစ်နိုင်ပါမည်နည်း။ ချစ်သောဇနီးချောလေး နှင့်ကလွဲပြီး ဘယ်သူမှ မရှိနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း"

သက်ပြင်းလေးချကာ မီးခံသေတ္တာကို အသာပြန်ပိတ်လိုက်ပြီး အနီးရှိ ဒရင်းဘက်ပေါ်သို့ အရုပ်ကြိုးပြတ် လှဲချလိုက်မိပါတော့၏။

လောလောဆယ နန္ဒီမရှိ။ ဗိုလ်ချုပ်ဈေးဟု မလှတင်ပြော၍ သိရပါသည်။ ခုတလော နန္ဒီနှင့်ပင် မိမိ တွေ့ဆုံရချိန်တွေနည်းနေလေသည်။ အလုပ်အကိုင် အဆင်ပြေနေချိန်မို့ အလုပ်ခွင်ထဲမှာသာ နစ်မွန်းနေရသည် မဟုတ်ပါလား။

ညဥ့်အိပ်ချိန်လောက်သာ အိမ်ကိုကပ်နိုင်သည့်အဖြစ်မို့ နန္ဒီ လည်တာပတ်တာ ဝယ်ခြမ်းသုံးစွဲတာတွေအပေါ် မိမိခွင့်လွှတ်ထားရသည် မဟုတ်ပါလား။

ဩော် ... ခများ ပျင်းရှာမှာပဲလေ။ ကိုယ်က စီးပွားရေးအတွက် အလုပ်ထဲ အချိန်ပြည့်နီး ပါး နစ်မြုပ်နေသည့်လူ။ နန္ဒီဆိုသော နှစ်ဆယ်ပင်မပြည့်သေးသည့် အရွယ်လေး ကပျော်ချင်ပါးချင် လည်ပတ်သုံးစွဲချင်သည့်အရွယ်ပင် မဟုတ်ပါလား။ နားလည်စာနာစွာ ခွင့်လွှတ်ထားပါ၏။ မိမိလည်း တစ်နေကုန် လုပ်ငန်းထဲတကုပ်ကုပ်။

နန္ဒီလည်း သူငယ်ချင်းတွေဆီ တစ်နေကုန် အလည်အပတ် ထွက်ပြီး ညအိပ်ရာဝင်ချိန်လေးသာ လင်မယားဆုံကြရသည့်အဖြစ်မို့ နေ့ခင်း အိမ်မှာ နန္ဒီမရှိတာ အဆန်းမဟုတ်တော့





အင်း ... ကောင်းတော့ မကောင်းပါဘူးလေ။ အရွယ်လေးငယ်ငယ်နဲ့ အိမ်လည်း လမ်းသလား ကျင့်စွဲနေတဲ့ နန္ဒီ့ကို နားဝင်လိမ္မာလာအောင် မိမိ ချော့မော့ဆုံးမရပါဦးမည်။

ခုအချိန်အထိ နန္ဒီ လွှတ်ချင်တိုင်းလွှတ်နေပါ၏။ ကိုရိုပ်အမြွက်လောက် အလည်အစတ်လျှော့ရန်ပြောတိုင်း နန္ဒီ ဆတ်ဆတ်ထိမခံ နှုတ်ခွန်းလှန်ခဲ့သည်ချည်း။

"ဟွန်း ... နန္ဒီ့ကို ချုပ်ချယ်တာလား ကိုကြီး"

"နန္ဒီ အစကတည်းက ဒီလိုပဲ နေနေကျဟာကို"

"ဘာလဲ ... ဘီးကျော်ပတ်ကြားနဲ့ ပုတီးကိုင်ရမှာလား ... မဲ့နော် ... နန္ဒီ ခုမှ ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ"

"နန္ဒီကို ချစ်တယ်ဆို၊ သနားတယ်ဆို"

စသော စကားများဖြင့် နန္ဒီ သူ့အပေါ် အနိုင်ယူမြဲ။ နန္ဒီဆိုသော မယားလေးတစ်ယောက် ရလိုက်သော သူ့ဘဝမှာ အရာရာ ပြောင်းလဲသွားရပါပြီ။

ငယ်ရွယ်ပျိုမြစ်သော နန္ဒီ့အလှ၊ နန္ဒီ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ရုံမှလွဲ၍ ဘာတစ်ခုမှ မထူးခြားလာခဲ့။ မယားဝတ္တရားဆိုသည်မှာ ချို့နှင့်လားဟူ၍ နန္ဒီ မေးလောက်ပါ၏။

လင်သားအပေါ် ဘာတစ်ခုမှ (အိပ်ရာဝင်ချိန်မှလွဲ၍) နန္ဒီ ကျေပွန်ခဲ့ခြင်းမရှိ။ အိမ်ထောင်ရှင်သာဆိုရ နန္ဒီ့ အနေအထိုင်က ဘုရင့် သမီးတော်နှင့်မခြား၊ ကြွကြွလေး ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခြယ်သကာ၊ အချိန်ရှိသမျှ လမ်းထွက်နေသည်ချည်း။ အလည်အပတ်ရှေ့လျှောက်ရန်လည်း ပြောဖူးပါ၏။

"အိုး ... နန္ဒီသာ အပြင်မထွက်ရရင်တော့ စိတ်ဆင်းရဲတာနဲ့ သေမှာပဲ၊ သေမှာပဲ"

ကဲ ... ဘာတတ်နိုင်သေးတုံး။ နန္ဒီ့မှာ သူ့အတွက်ကျ အကွက်စေ့အောင် သိလွန်းလှ၏။ အလှပြင်ချိန်၊ အလှပြင်ပစ္စည်းတွေ ရှာဖွေဝယ်ချိန်၊ အပြင်ထွက်ချိန် စသော အလုပ်ဖြင့်သာ တစ်နေ့တစ်နေ့ မအားလပ်ရှာပါ။ လင်သားအတွက် ပြုရမည့် အပရိက အလုပ်မှန်သမျှ အိမ်ဖော်မလေးစာင်၏ တာဝန်ပင်။ သူ့အတွက် လက်ဖက်ရည်မွဲ ပြင်ပေးရန်။ နေ့လည်စာ၊ ညနေစာပြင်ပေးရန်။ သူ့အဝတ်အစားတွေ လျှော်ဖွပ်မီးပူတိုက်ပေးရန်၊ အိမ်တစ်ဆောင်လုံး သေသပ်သန့်ရှင်းရန် စသော အိမ်ရှင်မ တာဝန်များသည် နန္ဒီနှင့် လုံးဝ မဆိုင်သလို နေလည်းနေတတ်ပါ၏။ ဩော် ... သူ့မှာတော့ လင့်ဝတ္တရားကျေအောင် ဖြည့်ဆည်းပေးနေရသည့်အဖြစ်။

နန္ဒီလိုသလောက်ငွေတွေ သုံးစွဲနိုင်ဖို့အရေး စက်နှင့်လှည့်ထုတ်လိုက်သလို ဟောခနဲ ဟောခနဲ သူ ထုတ်ပေးခဲ့၏။

နန္ဒီကလည်း သုံးသလားမမေးနှင့်။ ငွေနှင့်ဆက်၍ ဝယ်ထားရသော အလှအပ ပစ္စည်းတွေကြားမှာ နန္ဒီလေး ဖွဖွရွရွလေး မြူးကြွနေတာကိုပင် သူ ပီတိဝေနေခဲ့ရသည် မဟုတ်ပါ





လား။ ဩော် ... နန္ဒီလေး ပျော်ရှာပါစေ။ သူ့လက်ထဲမှာ နန္ဒီ့ဘဝလေး မကြောင့်ကြစေချင်ပါ။ သူ့ငွေးကတော်လေးဟူသော ဂုဏ်လေးဖြင့် နန္ဒီ့ ပတ်ဝန်းကျင် အလယ် ဝင့်ထည်နိုင်ပါစေ။

နန္ဒီ့ အသုံးအစွဲများအပေါ် ဘယ်တုန်းကမှ သူ ဝင်၍ မစွက်ဖက်ခဲ့။ နန္ဒီ အားငယ်သွားမှာစိုး၍ပါ။ ခုတော့ နန္ဒီ လက်ရဲဇက်ရဲနိုင်လာပါပြီ။ မပြောမဆို ယူ ယူသုံးလိုက်သည့် ငွေတွေလည်း မနည်းတော့ပါ။

အကြောင်းပြချက်တွေက အမျိုးမျိုး။ ခိုင်လုံတာလည်းရှိသလို မခိုင်လုံတာလည်း ရှိ၏။ သို့သော် မသိဟန်ဆောင်ကာ သူ နေခဲ့ပါ၏။ ခုတော့ နေ၍မဖြစ်ပါပြီ။ ငါးသောင်းသောငွေကို နန္ဒီ ဘာများလုပ်မလို့ပါလိမ့်။ လက်ဝတ်လက်စား တစ်ခုခုများဝယ် လေသလား။

မဖြစ်နိုင်။ ရတနာတစ်ခုခုလိုချင်တိုင်း နန္ဒီ ဘယ်တော့မှ တိုက်ရိုက်မဝယ်တတ်သာ သူ သိပါ၏။ သူမ စိတ်ကြိုက်ရွေးလိုက်သော အထည်အတွက် သူ့မှာသာ ရှင်းပေးလိုက်ရမြဲ မဟုတ်ပါလား။ ဝယ်သာဝယ်ပေးလိုက်ရ၏။ နန္ဒီ စုံစုံမက်မက် ဝတ်နေတာလည်း မမြင်မိသဖြင့် မေးလိုက်လျှင် ...

"သိမ်းထားပါတယ် ကိုကြီးရဲ့၊ တကယ့်ပွဲတွေမှ ဝတ်မလို့"

ဟူ၍တစ်မျိုး။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ခဏငှားထားတယ်လေ"

ဆိုတာက တစ်သွယ်။

"နီလာ့အိမ်မှာ ပူလွန်းလို့ ရေချိုးတုန်း ခဏချွတ်ထားမိတာ၊ မှန်တင်ခုံပေါ်က ဘယ်သူဖြောင်လိုက်မှန်း မသိဘူး ကိုကြီးရယ်၊ နန္ဒီ နီလာ့ကို အားနာလို့ ငြိမ်နေလိုက်ရတယ်လေ၊ လက်ဆုပ်လက်ကိုင်လဲ မပြနိုင်တော့ ကျန်တဲ့လူတွေပါ အနေခက်ရမယ့်အဖြစ်၊ မိတ်မပျက်ချင်ဘူး ကိုကြီးရဲ့၊ ဒါလောက်က နန္ဒီတို့အတွက် မိုင်နာပဲဟာ ... နော်"

ဟူ၍လည်း မရှား။ နန္ဒီ့အတွက် ရွှေမရှား ငွေမရှားဘဝပါ။ နန္ဒီ ခြေငြိမ်အောင် သားသမီးယူဖို့ တစ်ခါ ပြောဖူးပါ၏။

ခုပင် အသက်ထွက်တော့မတတ် နန္ဒီမျက်စိမျက်နှာပျက်သွားပုံက သနားစရာ။ ပြီးတော့ ပြောပါသေး၏။

"ကလေးယူဖို့ ပြောမယ့်အစား နန္ဒီ့ကို တစ်ခါတည်း သတ်လိုက်ပါတော့ကိုကြီးရဲ့"

"မဟုတ်တာ နန္ဒီကလဲကွာ"

"အို ... ဘာလို့ မဟုတ်ရမှာလဲ၊ နန္ဒီ အခုမှ ငယ်ငယ်လေးရှိသေးတာ၊ အလှပြင်လို့ ပျော်လို့ လည်ပတ်လို့မှ မဝသေးတာ၊ ဘာလဲ ...ကိုကြီးက နန္ဒီ ခုလို လှလှပပလေးနေတာကို မကြည့်ချင်ဘူးပေါ့ ဟုတ်လား၊ ကလေးမွေးခိုင်းပြီး နန္ဒီ့အလှတွေကို ပျောက်ခိုင်းဦးမှာပေါ့ ဟုတ်လား ကိုကြီး၊ မယူဘူးနော်၊





လုံးဝ မယူနိုင်ဘူး။ ကလေးဆိုတဲ့ အချုပ်အနှောင်လဲ နန္ဒီ မခံချင်သေးဘူး။ နန္ဒီ လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်၊ ကိုကြီးပဲ နန္ဒီ့ကို သနားတယ်ဆို၊ နန္ဒီလှလို့ ချစ်တယ်ဆို၊ ကလေးနဲ့ဆို နန္ဒီအိုစနာရုပ်ကြီး ဖြစ်သွားတော့မှာပေါ့၊ အဲလိုဖြစ်မှာ နန္ဒီ အရမ်းကြောက်နေတာ၊ ကလေးမွေးရရင် နန္ဒီတော့ သေမှာပဲ သိလား"

စသော စကားများဖြင့် သူ ဘယ်လိုမှ စည်းရုံး၍မရခဲ့။

"ဟင်း"

သက်ပြင်းလေးချကာ သူ ကြိတ်မနိုင်ခဲမရ ဖြစ်နေရပါလေပြီ။ နန္ဒီ့အပေါ် အချစ်တစ်ခုတည်းနှင့် သူ့အမြဲတမ်း အလိုလိုက် အကြိုက်ဆောင်နေခဲ့တာ လွန်များလွန်နေပါပြီလား။

နန္ဒီ ဘာတွေ လုပ်နေပြီလဲ။ ငွေငါးသောင်းကို နန္ဒီ ဘာလုပ်ဖို့ ယူတာလဲ။ စသော မေးခွန်းများကို သူ့ရင်ကို ပူစေလေ၏။ နန္ဒီ ခါတိုင်း အသုံးစရိတ်က ထောင်ဂဏန်းမျှသာ၊ သောင်းဂဏန်း နှင့်ဆိုလျှင် မိမိတာဝန်ဟု နန္ဒီ သဘောပိုက်ထားခြင်းပါ။

ခုတော့ နန္ဒီ သောင်းဂဏန်းတွေကိုထိ ကိုင်နေပါပြီ။ မိမိ ဘာလုပ်ရမည်နည်း။ နန္ဒီ ပြန်လာလျှင် မေးမှ ဖြစ်တော့မည်။ ငယ်ရွယ်သူမို့ ဆင်ခြင်တိုင်းထွာမှု နည်းပါးရှာသူ ဇနီးငယ်လေးကို မိမိကသာ နားလည်စာနာစွာ သည်းခံခွင့်လွှတ်၍ ပြုပြင်ရမည် မဟုတ်ပါ လား။



www.burmeseclassic.com

www.burmeseclassic.com



ဩော် ... နန္ဒီရယ် ...

မင်းရဲ့ အလှအပတွေ ...

မင်းရဲ့ အညှုအခရာတွေကြားမှာ ကိုကြီး မလှုးသာ မလွန့်သာ ဖြစ်နေရပါပြီကွာ။

စိတ်မောစွာတွေးမိရင်းမှ သူ ဒရင်းဘက်ပေါ်တွင် မှေ့ခနဲ အိပ်ပျော်သွားရပါတော့၏။ မကြာပါချေ။ နဖူးပေါ်မှ နွေးခနဲ အထိအတွေ့ကြောင့် သူ ဖျတ်ကနဲ နိုးသွားရတော့၏။

"ဟင်"

မျက်လုံးဆတ်ကနဲအပွင့်မှာ တောက်ပသစ်ဆန်းစွာသော ဆင်ယင်မှုဖြင့် သူ့အား ပြုံးကြည့်နေသော နန္ဒီကို တွေ့လိုက်ရ၏။

"ကိုကြီးက အိပ်ပျော်လို့ အဟင်း ... ဟင်း"

ခပ်ချွဲချွဲလေးပြောရင်း ရင်ခွင်ထဲ ပွေ့ထားသော အထုပ်များကို နန္ဒီ ခုတင်ပေါ် အသာချကာ ...

"နေမကောင်းဘူးလားဟင် ကိုကြီး"

"ကောင်းပါတယ်"

"အချိန်မဟုတ်ဘဲ ဘာလို့ အိပ်လဲ ... ကဲ"

"နန္ဒီ့ကို စောင့်နေတာပါ"

"နန္ဒီ့ကို ဘာကိစ္စ"

သူ့ရင်ဘတ်ကို လက်ညှိုးလေးထောက်ကာ နန္ဒီက ချစ်





စဖွယ်ပြောရင်း သူလှဲနေသော အရှင်းဘက်ပေါ် ပူးပူးကပ်ကပ်လေး ဝင်ထိုင်လိုက်၏။ သူ့လည်မင်းကို သိုင်းဖက်လာသော နန္ဒီ့ ကိုယ်လုံးသွယ်ကျစ်ကျစ်လေးကို အသာပွေ့ယူထားရင်း ...

"နန္ဒီ"

"အင်"

"ကိုကြီး မေးစရာရှိလို့"

"မေးလေ"

"မီးခံသေတ္တာထဲက ငွေငါးသောင်း"

"ဩော် ... ဒါလား"

နန္ဒီ့ဖြေသံက ခပ်ပေါ့ပေါ့ပင်။ ပြီးမှ ...

"မာမီလေ... အရေးတကြီးငွေလိုလို့တဲ့၊ ချက်ချင်းလိုတယ်ဆိုလို့ တော်သေးရဲ့။ ကိုကြီး မီးခံသေတ္တာထဲမှာ ငွေက အဆင်သင့်ရှိနေလို့။ အဲဒါယူပြီး နန္ဒီ သွားပို့ပေးလိုက်ရတယ်၊ မာမီက မကြာခင် ပြန်ပေးပါမယ်တဲ့"

နန္ဒီ့အဖြေစကားကြောင့် သူ့ရင်ထဲ အောင့်ခနဲ ဖြစ်သွားရတော့၏။

ဩော် ... လွယ်လှချည်လားကွာ။

"ကိုကြီး"

"ဟင်"

"ဘာလဲ၊ မကျေနပ်ဘူးလား ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးလေးကိုင်မော့ပ်ကာ ပြောလာသော နန္ဒီ့စကား တွေက ရင်ထဲက အကျိတ်အခဲလေးကို မကျေစေနိုင်တော့။

"နန္ဒီ ကိုကြီးကို ခွင့်တောင်းသင့်တာပေါ့ကွာ"

"ဟင် ... ကိုကြီးကလဲ၊ ကိုကြီးပဲ ကိုကြီးငွေတွေဟာ နန္ဒီ့ငွေတွေပါပဲဆို၊ ကဲ ... ကဲ"

အရိုက်ကို နှက်လိုက်သော စကားမို့ သူ ရှုတ်တရက် ဆွံ့သွားရပြန်၏။ ပြီးမှ ...

"မှန်ပါတယ် ဒါပေမယ့် ခုကိစ္စက ကိုကြီး လိုအပ်လို့ ယူတဲ့အချိန်မှာ မရှိတော့ ဘယ်အဆင်ပြေတော့မလဲကွာ"

"ကိုကြီးကလဲ မရှိလဲ ရှိတဲ့ဘဏ်ထဲက ထပ်ထုတ်ပေါ့လို့ ခက် ခက်လွန်းလို့"

"ထုတ်ဆိုတာကလဲ အချိန်အခါရှိသေးတယ် နန္ဒီ၊ ကိုကြီး က အဆင်သင့်ရှိတယ်ထင်လို့ လာယူတာ မရှိတော့ ထုတ်ဖို့ အချိန်လဲ ကုန်သွားပြီ။ ဒီတော့ ချိန်းထားတာလဲ ဖျက်လိုက်ရပြီ လေ၊ ကိုယ်ရမယ့်ဟာ မရလိုက်ဘဲ ဖြစ်သွားတော့ ဆုံးရှုံးသွား တာပေါ့၊ နောက်ဆို ကိုကြီးကို အသိပေးပြီးမှ ယူနော်၊ ကြားလား နန္ဒီ"

"ဟွန်း"

ဆတ်ခနဲထကာ နန္ဒီ့မျက်နှာလေး စူပုပ်၍ ခုတင်ပေါ် သွားထိုင်နေလိုက်ပါတော့၏။





စိတ်ကောက်ပြီပေါ့။ သည်လိုပါပဲ။ နန္ဒီဆိုတာက ဘယ်တော့မှ အကျိုးသင့် အကြောင်းသင့် ပြောဆို ဆုံးမ၍ မရခဲ့။ သူ့စိတ်နဲ့သူပဲ။

"ဟင်း"

သက်ပြင်းလေးချကာ သူ အသာထလိုက်ရ၏။ ထုံးစံ အတိုင်း ချော့ရတော့မည်ပေါ့။ သြော် ... သူ့ဘဝမှာ သူ တစ်ခါမှ မလွန်ရပါဘဲလျက် အလွန်လုပ်မိသော နန္ဒီကသာ အမြဲအနိုင် ရနေသည့်အဖြစ်။ ရန်းထွက်ရန် ခက်ခဲလွန်းသော ရမ္မက်တဏှာ နှံ့အိုင် တွင်းထဲသို့ သူ သက်ဆင်းခဲ့မိပြီ မဟုတ်ပါလား။

"နန္ဒီ"

"သွား ... သွား၊ လာမခေါ်နဲ့"

ပခုံးကိုင်ရန် ကမ်းလိုက်သော သူ့လက်ကို နန္ဒီ ဆတ်ခနဲ ပုတ်ထုတ်ပစ်ပြီး ...

"သူများတွေက နန္ဒီကို ကံကောင်းတယ်တဲ့၊ ကိုကြီးက အရမ်းကို အလိုလိုက်တာပဲတဲ့၊ ဟွန် ... ဘယ်မှာ အလိုလိုက်လို့လဲ၊ ဘာမှမဟုတ်တဲ့ ငွေလေးငါးသောင်းကို ပြောနေတာ၊ တခြားလူ ယူတာလဲ မဟုတ်ဘူး၊ မကျေနပ်ရင် နန္ဒီ အခုသွားပြန်ယူ ပေးမယ်"

ပြောရင်း ဆင်းသွားဟန်ပြင်တော့ သူ နန္ဒီကိုယ်လုံးကို ဆွဲယူပွေ့ဖက်လိုက်မိရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူက မကျေနပ်ဘူး ပြောနေလို့လဲကွာ၊ ကိုကြီးကို အသိပေးပြီးမှ ယူလို့ပဲပြောတာ"

"ဘာထူးသေးလဲ၊ အတူတူပေါ့၊ ကိုကြီးက နန္ဒီကို မချစ်ပါဘူး၊ နန္ဒီဘဝလေးကို ကိုကြီးလက်ထဲမှာ မြှုပ်ထမတတ် ချော့မော့လိုက်ရတာ တတွတ်တွတ်။ လိုက်လျောမှုတွေ အမျိုးမျိုးဖပးကာ နန္ဒီအလိုကျ သူပေး ဆပ်ရပါလေ၏။

ထုံးစံပါပဲလေ။ နန္ဒီ စိတ်ကောက်၍ တစ်ခါတစ်ခါ ချော့ရပါလျှင် သူ့လက်ထဲမှ ငွေတွေ သွန်ချပစ်သလို ကုန်ပရော့ပဲ။ သြော် ... ချစ်မိတပ်မက်မိပြီကိုး။

နန္ဒီပြောသလို သူလည်း ပြောချင်ပေမယ့် မပြောရဲပါ။

နန္ဒီဘဝလေး သူ့မှာ စတေးထားတာက နန္ဒီ့အတွက် အဘက်ဘက်မှ တင့်တယ်ပြည့်စုံခဲ့ရသည့် အဖြစ်။ သူ့မှာသာ ရမ္မက်နွံအိုင်ထဲ စတေးမိသော သူ့ဘဝကြောင့် မိသားစုဆွေမျိုး အသိုက်အဝန်းမှ ဖဲကြဉ်ခံခဲ့ရသည့်အဖြစ် မဟုတ်ပါလား။ သူ မွေ့တဲ့မီးပါပဲလေ။

❀❀❀



## အခန်း(၁၇)

"ဟော့ ... အစ်ကို လာပါ"

သူ့ကိုမြင်တော့ ကိုဝန်းလေး ဝမ်းသာအယ်လဲ ခေါ်ရှာပါ၏။ ပန်းပင်ရေလောင်းနေရာမှ ကိုဝန်းက ...

"ကျွန်တော်တောင် အစ်ကို့ဆီ လာခဲ့တော့မလို့ဗျ"

"ကိစ္စရှိလား ညီလေး"

သစ်ခွခက်လေးတစ်ခိုင်ကို လက်နှင့် အသာတို့ကစားရင်း သူမေးလိုက်တော့ ကိုဝန်း ရယ်၍ ...

"ကိစ္စတော့မရှိဘူးလေ၊ အစ်ကို့ကို သတိရလို့ပါ၊ အစ်ကို အားမအား မသိတာနဲ့ မသွားဖြစ်တာပါ"

"အလုပ်ချိန်ကလွဲရင် အစ်ကို အားပါတယ်ကွာ၊ လာခဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ မလာတော့ဘူးလေ"

"ဟင်"

"အစ်ကို ရောက်လာပြီပဲ ... အဟင်း"

"ဩော် ... ဩော် ... အဟင်း ... ဟင်း"

ကိုဝန်းရယ်တော့ သူလည်း ဘာကို အလိုလိုသဘော ပေါက်မိချင်သလဲ မသိပါ။ မလုံမလဲလေး ရယ်မိပါတော့၏။ ကိုဝန်းက သူ့ကို ပြုံးကြည့်ပြီးမှ ...

"အစ်ကို"

"ဟင်"

"အစ်ကို အခုလာတာ ဘယ်သူ့ဆီလာတာလဲဟင်"

"ဟာကွာ ... ကိုဝန်းအနားပဲ ရောက်နေပြီပဲ၊ ကိုဝန်းဆီ လာတာပေါ့ ညီရ"

ရယ်ဟာဟာလေးနှင့် သူဖြေတော့ ကိုဝန်း သဘောကျစွာ ခေါင်းညိတ်၍ ...

"ဒါဆိုလဲ ပြီးရောလေ၊ ကျွန်တော်က မမဆီများလားလို့ ပါ"

"ဟာကွာ ... မင်းကလဲ ... အဟင်း"

မလုံမလဲ သူရယ်တော့ ကိုဝန်းကပါ ရယ်၍ ...

"အဟင်း ... မမတို့ အခုပဲ အိမ်ထဲဝင်သွားကြတာ အစ်ကိုရ ..."





"အင်း"

သူ့ သိတာပေါ့။

လမင်းတို့ ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် အိမ်ထဲဝင် သွားကြမှ သူ ကိုဝန်းဆီ ဆင်းလာခဲ့ခြင်း မဟုတ်ပါလား။

"အစ်ကို"

"ဟင်"

"အိမ်ထဲဝင်ပါလားဟင်၊ ဒီမှာ ခတ်တတ်ကြီးနဲ့၊ အားနာ ရာ"

"ရပါတယ်ကွာ"

"လာပါ အစ်ကို"

ရေပိုက်ခေါင်းခလုတ်လေး ပိတ်ရင်း ကိုဝန်း အတင်း ခေါ်တော့ သူ လက်ကာ၍ ...

"နေဦး ကိုဝန်း"

"ဘာဖြစ်လို့လဲ အစ်ကို"

"အန်တီတို့ကို အနှောင့်အယှက်ပေးသလို ဖြစ်နေဦး မယ်ကွာ၊ အလုပ်တွေ ရှိနေမှာပေါ့"

"ရပါတယ် အစ်ကိုရ လာပါ"

"ကိုဝန်းရေ ... ဟင် ... ဒေါက်တာ"

အသံနှင့်အတူ ရောက်လာသော သူ့သက်ပိုင်မှုုးလေး လမင်း။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရုတ်တရက်မြင်တော့ တန့်ခနဲဖြစ်သွားရှာ၏။ ကိုဝန်းက ပြုံး၍ ...

"မမ ... ဒီမှာ အစ်ကိုလေ၊ ပန်းလိုချင်လို့တဲ့"

"ဩော်"

ဖြတ်ထိုးညာဏ်ကောင်းလှသော ကိုဝန်းကို ကျေးဇူးတင်စွာ သူ ကြည့်မိရ၏။

ကျေးဇူးပဲကွာ ... ကိုယ် ဘာပြောရမှန်း မသိဘူးလေ၊

"အိမ်ထဲကို ကြွပါ ဒေါက်တာ"

လမင်းက ကိုယ်လေး မသိမသာညွှတ်ကာခေါ်တော့ သူရေငတ်တုန်း ရေတွင်းထဲ ကျသွားသည့်နှယ်ပင်။

လမင်းက သူ့ကို ဝေ့ကာနဲ မရဲမရဲလေး ကြည့်ပြီးမှ ...

"ကိုဝန်းကို မေမေခိုင်းထားတာ မေ့နေမှာစိုးလို့ မမလာပြောတာ၊ တော်ကြာ အချိန်လင့်နေဦးမယ်"

အင်းပါ၊ အခုပဲ သွားမလို့ပါ မမရ"

"ဘယ်လဲကိုဝန်း"

"ဩော် ... ပန်းပျိုးပင်လေးတွေ သွားယူမလို့ပါ အစ်ကို၊ မမ ... အစ်ကို့ကို ခေါ်သွားလေ၊ ကျွန်တော်လဲ သွားတော့မယ်"

"အင်း ... အင်း၊ လာပါ ဒေါက်တာ"

ကိုဝန်းလှစ်ကနဲ ထွက်သွားတော့ လမင်းက သူ့ဘေး ယှဉ်ကာ အိမ်ဆီသို့ ဦးဆောင်ခေါ်ရင်း ...





"ဘာပန်းယူမလဲဟင်"

"အချစ်ပန်း"

"အို"

လမင်းမျက်နှာလေး ရဲခနဲနီသွားတာကို သဘောကျစွာ စောင်းငဲ့ကာကြည့်မိရင်း ...

"သိပ်ချစ်တယ်ကွာ"

"အို ... ဒုက္ခပါပဲ၊ ဒေါက်တာကလဲနော်"

"လမင်း"

"ဟင်"

"ဒေါက်တာလို့ မခေါ်နဲ့ကွာ"

"ဟင်"

"နားထဲမှာ ထောင့်ကနဲ ထောင့်ခနဲပဲ"

"မေမေနဲ့ရှင့်"

"အန်တီ့ကို နားဖောက်မလို့"

"အို ... မဖြစ်သေးပါဘူးနော်"

"ဘာဖြစ်လို့လဲဟင်"

"မေမေ ဆူမှာစိုးတယ်"

"ခင်ဗျားလေးက ကျောင်းပြီးလို့ ဆရာမဖြစ်နေပြီဗျ"

"ဘာဆိုင်လို့လဲ"

"မဆိုင်ရင် ကိုကိုလို့ ခေါ်ရမယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အသားလွတ်ကြီးပါလား"

"နားမလည်ဘူးနော် ...မခေါ်ရင်တော့ အန်တီ့ကို ပြော

ချစ်ရာ ပြောလိုက်မှာ"

"ဟင် ...တကယ်"

"မယုံရင်နေပေါ့"

"မပြောပါနဲ့ဦးနော်"

"ဒါဖြင့် ခေါ်လေ"

"အို ... ရှက်တယ်"

"ကိုကိုတောင်မှ မရှက်မကြောက် လမင်းဆီ ရော

လာခဲ့တာပဲကွာ"

"အို ... လမင်းက မိန်းမသားရှင့်"

"သြော် ... ဟုတ်လား"

"ကြည့် ... သူနော်"

"ဘယ်သူလဲဟင်"

"အို ... မသိဘူး၊ မသိဘူး"

"လမင်း ... ခေါ်ကွ၊ အိမ်နားရောက်တော့မယ်၊ ကို

ကို ချစ်ရင် ခေါ် ... နော်ကွာ"

"ဟင်း ... ဒုက္ခပါပဲ"

လမင်းလွှတ်ခနဲညည်းတော့ အုပ်စိုး တန့်ခနဲရပ်

ပြီး မျက်နှာထားညိုးညိုးလေးနှင့် ...





"လမင်း ဝန်လေးနေရင် ကိုကို အထဲမဝင်တော့ပါဘူး လေ၊ ကိုကို သွားတော့မယ်ကွာ"

ပြောရင်း လှည့်ထွက်ဟန်ပြင်လိုက်သည်နှင့် ...

"အို ... ကိုကို"

"ဟာ ... လမင်းရာ"

ခေါ်ပြီးမှ လမင်း ရှက်ရှက်နှင့် ခေါင်းမဖော်ရဲတော့။ အုပ်စိုးမှာ ဝမ်းသာအားရ လမင်းရှေ့ ဖျတ်ကနဲ ရပ်မိရင်း ...

"လမင်း ... တကယ်ခေါ်တယ်နော်၊ အဟား ...ဝမ်းသာ လိုက်တာကွာ၊ သိပ်ကို ပျော်သွားပြီ သိလား"

"အို ... ကိုကို သတိထားလေ၊ ကြွေမပျက်စေနဲ့နော်"

"ကောင်းပါပြီ အချစ်ရယ်"

လမင်းနောက်မှ သူအိမ်ထဲ ဝင်လိုက်လာခဲ့၏။ ဒေါ်ယဉ်မွန်ကို ပန်းခြင်းတွေနှင့် အလုပ်များနေတာကို တွေ့လိုက်ရ၏။ သူ့ကိုမြင်တော့ ဒေါ်ယဉ်မွန်မျက်မှောင်လေး မသိမသာ ကြုတ်သွားသလိုပင်။ အသိအမှတ်ပြုဟန် ခေါင်းညိတ်ပြရင်း ...

"သြော် ... လာပါ ဒေါက်တာ"

"ထိုင်ပါ ဒေါက်တာ၊ မေမေ ... ကြီးကြီးက ဘုရားပန်း လိုချင်လို့တဲ့"

လမင်းကလည်း အကင်းပါးစွာ စကားလမ်းခင်းပေးတော့ သူ အလိုက်သင့် နင်းလျှောက်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီ၊ အန်တီ နေကောင်းပါတယ်နော်"

"ကောင်းပါတယ် ဒေါက်တာ၊ သမီးရေ ကော်ဖီလုပ်ပါကွယ်"

"ဟာ ... နေပါစေ အန်တီ၊ ကျွန်တော် ထမင်းစားထားလို့ပါ၊ မဖိသောက်ပါရစေနဲ့တော့ လမင်း ...မလုပ်နဲ့နော်"

"ဒါဖြင့်လဲ ဂန္ဓမာထွားထွားလေးတွေ ရွေးပေးလိုက်ပါ သမီးရယ်"

"ဟုတ်ကဲ့ မေမေ"

လမင်းပန်းခြံထဲမှ ပန်းတွေရွေးနေစဉ် ဒေါ်ယဉ်မွန်က အုပ်စိုးရှေ့ ကြိမ်ဆက်တီပေါ် ဝင်ထိုင်လိုက်ရင်း ...

"မမထား နေကောင်းတယ် မဟုတ်လား ဒေါက်တာ"

"ကောင်းပါတယ်အန်တီ၊ ကြီးမေက အန်တီနေကောင်းရဲ့လားလို့လဲ မေးခိုင်းပါတယ် ခင်ဗျ"

"အဟင်း ... မမထားကတော့ အန်တီ့အပေါ် ညီအစ်မလိုပါပဲလေ"

"ဟုတ်ကဲ့၊ ကြီးမေလဲ ပြောပါတယ်အန်တီ"

"သြော် ... ဒေါက်တာ"

"ပြောပါ အန်တီ"

"အန်တီ သွေးနည်းနည်းတိုင်းချင်လို့"

"အခုလား"





"ရပါတယ် နောက်နေ့မှလဲ ဖြစ်ပါတယ်၊ ခေါင်းထဲ မသိမသာထိုး ထိုးထိုးလေး ဖြစ်နေလားလို့ပါ"

"ဟုတ်လား၊ ဒါဖြင့် တော်ကြာရင် ကျွန်တော်လာတိုင်းပေးမယ်လေ၊ သွေးတိုးတက်ချင်တာ နေမှာပေါ့"

"အင်း ... ဒေါက်တာ့ကိုလဲ အားနာပါရဲ့၊ ကုးချည်သန်းချည်နဲ့ ပင်ပန်းပါတယ်"

"အိမ်ချင်းကပ်ပဲ အန်တီ၊ ဝေးတာလဲ မဟုတ်တား ကျန်းမာရေးအတွက် ဆေးစစ်တာဟာလဲ အချိန်မဆိုင်းထားတာ အကောင်းဆုံးပါ အန်တီ"

"အင်း... ခုတလော အငန်လေးတွေနဲ့ ထမင်းမြိန်လိုက်တာ ဖြစ်မှာပါပဲလေ"

"စိတ်ထဲ မသိုးမသန့်ဖြစ်လာရင် ဘာမှ အားမနာပါနဲ့ အန်တီ၊ ကျွန်တော် ကူညီနိုင်တဲ့ကိစ္စမို့ ပြောတာပါ"

"အဟင်း ... အန်တီလဲ တစ်လျှောက်လုံး ဒေါင်ဒေါင်မြည်ခဲ့သမျှ ခုတလောကျမှပဲ ဒေါက်တာနဲ့ အကျွမ်းဝင်နေရပါပြီကွယ်၊ တော်ပါသေးရဲ့ အိမ်နီးနားချင်းမို့လို့"

"အန်တီ"

"ဟင်"

"အန်တီ့ကို ကျွန်တော် တစ်ခု တောင်းပန်ချင်လို့ပါ"

"ဘာများပါလိမ့် ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ဒေါက်တာလို့ မခေါ်စေချင်လို့ပါ အန်တီ၊ ကြီးမေတို့ ခေါ်သလိုပဲ ခေါ်ပါ အန်တီ"

"ဩော် ... အဟင်း"

ဒေါ်ယဉ်မွန် ရယ်တော့ သူ အနေခက်သွားရသလိုပင်။

"ရင်းနှီးတဲ့လူတိုင်းက ကိုစိုးလို့ ခေါ်ကြတာမို့ ..."

သူ့စကား အဆုံးမသတ်ခင်မှာပင် ဒေါ်ယဉ်မွန်က ခေါင်း တဆတ်ဆတ်ညိတ်ရင်း ...

"ကောင်းပါပြီကွယ်၊ အန်တီလဲ ခေါ်ရမှာပေါ့၊ အန်တီ က ကိုယ့်ကို ဆေးကုပေးတဲ့ ဆရာဝန်မို့ လေးစားမှုအနေနဲ့ ဒေါက်တာလို့ ခေါ်တာပါ၊ ကိုစိုးလို့ အများနည်းတူ ခေါ်ပါ့မယ်၊ ဒါပေမယ့် အန်တီ့အနေနဲ့လဲ ကိုစိုးအပေါ် တစ်ခု တောင်းပန်ချင် တာက ..."

ဆက်မပြောဘဲ ရပ်ထားသဖြင့် သူက ...

"ပြောပါ အန်တီ"

ဒေါ်ယဉ်မွန်မျက်နှာက အလေးအနက်စကားမို့ တည် ငြိမ်နေပါ၏။ ပြီးမှ ...

"အန်တီ့ လေးစားရင်းနှီးမှုအပေါ်မှာ ကိုစိုး အမိပ္ပါယ် အကောက်မလွဲစေချင်လို့ပါ"

"ခင်ဗျာ"

"ပွင့်ပွင့်လင်းလင်း ပြောရရင်ကွယ်၊ ကိုစိုးလဲ အရွယ်ရှင်





အန်တီ့မှာလဲ အရွယ်ရှင် သမီးပျိုလေးနဲ့မို့ အဟင်း ... ဟင်း သမက်တော်ချင်လို့ဆိုတဲ့ အထင်မျိုး"

"ဟာဗျာ၊ အန်တီရာ မဟုတ်တာ၊ ကျွန်တော့်မှာ အဲဒီလို ရိုင်းတဲ့ အတွေးတွေ လုံးဝ မရှိပါဘူးဗျာ"

"ဒါက ကိုစိုးအပိုင်းလေ၊ အန်တီက ကိုယ့်ဘက်က ကိုယ်ထင်မိတာ ပြောရတာပါ၊ ရင်းနှီးမှုနဲ့ ပွင့်လင်းစွာ အားမနာ တမ်းပဲ ပြောရမယ်ဆိုရင် အန်တီ့အနေနဲ့ သမီးအတွက် အဖော် မွန်ဖြစ်စေဖို့ကိစ္စမှာ အတော့်ကို ချင့်ချိန်ပြီး ဆုံးဖြတ်ရမယ့်ကိစ္စမို့ တစ်ခါသေဖူးပြီမို့ နှစ်ခါတော့ မသေချင်တော့ဘူးလေ၊ ကိုစိုး သဘောပေါက်မှာပါ။ အန်တီလဲ ငယ်ရာကလာတဲ့လူမို့ လူငယ် တွေရဲ့ အရိပ်ကို ဖတ်တတ်ပါတယ်ကွယ်"

"ကျွန်တော် လမင်းအပေါ် အသက်ထက်ဆုံး မြတ်နိုး သွားဖို့အတွက် ရည်ရွယ်ထားတာပါ အန်တီ"

မထူးတော့။ မမျှော်လင့်ဘဲ လမ်းပွင့်သွားပြီမို့ ခပ်ရဲရဲကြီး ပြောလိုက်ရသဖြင့်လည်း အုပ်စိုး ကျေနပ်သွားရ၏။

"အဟင်း ... ဟင်း၊ အချိန်တွေ အများကြီးရှိပါသေး တယ်၊ ကိုစိုးရယ်၊ ဒီကိစ္စကို အန်တီတို့ အချိန်ယူရမှာပေါ့"

သူ ခေါင်းညိတ်မိ၏။

သူ့ဘက်က အာမခံချက်အပြည့်နှင့်မို့ အန်တီ ယူချင်သ လောက် အချိန်ယူစမ်းပါစေ။ သူ့ရင်ထဲမှ မေတ္တာနှင့်သစ္စာကို



www.burmeseclassic.com

www.burmeseclassic.com



မှတ်ကျောက်အတင်ခံရန် အဆင့်သင့်ပါပဲဟူသော အဓိပ္ပါယ်နှင့်ပါ။ ဒေါ်ယဉ်မွန် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးလိုက်ပြီးမှ ...

"ယောကျ်ားတွေရဲ့ သစ္စာတရားဆိုတာ အင်မတန်မှ စိတ်ပျက်စရာကောင်းတဲ့ အကြောင်းတွေကို အန်တီ့လိုပဲ သမီးလေး နားလည်နိုင်မယ်ဆိုရင်တော့ ဘာ ပြောစရာ လိုမလဲကွယ်၊ ခုတော့ အန်တီ့ သမီးလေး ဘာအတွေ့အကြုံမှ မရှိပါဘူး ကိုစိုးရယ်"

"အန်တီ"

တစ်ဖက်စွန်းထွက်လာသော စကားကို ချေပရန် အားယူလိုက်ချိန်မှာ ပန်းစည်းလေးနှင့် လမင်း ဝင်လာသဖြင့် စကားစပြတ်သွားရပါတော့၏။

"သြော် ... သမီး ... လာလေ၊ ဒီမှာ မေမေတို့စကားကောင်းနေတာနဲ့ပဲ ကိုစိုးကို ဘာမှ မကျွေးလိုက်ရဘူးကွယ်"

"ရပါတယ် အန်တီ၊ ကျွန်တော် ပြန်ပါဦးမယ်"

"အင်း ... အင်း ... သမီး ပန်းပေးလိုက်လေ"

"ရော့ပါ ဒေါက်တာ ... ကြီးကြီးကြိုက်တဲ့ ဂန္ဓမာ ဝါဝါတွေ"

"ဘယ်လောက်ကျလဲဟင် လမင်း"

"အို ... မဟုတ်တာ"





"အေးလေ ... ကိုစိုးကလဲ ဆေးကုခတော့မယူဘဲ ပန်းဖိုးယူရမယ်ဆိုရင် အန်တီတို့ အများကြီးနာသွားရမှာပေါ့ကွယ်"

"အဟင်း"

ရင်းနှီးစွာ ပြောမိကြရင်း သူ ထွက်လာတော့ လမင်းလည်း ခြံတံခါး ပိတ်ရန် ရည်ရွယ်ချက်ဖြင့် သူနှင့် တစ်၍ ပါလာခဲ့သည်။ အိမ်ပြင်ရောက်သည်နှင့် လမင်းက ကျိတ်ကျိတ်လေး နှင့်

"ကိုကို"

"ဗျာ"

"မေမေနဲ့ ဘာတွေပြောနေတာလဲဟင်"

"လမင်း သိချင်တာလား"

"အို ... သိချင်တာပေါ့"

"ကိုကိုနဲ့ လမင်း ချစ်နေကြတာ အန်တီ သိနေတယ်"

"ဟင်"

မျက်နှာလေး ပျက်သွားသော ချစ်သူကို ကြင်နာစွာ ကြည့်မိရင်း သူ ခေါင်းခါပြကာ ...

"မစိုးရိမ်နဲ့နော် ချစ်၊ ဘာမှ မဖြစ်ပါဘူး"

"မေမေ လမင်းကို ဆူမလားမသိဘူး ကိုကိုရယ်"

"မဆူပါဘူး"

"ကိုကို သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့၊ ကိုကိုလေ လမင်းကို အသက်ထက်ဆုံး မြတ်နိုးကြင်နာဖို့ ချစ်တယ်ဆိုတာလဲ ပြောလိုက်ပြီလေ"

"မေမေ ဘာပြောလဲဟင် ကိုကို"

"ကိုကို့ကို အချိန်တွေ အများကြီး ရှိပါသေးတယ်တဲ့၊ သဘောကတော့ ကိုကို့ မေတ္တာနဲ့သစ္စာကို အချိန်ယူပြီး စောင့်ကြည့်မယ်ဆိုတဲ့ သဘောပေါ့"

"ကိုကို စောင့်နိုင်မလားဟင်"

"နိုင်တာပေါ့၊ လမင်းကို ကိုကို အရမ်းချစ်တာ၊ သေတဲ့အထိ စောင့်ဆိုလဲ စောင့်မှာပဲ"

"အို ... ကိုကိုကလဲ မဦးမချွတ်"

"လမင်း"

"ကိုကို"

"ချစ်တယ်နော်"

"အရမ်းကို ချစ်မိရပါပြီ ကိုကိုရယ်"

❀❀❀



## အခန်း(၁၈)

"ဟော့ကောင် ... ဘယ်မလဲ မင့်လူ၊ မလာသေးပါလားကွ"

"လာမှာပါကွာ၊ ဒီကောင် ခုတလော ပွဲပေါက်မိထားတာ၊ စိတ်ချ၊ လာကိုလာလိမ့်မယ်"

"ဟုတ်မှလဲ လုပ်ကွာ"

"အေးကွ ... တော်ကြာ သောက်ရှက်ကွဲနေမယ်နော်"

"ဟာကွာ ... ပူစရာ မဟုတ် ပူနေပြန်ပါပြီ၊ ငါတာဝန်ယူပါတယ်ဆိုနေမှကွာ"

"ငါတော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲဟေ့"

"လှုပ်တဲ့ကောင် မသောက်နဲ့ကွာ"

"အံမာ ... ဘယ်ရမလဲ၊ သေအတူ ရှင်မကွာတဲ့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"အဟား ... ဟား ... ကျလဲကျတဲ့ကောင်"

"အေးလေ ... သောက်စားကျ သေအတူ ရှင်မကွာဖြစ်သွားရော"

"အဟား ... ဟား ... ဟား"

"ကဲ ... ကဲ ... ဝင်ထိုင်ကြကွာ၊ ကြိုက်တာသာ မှာပြီးစားကြ"

"ဟေ့ကောင် ... တိုး ဖြစ်ပါတယ်နော်"

"ဖြစ်ပါတယ်ကွ"

"ကဲ ... သူငယ်ချင်းတို့ ကြားတဲ့အတိုင်းပဲဟေ့"

အားလုံး ငါးယောက်တိတိ။

အသက် နှစ်ဆယ်အစိတ်ဝန်းကျင်အရွယ်တွေပင် ရှိပုံရလေသည်။ ဆိုင်ထဲဝင်လာကတည်းက တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံများကို တမင် နားမထောင်ပါဘဲနဲ့ အတိုင်းသား ကြားနေရလေသည်။

သတို့ထက် သုံးမိနစ်ခန့်လောက်သာစောကာ ဦးအောင်လွင် ရောက်ရှိနေတာမို့ ထောင့်ကျကျ စားပွဲတစ်ခုမှာ နေရာယူကာ ချိန်းထားသော ညွန့်သည်ကို စောင့်နေခြင်း ဖြစ်လေသည်။

မှန်ပါသည်။ လုပ်ငန်းနှင့် ပတ်သက်သော နယ်မှ ညွန့်သည် တစ်ယောက်နှင့် လုပ်ငန်းအကြောင်း ဆွေးနွေးကြရန် ဦးအောင်လွင်သည် နေရာသို့ ချိန်းဆိုထားခြင်း ဖြစ်လေသည်။





ကိုယ်က ညွှန့်ဝတ်ပြုသူမို့ အရင်စောကာ ရောက်ထားနှင့်ခြင်းပင်။

နောက်ရောက်လာသော လူငယ်ငါးယောက် အုပ်စုက ဦးအောင်လွင်၏ နံဘေးချင်းကပ်စားပွဲမှာပင် နေရာယူကြရာ အစားအသောက်များကို တစ်ယောက်တစ်မျိုး မှာယူနေကြလေသည်။

ဩော် ... လူငယ်သဘာဝ ပျော်ပျော်ပါးပါး အထိမ်းအမှတ် တစ်ခုခုအတွက် လာရောက်စားသောက်ခြင်းဟု၍ အားလည်းလိုက်မိ၏။

ကျွေးမွေးမည့် ဒကာ မရောက်လာသေး၍ တစ်ယောက်တစ်ပေါက်စီ ဝေဖန်နေသံက ပွစိပွစိနှင့်၊ သူတို့ အထဲမှ တစ်ယောက်က အာမခံချက်ရဲရဲနှင့် စိတ်ချလက်ချ စားသောက်နေ ပြောနေကြသံများက ကြားနေရလေ၏။

"နေပါဦး တိုးရ၊ ငါတို့တော့ စားနေပြီကွာ၊ ကျွေးမွေးအကာခံမယ် ကိုယ့်သူငယ်ချင်း အကြောင်းလေးတောင် လုံးစေ့ပတ်စေ့ မသိရသေးဘူးဆိုတော့ မဟုတ်သေးဘူး ထင်တယ်ကွာ"

"မင်းက ဘာသိချင်လို့လဲ အောင်ဝင်းရ"

"သိချင်ဆို ဟိန်းက ဘာတွေများ ပွနေလို့လဲပေါ့ကွာ၊ မင်းနဲ့နီးတော့ မင်းပဲ သူ့အကြောင်း စေ့စေ့စပ်စပ် သိမှာ၊ ငါတို့ကတော့ ဘာမှမသိဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အမဲ ... ဒီလိုကွ"
"အင်း"
"ဟိန်း ကောင်မလေးက အရမ်းကို ချမ်းသာတယ်လေ"
"ဟင် ... သူဌေး သမီးလား"
"ဘယ်ကလာ ... သူဌေးသမီး မဟုတ်ဘူးကွ၊ သူဌေးကတော်၊ သူဌေးကတော်၊ သိလား"
"ဟင် ... ဘယ် ... ဘယ်လို"
"အဟား ... ဟား ... ဘာလဲ၊ မျက်စိလည်သွားပြီလားကွ"
"အေးလေ ... မင်းပြောတော့ ဟိန်း ကောင်မလေးဆို"
"အေး"
"ဒါနဲ့ သူဌေးကတော်ဆို"
"ဒါလဲ ဟုတ်တာပဲကွ"
"ဟာ ... ရှုပ်ကုန်ပြီကွာ"
"အဟဲ ... ဒီလိုပါကွာ"
"ပြောစမ်းပါကွ၊ မြန်မြန်၊ ဒီမှာ စားရတဲ့ အရသာလေးတောင် ဆတ်တငံ့ငံ့ဖြစ်သွားပြီ"
"ဟိန်းကောင်မလေးက အခု သူဌေးကတော် ဖြစ်နေတယ်ကွာ"
"သြော် ... ဟိန်း ကျန်ရစ်ဖြစ်သွားတာပေါ့"





"ဘယ်ဖြစ်မလဲ၊ မဖြစ်တဲ့အပြင် ဟိန်းကပါ ဆင်ဖြူတော်မှိုပြီး ကြံစုပ်ရသေး"
"ဘယ်လို"
"ကောင်မလေးက သူ့ယောကျ်ားရဲ့ငွေတွေကို ဟိန်းတောင်းသလောက် ပေးနေတာကွ"
"ဟာ ... ပိုင်လှချည်လားကွာ"
"အဲဒါကြောင့် ငါပြောတာပေါ့၊ ဟိန်းမှာ ငွေတွင်းကြီးတွေ့ထားတာလို့"
"ငါလဲ အဲလို တွေ့ချင်လိုက်တာ"
"တော်စမ်းပါ၊ မင်းဟာမက လှလဲမလှဘဲနဲ့ မရှုးချင်ပါနဲ့ အောင်ဝင်းရာ"
"အဲမှာ ... ငါ့ကောင်မလေးက ငါ့မျက်စိထဲမှာ အချောဆုံးကွ"
"အဲဒါ မင့်မျက်စိကိုး၊ ဟိန်း ကောင်မလေးက မြင်ရတဲ့ယောကျ်ားတိုင်းရဲ့ မျက်စိထဲမှာ အလှဆုံးစာရင်းဝင်ကွ"
"ဟ ... ဒါလောက်တောင်ပဲလား"
"အိုး ... နန္ဒီအလှကို မင်းတို့ မမြင်ဖူးသေးလို့"
"ဘယ်လို ... နန္ဒီ ... နာမည်လေးကလား"
"ဟင်"
နှေခေါင်ခေါင် မိုးကြိုးပစ်လိုက်သည့်နှယ်၊ မထင်မှတ်



www.burmeseclassic.com

www.burmeseclassic.com



သော စကားဝိုင်းမှ နန္ဒီ့ နာမည်လေး ပါလာသဖြင့် သူ့တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားရတော့၏။ ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်နှင့် အမှု ကြားလိုက်ရသော စကားတို့ကြောင့် သူ့မှာ အသက်ပင် မရှူရဲတော့။

"အေး ... နန္ဒီတဲ့၊ လှသလားမမေးနဲ့၊ လည်သလားလဲ မမေးနဲ့"

"ဘာဖြစ်လို့လဲ"

"သူယူထားတဲ့ ယောက်ျားက သူ့ထက်တောင် ကြီးသေးတယ်လေ"

"ဟင် ... ဟုတ်လား"

"အဘိုးကြီးကို နန္ဒီ ပိုင်သလားမမေးနဲ့၊ ငါးခြောက်ဆိုဖုတ်ပြီးသားပဲ ... အဟဲ"

"လှတာမက်တဲ့ တေကြီးက လူပျိုကြီးလားကွ"

"ဟင့်အင်း ... သားကြီး မယားကြီးနဲ့"

"ဟာ ... အတော်နာ့ပွတဲ့ တေကြီးပဲ"

"နန္ဒီကလဲ လည်တယ်လေ၊ တေကြီး ချမ်းသာမှန်းသိတော့ အပိုင်ကပ်နှုးလိုက်တာ၊ တစ်ခါတည်း ကွိခနဲ ကျပါလေရော၊ နန္ဒီမှ နန္ဒီဖြစ်နေတာ"

"ဟိန်းနဲ့က မပြတ်သွားဘူးပေါ့"

"နန္ဒီက ရည်းစားတွေ အများကြီးထားတဲ့အထဲမှာ ဟိန်း





ကိုတော့ အစွဲဆုံးပဲကွ၊ ဟိန်းရုပ်က စွဲလဲစွဲလောက်အောင် ဖြောင့်တယ်လေ"

"အင်း"

"နန္ဒီက ဘယ်လောက်လည်သလဲဆိုရင် အဘိုးကြီးကျလောက်အောင် ချူချွဲပြီး ဟိန်းအတွက် လိုလေသေးမရှိ ဖြည့်ပေးထားတာကွ"

"သြော်"

"အိုကွာ ပွပေါက်မိတာကတော့ နန္ဒီအမေရော ဟိန်းရောပဲ"

"ဟုတ်လား"

"အင်း ... ဝိုင်းတွေမှာ နန္ဒီ့အမေ ဖဲရှုံးပစ်တာ နည်းသလား၊ ဟိန်းလဲ ဒီအတိုင်းပဲ၊ ဝိုင်းမှာ ဘယ်လောက်ဖဲရှုံးရှုံး အပြုံးမပျက်သေးဘူး၊ သူတို့မှာ ငွေတွင်းကြီး ဖင်ခုထိုင်ထားတဲ့ လူတွေလေ"

"ဟာ ... အဲဒါတောင် နန္ဒီ့လင်ကြီးက မသိဘူးလား"

"မသိဘူးတဲ့၊ အဲဒီလူက နန္ဒီဖြုန်းဖို့အတွက် အပြင်မှာ အစ်နေကုန် အလုပ်ထဲနစ်နေတာလေ၊ ကန်ထရိုက်ကြီးတဲ့၊ ငွေတွင်းကြီးကလဲ ဟည်းနေတာတဲ့"

"မင်း မြင်ဖူးလား"

"အဲဒီလူကြီးကိုလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"တစ်ခါတော့ ဟိန်းပြလို့ မြင်ဖူးတယ်၊ ခပ်လှမ်းလှမ်းပဲ မျက်မှန်နက်တပ်ပြီး ဦးထုပ်နဲ့ဆိုတော့ အသေအချာတော့ မမှတ်မိဘူးကွ၊ ဆိုက်ကတော့ ခပ်ဖြောင့်ဖြောင့်ထဲကပဲ"

"အင်း ... ဒီကစ္စ ငတိကြီးသိရင် နန္ဒီ မလွယ်ဘူးနော်"

"မလွယ်လဲခွဲပေါ့ကွာ၊ နန္ဒီမှာ စုဆောင်းမိရှိလှရောပေါ့"

"မင့်ဥစ္စာ မခွဲဘဲမဲလိုက်မှ ကားခနဲ မိနေဦးမယ်"

"မမိလို့ နန္ဒီတို့ အခုဆို နေ့တိုင်း အပြင်မှာ ချိန်းတွေ့နေကျ ဆရာရေ့၊ နေ့ခင်းဆို ဟိန်းနဲ့၊ ညဘက်ဆို ငတိကြီးနဲ့ နန္ဒီဟန်ကိုကျလို့"

"ထွီ ... မင်းဟာက မြွေဟောက်မ ဖြစ်နေပြီ"

"အံမာ ... အံမာ ... မင်းကပဲ ရှိရသေးတယ်၊ အခု မင်းဆို့နေတာ အဲဒီမြွေဟောက်မရဲ့ ငွေတွေကွ"

"အဟဲ ... ဟဲ ... ဒါကတော့ ... ဒါကတော့"

"ခွေးကောင်၊ ဒါမျိုးကျ အန်ထွက်အောင် ဆို့မယ့်ကောင်ကများ ကြီးကျယ်လို့"

"အေးလေ ... ကြုံတောင့်ကြုံခဲစားရတဲ့ပွဲမှာ ဘာပဲဖြစ်ဖြစ် ငါတို့တော့ စားမှာပဲ သောက်မှာပဲ"

"ကောင်းတယ် ... ဆက်လုပ်"





"ဟေ့ကောင် ... ဘယ်မှာလဲ ဟိန်း၊ ခုထိ မပေါ်လာသေးပါလားကွ ဟင်"

"လာမှာပါကွာ"

"အေး ... လာမလာတော့မသိဘူး၊ ငါတော့ ဗိုက်ကို တင်းနေပြီ"

"ဟော ... ဟော ... ပြောရင်းဆိုရင်း ဟိုမှာလာနေပြီ"

"ဟင်"

ဦးအောင်လွင် မသိမသာလေးထကာ တစ်ဖက်ခန်းဆီ အသာကူးဝင်သွားလိုက်၏။

ဟိန်းဆိုသော ကောင်က သူ့ကို သိနေသည် မဟုတ်ပါလား။

သူ့ကို ဘယ်သူမှ သတိမထားမိကြချေ။

တစ်ဖက်ခန်းထဲမှနေ၍ မဟာတဟာခန်းဆီးကို အကွယ်ယူကာ ဟိန်းဆိုသူကို သူ ကြည့်လိုက်၏။

တွေ့ပါပြီ။

ခုနက သူကြားရသည့် အတိုင်းပင်။

ရေဗင်မျက်မှန်၊ လယ်သာဂျာကင်၊ ဘောင်းဘီရှည်၊ ဝေါ့ကင်းရှူးတို့နှင့် သားနားလွန်းပါသော လူရွယ်တစ်ယောက်။

ဆိုင်ထဲရောက်မှ မျက်မှန်ကို အသာချွတ်လိုက်သော လက်ညှိုးမှ စိန်လက်စွပ်က ဖျတ်ကနဲ လက်ခါသွားသလို



www.burmeseclassic.com

www.burmeseclassic.com



ခိန်းကလေးများပင် ကျလောက်သော မျက်နှာပိုင်ရှင်ဖြစ်ကြောင်း တွေ့လိုက်ရလေ၏။

"ဟော့ကောင် ဟိန်း ... မင်းကွာ ပေါ်လာသေးတယ်နော်၊ ငါတို့ကော ဗိုက်ကားသွားပြီကွာ။ မင်း ရှင်းပေတော့"

"ရှင်းမှာပါကွာ ... ထပ်မှာကြဦးလေ"

"တော်ပြီ ... တော်ပြီ မဆန့်တော့ဘူးကွာ"

"မင်း ဘာလို့ နောက်ကျနေလဲ ဟိန်းရ"

"ဟာကွာ နန္ဒီ ဂျီကျနေလို့ ကျေနပ်အောင် မနည်းချော့ထားခဲ့ရတာလေ"

"ချော့ခကော ရခဲ့ရဲ့လား"

"ဟော့ကောင် မျက်နှာသေချာကြည့် ... ဟိန်းတဲ့"

"ယုံပါတယ်ကွာ ... ယုံပါတယ်"

"ကဲကွာ ကြိုက်သလောက်သောက်၊ ကြိုက်သလောက်စားကြစမ်း"

"အဟား ... ဟိန်းနဲ့နန္ဒီ အမြန်ဆုံး ညားကြပါစေ"

"ဟော့ကောင် ဝတိုး၊ မင်း တုံးလှချည်လားကွ"

"ဟင် ... ဘာဖြစ်လို့လဲ ဟိန်းရ"

"မင်း ဆုတောင်းပြန်ပြင်စမ်းကွာ"

"ဟင် ဘယ် ... ဘယ်လို"

"ငါနဲ့ နန္ဒီညားရင် မင်းတို့ပါ ငတ်ပေါက်တိုးပြီး လာဘ်





ဝိတ်သွားမှာပေါ့ကွာ၊ တစ်နေ့ကို ရွှေဥတစ်လုံး တစ်လုံးရနေမှတော့ လောဘကြီးပြီး ငန်းကို သတ်လိုက်ရင် ငါ့လောက် မိုက်တဲ့လူ ရှိဦးမလားကွာ"

"ဟေ ... အေး ... အေးကွာ ငါ အတွေးချော်သွားတယ်"

"ဒီမှာ ဝတိုး ဟန်းဆိုတဲ့ကောင်ဟာလေ သူများမျက်ခုံးမွေးပေါ်မှာ စကြိန်လျှောက်လာတဲ့ကောင်ပါကွ၊ ဒီလိုနေတာ ဘယ်လောက်ဟန်ကျသလဲလို့၊ တစ်သက်လုံး ဒီလိုပဲ နေသွားမှာကွ၊ ဘယ်တော့မှ မိန်းမမယူသေးဘူး၊ မိန်းမဆိုတာ ငါ့အတွက်ကစားစရာ အရုပ်သက်သက်ပဲကွာ"

"မင်း တော်လှချည်လား ဟိန်းရာ"

"အဟင်း ... ဟင်း"

ရယ်သံတွေ ပွံ့လွင့်သွားတော့၏။

"တောက်"

ဦးအောင်လွင် မေးကြောကြီးများ ထောင်တင်းသာအောင် အံကြိတ်ကျစ်ကြိတ်ရင်း တောက်တစ်ချက် ကျိတ်ကျိတ်လေး ခေါက်လိုက်၏။

မှားပြီ။ မိမိ အမှားကြီးမှားမိပါပကောလား။

ယမင်းရုပ်ထင်၍ ကောက်သိမ်းမိပါမှ ဘီလူးမ ဖြစ်နေရ



www.burmeseclassic.com

www.burmeseclassic.com



သည့် အဖြစ်။ ဘယ်လောက်ခံပြင်းစရာ၊ ရှက်စရာကောင်းလိုက်ပါသလဲ၊ ခုမှ နွားလုံးလုံး ဖြစ်နေရသည့်ဘဝ။

ဘာလုပ်ရမည်နည်း။ ခေါင်းပူ၍မဖြစ်၊ ခေါင်းအေးအေးထားကာ စဉ်းစားမှ ဖြစ်ပေတော့မည်။

သူ့ဆီနှင့် သူ့ကို ပြန်ကြော်နိုင်ရေးအတွက် အကြံကောင်းတစ်ချက်ဖြစ်ဖို့ လိုသည်မဟုတ်ပါလား။

❀❀❀



# အခန်း (၁၉)

ဟန်မပျက်ပင် နေလိုက်ပါသည်။

သို့သော် ဦးအောင်လွင်ရင်ထဲမှာ မီးတောက်နေပါလေပြီ။ ဆုပ်စူး၊ စားရှူးမည့်ကိန်း မဟုတ်ပါလား။

ပတ်ဝန်းကျင် နားမဆံ့တော့မှ ကိုယ့်အကြောင်းကိုယ်ပြန်သိခဲ့ရသော အဖြစ်လောက် အသည်းနာစရာ ကောင်းတာရှိဦးမည်လားလေ။

သူများပြောတိုင်းလည်း မယုံချင်သေးသည့်စိတ်ကလေးက နန္ဒီ့ရုပ်မျက်နှာအပေါ် တွယ်နေမိသေးတာမို့ တစ်ပတ်တိတိ အလစ်ချောင်းကာ အကဲခတ်ရပါတော့၏။ တွေ့ရ သိခဲ့ပါပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒီ့စရိုက်တွေ အစအဆုံး မျက်မြင်ဖြစ်သွားရပါ၏။ ကြော့ကြော့လေးပြင်ကာ ဟိန်းနဲ့တွဲကာ ဟိန်းနဲ့အတူ ဖဲဝိုင်းမှာ ငွေတွေ သောက်သောက်လဲ သုံးစွဲနေတာ။

သူများမြှောက်တိုင်း မြှောက်ချင်တိုင်းမြှောက်၍ နန္ဒီ အောက်ခြေလွတ်ကာ ပျက်စီးနေတာ။

နန္ဒီ့မာမီ ဒေါ်မာလာကလည်း နန္ဒီ့ဆီမှ ရနိုင်သမျှ လိုးထုတ်နေတာ။

သြော် ... 'ကြွက်သေတစ်ခု အရှင်းပြု' ဟူသော ပုံမြင် လို ဖြစ်နေရပါပြီတည်း။

နန္ဒီ့ကို အရင်းပြု၍ ဒေါ်မာလာရော ဟိန်းပါ လောက စည်းစိမ်မှန်သမျှ တိန်တိန်မြည်အောင် ခံစားခံစားနေချိန်မှာ မိမိသည် မယားငယ်ချောချောလေး စိတ်တိုင်းကျ ဝတ်ဆင်သုံး စွဲနိုင်ရန် အလုပ်ထဲ အချိန်ပြည့်နစ်နေရသည့်အဖြစ်။

နန္ဒီ့အပေါ် မိမိအား တကယ်အားကိုးမြှတ်နိုးနေသည် ဟု ထင်မြင်စိတ်ဖြင့် ခမျှာ အားမငယ်အောင် အစစ အလိုလိုက် အကြိုက်ဆောင်ထားခဲ့သမျှ ခုမှ ငပေါကြီး ဖြစ်ရလေပြီတည်း။

'ဟွန်း ... တောက်"

ကြိတ်မနိုင်ခဲမရ ခံစားမှုများဖြင့် ဦးအောင်လွင် အလုပ် ပင်ဖြောင့်အောင် မဆင်းနိုင်။ အချိန်ရှိသမျှ ဘယ်လိုလုပ်ရင် ကောင်းပါ့မလဲ ဟူ၍သာ စဉ်းစားနေမိ၏။





ဘယ်သူ့ကိုမှလည်း မတိုင်ပင်ရဲ။ ဖွင့်ပြော၍ ကောင်း သည့်ကိစ္စလည်း မဟုတ်။

ရှဉ့်လဲလျှောက်သော ပျားလဲစွဲသာမည့် အဖြစ်မျိုးဖြစ်ဖို့ လိုသေးသည်။

ဟင် ... ဘယ်လိုလုပ်ရပါ့မလဲ။ နန္ဒီ့ကို စုံမက်နေ၍ မထူးပြီ။

စွန့်လွှတ်မှဖြစ်တော့မည်ဟူသော ဆုံးဖြတ်ချက်က အခိုင်အမာရှိနေပြီမို့ အချိန်နှင့်အမျှ ကြံ့တ်ကာ အကြံထုတ်နေ ရ၏။

အင်း ... ဟုတ်ပြီ။

လက်ခံနဲ ရလာသော အကြံအတိုင်း အကောင်အထည် ဖော်ရန် ဆုံးဖြတ်ရတော့၏။

"မလှတင်"

"ဟင် ... အစ်ကိုကြီး"

အချိန်မဟုတ် ပြန်ရောက်လာသော သူ့ကို တွေ့လိုက်ရ သဖြင့် မလှတင် မျက်နှာပေါ်မှာ အံ့ဩရိပ်က ဖုံးဖိ၍ပင်မရ။

ဆေးကြောပြီးသား ပန်းကန်များကို စီနေရာမှ သူ့ကို ကြောင်ကြည့်နေသော မလှတင်အား ...

"အေးကွာ၊ အစ်ကိုကြီး မလှတင်ဆီက အကူအညီလေး တစ်ခု တောင်းချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... အကူအညီ"

မလှတင် ပို၍ အံ့ဩသွားရပြန်ပြီ။ ထူးထူးဆန်းဆန်း ပါလားနော်။ အစ်ကိုကြီး ဦးအောင်လွင်ကဲ့သို့သော သူဌေးတစ်ယောက်ကို သူ့လို အိမ်ဖော်တစ်ယောက်က ဘာအကူအညီများ ပေးနိုင်ပါ့မလဲ။

"ဟုတ်တယ် မလှတင်၊ ပွင့်ပွင့်လင်းလင်းပဲ အစ်ကိုကြီး မေးမယ်ကွာ၊ ကိစ္စက နန္ဒီ့ကိစ္စပဲ"

"ဟင်"

မလှတင် ဆတ်ခနဲ တုန်သွားရ၏။

နန္ဒီ့ကိစ္စဆိုသည်နှင့် မလှတင် သဘောပေါက်ပါပြီတည်း။

"နန္ဒီ ဘာတွေ လုပ်နေတယ်၊ ဘာတွေဖြစ်နေတယ်ဆိုတာ မလှတင် သိမှာပေါ့ကွာ"

"ရှင် ... ကျွန်မ ... ကျွန်မ"

မလှတင် အထစ်ထစ်အငေါ့ငေါ့ဖြစ်ကာ ဘာပြောရမှန်းမသိ။

လင်နှင့်မယား ကြားဝင်ကောင်းသော အရာလည်း မဟုတ်။ တော်ကြာ အရင်အတိုင်း ပြန်ဖြစ်သွားကြမှ ကိုယ်က ငမွဲကြီး ဖြစ်ရမည့်ကိစ္စ။

ခက်ပြီ၊ ခုမှ တကယ့်အခက်။





"ပြောပါ မလှတင်၊ အစ်ကိုကြီး သိချင်လို့"

"ဟင်"

မလှတင် အကြံအိုက်စွာ ခေါင်းကုတ်မိတော့၏။

"ဒီမယ် ... မလှတင်"

"ရှင်"

"အစ်ကိုကြီးရဲ့ အရိပ်အောက်မှာ မှီခိုသူအဖြစ်နဲ့ နန္ဒီရော မလှတင်ပါ အစ်ကိုကြီး ကျေးဇူးမတင်းဘူးလို့ ပြောရင် လက်ခံနိုင်မလား"

"လက်ခံပါတယ် အစ်ကိုကြီး"

နားလည်သဘောပေါက်စွာ ချက်ချင်း ဖြေမိတော့၏။

"အေး ... လက်ခံရင် အစ်ကိုကြီးကို ကျေးဇူးပြန်ဆပ်ပါလား မလှတင်"

"ကျွန်မ ဘာပြောရမှာလဲ အစ်ကိုကြီး"

"သြော် ... အင်းလေ ... အစ်ကိုကြီး တစ်ခုချင်း မေးမယ် ဟုတ်လား မလှတင် သိတာ ဖြေပေါ့"

"ကောင်းပါပြီ အစ်ကိုကြီး၊ မဖြေခင် ကျွန်မ တစ်ခုတောင်းပန်ပါရစေ"

"ဘာများလဲ"

"ကျွန်မ ပယောဂကြောင့် အစ်ကိုကြီးတို့ အဆင်မပြေဖြစ်သွားတာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကိစ္စမရှိပါဘူး မလှတင်၊ အခုအချိန်ဟာ အစ်ကိုကြီးနဲ့ နန္ဒီတို့ရဲ့ လမ်းခွဲဖို့ စာရင်းရှင်းချိန်လို့လဲ ပြောနိုင်တာပဲ"

"ဟင်"

"ဟုတ်တယ် ... မလှတင်၊ ကဲ ... နန္ဒီနဲ့တွဲနေတဲ့ ကောင်ကို သိလား"

"သိပါတယ် ဟိန်းပါ၊ နန္ဒီ့ရည်းစားဟောင်းပါ အစ်ကိုကြီး"

"အေး ... အဲဒီကောင် အိမ်ကို နေ့တိုင်း လာတတ်သလား"

"အစ်ကိုကြီး မရှိတဲ့အချိန်မှာ လာတာပါ"

"မလှတင်က ဘာလုပ်ပေးရသလဲ"

"အရက်ဝိုင်းအတွက် အမြည်းတွေ လုပ်ပေးရပါတယ်"

"သြော် ... သြော် .. နောက်ပြီးကော သူတို့ ဘာလုပ်ကြတာမြင်လဲ၊ ပြောပါ ပွင့်ပွင့်လင်းလင်းပဲပြောပါ၊ မလှတင်"

"ကျွန်မ မမြင်ပါဘူး အစ်ကိုကြီး သူတို့က ဟိုအခန်းထဲမှာ တံခါးပိတ်ပြီး သောက်ကြတာပါ"

"တောက်"

ဦးအောင်လွင် တောက်ခေါက်တော့ မလှတင် ဆတ်ခနဲ တုန်သွားရ၏။ ပြီးမှ ...





"အစ်ကိုကြီး"

"ဟင်"

"မှတ်ထူးတော့ပါဘူးရှင်၊ ကျွန်မ ပြောပြပါတော့မယ်"

"ပြောကွာ ... ပြောစမ်း"

"နန္ဒီဟာ အစ်ကိုကြီးကို မချစ်ဘူး"

"ဟုတ်တယ်"

"အစ်ကိုကြီးရဲ့ စည်းစိမ်တွေကို သူတို့ ဝိုင်းပြီး ဖြုန်းနေကြတာလို့ ကျွန်မ မြင်မိပါတယ်"

"မှန်တယ်"

"နန္ဒီ့မာမီ ဒေါ်မာလာဆို တစ်ခေါက်ရောက်တိုင်း နန္ဒီ့ဆီက သယ်သယ်ပြီး ယူသွားတာ ကျွန်မတောင် ကြားက မဆီမဆိုင် အစ်ကိုကြီးအတွက် ခံပြင်းလွန်းလို့"

"ကျေးဇူးတင်ပါတယ်ကွာ"

"ကျွန်မ ဆင်းရဲလို့ အိမ်ဖော်လုပ်ရပေမယ့် မတရားတာ၊ ယုတ်မာတာတွေကို နည်းနည်းမှ လက်မခံချင်ပါဘူး အစ်ကိုကြီးရယ်၊ ဒါပေမယ့် အစ်ကိုကြီးကိုမှီပြီး နန္ဒီဟာလဲ ကျွန်မရဲ့ သခင်မ မပဲလေ၊ အကျင့်စရိုက်ဆိုးလွန်းတဲ့ အိမ်ရှင်မရဲ့ လက်အောက်မှာ ကျွန်မ နေရတာ လိပ်ပြာမလုံသလိုပဲ"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



မလှတင်ကို လေးစားမိစွာ ကြည့်လိုက်ရပါတော့ ... အိမ်ဖော်ပေမယ့် အတွေးအခေါ်တွေက ရင့်လှပါသည်။

"ကျွန်မလဲ တောပြန်ဖို့ စိတ်ကူးနေမိတာနဲ့ အတော် ... လေ၊ ဒီအိမ်မှာ အစစအရာရာ ကျွန်မခြေ၊ ကျွန်မလက် မီး ... ဆောင်အစ ဧည့်ခန်းအဆုံး ကျွန်မ သဘောကျ ပြင်ဆင်ခြယ်သ ... ဖို့ သုံးစွဲခွင့်ရပေမယ့် ကျွန်မ လုံးဝ မပျော်ပါဘူး အစ်ကိုကြီး"

"ဟင်"

"ကြီးကျယ်တယ်ဆိုဆို အိမ်ရှင်မရဲ့ အစီအမံတစ်ခု ... မပါတဲ့ အိမ်တစ်ဆောင်လုံးလုံးရဲ့ တာဝန်ဟာ အိမ်ဖော်လက်ထဲ ... မှာ ဝကွက်ပြီး ထိုးအပ်ရုံနဲ့ မပြီးဘူးဆိုတာ နန္ဒီ နားမလည်သေး ... ပါဘူး၊ နားလည်အောင်လဲ သူ ကြိုးစားမှာ မဟုတ်ပါဘူး။ နန္ဒီ ... သဘောထားက ငွေပေးနိုင်းရင် အားလုံးပြီးပြည့်စုံစေတယ်လို့ ... ယူဆထားတာကိုး"

"အင်း"

"အစ်ကိုကြီးရဲ့ဘဝကို ဘာမှ တန်ဖိုးမရှိတဲ့ မိန်းကလေး ... လက်ထဲမှာ အဆုံးမခံပါနဲ့ရှင်၊ ကျွန်မ တကယ့်စေတနာနဲ့ ကိုယ့် ... ကျေးရူးရှင်အပေါ် လိုက်လှဲတဲ့ဆန္ဒတွေနဲ့ တိုက်တွန်းပါရစေ ... အစ်ကိုကြီးရဲ့ မိသားစုဆီပဲ ပြန်သင့်ပါတယ်ရှင်"

သူ ဝန်လေးစွာ ခေါင်းအသာယမ်းလိုက်မိတော့၏။





ဖြစ်နိုင်မည်မထင်တော့ပါ။ သူ့အပြစ်တွေက ခွင့်လွှတ် ... နိုင်စရာ အကြောင်းမှ မဟုတ်တာပဲလေ။ မလှတင်နှင့် သူ ... သေးစိတ် အစီအစဉ်အတွက် တိုင်ပင်ကြ၏။ မလှတင် ... လည်း လိုလားစွာ ကူညီမည်ဟု ကတိပေးရှာ၏။

"ကူညီမယ် အစ်ကိုကြီး၊ ကျွန်မရဲ့ အကူအညီဟာ ... တော်မတရား လမ်းမှားနေကြတဲ့လူတွေအတွက် ထိုက်တန်တဲ့ ... နေရာ ရောက်ရအောင် ပို့ပေးမှာမို့ ကျွန်မလေ ကောင်းမှုကုသိုလ် ... လေးတစ်ခု လုပ်ရတယ်လို့ပဲ မှတ်ပါတယ်ရှင်"

ထင်တာထက် တော်နေတာ မလှတင်ကို ဦးအောင်လွင် ... ချီးကျူးစိတ်ဖြင့် လေးစားသွားရရင်း ....

"မလှတင်ရဲ့ အကူအညီကြောင့် အားလုံး ပြီးစီးသွား ... တဲ့ အခါကျရင် အစ်ကိုကြီးအနေနဲ့ မလှတင်အပေါ် တုံ့ပြန် ... ကျေးဇူးဆပ်ပါ့မယ်ကွာ"

"မလိုပါဘူး အစ်ကိုကြီး၊ ကျွန်မမှာ တစ်လ သုံးရာဆိုတဲ့ ... လခတွေဟာ သပိတ်ဝင်အိတ်ဝင် လုံးဝ အဖိတ်အစဉ်မရှိ စုထား ... တာမို့ ရွာပြန်ပြီး ပဲပြုတ်ရောင်းမလား၊ ဟင်းရွက်ရောင်းမလား၊ ... အကြော်ဆိုင်ဖွင့်မလား လုံလောက်နေပါပြီရှင်"

သူ ဘာမှ မပြောတော့။ တကယ့်လက်တွေ့ကျမှ မလှ ... တင်အတွက် ကုန်စုံဆိုင်လေး ဖွင့်နိုင်အောင် ကူညီထောက်ပံ့ ... လိုက်ရင် စဉ်းစားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အစ်ကိုကြီး စိတ်ချနေမယ်နော် မလှတင်"

"စိတ်ချပါ အစ်ကိုကြီး၊ ဒါတွေက ကျွန်မ ပုံမှန်လုပ်နေကျ အလုပ်ပဲဆိုတော့ နန္ဒီ့အနေနဲ့ ဘာမှ မသက်သာစရာ အကြောင်း မရှိဘူးလေ"

"အင်း ... ဒါလဲ ဟုတ်တာပဲ"

အစီအစဉ်တွေ ဆွဲပြီးပါပြီ။

ညနေပိုင်း နန္ဒီအိမ်ပြန်ရောက်ချိန်မှာ ခရီးသွားရန် အသင့်အနေအထားနှင့် ဦးအောင်လွင်ကို တွေ့လိုက်ရသဖြင့် နန္ဒီ့အံ့အားလေးသင့်သွားကာ ...

"ဟင် ... ကိုကြီး ဘယ်လဲဟင်"

"ကိုကြီး ခရီးထွက်မလို့ နန္ဒီ"

"ဘယ်သွားမှာလဲ ကိုကြီး"

"မန္တလေးကိုပါ"

"ဟင်"

နန္ဒီ မျက်နှာလေး ညှိုးဟန်ဆောင်ထားသည့် ကြားမှ ဝမ်းသာရိပ်ကို သူ စေ့စေ့စပ်စပ် အကဲခတ်နိုင်လိုက်ပါ၏။

"ကိုကြီးကလဲ ချက်ချင်းကြီး"

ထုံးစံအတိုင်း သူ့လက်မောင်းကို ဆွဲပွေ့ကာ နန္ဒီ ညုနွဲ့လေးပြောတော့ ခါတိုင်းလို သူ ပျော်ကျ မသွားအောင် သတိထားလိုက်ရ၏။





"အလုပ်ကိစ္စက အရေးတကြီး ပေါ်လာလို့ပါ နန္ဒီရာ"

"ဘယ်လောက်ကြာမှာလဲဟင်"

"တစ်ပတ်လောက်ပါကွာ"

"ဟင် ... အကြာကြီးပဲ၊ နန္ဒီ လွမ်းနေတော့မှာ ကိုကြီးရဲ့"

"အဟင်း ... ကိုကြီးလဲ လွမ်းတာပေါ့ နန္ဒီရာ၊ အလုပ်ကိစ္စက အရေးကြီးလို့ပါ၊ အောင်မြင်ရင် နန္ဒီ့အတွက်ပဲလေ"

"အဟင်း ... ဟင်း ... ကိုကြီးရယ်"

"နန္ဒီ လိုက်မလား မန္တလေးကို"

"ဟင်"

သူ့စကားကြောင့် နန္ဒီ တွန့်ခဲ့ ဖြစ်သွားပြီးမှ ဟန်ဆောင်ပြုံး၍ ...

"ဒီအချိန် အရမ်းပူမှာ ကိုကြီးရဲ့၊ ခြင်လဲကိုက်မှာ၊ နန္ဒီနဲ့ မဖြစ်ပါဘူး"

"အဲယားကွန်းရှိတဲ့ တည်းခိုခန်းမှာ တည်းမယ်လေ"

"ဟင် ... အဲလိုလဲ နန္ဒီ မကြိုက်ပေါင်၊ မွန်းတယ် သိလား"

"အလကားပါကွာ၊ ကိုကြီးက အလုပ်နဲ့သွားမှာမို့ နန္ဒီ စိတ်ချင်တယ်ဆိုရင်တောင်မှ ထားခဲ့ရမှာပဲ"

"ကြည့် ... ကိုကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ရထားချိန်နီးပြီ၊ ကိုကြီး သွားတော့မယ်"

"ကိုကြီး"

"ဟင်"

"အမြန်ဆုံး ပြန်လာနော်"

"ကောင်းပါပြီဗျာ၊ နန္ဒီမျှော်နေမှာလား"

"အို ... မျှော်မှာပေါ့လို့၊ အဟင်း ...ဟင်း"

"စိတ်ချ အမြန်ဆုံး ပြန်လာခဲ့မယ်နော်"

❁❁❁



# အခန်း (၂၀)

"ကလင် ... ကလင် ... ကလင်"

"ဟုတ်ကဲ့ နန္ဒီပါ"

"…. …."

"အို .. ဟိန်းလား၊ အတော်ပဲ ... အတော်ပဲ သိလား"

"…. …."

"သတင်းကောင်းပါးမလို့ ဟိန်းရဲ့"

"…. …."

"အခု အိမ်မှာ နန္ဒီ တစ်ယောက်တည်း"

"…. …."

"မရှိဘူးလေ၊ မန္တလေးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"…. …."

"ဟွန့် … ဒါမျိုးကျ တတ်တယ်နော်"

"…. …."

"အဟင်း … ဟင်း … ဟင်း ကျေနပ်ပါသတဲ့ရှင်"

"…. …."

"အို … ပြောနေစရာ လိုသေးလားလို့"

"…. …."

"နန္ဒီ့အကြောင်းသိသားနဲ့ ဟိန်းနော်၊ အပိုတွေ ပြော မနေနဲ့ လာသာလာခဲ့"

"…. …."

"အခုပဲ့၊ ဘာလဲ … မလာချင်ဘူးလား"

"…. …."

"အဟင်း … ဟင်း … ဒါနဲ့များ ဟိန်းရယ်"

"…. …."

"ဘာရယ် … အကူအညီဟုတ်လား၊ ဘာများလဲ"

"…. …."

"ဟွန်း … အဆန်းလုပ်နေပြန်ပါပြီနော်၊ ဟိန်းရဲ့ ဆန္ဒ မှန်သမျှ နန္ဒီ ဘယ်တုန်းက ငြင်းဖူးခဲ့သေးလို့လဲ … ကဲ"

"…. …."





"သိရင်ပြီးရောလေ၊ နန္ဒီကတော့ ဟိန်းအတွက် ထာဝရ ထာဝရပဲ"

"…. …."

"အဟင်း … ဟင်း … အဲဒီ … အပြောလေးတွေကိုပဲ နန္ဒီက စွဲနေရပါသတဲ့"

"…. …."

"အိုကေ"

"…. …."

"ဟင် … ဘာလဲ ဟိန်း"

"…. …."

"ဪ … မလှတင်လား၊ ကိစ္စမရှိပါဘူး။ အိမ်ဖော် ဆိုတာ ဝဝစားရတယ်၊ လခကောင်းကောင်းရတယ်၊ နန္ဒီ့အကျ တွေ လှလှလေး ဝတ်ရသေးတယ်၊ ကဲ … ဘာလိုသေးလဲ၊ သူ အာချောင်ရင် သူ့ဘဝ ဘုံပျောက်သွားမယ်ဆိုတာ မလှတင် နားလည်မှာပါ ဟိန်းရဲ့ … အဟွန်း … ဟွန်း"

"…. …."

"ဘာမှ စိုးရိမ်စရာမရှိပါဘူး ဟိန်းရဲ့"

"…. …."

"အို … နန္ဒီ့အိမ် နန္ဒီပိုင်တယ်လေ၊ နန္ဒီ့ဧည့်သည် နန္ဒီ ခေါ်ပိုင်ခွင့်အပြည့်ရှိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"…. …."

"ဟွန်း …ညှော်သည်မဟုတ်ရင် ဘာလဲ ဟိန်းနော်"

"…. …."

"အိုး… ကြည့်စမ်း သူသိပ်ကဲတာပါပဲ ခစ် …ခစ်"

"…. …."

"အင်းပါ …အင်းပါ"

"…. …."

"ဒါပဲနော် နန္ဒီ စောင့်နေမယ်"

ဖုန်းခွက်ကို အသာချလိုက်ရင်း ဦးအောင်လွင် မဲ့မဲ့လေး ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်လေ၏။ သော့ခတ်ထားသော သူ့စာကြည့်ခန်းထဲမှာ အိမ်တွင်းပြောဖုန်းလေးနှင့် နန္ဒီ့အကြောင်း သိရပါပြီတည်း။

ဩော် … ဘယ်သူမပြု မိမိမှုပါပဲလေ။

ဖောက်ပြန်တတ်သော မိန်းကလေးကိုမှ သူ စွဲလမ်းခဲ့တာကိုး။ ခုတော့ လယ်ပြင်မှာ ဆင်သွားသလို ဘွားဘွားကြီး ပေါ်လာခဲ့ပါပြီ။

မလှတင်အကူအညီဖြင့် စာကြည့်ခန်းထဲမှာ သူ့အတွက် စားသောက်စရာတွေ အဆင်သင့်။ သော့တန်းလန်းနှင့်မို့ နန္ဒီ လုံးဝ စနိုးစနောင့် မဖြစ်ခဲ့ချေ။

ခါတိုင်းလည်း စာကြည့်ခန်းဆိုတာ ယောင်၍ပင်





တစ်ခါမှ မဝင်ဖူးတာမို့ နန္ဒီ့အတွက် သော့တန်းလန်းဖြစ်နေတာ အဆန်းမဟုတ်ပါ။

ဦးအောင်လွင် ဒုက္ခခံ စောင့်ရကျိုးနပ်ပါ၏။ ည ခုနစ်နာရီကျော်ကျော်တွင် ဟိန်းရောက်လာပါတော့သည်။

နန္ဒီ ပျာယာခတ်နေလေ၏။

"မလှတင် … ဝက်အူချောင်းနဲ့ ကြက်ဥကြော်ရယ်၊ အာလူးကြော်နဲ့ ငါးမုန့်ကြော်ပါ လုပ်ပေးပါနော်"

"ကောင်းပြီ နန္ဒီ"

မလှတင် မီးဖိုထဲမှာ တရှဲရှဲ ကြော်နေလေသည်။ ညှော်ခန်းထဲမှာ ဟိန်းက သူ့အိမ်သူ့ယာနှယ် စားပွဲပေါ် ခြေကလိမ်ချိတ်ကာ ကားကားလေး တင်ထားပုံကပင် အမြင်ကတ်စရာကောင်းနေရ၏။

နန္ဒီက ဗီရိုထဲမှ ဦးအောင်လွင် ဝယ်ထားသော စပါယ်ရှယ် အရက်ပုလင်းများကို စေတနာလျှံစွာ ယူထုတ်ပေးနေပါသည်။ သူမကိုယ်တိုင် ဟိန်းအား တယုတယ ထည့်ပေးလေသည်။ အမြည်းပန်းကန်လာချပေးသော မလှတင်အား နန္ဒီက…

"မလှတင်"

"ရှင်"

"မလှတင် အိပ်ချင်ရင် အိပ်လိုက်တော့နော်၊ ဟိန်းသာ ညဥ့်နက်မှ ပြန်မှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်ကဲ့"

"တံခါးတွေ နန္ဒီပဲ ပိတ်လိုက်တော့မယ်"

"ကောင်းပြီ နန္ဒီ၊ ဒါဆို မလှတင် သွားအိပ်တော့မယ်နော်"

"အင်း ...အင်း"

မလှတင် လှည့်ထွက်လာခဲ့၏။ အရက်ခိုးဝေနေသော မျက်လုံးများဖြင့် ဟိန်း၏ မထီတရီ ပုံစံကို မလှတင် တစက်ကလေးမှ ကြည့်၍မရ။

ခုလည်း မလှတင်ကို မှေးမှေးလေးကြည့်လိုက်ပုံက ကျောထဲ စိမ့်ခနဲ ဖြစ်ချင်စရာ။ နန္ဒီကလည်း မျက်နှာပြောင်သလားမမေးနှင့်။ မလှတင်ရှေ့မှာပင် ဟိန်းနှင့် ပူးကပ်ထိုင်ကာ တယုတယခွံ့ပေးနေပုံက ယိုသူမရှက် မြင်သူရှက် ဖြစ်နေရလေ၏။

ဩော် ... အိမ်ဖော်မို့ အရာမသွင်းသည့်သဘောပင်။ ဒု–သ–န–သော မကြောက်သော သူတို့အားလည်း မလှတင် ကြာရှည်မကြည့်ချင်ပါ။ ကိုယ့်အခန်းကိုယ်ပြန်ကာ အသာလေး ထိုင်နေလိုက်၏။

ဟွန်း ... ဟွန်း ... မလှတင် သွားအိပ်တော့တဲ့လေ။ ဘယ်အိပ်လို့ဖြစ်ပါ့မလဲ။ မလှတင်မှာ လုပ်စရာတွေ အများကြီး ရှိသေးတာပဲ။





အင်း ... ခုလောက်ဆို အစ်ကိုကြီး ဦးအောင်လွင်လည်း စာကြည့်ခန်းသော့ကို အသာယူလိုက်ကာ မလှတင် ပြုံးမိလေသည်။

ရှစ်နာရီ .... ကိုးနာရီ ...

"ဟား ... ကိုးနာရီကျော်နေပြီ နန္ဒီ"

"အိပ်ငိုက်ပြီလားဟင် ဟိန်း"

"အင်း ... ငိုက်တယ်၊ မူးတယ်၊ ပြီးတော့ ချစ်တယ်၊ အဟဲ ... ဟဲ"

"ခစ် ... ခစ်၊ ဟိန်းကလည်း ကဲ ... ထ၊ နန္ဒီ့ကိုတွဲ"

"ဟင် ... ဘယ်ကိုလဲ"

"အိပ်ရာကိုလေ"

"ဠတ် ... ဗဲရီးဠတ်"

နှစ်ယောက်သား ဒယီးဒယိုင်တွဲကာ အိပ်ခန်းရှိရာ ဝင်ရောက်သွားကြလေတော့၏။

ခဏအကြာတွင် မလှတင် အသာလေး ခြေဖော့နင်းကာ စာကြည့်ခန်းသော့ကို အသံမမြည်အောင် ဖွင့်လိုက်လေသည်။

"မလှတင်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"သူ ... သူတို့ အိပ်ပျော်နေကြပြီလားဟင်"

လေသံလေးဖြင့် အုပ်အုပ်လေးမေးလိုက်သော ဦးအောင်လွင်ကို မလှတင်ကလည်း အသံနှိမ့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အိပ်ပျော်လောက်ပြီ အစ်ကိုကြီး အကြော်တွေထဲမှာ ကျွန်မ အိပ်ဆေးမှုန့်တွေ ခတ်ထားတာပဲ"

"အေး ... အေး ... ရော့ မလှတင်၊ ဟောဒီသော့နဲ့ သူတို့ အခန်းကို အသံမမြည်အောင် သွားခတ်လိုက်ပေတော့"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မလှတင် ကျွမ်းကျင်စွာ အသံတိတ်သော့ခတ်နေစဉ်မှာ ဦးအောင်လွင် တယ်လီဖုန်းရှိရာသို့သွားကာ ဂဏန်းလုံးများကို လှည့်ယူကာ ခေါ်လိုက်ပါတော့သည်။

ပထမ နန္ဒီ့မာမီ ဒေါ်မာလာ။

ဒုတိယ ရပ်ကွက်လူကြီးသုံးယောက်တို့ပင် ဖြစ်လေ၏။

ဖုန်းဆက်အပြီး ဦးအောင်လွင် ဧည့်ခန်းထောင့်မှာထိုင်ကာ စီးကရက်သောက်ရင်း စောင့်၏။

ဆယ့်ငါးမိနစ်ခန့်မှာပင် ရပ်ကွက်လူကြီးများ ရောက်လာကြပါတော့၏။ ဥက္ကဋ္ဌက ...

"ဆိုဗျာ ... ကျွန်တော်တို့ ဘာများ ကူညီရပါ့မလဲ ... ကိုအောင်လွင်"

"ဩော် ... ဟုတ်ကဲ့၊ အခုလို အချိန်မတော် ခေါ်ပြီး အကူအညီတောင်းရတာကို အားနာပါတယ်ဗျာ၊ ဒါပေမယ့် ..."

"ဟာ ... ကိစ္စမရှိပါဘူးဗျာ၊ ရပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခဏလေးစောင့်ပေးကြပါဦး





နော်၊ ကျွန်တော် အရေးကြီးတဲ့ လူတစ်ယောက်ကိုလဲ ခေါ်ထားလို့ပါ"

"ဩော် ...ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒါနဲ့ကိစ္စက ..."

"မလှတင် ... ဧည့်သည်တွေအတွက် ကော်ဖီလုပ်ပေးပါ"

"ဟုတ်ကဲ့"

မလှတင် အထဲဝင်သွားတော့မှ အတွင်းရေးမှူးက ...

"ဒါနဲ့ ကိုအောင်လွင် အမျိုးသမီးကော"

"အဟင်း ... အခုခေါ်တာ အဲဒီကိစ္စပါပဲဗျာ"

"ဟင်"

"မကြာခင် ကျွန်တော် ရှင်းပြပါ့မယ်"

"ဩော်"

"တစ်ဆက်တည်း အကူအညီလဲ တောင်းပါရစေတော့ဗျာ"

အငွေ့တထောင်းထောင်းထနေသော ကော်ဖီကို မလှတင် လာချပေးတော့ အားလုံး သောက်လိုက်ကြ၏။

ဧည့်ခန်းစားပွဲပေါ်မှာ သောက်လက်စ အရက်ပုလင်း အမြည်းပန်းကန်များက လတ်လတ်ဆတ်ဆတ်မို့ ရက်ကွက်လူကြီးတွေ သို့လော သို့လော အတွေးတွေ ဝင်နေကြလေ၏။

ထိုစဉ်မှာပင် ကားတစ်စီး ကျိုက်ကနဲ ဆိုက်လာ၏။ ကားပေါ်မှ ဆင်းလာသူက ဒေါ်မာလာ။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းမှ လူများကို ဂရု မပြုအားဘဲ ဒေါ်မာလာက

"ဘယ်လိုဖြစ်တာလဲ ကိုအောင်လွင်ရယ်၊ အရေးကြီးလို့ ချက်ချင်းလာပါဆိုလို့ ကျွန်မမှာ ရင်ထိတ်လိုက်တာ၊ သမီးလေး နေမကောင်းလို့လားဟင်"

"နေကောင်းပါတယ် ဒေါ်မာလာ နန္ဒီ ဘာမှမဖြစ်ပါဘူး"

"အို ... တော်ပါသေးရဲ့၊ ဒါဖြင့် ဘာကိစ္စ ..."

"ဟုတ်ကဲ့... ပြောပါ့မယ်၊ ကျွန်တော် မပြောခင် အားလုံး နားနဲ့မနာ ဖဝါးနဲ့နာကြစေချင်ပါတယ်ခင်ဗျာ"

"ဟင်"

"အို"

"အဖြစ်ကတော့ နန္ဒီ နောက်မီးလင်းတဲ့ ကိစ္စပါပဲ"

"အို ... မဖြစ်နိုင်ပါဘူးနော်၊ ကျွန်မသမီးလေး အပြင်မှာ သူ့သူငယ်ချင်းတွေနဲ့ သွားလာလည်ပတ်တာကို ကိုအောင်လွင် အထင်မှားတာ ဖြစ်မှာပါ၊ နန္ဒီ ဒီလောက်မမိုက်ပါဘူးရှင်"

ဒေါ်မာလာ အကျောက်အကန်ငြင်း၏။

ရပ်ကွက်လူကြီးများက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ ခေါင်းညိတ်ကြ၏။

ဦးအောင်လွင်ပြုံးလိုက်၏။ မချိတရိ နာကြည်းပြုံးပြုံး

"ဟုတ်ကဲ့ ... ဒေါ်မာလာ့သမီး မမိုက်ဘူးဆိုရင်





ကျွန်တော် အခု လက်ဆုပ်လက်ကိုင်ပြတာကို ဒေါ်မာလာ ဘာအကြောင်းပြချက်နဲ့ ငြင်းဦးမှာလဲဗျာ"

ပြောရင်း ဧည့်ခန်းမှ စာကြည့်ခန်းကိုဖြတ်ကာ အိပ်ခန်းရှိရာသို့ အားလုံးကို ခေါ်ယူလိုက်ပြီးမှ သော့ခလောက်ကို ချောက်ခနဲ ဖွင့်လိုက်တော့၏။ တံခါးပွင့်သွားသည်နှင့်အတူ...

"ဟာ"

"ဟင်" —

"အို"

အားလုံးမျက်နှာမထားတတ်အောင် ဖြစ်သွားရသည့် အဖြစ်က ဟိန်းနှင့်နန္ဒီတို့ တစ်ယောက်ကိုတစ်ယောက် ပွေ့ကာ အိပ်မောကျနေကြခြင်းပင်တည်း။

"အမယ်လေး ... ဘုရားရေ့ သမီးနန္ဒီ ဘယ်လိုဖြစ်သွားရတာလဲဟင်"

"ဘယ်လိုမှ မဖြစ်ပါဘူး ဒေါ်မာလာ၊ ခင်ဗျားသမီး တိတ်တိတ်လေး ခိုးစားနေရာက အခု ဖြောင့်ခိုးစားတဲ့အဆင့်ရောက်နေပြီပေါ့ဗျာ"

"ဟင်"

"ကျွန်တော် ခရီးထွက်မယ်လို့ ညာပြီး ဟောဒီစာကြည့်ခန်းထဲ အသာဝင်နေပြီး စောင့်ဖမ်းရတာပါ"

"ကဲ ... ဒီတော့ ဦးအောင်လွင်အနေနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌက မေးလာတော့မှ ဦးအောင်လွင် ခေါင်းညိတ်ရ

"ဟုတ်ကဲ့၊ ကျွန်တော် ရှက်လဲအရမ်းရှက်ပါတယ်ဗျာ
ကျော်မကောင်းကြားမကောင်းကိစ္စမို့ လူလဲ မသိစေချင်လို့ပါ

"ပြောပါ ဦးအောင်လွင်"

ဒေါ်မာလာ ခေါင်းငိုက်စိုက်ကျသွားရပါပြီ။

"နန္ဒီ့ကို ကျွန်တော် မပေါင်းနိုင်တော့ပါဘူး"

"ဟုတ်ပြီ"

"သူ ဖောက်ပြန်တဲ့အမှုမို့ သူ့လမ်း သူသွားနိုင်အောင်
လူကြီးအနေနှင့် ကျွန်တော် သက်သေထားပြီး သူ့မိခင်ဆီ ပြ
အပ်ချင်တာပါ၊ ဒါပါပဲဗျာ"

ဒေါ်မာလာ ခေါင်းဆတ်ခနဲ မော့လာပြီးမှ ...

"ဟင် ... ဒါ .. ဒါဖြင့် နန္ဒီ့မှာ အကျိုးခံစားခွင့် ..."

"ဒီမှာ အစ်မကြီး"

ရပ်ကွက်အတွင်းရေးမှူးက စကားဖြတ်ဟန် လက်
ရင်း ...

"အခုတောင် ဦးအောင်လွင်အနေနဲ့ အစ်မကြီးသမီး
အသက်ညှာဆုံး စဉ်းစားတာဗျ၊ တခြား ယောက်ျား တစ်ယော
ယောက်ဆို တုတ်ပွဲ ဓားပွဲဖြစ်မယ့် အပေါက်မျိုး ရောက်အော
အစ်မကြီး သမီးချိုးလိုက်တာပဲဗျ၊ လင်ကြီးအိပ်ရာမှာ လင်ငယ်
တင်ရဲတဲ့ အစ်မကြီးသမီးရဲ့ စရိုက်အတွက် လက်တွေ့ပြင်





တော့ အသာလေး ပြန်ခေါ်သွားတာပဲ အကောင်းဆုံးဖြစ်ပါလိမ့်
မယ်"

ဦးအောင်လွင်ကလည်း ပြောစရာရှိတာ ပြောလိုက်၏။

"ကျွန်တော်ဆီက အကျိုးခံစားခွင့်တွေ အတော်များ
များ ခင်ဗျားတို့ ရထားပြီးပြီပဲ ဒေါ်မာလာ၊ ကျွန်တော် ဒါလောက်
ပဲ နွားအကျခံပါရစေတော့ဗျာ၊ ကဲ ... ခင်ဗျားသမီးနဲ့ သူလင်
ငယ်ကို ခင်ဗျားပဲ ပြန်ခေါ်သွားပါတော့"

ဒေါ်မာလာ ဘာမှ ပြန်မပြောနိုင်တော့။

တစ်ဆက်တည်းမှာပင် စိတ်ဆိုးမာန်ဆိုးရှိလှစွာ ခုတင်
မား ပြေးသွားရင်း နန္ဒီ့ကို ဆွဲခါလှုပ်ယမ်းကာ နှိုးလိုက်ပါ
တော့၏။

"ဟဲ့ ... နန္ဒီ ... နန္ဒီ ထစမ်း၊ နန္ဒီ ... ထ ... ထစမ်း၊ နန္ဒီ
နန္ဒီ"

အတင်းဆွဲခါ လှုပ်နှိုးလိုက်သဖြင့် နန္ဒီ မူးနောက်ဝေရီစွာ
နိုးလာသလို ဟိန်းလည်း အထိတ်ထိတ်အလန့်လန့် ဖြစ်ကာ
ငေါက်ခနဲ ယောင်းယမ်း၍ ထထိုင်မိသည်အထိ နိုးသွားကြပါ
တော့၏။

"ဟင်"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အခန်း၀မှ လူများကို မြင်သောအခါ နှစ်ယောက်စလုံး မျက်နှာများ မည်းခနဲ ဖြစ်သွားကြရပြီးမှ ခေါင်းတွေ အလို မဖော်ရဲတော့။

အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်ကြ ပြီတည်း။

"ကဲ ... အစ်မကြီးရေ ညဥ့်လဲနက်လှပြီ၊ ကိုယ့်လူကို ခေါ်ပြီးသွားနိုင်ပါပြီ၊ နောက်ထပ် ဘာပြဿနာမှာ လုပ်ဖို့ မစဉ်း စားပါနဲ့တော့ဗျာ ဟုတ်လား၊ ဩော် ... ဦးအောင်လွင် စိတ်ချပါဗျာ၊ အကောင်းဆုံး သက်သေအဖြစ် ကျွန်တော် တာဝန်ကျေပါပြီနော်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကဲ ... ဒေါ်မာလာ ခင်ဗျား သမီးကို ခေါ်ပြီး လိုရာကို ကြွပေတော့ဗျာ"

❀❀❀



## အခန်း(၂၁)

"လမင်း"

"ကိုကို"

"လူကြီးတွေကို ခေါ်လိုက်မယ်နော်"

"ဟင် ... ဘာလုပ်ဖို့လဲ ကိုကို"

"နားဖောက်ဖို့လေ"

"အို ... နေပါဦး ကိုကိုရယ်"

"လမင်း"

"ရှင်"

"ကိုကို့ကို ချစ်တယ်ဆို"

"သိပ်ကိုချစ်ရပါတယ် ကိုကိုရယ်"

"ချစ်ရင် အတူတူနေစို့ကွာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရယ်"

"ကိုကိုနဲ့ အတူမနေချင်ဘူးလားဟင်"

"မေးတတ်တယ် ကိုကိုရယ်"

"ဒါဖြင့် လမင်း ဘာကို ဝန်လေးနေတာလဲကွာ"

"အဟင်း"

အဖြေခက်လှစွာ လမင်း မချိပြုံး ပြုံးမိပါ၏။

ကိုကိုရယ် ...

ကိုကို ဘာမှမသိပါဘူးနော်။

လမင်းလေ ကိုကို့ အချစ်ကို ယုံကြည်ရလွန်းလို့ ...

ကိုကို့ကိုလည်း ချစ်မိရလွန်းလို့ ...

ဟန်မဆောင်ဘဲ ချစ်တယ်ဆိုတဲ့ အဖြေကို ပေးလိုက်တာပါ။

ဒါပေမယ့် ကိုကိုရယ် ...

မေမေလေ ... လမင်း မေမေပေါ့။

ဖေဖေ့ သစ္စာပျက်မှုကို တူးတူးခါးခါး ခံစားနေရှာ သူ ယောကျာ်းတွေရဲ့ ချစ်ခြင်း မေတ္တာအပေါ် မေမေ ဘယ်လို အထင်မကြီးတော့ပါဘူး။

လမင်းကိုလည်း မေမေ မေးပါတယ် ကိုကိုရယ်။

လမင်း မညာတတ်ဘူးလေ။

ညာလည်း မညာချင်ဘူး။





လမင်း အမှန်အတိုင်း ဝန်ခံလိုက်ပါတယ် ကိုကို။

လမင်း ကိုကို့ကို ချစ်ပါတယ်လို့ပေါ့။

လမင်း အဖြေကို ကြားလိုက်ရတော့ မေမေရယ်လေ မျက်နှာပျက်သွားလိုက်တာ။

မေမေ့ကိုကြည့်ပြီး လမင်း သနားလိုက်တာ ကိုကိုရယ်။

ကိုကို့ကို ချစ်မိတာ လမင်းမှားသွားပြီလားရယ်လို့လေ။

မေမေ လမင်းကို ပြောပါတယ် ကိုကို။

"သမီး ဘာလို့ ဒီလောက် မြန်မြန် ဆုံးဖြတ်လိုက်ရသလဲ ကွယ်"

လမင်း မဖြေတတ်ပါဘူး ကိုကိုရယ်။

လမင်းကို အညာလွယ်လိုက်တာလို့ ထင်မှာပဲနော်။

"သမီး"

"ရှင် ... မေမေ"

"သမီး ဘာကိုကြည့်ပြီး ဆုံးဖြတ်လိုက်တာလဲ"

လမင်း မဖြေနိုင်ခဲ့ပါဘူး ကိုကိုရယ်။

ကိုကို့ အပြောအဆို အပြုအမူတွေဟာ လမင်းအတွက် အလေးအနက်ကြီး ယုံကြည်ကိုးစားစရာတွေ ဖြစ်နေရပါတယ် ဆိုတာ လမင်း မေမေ့ကို မပြောရဲပါဘူး ကိုကို။

"မေမေ တစ်ခုမေးမယ်နော်"

လမင်းခေါင်းညိတ်တော့ မေမေ သုက်ပြင်း မသိမသာ ချ



www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ ဆုံးဖြတ်မှုဟာ သမီးရည်းစားဘဝအတွက် အပျော်တွဲဖို့လား၊ တစ်ဘဝလုံးအတွက် အဖော်အဖြစ်နဲ့လား ဟင်"

"အို ..."

လမင်း မျက်နှာ ရဲခနဲ နီသွားရတော့၏။

မေမေရယ် ... လမင်းကို အထင်သေးသွားပြီလား ရှင်။

လမင်းမှာ အပျော်တွဲဖို့ဆိုတဲ့ ပေါ့တီမ်တဲ့ ခံယူချက်မျိုး ရှိနေတယ်လို့ မေမေ ထင်ရက်လားနော်။

"မေမေ့အထင် သမီး ရွေးချယ်မှုဟာ ဘဝကြင်ဖော် အဖြစ် လက်တွဲသွားဖို့အတွက်ပဲ ဆိုတာ"

လမင်း ဆတ်ခနဲနေအောင် ခေါင်းညိတ်ပြမိတော့ မေမေ ပြုံး၍ ...

"သမီးအပေါ် ရာသက်ပန် ရိုးမြေကျ သစ္စာမပျက်ဘူး ရယ်လို့ ယုံတယ်ပေါ့"

လမင်း ခေါင်းလေး မသိမသာငုံ့ကျသွားရ၏။

"သမီးရယ် ... မေမေ့ကို သမီး မြင်ချင်သလို မြင်ပါ ထင်ချင်သလို ထင်ပါ၊ မေမေလေ ခံမှန်ဖူးတဲ့ စာသူငယ်လေးလို သစ်ရွက်လှုပ်သံကြားတိုင်း အထိတ်အလန့် ဖြစ်နေရတာပါကွယ်၊ သမီးဘက်က စောဒကတက်စရာရှိပါတယ်၊ ယောကျ်ားတိုင်း ဒီလိုချည်းပဲလားရယ်လို့၊ လူတိုင်း မဟုတ်ပေမယ့် တစ်ရာမှာ





ကိုးဆယ်လောက်က ဒီလိုတွေပါပဲဆိုတော့ ကျန်တဲ့ ဆယ် ယောက်ထဲ ကနေ့မှ သမီးလေးနဲ့ တွေ့ဆုံစေချင်တာ မေမေ့ စေတနာပါ၊ သမီးကို အိမ်ထောင်မပြုရဘူးလို့ မေမေ မဆိုလို ပါဘူးနော်၊ အရွေးမှန်စေချင်လို့ အချိန်ယူစေချင်လို့၊ အခု သမီး တို့ အဖြစ်က သိပ်ကို စောလွန်းနေတယ်၊ တွေ့တာမှ မကြာသေး ဘူး၊ ချစ်ကြိုက်ကြပြီဆိုတော့ အင်း ... မေမေသာ သားရှင် ဆိုရင် လေ ဒီလို ထင်မှာကွယ့် ...

ပညာတတ် ရုပ်ချော ဥစ္စာပေါမို့ ဘယ်မိန်းကလေးကမှ ငြင်းမှာ မဟုတ်ပါဘူး၊ လိုလိုလားလားနဲ့ကို ခေါင်းညိတ်ကြမှာ ပါပဲလို့"

"အို ..."

လမင်း မျက်ရည်အိခနဲ ဝဲပါပြီတည်း။

မေမေရယ် ထင်ရက်လိုက်တာ။

"အဟင်း ... မေမေက မေမေ့သမီးကို အရမ်းအထင် ကြီးထားတာလေ"

"ဟင်"

"ယောကျ်ား တစ်ယောက်အပေါ်မှာ ခုလောက် အယုံ လွယ်မယ်မှန်း လုံးဝ မထင်မိဘူးကွယ်"

လမင်း မျက်ရည် ပေါက်ခနဲ ကျ၏။

"မောင်အုပ်စိုးကို မေမေ ဘာမှ မဝေဖန်လိုပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို ဆေးကုပေးဖူးတဲ့ ဆရာဝန်တစ်ယောက်အနေနဲ့ သာမန်လေးစားမှု ခင်မင်မှုလောက်ပဲ မေမေ့ အသိအာရုံထဲမှာ ရှိတယ်၊ ဒီထက် ဘာမှ မပိုဘူး၊ သမီး စဉ်းစားကြည့်စမ်း၊ သူ့ကို သမီးချစ်တယ်၊ လက်ထပ်မယ်လို့လဲ ရည်ရွယ်တယ်၊ ဒါသမီးဘက်က ဆုံးဖြတ်ချက်ပဲ"

"ဟင်"

မေမေ့စကားကြောင့် လမင်း မေမေ့ကို အထိတ်တလန့် ကြည့်မိတော့၏။

"သူ့ဘက်က သူတစ်ယောက်တည်း ရှိတာမှ မဟုတ်ဘဲ မိဘဆွေမျိုး အသိုက်အဝန်းနဲ့ပဲ၊ သူ ဘယ်လောက်မဲ သမီးအပေါ် နှစ်သက်စုံမက်နေနေ၊ သူ့ဘက်က လူကြီးတွေက သမီးကို သဘောမကျဘူးဆိုရင် သမီးဘယ်မျက်နှာ၊ ဘယ်လိုစိတ်ထားနဲ့ သူ့အသိုက်အဝန်းထဲကို ဝင်မလဲ"

"အို ..."

"သမီးမှာ ဘာဂုဏ်မှ မရှိဘူး။ သာမာန် မိန်းကလေး တစ်ယောက်ရဲ့ အဆင့်လောက်ပဲရှိတာ၊ ဒိတ်ဒိတ်ကြဲအဆင့် အတန်းတွေ သဘောကျလောက်တဲ့ မက်စရာတွေ ဘာတစ်ခု မှ မရှိဘူးလေ၊ မရှိတဲ့အပြင် သမီးမှာ သစ္စာမဲ့တဲ့ ဖအေရဲ့ သမီးဆိုတဲ့ ဂုဏ်ပျက်ကြီးက ရှိနေသေးတယ်"

"အို"





မျက်ရည်များ ဗိုးဗိုးပေါက်ပေါက် ကျလာပါတော့၏။ မေမေ လမင်းကို အငေးသားကြည့်နေပမယ့် မျက်ရည်တစ်စက် ကလေးမှ မဝဲ။

မေမေ့အသည်းတွေကျောက်ဖြစ်နေပြီ ထင်ပါရဲ့။ လမင်း ဝမ်းနည်းရလွန်းစွာ ငိုမိပါပြီတည်း။

"ဒါ ငိုစရာမဟုတ်ဘူး သမီးရယ်၊ ဖြစ်နိုင်ခြေရှိတတ်တဲ့ သဘောတွေကို မေမေ ကြိုတွေးပြီး ပြောနေတာပါ၊ သမီးအရွယ် ဟာ စိတ်ကစားမှုနဲ့ ချစ်တမ်းကစား အပျော်တွဲဖို့အတွက် မဟုတ်ပေမယ့် အလေးအနက် ဆုံးဖြတ်ထားတဲ့ကိစ္စမို့ မေမေ ဖျက်လိုဖျက်ဆီးလဲ မပြောချင်ဘူးလေ၊ အချိန်ယူပြီး အကဲခတ် ပေါ့ကွယ်၊ လက်တွေ့ပေါင်းဖော်ရမှာက သမီးပဲ မဟုတ်လား။ မေမေ့လို အဖြစ်ဆိုးမျိုး မကြုံစေချင်လွန်းလို့ပါ၊ ယောက်ျားတွေ ရဲ့ သဘာဝက မရခင်တစ်မျိုး၊ ရပြီးတစ်မျိုး ဖြစ်တတ်ကြတာ အဆန်းတော့ မဟုတ်လှဘူး၊ နှာခေါင်းမရှိရင် မစင်တောင် စားမယ့် မိန်းမသားတွေရဲ့ သဘာဝဟာလဲ လူလည်ယောက်ျား တွေအတွက် အလှည့်စားခံ သတ္တဝါတွေပါပဲလေ ...

အခု သမီးတို့ချင်း ချစ်ကြတယ်၊ လူကြီးတွေလဲ လိုလား နှစ်သက်ကြတယ်ဆိုရင် အဖုအထစ်မရှိပြီပေါ့၊ အေး ... သူတို့သား လိုချင်လှချည်ရဲ့ဆိုလို့သာ မိသားဖသားပီပီ တောင်းရမ်းပေးစား ကြရပေမယ့် သမီးမှာ အကျင့်ပျက်တဲ့၊ ဖောက်ပြန်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖအေကြောင့်တစ်ချိန်ချိန်မှာ ဒီအမည်းစက်ကို တစ်ဖက်က ထောက်ပြီး မနိုမ်လာပါစေနဲ့လို့ပဲ မေမေ ဆုတောင်းမိပါတယ်ကွယ်"

အားနည်းသိမ်ငယ်ရလွန်းစွာဖြင့် လမင်း အားပါးတရ ငိုခဲ့ပြီးပါပြီ။

ခုတော့ ကိုကို ပူဆာနေပါပြီကော။ အတူတူနေချင်ပါသတဲ့လေ။

ကိုကိုရယ် ... လမင်းကြောက်နေတယ်။ ဘာကိုမှန်း မသိဘဲနဲ့ကို ကြောက်နေမိတာပါ။

"လမင်း"

"..... ....."

"လမင်းလေး"

"ဟင် ... ရှင် ... ကိုကို"

"ကြည့်စမ်း ... ဘာတွေ စဉ်းစားနေတာလဲဟင်၊ကိုကို ခေါ်တာတောင် မကြားဘူးလား"

"အဟင်း"

ခပ်ယဲ့ယဲ့လေးသာ လမင်း ပြုံးနိုင်ပါ၏။ ကိုကိုက လမင်း မျက်နှာကို မှန်လို အရိပ်တကြည့်ကြည့်နှင့် ရှိနေတတ်သူမို့

"လမင်း ဘာဖြစ်နေလဲဟင်၊ ကိုကို့ကို ပြောပါလားကွာ၊ လမင်း တစ်ခုခုတော့ ဖြစ်နေတယ်"

"မဖြစ်ပါဘူး ကိုကိုရယ်"





ပြောင်ညာရတော့၏။

လမင်းရင်ထဲရှိနေတာ ကိုကို သိလို့ဖြစ်မလားနော်။

"ညာတယ်ကွာ"

"မညာပါဘူး ကိုကို"

"လမင်း"

"ရှင်"

"ကိုကိုပြောတာ ဘယ်လိုသဘောရသလဲဟင်"

"ဘာကိုလဲ ကိုကိုရယ်"

"ဟော ... ကြည့်စမ်း၊ လမင်း ကိုကိုပြောတာ စိတ်မဝင်စားဘူးကွာ"

"မဟုတ်ပါဘူး ကိုကို"

"မဟုတ်ရင် ပြောလေ"

"ကိုကိုပြောတာ များနေလို့"

"အံမာ ... စကားအလှည့်တတ်တယ်ကွာ၊ ကိုကို ပြောတာ လမင်းနဲ့တူတူနေချင်ပြီလို့ ... ကဲ"

"ဟို ... နေပါဦး ကိုကိုရယ် ... နော်"

"ဘာပြုလို့"

"ကိုကို"

"ဗျာ"

"လမင်း ပြောမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစေဗျာ"

"ကိုကို မှို ... စိတ်မဆိုးရဘူးနော်"

"ဟောဗျာ... ဘာများလဲကွာ"

"ဟင့်အင်း ... စိတ်မဆိုးပါဘူးဆိုမှ"

"ကောင်းပါပြီဗျာ၊ စိတ်မဆိုးပါဘူး၊ ဟောဒီ ... အရမ်းချစ်ရ၊ မြတ်နိုးရတဲ့ချစ်ကို ဘယ်တော့မှ စိတ်ဆိုးဖို့ မစဉ်းစားပါဘူးတဲ့ဗျာ၊ ကဲ ... ကျေနပ်ပြီလား"

"ကိုကိုရယ်"

ချစ်မက်ရလွန်းစွာ လမင်း ကိုကို့ပခုံးစွန်းဦးမှာ နဖူးလေးနှင့်တိုးကာ တိုက်မိလေတော့၏။

လမင်းလက်ချောင်းကလေးများကို ဖွဖွလေး ဆုပ်ယူရင်း ကိုကို မျက်နှာလေး ငုံ့ကာ လမင်း၏ နဖူးစွန်းဆံယဉ်နွယ်ကလေးများကို အမြတ်တနိုး နမ်းကြူလိုက်လေ၏။

"ပြောလေ ... လမင်း၊ ကိုကို နားထောင်နေပါတယ်ဗျာ"

"ကိုကိုပြောတော့ လမင်းကို ဘယ်အချိန်ထိ စောင့်ရစောင့်ရ စောင့်နိုင်တယ်ဆို"

"ဟင်"

"ရှင်"

"ဘယ်လောက်အထိ စောင့်ရမှာလဲဟင်၊ တစ်လလား၊ တစ်နှစ်လား၊ သုံးနှစ်လား လမင်း"





"ကိုကိုရယ်"

လမင်းအထင် ကိုကို့အသံလေးက ငေါ့တော့တော့လိုပင်။

"ထူးလာမှာမို့လား လမင်းရာ၊ ကိုကိုလေ လမင်းကို ချစ်တဲ့ အချစ်ဟာ အမြန်ဆုံးနိုးစပ်ချင်တာ တစ်ခုပဲ နားလည်တယ်၊ လမင်းက အချိန်ဆွဲတယ်၊ ဘာသဘောလဲကွာ"

"လမင်းတို့ သိကြတာ မကြာသေးလို့ပါ ကိုကိုရယ်"

"သြော် ... ဟော ... လမင်းရာ ဖြစ်ရလေ၊ အဲဒါကြောင့်လားကွာ အစိပ္ပါယ်က ကိုကို့ကို အကဲခတ်ချင်သေးလို့ ဆိုပါတော့"

"ကိုကိုရယ်"

"လမင်းရာ ... ကိုကို သစ္စာဆိုရဲပါတယ်ကွာ၊ လမင်းကို သေတစ်ပန် သက်တစ်ဆုံး ချစ်မိခဲ့တဲ့ ကိုကိုလေ တစ်ချိန်ချိန်မှာ သစ္စာပျက်ခဲ့ရင် ဘေးအပေါင်းရန်အပေါင်းတွေ ..."

"အို ... ဟင့်အင်း ... ကိုကိုရယ်၊ မဆိုပါနဲ့၊ လမင်း မကြားရဲဘူး"

ကိုကို့နှုတ်ခမ်းတွေကို လမင်း အလန့်တကြားလေး လက်နှင့် လှမ်းပိတ်မိ၏။

ကိုကို ပြုံးလိုက်ပြီးမှ ...

"အင်းလေ .... လမင်း စိတ်ချမ်းသာရင် ကိုကို ခင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်တော့ ရပါတယ်၊ လမင်း ခွင့်ပြုတဲ့အချိန်ထိ ကိုကို စောင့်ပါ့မယ်နော်၊ လမင်း ပျော်တယ် ဟုတ်လား"

"ကိုကိုရယ်"

ကိုကို့ပခုံးလေးကိုမှီရင်း လမင်း မျက်ရည်အိကနဲ ဝဲလာရပါတော့၏။

❀❀❀



# အခန်း (၂၂)

"မမ ... မမ"

"ဟင် ... ဘာလဲ ကိုဝန်း"

အရေးတကြီးဟန်နဲ့ လာခေါ်နေသော ကိုဝန်းအသံကြောင့် လမင်း ပန်းကန်ဆေးနေရာမှ မေးလိုက်၏။

ကိုဝန်း နောက်မှ ယို့ယို့လေးရပ်နေပါသော မိသန်းကိုမြင်လိုက်ရသဖြင့် ဒိတ်ခနဲ ဖြစ်သွားရ၏။

မိသန်းက ကိုကိုတို့အိမ်မှ အိမ်ဖော် ဖြစ်ပါသည်။ ကိုဝန်းက ...

"ကြီးကြီး ချော်လဲလို့တဲ့"

"ဟင် ... ဘယ်မှာ ချော်လဲတာလဲ"

"ရေချိုးခန်းထဲက အထွက်မှာပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



မိသန်းက ခပ်သွက်သွက် ဝင်ဖြေရှာလေ၏။

"အို ... ဖြစ်မှ ဖြစ်ရလေ"

ပြောရင်း လမင်း လက် ကမန်းကတန်းဆေးထား လက်သုတ်ပဝါလေးနှင့် သွက်လက်စွာသုတ်လိုက်ပြီးမှ ...

"ကိုဝန်း"

"ဗျာ"

"မေမေ ဘုရားခန်းထဲမှာ"

"ဟုတ်ကဲ့ မမ"

"မမ ခဏ လိုက်သွားမယ်နော်"

"ကောင်းပြီ မမ"

"မေမေ အောက်ဆင်းလာရင် ကိုဝန်း ပြောပြလိုက်နော် မောင်လေး"

"ဟုတ်ကဲ့"

"မေမေနဲ့ ကိုဝန်း လာချင်လာခဲ့ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ မမ"

"လာ... မိသန်း သွားစို့"

မိသန်းနှင့် နှစ်ယောက် ခပ်သွက်သွက်လေး ထွက်လာခဲ့၏။ ကိုကို့အိမ်ရောက်တော့ ဘဘဦးဘသော်ကို ဧည့်ခန်းထဲမှာ တွေ့ရ၏။

လမင်းက လေးစားသမှုနှင့် ကိုယ်လေးယို့ပြီး ...





"ဘဘ ... ကြီးကြီး ချော်လဲလို့ဆို"

"အေးကွာ"

"ကြီးကြီး အိပ်ခန်းထဲမှာလား ဘဘ ဟင်"

"ဟုတ်တယ် သမီး၊ ဘဘနဲ့မိသန်း မနိုင်တနိုင်တွဲထူ ပြီး အိပ်ခန်းထဲရောက်တော့ ပို့ခဲ့ပြီးပြီ၊ ခြေ လေဝင်သွားတာနဲ့ တူတယ်သမီးရဲ့၊ ဘဘလဲ မနိုပ်တတ်ဘူးလေ၊ ဒါကြောင့် မိသန်းကို အခေါ် လွှတ်လိုက်တာပါကွာ"

"သြော် ... ရပါတယ် ဘဘရယ်၊ အားနာစရာ မဟုတ်ဘာဘဲ၊ ဒါဖြင့် သမီး ကြီးကြီးဆီ သွားလိုက်မယ်နော် ဘဘ"

"အေး ... အေး လာ သမီး လာ ဘဘလဲ လိုက်ပို့မှာပေါ့။ ဘဘက သမီးတို့ကို ထွက်ကြိုနေတာလေ"

"သြော် ... အားနာစရာ ဘဘရယ်"

ပြောရင်း ကြီးကြီးအခန်းရှိရာ လာခဲ့ကြ၏။ လမင်းကို မြင်တော့ ကြီးကြီးက ရယ်ပြရင်း ...

"သမီးရေ ... အခုမှ ဒုက္ခတဘဝ ရောက်နေရပြီကွယ်"

"ခြေထောက်က အတော်နာသွားသလား ကြီးကြီးရယ်"

လမင်းက ကြီးကြီးခြေထောက်ကို ငုံ့ကြည့်ရင်း မေးဆိုက်သည်။

"လေခိုသွားတာနေမှာကွယ့်"

"လမင်း နှိပ်ပေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ...အေး"

"မိသန်း ... တေဘောဘမ်းရှိလား"

"ရှိပါတယ်မမ"

"ဒါဖြင့် သွေးမအေးခင် နှိပ်ရအောင်နော် ကြီးကြီး"

"အေးကွယ်"

ပထမ ရေနွေးလေးနှင့် ကြီးကြီးခြေချင်းဝတ်ကို အသာအယာ ပွမ်းနုနုလေးဖြင့် ဆေးကြောလိုက်၏။

ပြီးမှ မိသန်း ယူလာပေးသော တေဘောဘမ်းဘူးလေးကိုယူကာ လမင်း ကျွမ်းကျင်စွာ လိမ်းပေးပါတော့၏။

ဘဘဦးဘသော်က ဆေးတံတဖွာဖွာသောက်ရင်း —

"အင်း ... သမီးရှိပေလို့သာပဲကွာ"

ဘဘဦးဘသော် စကားကို လမင်း ပြုံးမိရင်း ...

"ဆရာဝန်အိမ်မှာ လမင်း တတ်သမျှ မှတ်သမျှလေး ဘဘရယ် ... နော် ... အဟင်း"

"ဟ .. ဒါလဲနည်းလား သမီးရဲ့ ဘဘဆို လုံးဝ မတ[illegible] တတ်တာ၊ ဘဘသာ နှိပ်ရရင်ဖြင့် လေနာတာထက် အဆ[illegible] လွဲမသွားဘူးလို့ မဆိုနိုင်ဘူးကွ"

"အို ... ဘဘကလဲ"

"ဟွန်း ... အဲဒါပဲကြည့်သမီးရဲ့"

"အဟား .... ဟား ... ဟား"





"အဟင်း"

ဘဘက အားပါးတရ ရယ်ပါတော့၏။ လမင်းမှာသာ ရယ်ချင်ပေမယ့် ပြုံးရုံမျှသာ။

ကြီးကြီးက ဘဘကို မျက်စောင်း တရွဲရွဲခဲလိုက်ပြီးမှ မဲ့၍ ...

"ဟွန်း ...ဒါပဲကွယ့်၊ သူတို့ဖြစ်တဲ့အခါကျရင် မိန်းမ ကိုယ်တိုင် လုပ်ပေးကိုင်ပေးမှ ကျေနပ်ကြတာလေ၊ နို့တော့ အယုအယခံချင်တာ"

"အလကားစတာပါ မထားရာ"

ဘဘက လေပြေထိုးပါတော့၏။

ကြီးကြီးက မဲ့မဲ့လေး ပြုံး၍ ...

"ရပါတယ်နော်၊ ရပါတယ် ကျွန်မ တူတော် မောင်စိုး ရှိပေမယ့် ဟောဒီက တူမလေး လမင်းလေးက ဘယ်လောက် အားကိုးရသလဲ ... ကြည့်"

"သြော် ... ကြီးကြီးကလဲ ကိုကို မကြာခင် ဆေးရုံက ဆင်းလာတော့မယ့်ဟာ၊ ကြီးကြီး ပြောပုံက ကိုကိုပဲ ခရီးထွက်နေသလို"

"ဟဲ့"

ကြီးကြီး ဟဲ့ခနဲ အလန့်တကြားလေးဆိုတော့ လမင်း ခင် ကြောင်သွားရကာ ...

"ဘာလဲဟင် ကြီးကြီး"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးမှာ သူ့ရင်ဘတ်သူ ဖြန်းခနဲပုတ်၍ ...

"ကြည့်စမ်း၊ ငါ့နှယ် မေ့နေလိုက်တာကွယ်"

"ဘာဖြစ်လို့လဲ ကြီးကြီးရယ်"

"စိုး ခရီးထွက်သွားပြီကွယ့်"

"ဟင် ... ရှင်"

အံ့ဩစိတ်ကြောင့် လမင်း မျက်လုံးလေး ဝိုင်းခနဲ ဖြစ် သွားရကာ ကြီးကြီးကို ကြောင်တောင်တောင်လေး မော့ကြည့် နေမိ၏။ စက္ကန့်ပိုင်းလေးအတွင်းမှာပင် လမင်း အတွေးတွေ အပြေးအလွှား ဆန့်ထွက်သွားရ၏။

ကိုကိုရယ် ...

ဘယ်လိုဖြစ်တာလဲနော်။

ဆိုင်းမဆင့်ဗုံမဆင့် လမင်းလည်း ဘာမှ မသိရသေး လားနော်။ လမင်းကြောင့်များလား။ ကိုကို့ဆန္ဒနောက် လမင်း မလိုက်နိုင်ခဲ့လို့ စိတ်ပျက်ပြီး ခရီးထွက်သွားတာများလားနော်

"စိုး ဖေဖေ နေမကောင်းလို့တဲ့ကွယ်"

"ဟင် ... သြော်"

ထင်တာမဟုတ်သဖြင့် စိတ်ထဲ ဒုန်းခနဲ အေးသွားရ၏

"ဖုန်းလာလို့လားဟင် ကြီးကြီး"

"အေးကွယ့် ... မန္တလေး သူ့ညီဆီက လာတာ အမြန်ဆုံး လာပါဆိုတာနဲ့"





"ဘာဖြစ်လို့လဲ ကြီးကြီးရယ်"

"စိုးဖေဖေမှာ နှလုံးရောဂါနဲ့ကွယ်"

"ဟင်"

လမင်း ရင်ထဲ ထိတ်ခနဲ ပူသွားရ၏။ ကိုကို့ဖေဖေ ဘာမှ မဖြစ်ပါစေနဲ့။

"စိုးလဲ ဖုန်းရရချင်း ဆေးရုံကပဲ တစ်ဆက်တည်း လေယာဉ်လက်မှတ် စုံစမ်းလိုက်တာလေ။ ကံကောင်းချင်တော့ လက်မှတ်က ချက်ချင်းဆိုသလို ရတာ"

"သြော်"

"ဒီတော့ သူ့ခမျာ အိမ်ပြန် အဝတ်အစားလေး ကမန်း ကတန်းထည့်ပြီး အားချင်းကြီး ထွက်သွားရတာ သမီးရဲ့"

"ဟုတ်ကဲ့"

"သြော် ... အေး ... အေး၊ သမီးအတွက် စာလေးတစ် လုံး နှစ်လုံးရေးပေးပြီး ထားခဲ့တယ်ကွယ့်"

"ဟင် ... ဟုတ်လား ကြီးကြီး"

"အဲ့ ... အဲ ...အေး။ ဟိုက စားပွဲပေါ်မှာ တွေ့လား၊ ခန့်တုံးလေးနဲ့ ဖိထားတဲ့ စာအိတ်လေး"

"ဟုတ်ကဲ့ ... ကြီးကြီး"

"ကဲ ... ကဲ ... သမီး နှိပ်ပေးတာ အငွေ့တော့ကို နေရောကျ သွားသလိုပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်တီးလေးနဲ့ စည်းထားမယ်နော် ကြီးကြီး"

"အင်း ... ကောင်းသား"

"နွေးနေအောင်လို့ပါ"

"အေး ...အေး"

လမင်း ပတ်တီးလေးနှင့် စည်းပေးနိုင်ရန် မိသန်းက ပတ်တီးလိပ်လေး ယူလာပေး၏။ ကြီးကြီးခြေထောက်ကို လမင်း ပတ်တီးလေးနှင့် အကျအန စည်းပေးလိုက်၏။

ဘဘက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"သမီးက အဟုတ်ကြီးပဲဟေ့"

"လမင်း ရှေးဦးသူနာပြု အောင်ထားပါတယ် ဘဘရဲ့"

"သြော် .. ဟော် ... ဒါကြောင့်ကိုး"

"ကဲ ... ကဲ ... သမီးလည်း လက်သွားဆေးချည်တော့ ကွယ်၊ ပူနေရော့ပေါ့"

"ရပါတယ် ကြီးကြီးရယ်"

"ဟဲ့ ... ဘယ်နှယ့်ရပါ့တဲ့လဲ၊ ဘမ်းတွေကိုင်ရတာ ပူမှာ ပေါ့ကွယ်၊ သွား ... သွား လက်ဆေးချည် သမီး"

"ဟုတ်ကဲ့ ကြီးကြီး"

တစ်ဖက်ခန်းရှိ ဘေစင်မှာ လမင်း လက်ဆေးရ၏။ ဆပ်ပြာနှင့်စင်အောင် ခပ်ကြာကြာလေး ဆေးလိုက်ပါ၏။ ကိုကို့ စာကို လမင်း ဖတ်ချင်လှပါပြီ။





ကိုကိုရယ် ...

လမင်းကျောင်းသွားနေလို့ပါနော်။ ကိုကို့ကို ကိုယ်တိုင် နှုတ်မဆက်လိုက်ရလို့ လမင်းရင်ထဲ ဟာတာတာနဲ့လေ။

ကိုကိုလည်း လမင်းလိုပဲ ရှိမှာပါပဲ ထင်ပါရဲ့။

"မမ ... လက်သုတ်ပဝါ"

"သြော် ... အေး ... အေး"

မိသန်းပေးသော လက်သုတ်ပဝါလေးနှင့် လမင်းလက်ကို သုတ်လိုက်၏။ ပြီးမှ ကြီးကြီးအနားလာထိုင်တော့ ...

"ဟဲ့ မိသန်းရေ ... ညည်းမမကို ဟိုစာလေး ယူပေး လိုက်ပါဦးကွယ်"

"ဟုတ်ကဲ့ပါ ကြီးမေ"

မိသန်းကလည်း သွက်လက်စွာ စားပွဲပေါ်မှ ဖန်တုံး ကလေးနှင့် ဖိထားသော စာအိတ်လေးကို ယူပေးလိုက်၏။ လမင်းက လှမ်းယူပြီး ကိုင်ထားတော့ ကြီးကြီးက ...

"ကဲ ... သမီးရေ ကြီးကြီး ခဏ လှဲဦးမယ်ကွယ်"

"ဟုတ်ကဲ့ ကြီးကြီး ဒါဆို လမင်း ပြန်တော့မယ်နော်၊ လမင်း အားတိုင်းလာခဲ့ပါ့မယ်"

"အေး ... အေး သာဓုပါ သမီးရယ်"

"သွားမယ်နော် ဘဘ"

"ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဘဘနှင့်ကြီးကြီးကို နှုတ်ဆက်ပြီး လမင်းထွက်လာတော့ ကြီးကြီးတို့ ဆင်ဝင်အောက်မှာ မေမေနဲ့ ကိုဝန်းကို တွေ့ရသည်။

"ဟင် ... သမီး ပြန်တော့မလို့လား"

"ဟုတ်ကဲ့ မေမေ"

"မမထား ဘယ့်နှယ့်နေသေးလဲ"

"တေဇောဘမ်းလိမ်းပြီး ပတ်တီးစည်းပေးခဲ့ပါတယ် မေမေ"

"ဩော် ... အေး ... အေး၊ သမီး ပြန်နှင့်လေ၊ မေမေတို့ မမထားနား သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"ဒါနဲ့ မောင်အုပ်စိုးရှိတယ် မဟုတ်လား"

"သူ ခရီးထွက်သွားတယ်လို့ ကြီးကြီးတို့ ပြောပါတယ် မေမေ"

"အို ... ဟုတ်လား။ အင်းလေ ... ကိုယ့်အလှည့်တုန်းက သူ ကူညီထားတာပဲ၊ အခု ကိုယ်ကပြန်ပြီး ကူညီရမယ့် အလှည့် ပေါ့ကွယ်၊ ကဲ ... ကဲ ... သွားတော့ သမီး"

"ဟုတ်ကဲ့ မေမေ"

လမင်း အိမ်ရောက်အောင် သွက်သွက်ကလေး ပြန်လာခဲ့၏။ ခြံချင်းကပ်မို့ မိနစ်ပိုင်းအတွင်း ကိုယ့်အိမ်ဆီ ရောက်ခဲ့





သည်။ အိပ်ခန်းဆီ တန်းသွားကာ ကိုကို့စာကို အလျင်စလို ဖွင့်ဖတ်လိုက်ပါတော့၏။

*ကိုကို့ချစ် လမင်းလေး ....*

*ဖေဖေနေမကောင်းလို့ ကိုကို မိုးကုတ်ကို ချက်ချင်း သွားရမယ်ကွာ၊ မန္တလေးလေယာဉ်ကလည်း အဆင်သင့်ဖြစ်နေတာမို့ လမင်းကို စာလေးနဲ့ပဲ နှုတ်ဆက်ခဲ့တယ်နော်။*

*ဖေဖေ့ကျန်းမာရေးအခြေအနေကြည့်ပြီး ကိုကိုနဲ့ လမင်းတို့ကိစ္စကို ဖွင့်ပြောခဲ့မယ်နော်၊ မငြင်းနဲ့တော့ ချစ်ရေ။*

*ကိုကိုလေ လမင်းနဲ့ အတူတူ နေချင်လှပြီကွာ။ ကြီးမေကလည်း လမင်း မေမေကို သူ စကားစထားမယ်တဲ့၊ ကဲ ... ဒါပဲ ချစ်ရေ။ ကိုကို့ကို မျှော်နေနော်။*

*အချစ်များစွာဖြင့်*

*ကိုကို*

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

"ကြီးကြီးအတွက် ပူတင်းလာသိုတာ"

"သြော်... အားနာစရာ သမီးရယ်"

"ကိစ္စမရှိပါဘူး ကြီးကြီးရဲ့၊ လမင်း ကျောင်းလဲအားနေတာပဲ"

"အေးကွယ်၊ သမီး လက်ရာလေးတွေနဲ့ပဲ ကြီးကြီးမှာ ဟန်ကိုကျနေပြီပေါ့"

"မပင်ပန်းပါဘူး ကြီးကြီးရယ်၊ စားချင်တာ ပြောပါနော်၊ လမင်း လုပ်ပေးပါ့မယ်"

"သာဓုပါ သမီးရယ်၊ မနေ့ကလဲ မုန်လာဥပိုးတီသုပ်လေးနဲ့ ထမင်းမြိန်လိုက်တာလေ"

"ကြီးကြီး ကြိုက်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပါ့ ...ကြိုက်ပါ့ သမီးလက်ရာလေးကလဲ ကောင်းမှ ကောင်းဆိုတော့ ကြီးကြီးဖြင့် ခြေထောက်နာတာကိုပဲ မေ့ပြီး ရှူးတင်နေရမလို ဖြစ်နေပြီလေ" ဆို

"အို ... ကြီးကြီးကလဲ မဟုတ်တာနော်"

"အဟုတ်ပြောတာကွယ့် သမီးသိတဲ့အတိုင်းပဲ၊ ကြီးကြီးက ကိုယ်တိုင်ချက်ရမှ ကျေနပ်တာ၊ စားဝင်တတ်တာလေ၊ မိသန်းက လက်ဆိပ်မရှိဘူး သမီးရဲ့၊ အစပ်အဟပ်လဲ မမိတတ်ဘူး၊ လက်တိုလက်တောင်းလောက်ပဲ ရတာ၊ ကြီးကြီးခြေထောက်လဲ အတော်လေး သက်သာနေပါပြီကွယ်"

ခြေနှစ်ဖက်လုံး ကြမ်းပြင်ပေါ် စုံချကာ ထောက်ပြရင်း ပြောနေသော ကြီးကြီးကို လမင်း ပြုံး၍ ...

"လုံးဝ ကောင်းသွားမှာပဲ ကြီးကြီးလုပ်ချင်တာ လုပ်ပါနော်၊ ခြေနာမကောင်းသေးသမျှတော့ လမင်းကိုပဲ ကုသိုလ်ယူပါရစေ ကြီးကြီးရယ်"

"အင်း ... အင်း"

လမင်းကို သဘောကျလှစွာ ပြုံးပြုံးကြီးကြည့်ရင်း ကြီးကြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်မိ၏။

ဩော် ...လိမ္မာလိုက်တဲ့ မိန်းကလေး။ ဘာတစ်ကွက်မှ အပြစ်ပြောစရာမရှိတဲ့ စင်းလုံးချောကလေး။

စိုး ကံကောင်းလိုက်တာ။ လမင်းကိုရသော စိုးအတွက်





ကံထူးသူပါပဲလေ၊ ရုပ်ရည်၊ ပညာ၊ အကျင့်စာရိတ္တ၊ အပြောအဆို အပြုအမူတွေက သိမ်မွေ့ညံ့သက်လှပါဘိခြင်း။

စည်းစနစ်ကြီးသော မိခင်၏ အုပ်ထိန်းမှု အောက်မှာ လမင်းလေး ဗိုင်းကောင်းကျောတ်ဖိ အရှည်အချင်းပြည့် စံမီနေရတာ မဆန်းလှပါ။

အိမ်မှုကိစ္စအဝဝ လုံးဝ စိတ်ချရလောက်အောင် လမင်း ကျွမ်းကျင်နေပါပြီ။ ယခုလို အနီးကပ်လေး ထိတွေ့ဆက်ဆံရလေ လမင်း၏ အရည်အသွေးများကို သိခွင့်ရကာ ကျိတ်၍ ကျေနပ်နေရလေ မဟုတ်ပါလား။

စိုး ချစ်မည်ဆိုလည်း ချစ်နှစ်သက်စရာပါပဲ။ အင်းလေ ကလေးတွေက လူကြီးတွေရဲ့ အရိပ်အကဲကို လိမ္မာစွာနဲ့ အကဲခတ်နေကြတာကို မိမိအနေဖြင့် အမွှန်ကို ဖွင့်ခေါက်နှား သွင်းဖို့ပ လိုအပ်နေပါပြီ။ စိုးရော လမင်းလေးပါ အချိန်ခါ အရွယ်ရောက်နေကြပြီ မဟုတ်ပါလား။

"ကြီးကြီး"

"ဟင် ... ဘာလဲ သမီး"

လမင်းခမျာ စကားအစခက်နေဟန်ဖြင့် မျက်နှာလေး နီသယောင်ယောင်ဖြစ်နေသည်ကို ဒေါ်ခင်ထားက အကင်းပါးစွာ ရိပ်မိလိုက်တာမို့ ...

"ဩော် ...ဖြူးဆီက ဖုန်းလာတယ် သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် … ဖြိုး"

မကြားဖူးသော အမည်မို့ လမင်း သံယောင်လိုက်ကာ ရွှတ်မိရင်း ကြီးကြီးကို ကြည့်နေမိ၏။ ကြီးကြီးကလည်း သတိရ သွားဟန်နှင့် ပြုံး၍ …

"ဖြိုးဆိုတာ စိုးအောက်က ညီယေပေါ့၊ အကြီးဆုံး ကောင်က မိုးတဲ့၊ ညီအစ်ကိုသုံးယောက်လေ"

"သြော် …ဟုတ်ကဲ့ ကြီးကြီး၊ ဒါနဲ့ ကိုကို့ဖေဖေ အခြေ အနေ …"

"သက်သာသွားပါပြီတဲ့ကွယ်"

"အို … ဝမ်းသာစရာပဲ ကြီးကြီးရယ်"

"စိုးလဲ မကြာခင် ပြန်လာမယ်တဲ့၊ မိဘတွေနား မရောက်တာကြာနေပြီမို့လဲ ခဏ လူကြီးတွေကျေနပ်အောင် နေပေးရမှာပေါ့ကွယ်"

"ကိုကို့ဖေဖေ ဘာဖြစ်တာတဲ့လဲ ကြီးကြီးရယ်"

"သြော် …သူ့ ကျောက်တွင်းက အားထားရတဲ့ အလုပ် သမားတစ်ယောက် ကျင်းပိလို့တဲ့ကွယ်"

"အို"

"အလုပ်သမားကလဲ အသက်မသေပါဘူးကွယ်၊ လူမိလို့ ပေါ့၊ ချက်ချင်း ဆေးရုံတင်နိုင်တယ်တဲ့"

"သြော်"





"အဲဒါကို မောင်အောင်စိုးက သွားပါပြီလို့ထင်ပြီး ရုတ်တရက် အသက်ရှူမရဖြစ်သွားရင်း သတိလစ်သွားလို့တဲ့"

"အို … ဖြစ်ရလေ"

"အခု ကောင်းသွားပါပြီလေ"

"ဟုတ်ကဲ့၊ လမင်းကလဲ ဘုရားရှိခိုးတိုင်း ဆုတောင်းပြီး မေတ္တာပို့ပေးပါတယ် ကြီးကြီးရယ်"

"အေး … အေး၊ ကြီးကြီးတို့ ပို့သတဲ့ မေတ္တာကြောင့်လဲ ပါတာပေါ့ သမီးရယ်"

"ဟုတ်ကဲ့"

လမင်း ခေါင်းညိတ်လိုက်မိ၏။

တကယ်လည်း ရင်တွင်းမှ စေတနာထက် သန်စွာဖြင့် မေတ္တာပို့ပေးခြင်းပင် ဖြစ်လေသည်။

"သမီး"

"ရှင်"

"စိုးကစ ပြောတယ်ကွယ့်"

"ဟင်"

လမင်းမျက်နှာလေး မသိမသာလေး ရဲခနဲ ဖြစ်သွားရ၏။

လမင်း ရှက်လွှန့်လွှန့်ဟန်လေးကို ဒေါ်ခင်ထား ချစ်စ နိုး ပြုံးကြည့်ပြီးမှ …

"သမီး … သူ လက်ထပ်ချင်ပြီတဲ့ကွယ်"

[illegible]လေ

www.burmeseclassic.com

www.burmeseclassic.com



"အို ..."

လမင်း ခေါင်းမဖော်ရဲတော့။

ရှက်လိုက်တာ၊ အဲသည် ကိုကို တစ်ယောက်ဟာလေ။

"သမီးက အချိန်ယူချင်သေးတယ်ဆို ဟုတ်လား"

"ဟို"

လမင်း ဘာပြောရမှန်းမသိ။

ကြီးကြီးက ခေါင်းတညိတ်ညိတ်နှင့်ပြုံး၍ ...

"ကြီးကြီးပြောပါရစေကွယ်၊ စိုးအပေါ်မှာ သမီးအနေနဲ့ သစ္စာတရားနဲ့ ပတ်သက်ပြီး စိတ်ချဖို့ ကြီးကြီး အာမခံပါတယ် သမီးရယ်၊ ကိုယ့်တူအကြောင်း ကြီးကြီး သိလို့ပါ"

"ဟို ... ဒီလိုမဟုတ်ပါဘူး ကြီးကြီးရယ်၊ လမင်းလဲ ကိုကို့ လိုပါပဲရှင်၊ ဒါပေမယ့် မေမေ့ကို လမင်း သနားတယ်၊ အားနာနေမိတယ် ကြီးကြီးရယ်"

"သြော်ကွယ်"

ဒေါ်ခင်ထား နားလည်စာနာမိစွာ သဘောပေါက်မိရပါပြီ။

"အမွန့်ကို ကြီးကြီးပြောပါ့မယ်ကွယ်"

"ကြီးကြီး"

"ဘာလဲ သမီး"

"မေမေ လမင်းကို တစ်မျိုး ထင်သွားမှာစိုးတယ် ကြီးကြီးရယ်"





ပူပန်ဟန်လေးနှင့် လမင်းပြောနေပုံကို ဒေါ်ခင်ထား သနားသွားရရှင်း ခေါင်းညိတ်၍ ...

"သြော် ... စိတ်ချ သမီး၊ ကြီးကြီးလဲ အလိမ္မာသုံးပြီးပဲ ပြောမှာပါကွယ် ... နော်"

"ကျေးဇူးတင်ပါတယ် ကြီးကြီးရယ်"

တကယ်ပင် စိတ်ထဲ ပေါ့ပါးသွားရခြင်းပါ။ လမင်းမှ သည်ကိစ္စကို မေမေ့အား စကားမစရဲခြင်း မဟုတ်ပါလား။

ကြီးကြီးအနေဖြင့် လူကြီးမို့ ပရိယာယ်သုံးကာ မေမေ့အား ပြောတတ်ပါလေမည်။ ကြီးကြီးကို နှုတ်ဆက်ပြီး လမင်း ပြန်လာခဲ့ပါ၏။

"ဟော ... သမီး မမထားခြေထောက် သက်သာရဲ့လား ကွယ်"

မေမေ့ကို သစ်ခွရုံလေးထဲမှအထွက် လမင်းလည်း ပန်းခြံထဲအဝင် ဆုံမိကြခြင်းပါ။ လမင်းက ...

"သက်သာပါတယ် မေမေ၊ တစ်ရက်နှစ်ရက်ဆို ပုံမှန် လောက်ဖြစ်သွားလိမ့်မယ် ထင်ပါရဲ့၊ လမင်း ဆေးလဲလိမ်းပေးခဲ့ ပါတယ်"

"သြော် ... အေး ... အေး၊ ကောင်းပါတယ် သမီးရယ်၊ လူကြီးသူမတွေကို ပြုစုကူညီရတာ ကုသိုလ်ရပါတယ်ကွယ်"

"ဟုတ်ကဲ့ ... မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မေမေလဲ ဒီနေ့ မမထားဆီ မရောက်ဖြစ်သေးဘူး။ နေ့ခင်းအားတုန်းတော့ ခဏတော့ သွားရဦးမယ်"

"ဟုတ်ကဲ့"

မေမေ ပြောပြောဆိုဆို ထွက်သွားတော့ လမင်း ရင်တွေခုန်ကာ သက်ပြင်းလေး မသိမသာချရင်း ကျန်ရစ်ခဲ့၏။

"မမထား ... သက်သာတယ်ဆို"

"ဟော ... အမွန်၊ လာ ... လာ၊ အမွန့်အကြောင်း တွေးနေတာနဲ့ အမွန်ရောက်လာတာ အတော်ပဲကွယ်၊ လာ ... ထိုင် ညီမ"

ရင်းရင်းနှီးနှီးခေါ်ရင်း ဒေါ်ခင်ထားက သူမ ဒရင်းဘတ်မှ ခုံကို လက်ညှိုးထိုးပြလိုက်၏။ ဒေါ်ယဉ်မွန်က ဝင်ထိုင်ရင်း

"အမွန့်အကြောင်း ခေါင်းအရှုပ်ခံပြီး ခေါင်းထဲမသွင်းပါနဲ့ မမထားရယ်၊ အလကား အစိပ္ပါယ်မဲ့ အကျိုးမဲ့တွေ"

ဒေါ်ယဉ်မွန်စကားကို ဒေါ်ခင်ထားက နားလည်စွာ ပြုံး၍ ...

"သြော်ကွယ် ... အမွန်ကလဲ မမထား ဆိုလိုတာက တခြားပါ"

"ဘာကိုလဲ မမထား"

"ထိုင်ပါဦး ညီမရယ်၊ အေးအေးဆေးဆေးပဲ မဟုတ်လား"





"ဟုတ်ကဲ့ အေးအေးဆေးဆေးပါပဲ မမထားရယ်"

"ခုနလေးတင် သမီးကို ပြောရသေးတယ်ကွယ်၊ မမထားအပေါ် အမွန့်တို့ သားအမိတွေ လိုလေသေးမရှိ ပြုစုကြလို့လေ၊ ကျေးဇူးတင်လိုက်တာကွယ် တကယ်ပါပဲ"

"အပန်းမကြီးပါဘူး မမထားရယ်၊ အိမ်နီးချင်း ကူညီရမယ့် ဝတ္တရား ရှိတာပဲဟာ၊ အဲ မွန့်တုန်းကလဲ မောင်အုပ်စိုးရဲ့ ကူညီမှုဟာ ဒီထက်မကပါဘူး မမထား"

"အေးပါကွယ် တို့ညီအစ်မတွေ တစ်ယောက်စေတနာကို တစ်ယောက် နားလည်ကြရင် ပြီးတာပါပဲ အမွန်ရယ်"

"ဒါနဲ့ မမထား"

"ဘာများလဲ အမွန်"

"မောင်အုပ်စိုးရဲ့ ဖေဖေ အခြေအနေ"

"သြော် ... ကောင်းသွားပါပြီကွယ်၊ ဟုတ်အတက်ခံရတာပေါ့။ ခု သက်သာသွားပြီလို့ အငယ်ကောင် ဖြိုးဆီက ဖုန်းလာတယ်လေ"

"သြော် ... ဝမ်းသာစရာ စိတ်ချမ်းသာစရာ သတင်းပါပဲ မမထားရယ်၊ အမွန်လဲ မေတ္တာပို့ပါတယ်"

"ကျေးဇူးပါပဲ ညီမရယ်"

ဒေါ်ခင်ထားက ခေါင်းညိတ်ပြုံးကာ ပြောရင်း ...

"အမွန့်ကို အေးအေးဆေးဆေး တိုင်ပင်စရာ ရှိတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ မမထား၊ ပြောပါ"

"တခြားမဟုတ်ပါဘူးကွယ်၊ စိုးကိစ္စပါ"

"ရှင် ... မောင်အုပ်စိုးကိစ္စ ဟုတ်လား"

"ဟုတ်တယ် အမွန်၊ စိုးက လမင်းကိုလက်ထပ်ချင်ရှာပြီတဲ့လေ"

"သြော်"

ဒေါ်ယဉ်မွန့်မျက်နှာ မဆိုသလောက်လေး တည်သွားသလိုပင်။ ပြီးမှ ...

"မမထားရယ် ... သူတို့ချင်း သိကြတွေ့ကြတာ လပိုင်းလောက်ပဲ ရှိပါသေးတယ်နော်၊ သိပ်မြန်လွန်းပါတယ်"

"အဟင်း ... အမွန်ကသာ မြန်တယ်ထင်တာလေ၊ စိုးက နောက်ကျမှာ စိုးနေတဲ့လူကွယ့်"

"မမထားရယ် ... ဒါလဲ မဆန်းပါဘူးရှင် ယောကျ်ားလေးရဲ့ သဘာဝပဲဟာ"

"နေဦး ... အမွန်"

ဒေါ်ခင်ထား လက်ကလေးကာပြီးမှ ...

"အမွန့်အယူအဆ ခံယူချက်တွေ မှားနေပြီလို့ မမထား မဝေဖန်ချင်ပါဘူးကွယ်၊ ဒါပေမယ့် စိုးနဲ့ပတ်သက်လို့ကတော့ မမထား လုံးဝ တာဝန်ယူ အာမခံရဲပါတယ်နော်၊ ကိုယ့်တူ မမထား အစဉ်းသိ အတွင်းသိ တာဝန်ယူရဲတာပါ အမွန်ရယ်





အမွန်လက်ခံမယ်ဆိုရင် စိုးက သူ့မိဘတွေနဲ့ ကြောင်းလမ်း နားဖောက်ချင်တဲ့ဆန္ဒတွေ ရှိနေတယ်လေ၊ အဲဒါ ..."

"အို ... နေပါဦး မမထားရယ်"

"ဘာဖြစ်လို့လဲ အမွန်"

"မမထားလဲ သိမှာပါ၊ သူတို့ လူငယ်ချင်း ရည်ငံနေကြတာကိုး"

"အင်းလေ ...သိလို့ ခုလို ပြောနေတာပေါ့ အမွန်ရယ်"

"ချစ်သူဘဝတွေနဲ့ တစ်ယောက်ကိုတစ်ယောက် အကဲခတ် လေ့လာကြပါစေဦး မမထားရယ်၊ ဒီအခြေအနေက ဆုတ်သာတက်သာ ရှိပါတယ်ရှင်"

"အမွန်ရယ် ... စိုးရဲ့မေတ္တာနဲ့ သစ္စာတွေဟာ ဘယ်တော့မှ ဆုတ်နစ်တဲ့ အနေအထား မရောက်နိုင်ပါဘူးကွယ်၊ စိတ်ချပြီးသား ယုံပါ ညီမရယ်"

"အဟင်း ... သမီးကို အမွန့်စိတ်ထဲ ငယ်သေးတယ်လို့ပဲ ထင်နေတာပါ မမထားရယ်"

"သြော်ကွယ် ... အချိန်အရွယ် ရောက်လာကြတော့လဲ ပုထုဇဉ်ပီပီ ဖြစ်တတ်ကြတဲ့ သဘာဝပဲ အမွန်၊ သဘာဝကျကျ တွေးတတ်စမ်းပါ ညီမရယ်၊ အမွန့်စိတ်ထဲ အစိုးရိမ်ပိုပြီး လမင်းလေးကို ဘယ်လိုလူနဲ့မှ စိတ်မချနိုင်ဘူးဆိုပါစို့ကွယ်"

"အဟင်း"



www.burmeseclassic.com

www.burmeseclassic.com



မှန်နေတာမို့ မချိပြုံးလေးသာ ဒေါ်ယဉ်မွန် ပြုံးနေမိတော့၏။

ဒေါ်ခင်ထားက စကားကို ပြန်ဆက်၏။

"အမွန့်မှာ တရားသဘော အသိလေး သတိလက်လွတ်ဖြစ်နေလို့ပါ ညီမရယ်၊ မမြဲသော သဘာဝတွေနဲ့ ပြည့်နှက်နေတဲ့ ဟောဒီလောကကြီးထဲမှာ ဘာတစ်ခုမှ မမြဲပါဘူးကွယ်၊ ကဲ အမွန့်အနေနဲ့ လမင်းလေးကို အစိုးရိမ်လွန်ပြီး ဘယ်သူနဲ့မှ စိတ်မချနိုင်၊ မယုံကြည်နိုင်၊ သဘောမကျနိုင်ဘူးဆိုပါတော့"

"ဟင်"

"အမွန်ကတော့ လမင်းလေးနဲ့ သေတစ်ပန် သက်တစ်ဆုံး ဘယ်အတိုင်းအတာအထိ အတူတူ အုပ်အုပ်စီးစီးနေနိုင်မှာတဲ့လဲ"

"ဟင်"

"သင်္ခါရတရားကို ဆင်ခြင်စမ်းပါ ညီမရယ်၊ အမွန်ဖြုန်းခနဲ သေသွားခဲ့ရင် လမင်းလေးအတွက် နောက်ဆံငင်နေရတာနဲ့ပဲ အမွန့်အတွက် မကောင်းတော့ပါဘူး၊ မိဘတို့ ဝတ္တရားထဲမှာ သားသမီးတွေကို သင့်တော်တာနဲ့ လက်ထပ် ထိမ်းမြားခြင်းဆိုတဲ့ အချက်ကလေးတစ်ချက်လဲ ပါနေသေးတယ်လေ၊

"ကိုယ့်အပေါ်မှာ ကောင်းတာ၊ မကောင်းတာကျတော့ ကိုယ့်ရဲ့ အတိတ်ကံက ဝဋ်ကြွေးရယ်လို့ ဖြေနိုင်ရမှာပေါ့ကွယ်





အမွန် မောင်အောင်လွင်ကို ယူစဉ်တုန်းက ဒီလိုမှန်းသိရင် ဘယ်ယူလိမ့်မလဲ မဟုတ်ဘူးလား"

"ဟိုတုန်းက မောင်အောင်လွင်လဲ ဘာမှမဖြစ်သေးဘဲကိုး၊ ဟော… အခု ဖြစ်တော့မှ အမွန်က အားလုံးသိမ်းကျုံးပြီး သံသယဝင်နေတာနဲ့ပဲ လူငယ်တွေအတွက် အနေကျုံ့စေ၊ စိတ်လေးစေနေရပြီ မဟုတ်လားကွယ်"

"မမထား"

"ပြောပါ အမွန်"

"သမီးက …

"အိုကွယ် … သမီးက မမထားကို ဘာမှ မပြောရှာပါဘူး၊ သမီးက အမွန့်အဆုံးမနဲ့မို့ အရာရာကို ချင့်ချိန်စဉ်းစားတတ်တဲ့ ဉာဉ်လေးနဲ့ပါ၊ မမထားကို ပြောတာ စိုးပါ အမွန်ရယ်၊ လမင်းသဘောက အမွန့်ဆန္ဒအတိုင်း တစ်သဝေမတိမ်း လိုက်နာဖို့ အသင့်ဆိုတဲ့ အနေအထားမို့ စိုးက မမထားကို အပူကပ်တာလေ"

"ဟင်း"

ဒေါ်ယဉ်မွန်သက်ပြင်းလေးချမိရပါပြီ။ မမထားပြောတာတွေ အမှန်တွေပါ။ လက်ခံနိုင်စရာတွေပါ။

မောင်အုပ်စိုးဆိုတာက ငြင်းစရာမရှိ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခဲမှန်ဖူးသော စာသူငယ်မို့ သမီးကို မိမိကဲ့သို့ ဖြစ်သွားမှာစိုးသည့်စိတ်က ဘယ်လိုမှ ဖျောက်ဖျက်၍ မရ။

"မမထား ပြောတာကို အမွန် ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်ပေ့ါကွယ်"

"ဟုတ်ကဲ့ မမထားရယ်၊ အမွန့်အနေနဲ့လဲ မောင်အုပ်စိုးကို လောလောဆယ်အမြင်ပေ့ါလေ၊ လက်မခံနိုင်စရာ မရှိပါဘူး။ ဒါပေမယ့် ဒီကိစ္စကို အမြန်ကြီးတော့ မဆုံးဖြတ်ချင်ဘူး မမထားရယ်၊ အမွန့်ကို အချိန်ပေးပါဦးနော်"

"စဉ်းစားတာက မမှားဘူးပေ့ါ အမွန်ရယ်၊ မမထားတို့ဘက်က အာမခံရဲရဲပေးထားတာလဲ မမေ့နဲ့ကွယ်"

"ဟုတ်ကဲ့ပါ မမထား"

❀❀❀



# အခန်း (၂၄)

"မွန်"

"ဟင် … ရှင်"

ဒေါ်ယဉ်မွန် ရုတ်တရက် အံ့အားသင့်ခြင်းနှင့်အတူ ကြက်သေသေသွားရတော့၏။ တဒင်္ဂအတွင်းမှာ တစ်ကိုယ်လုံးရှိ အကြောအခြင်များ တုန့်ခနဲ ဆိုင်းသွားသလိုပင်။ သို့သော် ဒေါ်ယဉ်မွန် ချက်ချင်းပင် သတိဆောင်လိုက်ပါ၏။

သတိဝင်လာရခြင်းနှင့်အတူ ဒေါ်ယဉ်မွန်မှာ မျက်နှာထား မော့်မော့်ခါခါချိုကာ တင်းမာသွားရပြီး မျက်ဝန်းများမှ မလိုလားမှု၊ ရွံ့ရှာမှု၊ အထင်သေးမှု၊ မုန်းတီးနာကြည်းမှု စသည်တို့ စုစုပေါင်းမိကြကာ လက်တစ်ဖက်က ခါးပေါ် အလိုလို ဆတ်ခနဲ ထောက်ပစ်လိုက်ရပြီးမှ …



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာလာလုပ်တာလဲ၊ သွား ... သွား ... ထွက်သွား။ ဒါ ရှင်နဲ့ တန်တဲ့နေရာလား"

ဒေါ်ယဉ်မွန့်စကားကြောင့် ဦးအောင်လွင် မျက်နှာ ညှိုးသွားရကာ မချိတရိ ပြုံးလိုက်ရင်း ...

"ကိုလွင် မွန့်ကို တောင်းပန်ဖို့ ဝန်ချဖို့ လာခဲ့တာပါ မွန်၊ ကိုလွင့်ကို အထဲဝင်ခွင့်ပြုပါ"

သံတံခါးကို လက်နှစ်ဖက်နှင့်ကိုင်ကာ ဦးအောင်လွင်က တောင်းပန်ခယစွာ ပြောသဖြင့် ဒေါ်ယဉ်မွန် လုံးဝ မလှုပ်ပါ။

ဦးအောင်လွင်ကိုသာ စိမ်းစိမ်းကြီး စူးစိုက်ကြည့်ကာ မဲ့ပစ်လိုက်၏။ စိတ်ထဲမှာလည်း ...

ဟင်း ... တော်ပါသေးရဲ့ တံခါးပိတ်ထားလို့။

အိမ်မှာ သမီးရော သားပါ မရှိကြပါ။ လမင်းကျောင်းသွား၍ ကိုဝန်းက ပန်းအော်ဒါများ သွားပို့ပေးနေတာမို့ တံခါးပိတ်ကာ သိုးမွှေး အေးအေးဆေးဆေး ထိုးနေခြင်းပင်။

"ကိုလွင် အထဲဝင်ပါရစေ မွန်"

"အို ... ရှင် လူစကားနားမလည်ဘူးလား"

"မွန် ပြောချင်တာပြောပါ၊ ကိုလွင် နေမကောင်းလို့ အထဲမှာ ဝင်ထိုင်ပါရစေ မွန်ရာ ... နော်"

"ဟင့်အင်း ... ကျွန်မမှာ ရှင့်အတွက် ပြောစရာ ဘာစကားမှ မရှိဘူး၊ ရှင်ထွက်သွားပါ"





"မသွားနိုင်ဘူး မွန်၊ ကိုလွင် တောင်းပန်ပါတယ်ကွာ"

"ရှင် လုပ်သွားတဲ့ကိစ္စက တောင်းပန်လို့ မရတော့ပါဘူး ကျွန်မစိတ်ထဲမှာ လုံးဝပဲ"

"မွန်ရာ"

ဦးအောင်လွင် ခေါင်းငိုက်စိုက်ကျသွားကာ ဘာရှာတံခါးကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ မှိုက်ကန်း ဖြစ်သွားရတာမို့ တံခါးဘောင်မှာ အသာမှီကာ မျက်လုံးမှိတ်လိုက်မိ၏။ ထိုအခါ မျက်ဝန်းများမှ မျက်ရည်စများက ပေါက်ခနဲ လိမ့်ကျလာရတော့၏။ ဒေါ်ယဉ်မွန် မျက်မှောင်ကြုတ်သွားရလေသည်။ စိတ်ထဲမှလည်း ဇဝေဇဝါ ဖြစ်သွားခြင်းနှင့်အတူ —

သူ တကယ် နေမကောင်းဖြစ်နေတာပါလား ဟူသော အသိက ရင်မှာ နင့်ခနဲ ခံစားရ၏။ သို့သော် နာကြည်းစိတ်က အခဲမကျေနိုင်တာမို့ မျက်နှာ ကို ချာခနဲနေအောင် လွှဲပစ်လိုက်၏။ ဦးအောင်လွင် တံခါးဘောင်ကို အားနဲ့စွာမှီနေရာမှ ဇနီးဟောင်းဆီ ရီဝေဝေလေး ငေးကြည့်ကာ ...

"ကိုလွင်မှားခဲ့ပါတယ် မွန်၊ သိပ်ကို မှားခဲ့ပါတယ်ကွာ၊ အဲဒါတွေအတွက် မွန် ကျေနပ်အောင် ကျေနပ်တဲ့အထိ တောင်းပန်ချင်လို့ပါ"

"မလိုတော့ပါဘူးလေ၊ ရှင်နဲ့ကျွန်မ လမ်းချင်းမတူတော့ကြာလှပြီပဲ၊ ကိုယ့်လမ်းသာကိုယ်သွားပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မွန်"

"ဘာ"

"ကိုလွင့်မှာ လမ်းပျောက်နေပါပြီကွာ"

"ဩ ... ဩ ... ရှင့်မှာ လမ်းပျောက်သွားလို့ ဒီကို မျက်စိလည်ပြီး ရောက်လာခဲ့တာပေါ့ ဟုတ်စ"

"မဟုတ်ပါဘူး မွန်၊ ကိုလွင် တကယ် နောင်တရလို့ပါ"

"ဘာ နောင်တများပါလိမ့်"

"မွန်ကလွဲပြီး ကိုလွင့်အတွက် ဘာမှ တန်ဖိုးမရှိပါဘူးကွာ"

"အဟား ... ဟား ... ဟား ..အဟင်း ... ဟင်း"

ဒေါ်ယဉ်မွန် အားရပါးရ ရယ်ပါလေ၏။

အလွန်ရယ်စရာကောင်းသော ပြက်လုံးတစ်ခုကို ကြားရသူပမာ ရယ်လိုက်တာမှ အူလိုက်သည်းလိုက်ပါ။

"အဟား ... ဟား ... ဟား ..အဟင်း ... ဟင်း"

ရယ်မောနေသော ဒေါ်ယဉ်မွန်ကို ဦးအောင်လွင် မျက်နှာပျက်လှစွာ ငေးကြည့်နေပါ၏။ ရယ်သံထွက်နေသော ဒေါ်ယဉ်မွန်၏ မျက်နှာထားမှာ အေးစက်မာကျောလှပါဘိခြင်း။

စူးတောက်သော မျက်ဝန်းများထဲမှ အထင်သေးမှု အရိပ်တွေ။ မဲ့တဲ့တဲ့ နှုတ်ခမ်းဖျားမှ ခနဲ့တဲ့တဲ့အပြုံးတွေက သူ့ရင်ကို ပူပြင်းလောင်မြိုက်စေပါတော့၏။

"မွန်"





"အဟင်း ... သိပ်ကို နားထောင်လို့ကောင်းတဲ့ စကားလေးပါလားနော်၊ ဒီမယ် ... အဲဒီအပြောလေးတွေကို ရှင် ဒီမှာလာပြောနေတာ အချိန်တွေ ပုပ်လှပါတယ်နော်၊ ကျွန်မက ရှင်နှုးတိုင်းပါတဲ့ ဆတ်စလူးအရွယ်လေး မဟုတ်ဘူးဆိုတာ ရှင်သတိထားလိုက်ပါဦး"

"မွန် ကိုလွင့်ကို ဘယ်လောက်မုန်းမုန်း ကိုလွင့်ဘဝမှာ မွန့်အကြင်နာနဲ့ မေတ္တာတွေ ပြန်ရဖို့အတွက် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် တောင်းပန်ဝန်ချဖို့ ဆုံးဖြတ်ထားတာပါ"

"အပိုတွေ ပြောမနေပါနဲ့၊ ရှင့်အတွက် ကျွန်မ မရှိနိုင်တော့သလို ကျွန်မဘဝမှာလဲ ရှင်ဟာ သေလူပဲ၊ မပြန်လာမဲ့ကို သွားတဲ့လူလို့ သတ်မှတ်ထားပြီးသားပဲ"

"ကိုလွင် မွန့်ဆီ ပြန်လာခဲ့ပါရစေကွာ"

"ရှင် မြန်မာစကား နားလည်သားပဲလေ၊ ကျွန်မပြောတာ ရှင် နားမလည်နိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး"

"မွန် ကြိုက်သလိုပြောပါကွာ၊ ကျေနပ်တဲ့အထိ ကိုလွင် တောင်းပန်ပါ့မယ်"

"တစ်သက်လုံး မကျေနပ်ပါဘူး၊ ရှင့်အပေါ် နာကြည်းရလွန်းလို့ ရှင့်မျက်နှာကိုလဲ လုံးဝ မမြင်ချင်ပါဘူး"

"ပြောပါ မွန်၊ ပြောပါ"

"ကဲ .. ကျွန်မဆီက သဘောထားတွေ ရှင် သိပြီဆိုရင် လမ်းရှင်းသွားပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"မသွားပါရစေနဲ့ မွန်ရာ"

"အို ... ဘယ်ဖြစ်မလဲ၊ ဒါ ကျွန်မအိမ်ရှင့်၊ ရှင့်ကို ရဲလက် အပ်ရမလား"

"မွန် ကြိုက်သလိုလုပ်နိုင်ပါတယ်ကွာ"

"ဟင် ... ရှင် စော်ကားလှချည်လား"

"မွန်နဲ့ သမီး သားတွေနဲ့ ကိုလွင်နေပါရစေနော်"

"အို ... လုံးဝ မဖြစ်နိုင်တာပဲ"

"ဘာဖြစ်လို့လဲ မွန်၊ ကိုလွင်ဟာ သူတို့ အဖေအရင်းပဲ"

"အဟွန်း ... အဲဒီ အရင်းခေါက်ခေါက်ဆိုတဲ့ အဖေက ခွေးစိတ်ပေါက်သွားတဲ့အတွက် ရှက်လွန်းလို့ ကလေးတွေ ဘယ်လောက် သိမ်ငယ်ကြရတယ်ဆိုတာ ရှင်မှ နားမလည် ပဲလေ"

"အခုတော့ ကိုလွင် အားလုံးကို နားလည်ပါပြီကွာ"

"ရှင် စကားကို လျှာအရိုးမရှိတိုင်း မပြောပါနဲ့"

"ကိုလွင် ကျိန်ပါ့မယ် မွန်"

"အို ... မကျိန်ပါနဲ့ ရှင် ကျိန်တာလဲ ကျွန်မ ယုံမှာမှ မဟုတ်တာ၊ ရှင်မို့ မရှက်ဘဲ လာဝံ့တာ၊ အင်းလေ ... ရှင့်လို ဖောက်လွဲဖောက်ပြန်ပြုတတ်တဲ့ လူစားမျိုးက ဘယ်ကျိန်စာပဲ ဆိုဆို ဆိုရဲမှာပါပဲ၊ လူမှုရေးလောကမှာ အထင်သေးစရာ အကောင်းဆုံး အလုပ်ကိုတောင်မှ မျက်နှာပြောင်ပြောင်နဲ့ ရှင်





လုပ်ခဲ့သေးတာပဲ၊ ရှင့်ပါးစပ်ကထွက်တဲ့ စကားမှန်သမျှ ဘာအနှစ်သာရမှ အလေးအနက်ရှိမှာမှ မဟုတ်တာ၊ အခု ရှင် ဒီကို ရောက်လာတာ ဟိုမှာ အဆင်မပြေလို့ ဟုတ်လား၊ အဟင်း ဟင်း ... ဟိုမှာသာ အဆင်ပြေနေလို့ဖြင့်တော့ ရှင်ချည်တိုင် ဟောင်းကို လည်လာစရာ ဘာအကြောင်းမှ မရှိပါဘူး ဒီတော့ လဲ ရှင် အရှက်အကွဲခံပြီး ဒီကို လာမယ့်အစား နောက်ထပ်အသစ် တစ်ယောက် ထပ်ရှာလိုက်ပါတော့လား၊ ရှင့်မှာ ငွေတွေ ရှိသားပဲ ငွေရှိရင် ရှင့်သမီးအရွယ်လေးကိုတောင်မှ ရှင် မစားမနား တစ်ယောက်ပြီးတစ်ယောက် ရှာယူတော့ပေါ့ရှင်။ ကျွန်မတို့ဆီ မှာ ရှင့်အတွက်နေရာမရှိတော့ပါဘူး။ လင်ယောက်ျား မရှိတဲ့ မိန်းမသား တစ်ယောက်ရဲ့ ဘဝ၊ ဖခင်အရိပ်မဲ့ခဲ့ရတဲ့ ကလေး တွေရဲ့ဘဝအဖြစ်နဲ့ ကျွန်မတို့ သားအမိတွေ ကောင်းကောင်း အသားကျနေပါပြီ။ ရှင် ဝင်လာပြီး မနှောက်ပါနဲ့တော့။ ရှင့်ကို ကျွန်မ လုံးဝ အလိုမရှိတော့ပါဘူး။ ဟိုတုန်းက ကားလှလှ လေးစီးပြီး အစားအသောက် အဝတ်အစားလှလှလေးတွေနဲ့ နေခဲ့ရတဲ့ဘဝထက် အခုအချိန်မှာ ကိုယ့်လုပ်အား သန့်သန့် လေးနဲ့ ရှာဖွေရတဲ့ ဝင်ငွေ နဲ့ ကျွန်မတို့ ဣန္ဒြေမပျက် စားသောက် နေထိုင်တတ်သွားပါပြီ။ ရှင်ဝင်လာစရာ မလိုတော့ပါဘူး။ ပြတ်သွားတဲ့ ကြိုးကို ပြန်ဆက်ရင် အတုံးကလေးတော့ ရှိနေ တော့မှာပဲ။ ကြိုးအကောင်း ဘယ်တော့မှ ပြန်မဖြစ်တော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘူးနဲ့မလဲ ရှင့်အပြစ်အတွက် သေတဲ့အထိ မေ့နိုင်မှာလဲ မဟုတ်ဘူး။ ခွင့်လွှတ်နိုင်မှာလဲ မဟုတ်ဘူး၊ ကျွန်မ ချွတ်ယွင်းလို့ ဖြစ်ရတဲ့ကိစ္စမှ မဟုတ်တာပဲ၊ ရှင့်ဘာသာရှင် သွေးသား သောင်းကျန်းချင်လို့ အကျင့်ဖောက်ပြားတဲ့အမှုမှာ ကျွန်မအနေနဲ့ ဘယ်လိုနည်းနဲ့မှ သဘောထားကြီးစွာနဲ့ ပတ်ဝန်းကျင်အလယ်မှာ ပြောင်ပြောင်မနေရဲတော့ပါဘူး။ ဒီတော့ ရှင် ထွက်သွားပါ။ ဘယ်တော့မှ မလာခဲ့ပါနဲ့၊ မနှောင့်ယှက်ပါနဲ့။ ရှင်နဲ့ကျွန်မ ဘဝခြားသွားပါပြီ၊ ရှင့်လို အပုပ်နံ့လှိုင်နေတဲ့ စာရိတ္တချို့တဲ့သူနဲ့ ကျွန်မနဲ့ ပတ်သက်စရာ အကြောင်းမရှိတော့ပါဘူး။ ကျွန်မအတွက် ရှင်ဟာ သေလူဖြစ်သွားပြီပဲ၊ နောက်ထပ် ရှင် ဒီကိုလာဖို့ မစဉ်းစားပါနဲ့ ကျွန်မပြောတာကို ဂရုမစိုက်ဘဲ ရှင် ဖွတ်တိုးလာခဲ့ရင် ကျွန်မ ပြောပြီးခဲ့ပြီးပြီပဲလေ။ သက်ဆိုင်ရာ ဥပဒေအရ အရေးယူပေးဖို့ ကျွန်မအကြောင်းကြားရပါလိမ့်မယ်။ ကလေးတွေ မျက်နှာငဲ့ပြီး ကျွန်မ မလုပ်ရက်ဘူး ထင်ရင်လဲ ရှင် စမ်းကြည့်ပေါ့။

ယဉ်မွန်ဆိုတဲ့ မိန်းမဟာ၊ သားကိုသခင် လင်ကိုဘုရားလို တလေးတစား ကိုးကွယ်တတ်တဲ့ မိန်းမ ဖြစ်ခဲ့ဖူးသလို၊ သစ္စာမဲ့တဲ့ လူအပေါ် သစ္စာဖောက်ပြန်မှုထက် ရက်စက်နိုင်တဲ့ အသည်းနှလုံး ရှိတယ်ဆိုတာ လက်တွေ့ ပြခွင့်ရသွားတာပေါ့။

ကဲ ... ဒီတော့ ရှင်လာလမ်းအတိုင်းသာ ရှင်ပြန်ပါတော့"

"မတိုးရေ ... မတိုး"

ဉာဏ်ဝင်းစာပေ



"ရှင် ... မမ"

အသံနှင့်အတူ မတိုး ရောက်လာပြီး တံခါးဝအပြင်မှာ ဦးအောင်လွင်ကိုမြင်တော့ လန့်သွားလေသည်။

"ဟင် ... အစ်ကိုကြီး"

"ဒီမယ် မတိုး"

"ဟုတ် ... ဟုတ်ကဲ့ မမ"

"မမအပေါ်ထပ် တက်တော့မယ် တံခါးမဖွင့်နဲ့နော်"

"ဟင်"

• •

မတိုး ကြောင်နေစဉ် ဒေါ်ယဉ်မွန်က လှည့်၍ —

"ဒီမယ် ... မကြာခင် သမီးရော သားပါ ပြန်ရောက်လာတော့မှာ ရှင် အမြန်ဆုံး ထွက်သွားပါတော့။ နောက်ထပ် ဆယ်မိနစ်အတွင်း ရှင် မသွားသေးရင်တော့ ကျွန်မ စကားကုန်ပြီ"

"မွန်ရာ"

ဦးအောင်လွင် စကားမဆိုနိုင်တော့။ သံတံခါးကို နှုမှုနှင့်တိုက်ကာ မျက်ရည်များသာ ကျနေလေတော့၏။ သူ ဘာမှ ပြောပိုင်ခွင့် မရှိတော့။ လျှောက်လဲခွင့်မပေး သော အသည်းမာသူကိုသာ ဝေသီသော မျက်ဝန်းရီရီဝေဝေများဖြင့် ငေးကာ ကြည့်နေမိသည်။ ပြောချင်သော စကားတွေ မပြောရတော့ပါ။ သူပြောတာကိုလည်း မွန် နားထောင်မည် မဟုတ်တာမို့ မွန့်စိတ်ကို သူအသိဆုံးပင်။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောသလိုလုပ်မည်ဟူ၍ လေကားအတိုင်း မျက်နှာမော့ကာ မာန်ပါပါ တက်သွားသော မွန့်ကို ပျောက်သွားသည့်အထိ ကြည့်နေမိသောသူ့အား မတိုးက တောင်းပန်အားနာကြည့်လေးဖြင့် အနားတိုးလာရင်း ...

"အစ်ကိုကြီး ... သွားတော့နော်၊ မမက တကယ်လုပ်မှာ၊ အားလုံး ဒုက္ခများကုန်တော့မယ်"

"မတိုးရာ ... ငါ သေသွားရင် ကောင်းမယ်ကွာ"

"အို ... မဟုတ်တာ"

"မွန် သိပ်စိတ်ကြီးတယ်ကွာ၊ အေးလေ ... သူ စိတ်ချမ်းသာပါစေတော့၊ ငါ သွားပါ့မယ်ကွာ"

"ဟုတ် ... ဟုတ်ကဲ့ အစ်ကိုကြီး"

ခေါင်းညိတ်ရင်း မတိုးပင် ရင်ထဲမချိ။ တုန့်ယင်စွာ ထွက်သွားတော့ ဦးအောင်လွင့် နောက်ကျောကိုကြည့်ပြီး မတိုး မျက်ရည်ဝဲမိပါပြီ။ သြော် ... ဘယ်လိုဝဋ်ကြွေးပါလိမ့်နော်။ အလွန်တော်သော မမကိုပစ်ပြီး အစ်ကိုကြီး ငယ်ငယ်နုနုနောက် ပါသွားရပြီးမှ နောင်တတွေနှင့် ပြန်လာချိန်မှာ မမ အသည်းက မာကျောနေပြီကော။ အပေါ်ထပ်မှ မဲ့မဲ့လေးပြုံးကာ ပြုံးလိုက်သော ဒေါ်ယဉ်မွန့် ရင်ထဲမှာ တုန်ချည့်ယိမ်းထိုးစွာ ထွက်သွားသော ဦးအောင်လွင်အပေါ် များစွာ ကျေနပ်သွားရပါတော့၏။

❀❀❀



# အခန်း (၂၅)

"ကျွဲ"

"ဒိုန်း"

"ဟာ ... တိုက်ပြီ"

"ဟင်"

ပန်းပို့ရာမှအပြန် ကားမှတ်တိုင်ရှိရာ လာနေသော ကိုဝန်းတစ်ယောက် မမျှော်လင့်သော မြင်ကွင်းကြောင့် တန့်ခနဲဖြစ်သွားရတော့၏။ ပန်းအော်ဒါများကို အိမ်အရောက် ပို့ပေးလေ့မရှိပါ။ ခုတော့ ရင်းနှီးသော သူငယ်ချင်းမို့ ပို့ပေးခြင်းဖြစ်၏။ ယာဉ် တိုက်မှုက ခပ်လှမ်းလှမ်းမှာ ဖြစ်လေသည်။

တိုက်မိကြသော ယာဉ်က ဟိုင်းလပ်စ်နှင့် အက်စ်အီးဆိုင်ပင် ဖြစ်ပါသည်။ ထုံးစံအတိုင်း လူတွေအုံ့လာကြပါ၏။ လူငယ်လေး ကိုဝန်းလည်း ထိုနေရာသို့ ရောက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်လမ်း ကျွန်တော် သွားတာပါဗျာ၊ သူ့လမ်းမှားပြီး ဝင်တိုက်တာပါ"

ဟိုင်းလပ်စ် ဒရိုင်ဘာက စိတ်ပျက်လက်ပျက် ရှင်းပြနေပါ၏။ ကားနှစ်စီးစလုံး ဆေးချင်းပွတ်မိကြသဖြင့် ဒဏ်ရာ တော့ ရသွားလေ၏။

အက်စ်အီးကားရှင်းကို ကိုဝန်း မမြင်ရသေး။

"ဒရိုင်ဘာက မူးနေသလား"

"အရက်နံ့မရဘူးဟ၊ သတိတော့ လစ်နေတယ်"

"ဟင် ... ဒဏ်ရာပြင်းလို့လား"

တိုက်ပြီးမှ အက်စ်အီးလေးက လမ်းဘေးစောင်းကျသွားတာ မှောက်ခြင်းမို့ ဒရိုင်ဘာတော့ နာပါမည်။

"ကားထဲက ယူထုတ်လေဟာ"

"အေးပါ၊ ဟာ ... သွေးတွေ"

"ဟင် ... သေပြီလား"

"အသက်တော့ ရှူနေတယ်"

"မြန်မြန်လုပ် ဆေးရုံပို့ရအောင်၊ ဒီမှာ ဟိုင်းလပ်စ်ဆရာခင်ဗျား ကားနဲ့ပဲ ပို့ပေးဗျာ"

"ဟုတ်ကဲ့၊ ပို့ပေးပါမယ်ဗျာ"

"ခေါင်းကွဲတာပဲ"

လူနာယူထုတ်သူများကြားမှ လူနာကိုမြင်အောင်





ကိုဝန်း ခြေဖျားလေး ထောက်ကာ လှမ်းကြည့်လိုက်သည်နှင့် ချက်လုံးပြူးသွားရတော့၏။

"ဟင် ... ဖေဖေ"

ကိုဝန်းအသံကြောင့် လူအုပ်ကြီး ရှဲသွားရကာ ...

"မင်းဖေဖေလား"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျ"

"အေး ... ကောင်းတာပေါ့၊ လူနာရှင်ပါ ဆေးရုံ တစ်ခါတည်း သွားရအောင်၊ လာ ... လာ"

"ညီလေး မြင်တဲ့အတိုင်းပဲ၊ မင်းဖေဖေက လမ်းမှားပြီး ဝင်အောင်းတာကွ"

"ဟုတ်"

ကိုဝန်း ထူပူစွာဖြင့် ဖခင်ကို ဝင်ပွေ့ကာ ကားပေါ်ပါလာခဲ့တော့၏။ ဆေးရုံရောက်တော့ ဆရာဝန် ဆရာမတွေ ဗျာပျာသလဲ စမ်းသပ်စစ်ဆေးကာ ကုသကြပါသည်။

"လူနာက အဖျားလဲဝင်နေတယ်၊ အားလဲအတော့်ကို နည်းနေတာပဲ၊ ခေါင်းက ဆောင့်မိတဲ့ ဒဏ်ရာက သိပ်မများပါဘူး၊ အပေါ်ယံလောက်ပါပဲ၊ နေမကောင်းလျက်နဲ့ ကားမောင်းလို့ ဖြစ်သွားတဲ့သဘောပါပဲ"

"ဪ"

ခုမှ သက်ပြင်းချနိုင်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဟိုင်းလက်စ်ရှင်ကလည်း ခုမှ အသက်ရှ
ရှုရဲ့အာ မျက်နှာကြည်သွားရပြီး

"ညီလေး ... ဘာအကူအညီလိုလေးလဲ၊ ပြောနော်"

"ကျေးဇူးတင်ပါတယ် အစ်ကို၊ ရပါပြီခင်ဗျာ"

"ဒါဆို အစ်ကိုတို့ သွားမယ်"

"ဟုတ်ကဲ့"

"ကားကို ဘယ်ပို့ပေးရမလဲ ညီလေး"

ဖေဖေ့အိမ်လိပ်စာကို ကိုဝန်းပြောလိုက်တော့ ...

"စိတ်ချညီလေး၊ အစ်ကိုဝပ်ရှော့ကို လာဆွဲခိုင်းပြီး ပို့ပေးထားပါ့မယ်ကွာ"

"ကောင်းပါပြီ အစ်ကို"

နောက်ဆုံး ကိုဝန်းတစ်ယောက်သာ ကျန်ခဲ့တော့၏။ ဖေဖေ့အနားမှာနေပြီး ဖေဖေ သတိရသည်အထိ စောင့်နေမိ၏။

အိမ်က စိတ်ပူနေမှာပဲလေ။ မေမေနဲ့ မမက စိတ်ပူတတ်ပါဘိနဲ့၊ မတတ်နိုင်ဘူးလေ။ သည်မှာက ဖေဖေတစ်ယောက်တည်း ကိုဝန်း ဘယ်လိုမှ ပစ်ပြီး မထားခဲ့ရက်ဘူး။ အိပ်မောကျ သလို ဖြစ်နေသော ဖေဖေ့ကိုကြည့်ရင်း ရင်ထဲ လှိုက်ခနဲ ဆို့တက်လာရ၏။

ဩော် ... ဖေဖေ ... ဖေဖေ ...

နေမကောင်းဖြစ်နေလျက်နဲ့ ဘယ်က လာတာပါလိမ့်။

"ဟင်း ... ဟင်း"





"ဟော"

ဖေဖေ သတိရလာပါပြီ။ အနားမှ ဆရာဝန်နှင့် ဆရာမများက လက်မထောင်ဟန်ပြရင်း ပြုံးနေကြ၏။

"ဖေဖေ ... ဖေဖေ"

"အင် ... ဟင်"

လေးလံသောမျက်ခွံများ တဖြည်းဖြည်း ပွင့်လာခြင်းနှင့် အတူ အနီးကပ်မှာ ရှိနေသော ကိုဝန်းကို မြင်လိုက်ရသည်နှင့် ဦးအောင်လွင်ဆတ်ခနဲ ဖြစ်သွားကာ ...

"ဟင် ... သားကိုဝန်း"

"ဟုတ်ပါတယ် ဖေဖေ၊ သားပါ"

"အို ... သားရယ်"

ဦးအောင်လွင် မျက်လုံးအိမ်မှ မျက်ရည်များ ချက်ချင်း အိုင်ဖွဲ့လာကြ၏။ ဆရာဝန်က နားလည်ဟန် ခေါင်းညိတ်ရင်း

"ဦး ... နေကောင်းတယ် ဟုတ်လား"

"ဟုတ်ကဲ့ ဒေါက်တာ"

"ခေါင်းက ဒဏ်ရာကော နာနေသေးလား"

"နည်းနည်းပဲ နာတာပါ ဒေါက်တာ"

"ဦး ... မူးနေတာ ဟုတ်လား"

"ဟုတ်ကဲ့"

"မူးတာရော အားနည်းတာရောပေါင်းပြီး သွေး မောင်းလို့ အက်ဆီးဒင့်ဖြစ်တာ ထင်တယ်နော် ဦး"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

"ကဲပါလေ၊ ဆေးရုံရောက်နေပြီပဲ၊ ဘာမှ မစိုးရိမ်နဲ့တော့ ဟုတ်လား"

"ကျေးဇူးပါပဲ ဒေါက်တာ"

ဆရာဝန်နှင့် ဆရာမတွေ ထွက်သွားကြတော့မှ ဦးအောင်လွင်က ...

"သား ... ဖေဖေနဲ့ ဘယ်လို ..."

"ဩော် ... သားပန်းသွားပို့ရာကအပြန် ကားမှတ်တိုင်ဆီအလာမှာ ဆုံမိတာပါ။ ဖေဖေမှန်း မသိပါဘူး။ လူအုပ်ကြီးထဲမှာမို့"

"အင်း ...အင်း၊ ဖေဖေ ကျွဲးမောင်းရင်းနဲ့ မိုက်ခနဲဖြစ်သွားတာပါကွာ"

"ဖေဖေ နေမကောင်းလျက်နဲ့ ဘယ်သွားတာလဲဟင်"

"သား မေမေဆီကိုပါ"

"ဟင်"

"ဟုတ်တယ်သား၊ ဒါပေမယ့် ..."

ခေါင်းသာ အယာအယာခါရင်း ဦးအောင်လွင် ဆက်မပြောနိုင်တော့။ ဖေဖေ့ကို နားမလည်ဟန် ဆက်ကြည့်ရင်းကိုဝန်း သိချင်နေတာကို မေးလိုက်မိတော့၏။

"ဒါဖြင့် ဖေဖေ ဟို ... ဟို ... မိန်းမ"

"တော်ပါပြီ သားရာ၊ ဖေဖေ သိပ်ကို မှားခဲ့တာပါ၊ ဖေဖေ့





အပေါ် အမဲဖျက်သလို ဝိုင်းဖျက်တဲ့ အုပ်စုထဲမှာ ဖေဖေ ဘယ်လိုနေလို့ ဖြစ်မှာလဲ သားရယ်၊ ခုတော့ အားလုံးရှင်းရှင်းလင်းလင်းဖြစ်သွားကြပါပြီကွာ၊ သူတို့အမှားနဲ့သူတို့ လမ်းထွင်သွားကြပြီလေ။ ဖေဖေသာလျှင် အရာရာကို လက်လွှတ်ဆုံးရှုံးရတဲ့ဘဝနဲ့ဟင်း ..."

မျက်လုံး စုံမှိတ်ချလိုက်စဉ်မှာ ဦးအောင်လွင် မျက်ဝန်းမှ မျက်ရည်များ လိမ့်ခနဲ ကျလာပါတော့၏။ ကိုဂန်းလည်း စိတ်မကောင်းနိုင်တော့။ နောင်တ တမွေ့တစ်ပိုက်နှင့် ဖေဖေ့ကို သနားမဆုံးတော့။ မေမေ့ဆီ ရောက်ခဲ့တာဆိုတော့ ...

"မေမေ ဘာပြောလဲဟင် ဖေဖေ"

"သားရယ် ... သား မေမေက သိပ်စိတ်ကြီးတာ၊ မာနကလဲ ခပ်ကြီးကြီးဆိုတော့ အင်းလေ ... ဖေဖေ့အပေါ်မှာ မာနထားသင့်၊ စိတ်နာသင့်နေတာကိုး၊ ဘယ်ပြောကောင်းမလဲကွာ၊ တစ်ပြားမှ မတန်အောင်ကို ပြောပစ်တာပါပဲကွာ"

"ဟင်"

"ဖေဖေ့ကို အိမ်ထဲ ဝင်ခွင့်တောင် မပေးခဲ့ပါဘူးကွာ"

"ဟင်"

"မင်း မေမေရဲ့ အသည်းနှလုံးတွေ ကျောက်ဖြစ်သွားပြီထင်ပါရဲ့ သားရာ၊ ဖေဖေ နောင်တရပါပြီ သား၊ သားတို့နဲ့အတူ ဖေဖေ အရင်တုန်းကလို သိုက်ဝန်း နွေးထွေးတဲ့ မိသားစုလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ပြန်ပြီး တည်ဆောက်ချင်ပါတယ်ကွာ၊ ဖေဖေ့အမှား၊ ဖေဖေ့မိုက်ပြစ်တွေအတွက် မိသားစုအပေါ်မှာ ဖေဖေ အသက်ထက်ဆုံး ပေးဆပ်သွားချင်ပါတယ် သားရာ၊ ဒါပေမယ့် သားတို့မေမေက ဘယ်လိုမှ လက်မခံတော့ဘူးကွာ"

ပြောရင်း ဖေဖေ အသံတိမ်ဝင်သွားရ၏။

ကိုဝန်းလည်း ဖေဖေ့အတွက် စိတ်မကောင်းဖြစ်ရခြင်းနှင့်အတူ မိမိအနေဖြင့် ဘယ်လို စွမ်းဆောင်ပေးနိုင်ပါ့မလဲဟူသော အတွေးကို အမြန်ဆုံး တွေးနေမိလေပြီ။

"မိန်းမတစ်ယောက်ရဲ့ အရည်အချင်းကို ယှဉ်ပြိုင်မှုရှိလာတဲ့ အခြေအနေကျမှ ပြတ်ပြတ်သားသား နားလည်ခွင့်ရလိုက်ပါပြီ သားရာ၊ မွန်လို ဇနီးမယားကောင်းအပေါ် သစ္စာဖောက်မိခဲ့တဲ့ ဖေဖေ့အမှားအတွက် ဖေဖေ ကျေကျေနပ်နပ်ကြီးကို သူပေးသမျှ ပြောသမျှ အပြစ်တွေအတွက် ခံစားရမှာပေါ့ကွာ၊ ဖေဖေ့အနေနဲ့ မွန့်အပေါ် သံသရာ အဆက်ဆက် တောင်းပန်နေမှာပဲ၊ မွန် ကျေနပ်ကြည်ဖြူလာတဲ့အထိ စောင့်မှာပဲ၊ တစ်ခုတော့ ဖေဖေ သားတို့ကို တောင်းပန်ချင်တယ်ကွာ"

"ဘာများလဲ ဖေဖေ၊ သားတို့အပေါ် ဖေဖေ တောင်းပန်စရာမလိုပါဘူး ဖေဖေရာ ဖေဖေဟာ ဘယ်တုန်းကမှ ဖခင်ဝတ္တရား မပျက်ခဲ့တာမို့ ဖေဖေ့အပေါ် သားတို့ ဘယ်လိုမှ နာကြည်းချက်တွေ မရှိခဲ့ပါဘူး။ ဖေဖေ ယုံပါ"





"ဝမ်းသာတယ် သား၊ ဖေဖေ ပြောချင်တာက သားမေမေ မာနခဲကြီးက ဖေဖေ့ကို ဘယ်လောက်ပဲ ကင်းနေပြတ်နေပါစေ၊ သားတို့က ဖေဖေ့အပေါ် အရင်တုန်းကလိုပဲ ဆက်ဆံပါလို့"

"ဟာ ... ဖေဖေရာ၊ ဒါတော့ စိတ်ချပါ ဖေဖေ၊ ဖေဖေဟာ သားတို့ အဖေအရင်းခေါက်ခေါက်ပဲဟာ၊ ဖေဖေ့မှာ ဟိုဘာအနှောင်အဖွဲ့မှ မရှိတော့ဘူးဆိုရင် ဖေဖေ့ဆီ သားတို့ လာခဲ့ပါ့မယ်၊ ပြီးတော့ မေမေနဲ့လဲ အဆင်ပြေသွားစေချင်တဲ့ ဆန္ဒတွေရှိနေပါတယ် ဖေဖေရာ"

"သားရာ ... ဖေဖေ အားရှိလိုက်တာ၊ ဒါပေမယ့် မင်းတို့မေမေ မာနခဲကြီးကို မလွယ်ပါဘူးကွာ၊ ဖေဖေ အရှုံးပေးပါပြီကွာ"

"စိတ်ဓာတ်မကျပါနဲ့ ဖေဖေ၊ သားတို့ ရှိတာပဲ၊ သားကြံပါဦးမယ် ဖေဖေနော်"

"သားရာ ... ဖေဖေ့အပေါ် စိတ်ဆိုးသလို သားတို့အပေါ်မှာလဲ မွန် စိတ်ဆိုးသွားပါဦးမယ်ကွာ"

"စိတ်မဆိုးနိုင်တဲ့နည်းပေါ့ ဖေဖေရာ"

"ဖေဖေတော့ စိုးရိမ်တယ် သား၊ မွန်က စိတ်ကြီးတယ်လေ"

"ဖေဖေ အသာလေး မှေးနေတော့၊ သား ခဏပြန်ဦးမယ်"

"အင်း ... အင်း"

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

ထင်သည့်အတိုင်းပင်။ ခြံဝမှာ စိုးရိမ်စွာ လည်တဆန့်ဆန့်ဖြစ်နေကြသော မေမေနှင့် မမလမင်းတို့ကို တွေ့လိုက်ရတော့၏။

"ကိုဝန်း ... မောင်လေး"

"သား"

နှစ်ယောက်စလုံး အလျှင်စလို ခေါ်လိုက်ပြီး သူ့မျက်နှာကို စိတ်ပူစွာ လှမ်းကြည့်နေသဖြင့် မျက်နှာကို အစွမ်းကုန် ညှိုးပစ်လိုက်တာ ...

"မေမေ"

"ဟင် ... ဘာလဲသား၊ ဘာဖြစ်လို့လဲဟင်၊ သား သွား





တာ ကြာလွန်းလို့ မေမေတို့ စိတ်ပူနေတာလေ၊ ဘယ်တွေ သွားနေတာလဲ သားရယ် မပြောမဆိုနဲ့"

မေမေက အပြစ်တင်သလိုလို မမကလည်း ...

"ကိုဝန်း ပန်းသွားပို့တဲ့အိမ်ကိုလဲ ဖုန်းဆက်ပြီးပြီ၊ ထွက်သွားတာ ကြာလှပြီတဲ့၊ မမတို့ ခေါင်းပူနေတာ မောင်လေးရယ်၊ ဘယ်တွေ သွားနေတာလဲဟင်"

သူ့ဘေးတစ်ဖက်တစ်ချက်မှ မေမေနှင့်မမတို့တို့ မသက်မသာ ကြည့်မိပြီးမှ မလှမ်းမကမ်းရှိ သစ်ပင်အောက်မှ ခုံတန်းဆီ ခေါ်သွားကာ ...

"ကျွန်တော် ဆေးရုံရောက်နေတာပါ မေမေ"

ထိုင်ချရင်း ပြောလိုက်တော့ မေမေက ...

"ဟင် ... ဆေးရုံ၊ ဟုတ်လားသား"

"ဟုတ်ကဲ့"

"ဘာသွားလုပ်တာလဲ မောင်လေး ... ဟင်"

"မေမေ"

"ဟင်"

"ဖေဖေ ကားမှောက်လို့"

"ဟင်"

"အို"

မေမေ့မျက်နှာ ကွက်ကနဲ ပျက်သွားသယောင်ရှိသလို



www.burmeseclassic.com

www.burmeseclassic.com



ခမေချော မျက်နှာ မည်းခနဲနေအောင် ပျက်သွားလေတော့၏။ မေမေ ထပ်မမေးတော့။ သက်ပြင်းမသိမသာချရင်း အဝေးသို့ ငေးနေလေ၏။ မမမှာသာ ငိုမလို မျက်နှာနှင့် သူ့အား ...

"အခု ဖေဖေ ဘယ့်နှယ့်နေသေးလဲဟင် ... ကိုဝန်း"

"အခြေအနေ မကောင်းဘူး မမ"

"အို ... ဘုရား"

မမ မျက်ရည်အိခနဲ ဝဲပါတော့၏။ မေမေလည်း ဆတ်ခနဲ ဖြစ်သွားရကာ ...

"ဘယ်မှာ တွေ့တာလဲ"

"သားအပြန်ကားဂိတ်ဆီ အသွားမှာပါ၊ ကားတိုက်မှုကို လူတွေအုံနေတုန်း သွားကြည့်တာ ဖေဖေဖြစ်နေလို့"

"မူးနေလို့ပေါ့"

မဲ့မဲ့လေးပြောလိုက်သော မေမေ့အား ကိုဝန်း ခေါင်းခါပြလိုက်ကာ ...

"မဟုတ်ပါဘူး မေမေ၊ ဖေဖေ ဖျားနေတာပါ၊ အားလဲ အတော့်ကို နည်းနေတာပါ"

"ဟွန်း"

မေမေ နှုတ်ခမ်းလေးမဲ့လိုက်ရင်း ...

"ဝမ်းသာလို့တော့ မဟုတ်ပါဘူး။ သူ့ကုသိုလ်နဲ့သူ ဘုရား ရိုက်တာ နေမှာပေါ့"





"မေမေ"

"မေမေရယ်"

စိမ်းပြတ်သော မေမေ့စကားကြောင့် မောင်နှမနှစ်ယောက်စလုံး ပျာပျာသလဲ ဖြစ်သွားကြကာ ကိုဝန်းက ...

"မေမေ့ကို သား တောင်းပန်ပါရစေ မေမေ"

"ဟင် ... ဘာ ... ပြောတယ်"

"ဖေဖေခမျာ မေမေ့ကို အရမ်းတွေ့ချင်နေတာပါ"

"အို ... ရှုပ်ရှုပ်ယှက်ယှက်"

လမင်းကလည်း မျက်ရည်သုတ်မိရင်း မေမေ့ လက်မောင်းကို အသာကိုင်ကာ ...

"မေမေ ... သမီး တောင်းပန်ပါတယ်နော်"

"ဟင်"

ဒေါ်ယဉ်မွန် လမင်းကို ဆတ်ခနဲ လှည့်ကြည့်တော့ မျက်ရည်များကြားမှ မိခင်ကို အနူးအညွတ် တောင်းပန်ဟန် ခေါင်းလေးညိတ်ကာ ...

"ဖေဖေ့နား သွားကြရအောင်ပါ မေမေရယ်နော်"

ပြောရင်း လမင်း အင့်ခနဲ ငိုချလိုက်ပါတော့၏။

သူမ ကျောင်းမှ ပြန်ရောက်တော့ မတိုးပြောပြ၍ ဖေဖေ လာသွားကြောင်း သိခဲ့ရပြီးပါပြီ။

ဖေဖေ့ကို သနားမိသောစိတ်များက အကိုင်းအခက် မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့။ ကိုဝန်းဆီမှ ဖေဖေ့သတင်းဆိုးကို ထပ်မံကြားရပြန်သော အခါ လမင်း ဆောက်တည်ရာမရလွန်းစွာ လှုပ်ရှားစိတ်ဖြင့် မေမေ့ကို အရေးဆိုနေပါပြီ။ ကိုဝန်းကလည်း မသာမယာသော မျက်နှာနှင့် မိခင်အား ...

"မေမေ ... သားတို့ကိုချစ်ရင် သနားရင် ဖေဖေ့ဆီ သွားပေးပါနော်၊ ဖေဖေ နောက်ဆုံးအချိန်မှာ စိတ်ချမ်းသာသွား စေချင်လို့ပါ မေမေရာ"

"ဟင်"

နောက်ဆုံးအချိန်ဟူသော စကားက ဒေါ်ယဉ်မွန်၏ အသည်းနှလုံးကို ဆတ်ဆတ်ခါ တုန်လှုပ်သွားရပါတော့၏။

တစ်ဆက်တည်းမှာပင် ကိုအောင်လွင်၏ ညှိုးငယ်သော အနေအထားဖြင့် ရောက်လာပုံ၊ အောက်ကျနောက်ကျ ဝန်ခံ တောင်းပန်နေပုံ၊ မိမိအား နောင်တကြီးစွာ တမ်းတမ်း တတ ဖြစ်နေပုံတို့ကို တရေးရေးဖြင့် မြင်ယောင်လာရလေတော့၏။

သြော် ... ငယ်ကအချစ်ဟောင်းမို့ အနှစ်တစ်သောင်း လည်း မမေ့သာ မဟုတ်ပါလား။ မိမိမှာ အချစ်ကြီး၍ အမျက်ကြီး နေရတာမို့ မာနစိတ် ဖြင့် ပစ်ပစ်ခါခါ ပြောလွှတ်လိုက်ပြီးမှ ရင်ထဲ တနုံ့နုံ့ နာနေမိလေတော့၏။

ခုတော့ နောက်ဆုံးအချိန်ဝင် ရောက်နေရပြီလား နေမကောင်းပါဟူ၍ ပြောစဉ်က ဒါလောက် မထင်မိခဲ့ချေ။





တကယ် နေမကောင်းဖြစ်ရသည့်အထဲ မိမိ၏ ပြတ် တောက်ခါးသီးမှုများ ဆင့်လိုက်သောအခါ သူ့ခမျာ အလွန်ဆိုး ရွားသော ဝေဒနာများဖြင့် ကားမောင်းကာ လှည့်ပြန်သွားရခြင်း မဟုတ်ပါလား။ ခုတော့ ဖောက်ပြန်သူ ဇာတ်သိမ်းတော့မည် ထင်ပါရဲ့၊ ရှင်ကွဲအဝေမှ သေကွဲအဝေသို့ ရောက်ရတော့မည် ထင်ပါရဲ့လေ။

"မေမေ ... သွားကြရအောင်နော်"

"ဟင်"

လမင်းက ငိုသံလေးဖြင့် ရှိုက်ကာ ပြောတော့ ရင်ထဲ နင့်ခနဲ ကျဉ်သွားရပြန်၏။

"ဖေဖေ့ နောက်ဆုံးအချိန်မှာ မေမေ့အနေနဲ့ နောက်ဆုံး လိုက်လျောပေးပါလို့ သား တောင်းပန်ပါရစေ မေမေရာ .. နော်၊ သား မေမေ့ကို ကန်တော့ပါတယ်၊ ဖေဖေ့ဆန္ဒကို လိုက်လျော ပေးပါ မေမေ၊ ဖေဖေလေ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေ တာတောင် သတိရတိုင်း မေမေ့ကို တမ်းတနေတာပါ မေမေ"

"ဟင်"

ရင်ထဲ ဒိုင်းခနဲ ဆောင့်ဝင်သွားစေပါသော ကိုဝန်း စကားကြောင့် တွေငေးငေးလေး ဖြစ်သွားရပါပြီ။

လက်အုပ်ချီ ထားသော သားနှင့် မျက်ရည်ကျကာ အသံမထွက်ဘဲ ငိုနေသော သမီးတို့ကို သက်မချကာ ကြည့်မိရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူဦးမွန် တစ်စုံတစ်ခုကို ပြတ်သားစွာ ဆုံးဖြတ်လိုက်ပါတော့၏။ ထိုင်နေရာမှ ဆတ်ခနဲထကာ လမင်းအား ..

"သမီး"

"ရှင် ... မေမေ"

"မမထားဆီသွားပြီး အကျိုးအကြောင်း သွားပြော"

"ရှင် ... ဟုတ်..ဟုတ်ကဲ့ မေမေ"

"မေမေ ကိုဝန်းနဲ့သွားနှင့်မယ်၊ သမီး မမထားနဲ့ လိုက်လာခဲ့ပေါ့၊ တစ်ခုခုဆိုရင် မေမေ မမထားကိုပဲ တိုင်ပင်ပြီး အကူအညီယူရလိမ့်မယ် ကြားလား"

"အို ... မေမေရယ်"

ကိုဝန်း မျက်နှာလေး ကြည်လင်စွာ ပြုံးသွားရပေမယ့် လမင်းခမျာ မျက်ရည်မစဲနိုင်။ မေမေ့အဆုံးအဖြတ်ကို ဝမ်းသာသွားရပေမယ့် မေမေ့ စကားတွေက နမိတ်မကောင်းဘူး မဟုတ်ပါလား။ သို့သော် လမင်း စောဒကမတတ်နိုင်ပါ။

မေမေ့ဆန္ဒအတိုင်း တစ်ဖက်ခြံရှိရာ သွက်သွက်လေး ကူးလာခဲ့စဉ် ကိုဝန်းနဲ့ မေမေတို့ ထွက်သွားကြလေသည်။

❀❀❀



# အခန်း (၂၇)

"ကြီးကြီး"

"ဟဲ့ ... သမီး၊ အို ... ဘယ်လိုဖြစ်တာကွယ်၊ ကြီးကြီး ရင်ထိတ်လိုက်တာ ကလေးရယ်"

"ကြီးကြီးရယ် ... ဖေဖေလေ ဆေးရုံမှာ ကားမှောက်လို့တဲ့၊ အဲဒါ အခြေအနေ မကောင်းဘူးဆိုလို့"

"အလို ... ဘုရား ... ဘုရား"

ဒေါ်ခင်ထား ရင်ဘတ်လေး ဖိလိုက်ရင်း ...

"အမွန်ကော သမီးရယ် ... ဟင်"

"မေမေ ကိုဝန်းနဲ့ အခုပဲသွားတယ်။ လမင်းကို ကြီးကြီး ခေါ်ပြီး လိုက်ခဲ့ပါတဲ့၊ မေမေ တိုင်ပင်ဖို့တဲ့ ... အင့်"

"အို ... လိုက်မှာပေါ့ သမီးရယ်၊ ကြီးကြီးလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထေး ဆတ်ခနဲ ထကာ လမင်းအား ...

"ခဏလေးကွယ် ... ကြီးကြီး အဝတ်လေး လဲလိုက်ဦးမယ်နော်၊ မောင်အေးရေ ... ကား အသင့်ထုတ်ထားဟေ့"

ဒရိုင်ဘာကို တစ်ဆက်တည်းခိုင်းလိုက်ရင်း ကြီးကြီး အခန်းထဲ ဝင်သွားမှ လမင်း သူ့ကိုယ်သူ ငုံ့ကြည့်မိတော့၏။

အဝါနှင့် အညိုရောင် အပွင့်များပါသော ရှံဘာလောက်စ်နှင့် နက်ပြာရောင် ချောင်လုံချည် သေသပ်နေပါ၏။

အရေးတကြီးမို့ အဝတ်မလဲချင်တော့ပါ။ ထိုင်မရ ထမရနှင့် လမင်း မျက်ရည်ပေါက်ပေါက်ကျကာ ဧည့်ခန်းမှာ ငူငူလေး ရပ်နေစဉ်..

"တ္ဂီ"

ရုတ်တရက် ထိုးဆိုက်လာသော ကားလေးကို လမင်း မျက်ရည်ရွဲနှစ်နေသော မျက်နှာလေးနှင့် ဆတ်ခနဲ လှမ်းကြည့်လိုက်မိ၏။

"ဟင်....ကိုကို....ကိုကိုရယ်"

"လမင်း"

ကားထဲမှ ကိုကို ဖြန်းခနဲအထွက်နှင့် အပြေးလေး ရောက်သွားသော လမင်းတို့ ကားခေါင်းနားမှာဆုံမိကြစဉ်....

"ဟင်"

လမင်းခြေလှမ်းတွေ တန့်ခနဲ ရပ်သွားရတော့၏။ကား





ထဲမှ အသက်ငါးဆယ်ပတ်ဝန်းကျင်ရှိ လူကြီး တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်။ လမင်းကို မှင်တက် အံ့အားသင့်စွာ ကြည့်နေကြသည် မဟုတ်ပါလား။

"လမင်းလေး ... ဟင် ... ဘာဖြစ်ခဲ့သဲ ချစ် ... ဘာဖြစ်တာလဲ"

လမင်း မျက်နှာမှ မျက်ရည်စများကို မြင်လိုက်သည်နှင့် ကိုကို လမင်းအနား လွှားခနဲရောက်လာကာ လမင်း ပခုံးကို ကိုင်၍ အသာအယာငုံ့မေးရင်း စိုးထိတ်သော မျက်နှာနှင့် ကိုကို ပျာသွားရတော့၏။

"ကိုကိုရယ်"

လမင်း ခေါင်းလေးငုံ့ချမိရင်း မျက်ရည်များ ရှေကာတာ ကျိုးသလို ဝေါခနဲ အန်ကျလာရတော့၏။ ဝမ်းနည်း အားငယ်လိုက်တာ ကိုကိုရယ်။ ဖြစ်နိုင်ရင် လေ ကိုကို့ရင်ခွင်ထဲမှာ မျက်နှာအပ်ပြီးကို အားပါးတရ ငိုချင် လိုက်တာလေ။

"လမင်း ....ကိုကို့ ကို ပြောစမ်းပါကွာ၊ ဘာဖြစ်တာလဲဟင်၊ ဘာ့ကြောင့်လဲ၊ ဖေဖေနဲ့ မေမေ.... ဒါ ကျွန်တော် ပြောတဲ့ လမင်းလေ"

"ဪ....အေးကွယ်၊ ဘာဖြစ်တာလဲ သားရယ်၊ မေးပါဦး၊ မေမေဖြင့် ရင်ထဲမကောင်းလိုက်တာ၊ ကလေးမသိမ်ကို ဝမ်းမနည်းတနည်း ဖြစ်နေရှာတယ်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော....စိုး....အို....ခင်လေးတို့ကောပါလား"

"ကြီးမေ.... လမင်း ဘာဖြစ်လဲဟင်"

"မောင်အောင်လွင် ကားမှောက်လို့တဲ့ ဆေးရုံမှာအရေး ကြီးတယ်ပြောတယ် စိုးရဲ့ ကဲ....ခင်လေးတို့ အထဲဝင်လေ မောင်အောင်စိုး နေကောင်းတယ်နော်၊ မမထားတို့ ဆေးရုံလိုက် သွားဦးမယ်၊ အမွန် တစ်ယောက် ဘာမှ လုပ်တတ် ကိုင်တတ်မှာ မဟုတ်ဘူး၊ လာ....စိုးပါ တစ်ခါတည်း လိုက်ခဲ့"

တရစပ်စီစဉ်ရင်း ကြီးမေ ကားပေါ်ရောက်သွားတော့

"လာ....လမင်း"

လမင်း လက်မောင်းလေးကို ဖေးမစွာဆွဲယူရင်း အုပ်စိုးက....

"ဩော်....ဖေဖေနဲ့ မေမေ၊ ကျွန်တော် လိုက်သွားမယ်နော်"

"သွားပါ သား ....သွားပါ၊ လိုအပ်တာလဲ ကူညီပါကွယ် မေမေတို့က ဒေ့သည်မဟုတ်ပါဘူး"

ဦးအောင်စိုးက ခေါင်းညိတ်ကာ နားလည်သဘော ပေါက်စွာ ခွင့်ပြုပါ၏။ ဒေါ်ခင်လေးက ကားထွက်သွားမှ....

"ကလေးမလေးကို မြင်မြင်ချင်း ခင်လေး သနားလဲ သနား၊ ချစ်လဲ အရမ်းချစ်သွားမိပြီ ကိုစိုးရယ်၊ အင်း ....သူ့ဖေဖေ ဘာမှမဖြစ်ပါစေနဲ့ကွယ်"

"အင်း ....သား မြတ်နိုးလောက်တာကိုးကွာ"





ထိုအချိန်တွင် ကားပေါ်မှ လမင်းခမျာ ကြီးကြီးနှင့် ကိုကို့အကြား ထိုင်လိုက်ရင်း မျက်ရည်တွေသာ ကျနေတော့သဖြင့် အုပ်စိုးက ကြင်နာစွာဖြင့် လမင်း လက်ကို ဆုပ်ကိုင်အားပေးကာ....

"လမင်း ....သိပ်မငိုနဲ့နော်၊ ပင်ပန်းနေမယ်"

"ကိုကိုရယ် ....ဖေဖေများ တစ်ခုခု ဖြစ်သွားရင်လေ..."

"အို....သမီးရယ်....ကြီးကြီးတော့ မောင်အောင်လွင် ကံဆိုးမယ် မထင်ပါဘူးကွယ်"

"ကိုဝန်း ပြောတာပဲ ကြီးကြီးရယ်"

"ကလေးက အစိုးရိမ်လွန်တာလဲ ဖြစ်မှာပေါ့ကွယ်၊ ဆေးရုံရောက်နေပြီပဲ၊ ပိုးစိုးပက်စက် မဖြစ်လောက်ပါဘူး"

"ဟင်း"

အားပေးနှစ်သိမ့်စကားမှန်း နားလည်မိပါ၏။အခြေ အနေမှန်ကိုရောက်ပြီး မြင်တော့မှ သိရမည် မဟုတ်ပါလား။

ကိုကို့ လက်ကိုအားကိုးမိရစွာ လမင်း တင်းတင်းလေး ဆွဲကိုင်ထားမိလေ၏။ ဆေးရုံရောက်တော့ ကိုကိုချက်ချင်းပင် အရေးပေါ်ခန်း မှာ စုံစမ်းလိုက်တော့ တာဝန်ကျ ဆရာဝန်က....

"ဘာမှမဖြစ်ပါလား၊ လူနာ အခြေအနေကောင်းပါ တယ်၊ ဖျားတာလောက်ပါပဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



လမင်း မျက်လုံးလေးဝိုင်းသွားရ၏။ နားကြားလွဲတာများလားဟူ၍ ကိုကိုက သေချာအောင် ထပ်မေးတော့မှ ...

"ဦးအောင်လွင်လေ ... ဟုတ်ပါတယ်"

"ဟဲ ... လမင်း၊ ကြားလား၊ လာ ... လာ"

ကိုကို ပြုံးကာ လက်ဆွဲခေါ်တော့ လမင်း ရှက်ရှက်နှင့် မျက်ရည်များသုတ်မိရင်း မယုံရဲသေးဟန်နှင့် ...

"ဟုတ်ပါ့မလား ကိုကိုရယ် ... နာမည်တူများလားလို့"

"ကြီးကြီးတော့ ငေနန်းလေး လန်ကြုတ်ဇာတ်လုပ်တော ထင်ပြီဟေ့"

"ဟင်"

"ဖြစ်နိုင်တာပဲ ကြီးမေ"

ကိုကို့ ထောက်ခံမှုအဆုံးမှာ လမင်းပင် ဇဝေဇဝါ ဖြစ်ရင်း အခန်းရှေ့ ရောက်လာရတာမို့ ...

"ဟော ... ကိုဝန်း"

"ရှူး ... လာ ... လာ၊ ခဏလေး ... ခဏလေး"

ပျာယီးပျာယာ ထွက်လာသော ကိုဝန်းမှာ ပြုံးစိစိ မျက်နှာနှင့် နှုတ်ခမ်းရှေ့ လက်ညှိုးထောင်ပြရင်း အားလုံးကို လက်အုပ်ချီ ခါးလေးကိုင်းကာ တောင်းပန်ဟန်ပြုပြီး လမင်းကို ပြောလိုက်ပါ၏။

"မေမေ ဘာမှမဖြစ်ဘူး မမ၊ မေမေနဲ့ အဆင်ပြေစေချင်လို့"





"ဟဲ ... ငါ မပြောလား"

ကြီးကြီး၏ မေးလေးဆတ် ပြောလိုက်တာကို လမင်း အားနာသွားရရင်း ...

"ဟင် ... အားနာလိုက်တာ ကြီးကြီးရယ်၊ ကိုဝန်း လူကြီးတွေကို သက်သက်ဒုက္ခပေးတာယ်ကွယ်၊ မကောင်းဘူး သိလား"

"ကိုဝန်း"

"ဗျာ ... အစ်ကို"

"အခု ဦးနဲ့အန်တီတို့ အခြေအနေ"

"အိုကေသွားပြီ အစ်ကို၊ မေမေ ကျွန်တော့်ကို ပထမ တော့ စိတ်ဆိုးတာပေါ့၊ ဒါပေမယ့် စိတ်ပူပြီး မေမေ မျက်ရည် ဝဲနေတာက ညာလို့ မရတော့ဘူးလေ ... အဟင်း"

"ကိုဝန်းရယ်"

လမင်းကလည်း မောင်ဖြစ်သူကို မချင့်မရဲဖြစ်လှစွာ ကျောကို နှစ်ချက်ခုဆင့်ကာ ဖွဖွလေး ထုမိပါတော့၏။ ကိုဝန်းက ကျောလေး ကော့ခံကာ ချစ်နိုးရယ်ရင်း ...

"ကြီးကြီး ... ကျွန်တော် ပိုင်တယ်နော်"

"ပိုင်ပါ့တော်.... ပိုင်ပါ့၊ မင်းလုပ်လိုက်လို့ သမီးလေးခမျာ မျက်ရည်တွေ အများကြီးဆုံးသွားရပြီဟေ့၊ ငါ့မှာလဲ စိုးရိမ်တကြီး လိုက်လာပြီးမှ ဝင်ရအခက်၊ ပြန်ရအခက် ဖြစ်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး ကြီးကြီးရာ၊ လူနာသတင်းမေး လာကြတာပဲ၊ လာပါ ဖေဖေနဲ့မေမေ နားလည်မှု ရသွားကြပါပြီ"

"ဟွန်း ... ဖိုးရှပ်လေး"

ကြီးကြီးက ပြောရင်း အခန်းထဲ ဦးဆောင်ကာ ဝင်သွားတော့ လမင်းတို့ နောက်မှ တသီကြီး လိုက်ပါခဲ့ကြတော့၏။ စပါယ်ရှယ်ခန်းမို့သာ တော်တော့၏။

"ဟော ... မမထား ... သမီး"

"ဖေဖေ"

"အေးကွယ် ... ကြားကြားချင်း လာတာကွယ့်၊ နေသာရဲ့ ဟုတ်လား"

"ဟုတ်ကဲ့ မမထား"

ဖေဖေက ကိုကို့ကိုလှမ်းကြည့်တော့ မေမေက ...

"မမထားရဲ့တူပါ ဒေါက်တာ အုပ်စိုးတဲ့"

"ဪ"

"ဟုတ်ကဲ့ ဦး၊ လိုအပ်တာ ပြောပါ ခင်ဗျ"

"အားလုံး ဂရုစိုက်ကြပါတယ်ကွာ၊ ကျေးဇူးပဲ မောင်အုပ်စိုး"

"တော်သေးတာပေါ့၊ ဘာမှမဖြစ်လို့"

"ဟုတ်ကဲ့၊ ကျွန်တော်လဲ မိသားစုအပေါ် တာဝန်မကျေ





နိုင်မှုတွေ အကြေးဆပ်ချင်လွန်းလို့ မသေချင်သေးပါဘူး မမထားရာ ... တကယ်ပါ"

"ဪကွယ် ... လူဆိုတာ အမှားကင်းနိုင်ခဲသားပဲ၊ အမှားမှန်းသိပြီး ပြင်တာက လူလိမ္မာ ဖြစ်ပြီပေါ့ကွယ်"

"ကျွန်တော် တစ်သက်လုံး လိမ္မာပါတော့မယ် မမထား"

"ဝမ်းသာပါတယ် မောင်အောင်လွင်ရယ်၊ အမှန်ကလဲ သင်ပုန်းချေလိုက်ပြီ မဟုတ်လားကွယ်"

"မမထားရယ် ... အမွှန်အနေနဲ့ ဘဝကို ခေါင်ကျကျ ပြားကျကျ နေလို့တတ်သွားပါပြီ။ အဓိကက ကလေးတွေကိုစိတ်လေးတွေ မသိမ်ငယ်စေချင်တဲ့အချက်တစ်ချက်ကြောင့်ပါပဲလေ"

"အင်းပေါ့၊ အားလုံးစိတ်ချမ်းသာဖို့ပဲ အရေးကြီးတာပဲ၊ မိသားစုတွေ ပျော်ပျော်ပါးပါးနေကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ မမထား"

"ကဲ ... စကားကောင်းနေတာနဲ့ မဖြစ်သေးဘူးကွယ့် အိမ်မှာ စိုးရဲ့မိဘတွေ ရောက်နေတယ်လေ"

"ဪ ... ဟုတ်လား"

"ဟုတ်တယ် အမှန်၊ မမထား သွားမယ်နော်၊ မောင့်အောင်လွင်အတွက် စားသောက်ဖို့ စီစဉ်ရဦးမယ် မဟုတ်လား သမီး ပြန်လိုက်ခဲ့ပါလား၊ လိုအပ်တာလေးတွေ ယူပြီး ဒေါ်ခေါက်လာပို့ပေါ့၊ ကိုဝန်းလေးက စီစဉ်တတ်မှာ မဟုတ်ဘူးလေ"

❋



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ကြီးကြီး"

"စိုးလဲ လိုက်ခဲ့၊ ကားမောင်းပို့ပေးပါဦး သားရယ်"

"ဟုတ်ကဲ့ ကြီးမေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"မေမေ ဘာမှာဦးမှာလဲဟင်"

"သမီးပဲ တော်သလိုသာ စီစဉ်ခဲ့ပါတော့လေ"

"ဟုတ်ကဲ့ ... မေမေ"

လမင်းတို့ ဆေးရုံပေါ်မှ ဆင်းလာခဲ့ကြ၏။ ကိုကိုက

"ကြီးမေ"

"ဟေ"

"ကြီးမေ ကိုမောင်အေးနဲ့ သွားနော်၊ ကျွန်တော်နဲ့ လမင်းလေး စကားပြောစရာလေး နည်းနည်းရှိလို့"

"ဟေ ... အေး ... အေး၊ ကောင်းသားပဲ ဒါဖြင့် ကြီးမေ သွားမယ်ဟေ့"

"ကိုကိုရယ် ... ကြီးကြီးကို ရှက်လိုက်တာ"

ကြီးကြီးတို့ကားထွက်သွားတော့ ကိုကို့ကားလေးထဲ လမင်း ဝင်ထိုင်ရင်း ကိုကို့လက်ကို မနာအောင် ဖွဖွလေးထုကာ မျက်နှာနီနီလေးနှင့် လမင်းပြောတော့ ကိုကိုရယ်၍ ...

"အဟင်း ... ကိုကိုက အရမ်းကို လွမ်းလှပြီဗျ၊ ရောက်ရောက်ချင်း လမင်းက တအားငိုနေတော့ ကိုကို ပျာသွားတာပဲကွာ"

"ကိုဝန်း အစုတ်ပလုတ်လေးက သိပ်တတ်နိုင်တာပဲ"





"မပြောပါနဲ့ ချစ်ရာ၊ ခုတော့ အားလုံး ပြေလည်သွားတာပဲ ဝမ်းသာစရာ မဟုတ်လားကွာ"

"အင်း"

"လမင်း"

"ရှင်"

"ကိုကို့ကို မလွမ်းဘူးလားဟင်"

"ကိုကို့ထက် ပိုတယ် ... ကဲ"

"တကယ်နော်"

"တကယ်ပါ ကိုကိုရယ်၊ သိပ်သတိရတာပဲ"

"ကိုကို မယုံဘူး"

"ဟင်"

"ယုံအောင် သက်သေပြလေ"

"ဘယ်လိုပြမှာလဲဟင်"

"ကိုကို့ကို အမြန်ဆုံး လက်ထပ်ပေါ့"

"ဟင် ... ကိုကို လုလည်ပဲ"

"နားမလည်ဘူးကွာ၊ ကိုကို လမင်း အမြန်ဆုံး လက်ထပ်ချင်လို့ ဖေဖေနဲ့မေမေကို တစ်ခါတည်း ခေါ်လာခဲ့ပြီ"

"အို ... ကြည့်စမ်း၊ ကိုကိုကလဲနော်၊ မသေချာရင် လူကြီးတွေ ပင်ပန်းနေတော့မှာပဲ"

"ဘာကို မသေချာတာလဲ လမင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟို … ဟို … လက်ထပ်ဖို့လေ၊ ဒါလောက်မြန်ဆန်.."

"လမင်း"

"ဟင် … ရှင် … ကိုကို"

"ကိုကို အခု လမင်းကို နိုးပြေးအောင် ဆွမပေးနဲ့ကွာ သိလား၊ ဒီကောင့်ရင်ထဲမှာ အခုကို ခင်ဗျားလေးကို ရင်ခွင်ထဲ ပေဟာဒီလို နစ်သွားအောင် ပွေ့ပြီး သီးသန့်ကမ္ဘာလေးဆီ ထွက်ပြေးချင်နေတာဗျ၊ သိရဲ့လား"

"အို … ကိုကိုရယ်"

ဖြုန်းခနဲ ဆွဲပွေ့လိုက်သော ကိုကို့ လက်မောင်းကြားမှာ လမင်း ကိုကို့ရင်ခွင်ထက် မှေးစက်စွာ မျက်လုံးမှိတ်မိရင်း ကြည်နူးစွာပင် ငြိမ်နေမိတော့၏။

*ချစ်သူတိုင်း ပျော်ရွှင်ကြပါစေ*

*စာရှုသူများ၏ မေတ္တာရိပ်မှ …*

*ခင်သူဇာ*

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC

www.burmeseclassic.com